The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL. 21, NO. 1 တနင်္လာနေ့တိုင်းထုတ်ဝေသည် January 4, 2021

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၏ နှစ်ပတ်လည်အစည်းအဝေးနှင့် အထွေထွေညီလာခံသို့ Video Message ပေးပို့၍ လမ်းညွှန်အမှာစကား ပြောကြား

စာမျက်နှာ - ၃ ➢







စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး မြန်မာနိုင်ငံ၏ Doing Business Reform ဆိုင်ရာ ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

စာမျက်နှာ - ၃ ➢

## စိန်ခေါ်မှုများနှင့် ၂၀၂၀ မျှော်လင့်ချက်များနှင့် ၂၀၂၁

စာမျက်နှာ - ၈ ➢

## သတ်မှတ်သွင်းကုန်လိုင်စင်ကြေး နှုန်းထားဖြင့် ကောက်ခံရန်ကာလ တိုးမြှင့်

စာမျက်နှာ - ၁၁ ➢



ESTD GR 1995

# GRAND ROYAL

GROUP

## *Congratulations*

**Grand Royal Group International Co.,Ltd က**
**Myanmar Employer Award 2020**
**ဆုပေးပွဲတွင် ဆု(၆)ဆု ဆွတ်ခူးရရှိ**




**Best Career Advancement Program - Gold**

**Best Use of Rewards and Recognition - Gold**

**Best Learning and Development Program - Silver**

**Most Effective Recruitment Strategy for Talent Attraction - Gold**

**Best CSR For Community Engagement - Silver**

**Overall Best of the Best Award - Local**

www.grandroyal-group.com

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၏ နှစ်ပတ်လည်အစည်းအဝေးနှင့် အထွေထွေညီလာခံသို့ Video Message ပေးပို့၍ လမ်းညွှန်အမှာစကား ပြောကြား

ဒီဇင်ဘာ ၂၆ ရက် နံနက် ၁၀ နာရီက ကျင်းပပြုလုပ်သော မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၏ နှစ်ပတ်လည် အစည်းအဝေးနှင့် အထွေထွေညီလာခံသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် Video Message ပေးပို့၍ လမ်းညွှန်အမှာစကား ပြောကြားခဲ့သည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အားထားလုပ်ဆောင်ရသော နိုင်ငံဖြစ်ပြီး ဆန်စပါးသည် တောင်သူလယ်သမားများအတွက်လည်းကောင်း၊ ပြည်သူများ ဖူလုံစွာ စားသုံးရန်အတွက်လည်းကောင်း၊ ပိုလျှံသည်များကို ပြည်ပသို့ တင်ပို့ရန်အတွက်လည်းကောင်း အရေးပါ အဓိကကျသော လယ်ယာထွက်ကုန် သီးနှံတစ်မျိုးဖြစ်ကြောင်း၊ ဆန်စပါး ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းလုပ်ကိုင် ဆောင်ရွက်နေသော ဆန်စပါးအဖွဲ့ချုပ်၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် တောင်သူလယ်သမားများကို ချီးကျူးဂုဏ်ပြုအပ်ပါကြောင်း။



လယ်ယာကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် COVID-19 ကာကွယ်ထိန်းချုပ်ရေးကာလတွင် ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရေးတို့အတွက် ပေါ်ထွက်လာနိုင်မည့် အခွင့်အလမ်းကောင်းများကို အမိအရ ဆုပ်ကိုင်၍ ပူးပေါင်းဆောင်ရွက် လုပ်ကိုင်ဖို့လိုအပ်ပါကြောင်း၊ သီးနှံများအထွက်နှုန်းနှင့် ထုတ်လုပ်မှုနှုန်း တိုးတက်ရေး၊ ထုတ်လုပ်မှု ကုန်ကျစရိတ်လျှော့နည်းစေရေး၊ ဝယ်ယူ၊ ကြိတ်ခွဲ၊ သိုလှောင်ဖြန့်ဖြူး ရောင်းချသည့် ထောက်ပံ့ပို့ဆောင်ရေးစနစ် တိုးတက်ကောင်းမွန်စေရေး၊ ထုတ်လုပ်မှု အရည်အသွေး တိုးတက်စေရေး၊ ကုန်ကြမ်းမှ ကုန်ချောအဖြစ် ထုတ်လုပ်ရောင်းချ စားသုံးနိုင်ရေးတို့မှာ အလွန်အရေးကြီးပါကြောင်း၊ သို့မှသာလျှင် ပြည်တွင်း ထုတ်လုပ်မှု အရည်အသွေး တိုးတက်လာခြင်း၊ သန့်ရှင်းလတ်ဆတ် ဈေးသက်သာစွာစားသုံးနိုင်ခြင်းတို့အပြင် အရည်အသွေးအရ၊ ဈေးနှုန်းအရ ကမ္ဘာ့ဈေးကွက်တွင် ယှဉ်ပြိုင်ရောင်းချနိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့်လည်း မြန်မာနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန်၊ ပြည်ပနိုင်ငံများမှ နည်းပညာ အကူအညီများ ရရှိရန်နှင့် ကုန်သွယ်မှုနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများတွင် ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာစေရန်အတွက် အလေးထား ဆောင်ရွက်နေကြောင်း။

ထို့ပြင် နိုင်ငံတကာကုန်စည်ပြပွဲများသို့ သွားရောက်ပြသခြင်း၊ ခေတ်မီအိုင်တီနည်းစနစ်ကို အသုံးပြု၍ ပြည်တွင်း၊ ပြည်ပ ကုန်စည်ပြပွဲများကို အွန်လိုင်းစနစ်ဖြင့် ပြသဈေးကွက် ရှာဖွေခြင်း၊ ပုဂ္ဂလိက ကုန်သည်အသင်းအဖွဲ့များကလည်း အင်တိုက်အားတိုက် ဈေးကွက်ရှာဖွေကြသလို နိုင်ငံတော်ဘက်ကလည်း ကုန်သွယ်ဖက်နိုင်ငံများနှင့် ချိတ်ဆက်ဆွေးနွေး ညှိနှိုင်း၍ ဈေးကွက်တိုးချဲ့ရှာဖွေလျက်ရှိရာ ဆန်စပါးကဲ့သို့သော သမားရိုးကျ တင်ပို့နေသည့် လယ်ယာထွက်ကုန်

**စာမျက်နှာ ၇ သို့**

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး မြန်မာနိုင်ငံ၏ Doing Business Reform ဆိုင်ရာ ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြား

၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၂၉ ရက် နံနက် ၁၀ နာရီတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Video Conferencing စနစ်ဖြင့် ကျင်းပပြုလုပ်သော မြန်မာနိုင်ငံ၏ Doing Business Reform ဆိုင်ရာ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ တွေ့ဆုံပွဲအခမ်းအနားသို့ Ease of Doing Business Ranking တိုးတက်ရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး တက်ရောက် အမှာစကားပြောကြားခဲ့သည်။

ဒုတိယဝန်ကြီးက အမှာစကားပြောကြားရာတွင် အစိုးရဌာနများအချင်းချင်းသာမက အစိုးရနှင့် ပုဂ္ဂလိက Public Private Partnership (PPP) ပူးပေါင်းဆောင်ရွက်၍ Ease of Doing Business အဆင့်တိုးတက်ရန်အတွက် ဖြေလျှော့မှုများကို စဉ်းစားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ COVID-19 ကပ်ရောဂါဖြစ်ပွားနေသည့် ကာလအတွင်းတွင် တစ်ဦးနှင့်တစ်ဦး ထိတွေ့မှုမရှိဘဲနှင့် လုပ်ငန်းဆောင်ရွက်နိုင်ရန် Tele Conferencing အပိုင်းနှင့် E-Government အပိုင်းတို့ကို တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့ပါကြောင်းနှင့် ဆက်လက်တိုးတက်အောင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ Ease of Doing Business အဆင့်တိုးတက်ရေးအတွက် ဖွံ့ဖြိုးမှုမိတ်ဖက်များကို ဖိတ်ခေါ်၍ လက်ရှိပြုပြင်ပြောင်းလဲမှုများကို ပိုမိုအရှိန်အဟုန်မြှင့်တင်ပြီး ဆောင်ရွက်သွားရန် တိုက်တွန်းလိုပါကြောင်း၊ ထိုသို့ဆောင်ရွက်မှသာ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်နှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာစေရန်အတွက် အထောက်အကူပြုမည်ဖြစ်ပါကြောင်း၊ Ease of Doing Business အဆင့်



တိုးတက်ရေး လုပ်ငန်းများကို ဆောင်ရွက်ရာတွင် အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန်အတွက် Awareness ပေးရန် လိုအပ်ကြောင်း၊ မိမိတို့အနေဖြင့် ကြိုးစားအားထုတ်ခဲ့သည့်အတွက် ကမ္ဘာ့ဘဏ်က ထုတ်ပြန်သည့် Ease of Doing Business Report ၂၀၂၀ တွင် မြန်မာနိုင်ငံအနေဖြင့် Top 20 Improvers တွင် ပါဝင်လာခဲ့ပါကြောင်း၊ အထောက်အကူပြုအဖွဲ့ဝင်များ၏ ပူးပေါင်းဆောင်ရွက်မှု ရလဒ်အနေဖြင့် ယခင် ၂၀၁၉ ခုနှစ် ကမ္ဘာ့ဘဏ်၏

**စာမျက်နှာ ၇ သို့**


Commerce JOURNAL

**အတိုင်ပင်ခံစာတည်း**
မြင့်သူရ
ဦးဦးဟန်
မျိုးသူ

**စာတည်းမှူးချုပ်**
အောင်ဇော်မိုး

**အုပ်ချုပ်ရေးမှူး**
ဝင်းဝင်းစမ်း

**တာဝန်ခံစာတည်း**
စိန်သံ

**စာတည်းအဖွဲ့**
ရဲမင်းနိုင်

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ အေးအေးသန့်၊
သီတာဝင်း

**သတင်းထောက်များ**
ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
စောမောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်၊ ခင်မိုးသူ

**ကြော်ငြာတာဝန်ခံ**
ထွန်းထွန်းဝင်း (၀၉ ၄၄၈ ၀၄၇၁၃၂)
မြင့်ဇင်ညွန့် (၀၉ ၇၃၀ ၅၃၅၃၁)

**ထုတ်ဝေသူ**
ဦးမျိုးခိုင်ဝင်း (၀၁၀၅၅)
အမှတ်-၂၂၈/၂၄၀၊ ကမ်းနားလမ်း၊
ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၁၁၉၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
အောင်စောဦး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊ အောင်မျိုး၊
အုန်းခင် (၀၉-၄၃၀၄၁၇၄၉)

**ကွန်ပျူတာ**
ငြိမ်းချမ်းအောင်မြင့်၊ သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# ယခုတစ်ပတ် ဆန်နှင့်ဆန်ကွဲ တန်ချိန် ခုနစ်သောင်းခန့်တင်ပို့

ဒီဇင်ဘာ ၁၉ ရက်မှ ၂၅ ရက်ထိကာလအတွင်း နယ်စပ်ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၆ဒသမ ၈၁၈ သန်းတန်ဖိုးရှိ ဆန်တန်ချိန် ၁၆၉၀၀ ခန့် တင်ပို့ခဲ့ကြောင်း သိရသည်။

တင်ပို့မှုများအနေဖြင့် မြန်မာ-တရုတ် နယ်စပ်များဖြစ်သော မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ဆန်တန်ချိန် ၁၁၃၃၀ ကျော်၊ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ ဆန်တန်ချိန် ၂၁၈၀ ခန့်၊ လွယ်ဂျယ် ကုန်သွယ်ရေးစခန်းမှ ဆန်တန်ချိန် ၂၉၉၀ နီးပါးနှင့် တာချီလိတ်ကုန်သွယ်ရေးစခန်းမှ ဆန်တန်ချိန် ၄၀၀ခန့် တင်ပို့နိုင်သဖြင့် ယခင်တစ်ပတ် ကုန်သွယ်မှုနှင့် နှိုင်းယှဉ်လျှင် ဆန်တန်ချိန် ၅၄၀၀ ခန့် ပိုမိုတင်ပို့နိုင်ခဲ့သည်။ မြဝတီကုန်သွယ်ရေးဇုန်မှလည်း အမေရိကန်ဒေါ်လာ သုညဒသမ ၁၁၇ သန်းတန်ဖိုးရှိ ဆန်မှုန့်တန်ချိန် ၃၀၀ ခန့် တင်ပို့နိုင်ခဲ့သည်။

ယခုတစ်ပတ် ဆန်ကွဲတင်ပို့မှုအနေဖြင့် မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ဆန်ကွဲတန်ချိန် ၁၅၀၃၀ ခန့်နှင့် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ဆန်ကွဲတန်ချိန် ၄၃၀ နီးပါး စုစုပေါင်း ဆန်ကွဲတန်ချိန် ၁၅၄၆၀ ကျော်၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၅ ဒသမ ၄၅၉ သန်း တင်ပို့နိုင်ခဲ့သည်။ ယခင်တစ်ပတ်တင်ပို့မှုနှင့်နှိုင်းယှဉ်လျှင် ဆန်ကွဲတန်ချိန် ၄၀၀၀ ကျော် ပိုမိုခဲ့သည်။

ဒီဇင်ဘာ ၂၀ ရက်မှ ၂၆ ရက်အထိ ကာလအတွင်း ပင်လယ်ရေကြောင်းမှ အမေရိကန်ဒေါ်လာ ၇ ဒသမ ၇၅၅ သန်း တန်ဖိုးရှိဆန်တန်ချိန် ၁၈၇၇၀ ကျော် တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

တင်ပို့မှုများအနေဖြင့် အာရှနိုင်ငံများသို့ ဆန်တန်ချိန် ၄၂၇၀ ကျော်နှင့် အီးယူနိုင်ငံများသို့ ဆန်တန်ချိန် ၁၄၅၀၀ ကျော် တင်ပို့နိုင်သဖြင့် ယခင်တစ်ပတ် တင်ပို့နိုင်မှုနှင့် နှိုင်းယှဉ်လျှင် ဆန်တန်ချိန် ၃၅၀၀ ကျော် လျော့နည်းတင်ပို့နိုင်ခဲ့သည်။

ယခုတစ်ပတ် ပင်လယ်ရေကြောင်းမှ ဆန်ကွဲတင်ပို့မှုအနေဖြင့် အာရှနိုင်ငံများသို့ ဆန်ကွဲတန်ချိန် ၁၀၉၀၀ ခန့်နှင့် အီးယူနိုင်ငံများသို့ ဆန်ကွဲတန်ချိန် ၅၅၄၀ ကျော် စုစုပေါင်းတန်ချိန် ၁၆၄၄၀ ခန့် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၅ ဒသမ ၆၈၈ သန်းသာတင်ပို့နိုင်သဖြင့် ယခင်တစ်ပတ် တင်ပို့နိုင်မှုနှင့်နှိုင်းယှဉ်လျှင် ဆန်ကွဲတန်ချိန် ၇၉၀၀ ကျော် ပိုမိုခဲ့သည်။

ယခုတစ်ပတ် ဆန်နှင့်ဆန်ကွဲ တင်ပို့မှုစုစုပေါင်းတန်ချိန် ၆၇၅၇၀ ခန့်ရှိသဖြင့် ယခင်တစ်ပတ်တင်ပို့မှုနှင့် နှိုင်းယှဉ်လျှင် တန်ချိန် ၁၃၇၈၀ ကျော် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်းသိရသည်။

**အေးအေးသန့်**

# လွိုင်ကော် စပါးဈေးနှုန်း အနည်းငယ် တက်သော်လည်း ဆန်ဈေးနှုန်း တည်ငြိမ်နေ

ကယားပြည်နယ်အတွင်း စပါးဈေးနှုန်းမှာ ဒီဇင်ဘာလ တတိယပတ်တွင် ဧည့်မထစပါး ၄၆ ပေါင်တင်း ၁၀၀ လျှင် ကျပ် ၇၀၃၀၀၀ ရှိပြီး ဒီဇင်ဘာ နောက်ဆုံးပတ်တွင် ၄၆ ပေါင် တင်း ၁၀၀ လျှင် ကျပ် ၇၄၁၀၀၀ ဈေးနှုန်းပေါက်လျက်ရှိရာ တင်း ၁၀၀ လျှင် ကျပ် ၃၈၀၀၀ ကျော်ထိ ဈေးနှုန်းအနည်းငယ်တက်၍ ရွှေရင်အေး (၂) ဆန် ဈေးနှုန်းမှာ ဒီဇင်ဘာလတတိယပတ်တွင် ဆန်တစ်အိတ်လျှင် ကျပ် ၃၆၀၀၀၊ တစ်ပြည်လျှင် ကျပ် ၁၇၀၀ ဖြစ်၍ ယခုလ နောက်ဆုံးပတ်အထိ ဈေးနှုန်းတည်ငြိမ်လျက်ရှိသော်လည်း အရောင်းအဝယ်သွက်လျက်ရှိကြောင်း ဆန်ကုန်သည်တစ်ဦးထံမှသိရှိရသည်။

**အေးအေးမော် (ကယား)**



# တရုတ်သို့ နယ်စပ်မှ ဆန်၊ ဆန်ကွဲ တင်ပို့မှု ယခင်နှစ်ထက် ပို၍တင်ပို့နိုင်ခဲ့

မူဆယ်နယ်စပ်ကုန်သွယ်ရေးဇုန်မှ တရုတ်နိုင်ငံသို့ ဆန်နှင့် ဆန်ကွဲတင်ပို့မှုမှာ ၂၀၁၉ ခုနှစ်ထက် ပိုမိုတင်ပို့နိုင်ကြောင်း မူဆယ်ဆန်စပါးကုန်စည်ဒိုင်မှ ဦးမင်းသိန်းက ဒီဇင်ဘာ ၂၉ ရက်တွင် ပြောကြားသည်။

"၂၀၁၉ ခုနှစ်တုန်းက ကုမ္ပဏီငါးခုလောက် ဆန်ပါမစ်ချပေးခဲ့တယ်။ ဒီနှစ်မှာ ကုမ္ပဏီ ၁၅ ခုလောက် ထုတ်ပေးတယ်။ ၂၀၂၁ ခုနှစ်မှာ တရုတ်ဘက်က ဆန်ပါမစ်တွေ ဒီနှစ်ထဲ သုံးဆလောက် ချပေးမယ်လို့ကြားထားတယ်"ဟု ၎င်းကပြောသည်။

အောက်တိုဘာလဆန်းမှ ဒီဇင်ဘာ ၂၀ ရက်လောက်အထိ တစ်ရက်လျှင် ဆန်၊ ဆန်ကွဲ ကားအစီးရေ ၁၀၀နီးပါး၊ အိတ်ရေ ခြောက်သောင်းနီးပါးအထိ တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

"ဒီဇင်ဘာ ၂၀ ရက်နောက်ပိုင်းမှာ ပို့ကုန်ဖြစ်တဲ့အတွက် ပါမစ်ကတော့ လက်ကျန်မရှိတော့ဘူး။ ဒီအတွက် ဆန်တွေက တစ်နေ့ကို ကားစီးရေ ၅၀ လောက်ဝင်ပြီးတော့ အိတ်ရေအားဖြင့်တော့ သုံးသောင်းလောက်ပဲ ဝင်တော့တယ်။ ဒီဇင်ဘာ ၃၁ ရက် ဆိုရင် ၂၀၂၀ အတွက် ပေးထားတဲ့ ဆန်ပါမစ်ကကုန်သွားပြီ။ ဆန်ကွဲကတော့ သွားလို့ရတယ်" ဟု ဦးမင်းသိန်းက ပြောသည်။

နယ်စပ်ကုန်သွယ်ရေးမှ တရုတ်နိုင်ငံသို့ ဆန်နှင့်ဆန်ကွဲ တင်ပို့မှုသည် ယခင်နှစ်များထက် တိုးတက်လာသော်လည်း ကိုဗစ်ကာလဖြစ်၍ အစားထိုးယာဉ်မောင်းများဖြင့် သွားနေရသည့် အခက်အခဲရှိပြီး ယင်းအခက်အခဲမရှိပါက ယခုထက်ပို၍ တင်ပို့နိုင်မည်ဖြစ်ကြောင်းသိရသည်။

**ပန်းဆု**

## အာရှနိုင်ငံများ၏ FOB ဆန်ဈေးနှုန်းများ

၃၀-၁၂-၂၀၂၀ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၅၆၅ | ၅၆၅ | □ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၅၂၉ | ၅၂၉ | □ | ၄၉၈ | ၄၉၈ | □ | ၃၆၈ | ၃၆၈ | □ | ၄၁၉ | ၄၁၉ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၅၁၆ | ၅၁၆ | □ | ၄၇၃ | ၄၇၃ | □ | ၃၂၈ | ၃၂၈ | □ | ၃၇၈ | ၃၇၈ | □ |
| ပေါင်းဆန် | ၅၂၉ | ၅၂၉ | □ | - | - | - | ၃၇၃ | ၃၇၃ | □ | ၄၄၀ | ၄၄၀ | □ |

*Source: thairiceexporters*

## ပြည်တွင်းမြို့ကြီးများ၏ (၃၀-၁၂-၂၀၂၀)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| ဆန်ပိုဒေသများ | | | | | | | | |
| ပြည် | ၆၂၀၀ | △ | ၂၂၀၀၀ | □ | ၈၀၀၀ | □ | ၃၈၀၀၀ | □ |
| ပုသိမ် | ၆၄၄၀ | □ | ၂၅၀၀၀ | □ | ၈၆၀၀ | □ | ၃၃၀၀၀ | □ |
| ပဲခူး | ၆၀၇၂ | □ | ၂၃၅၀၀ | □ | - | - | ၃၆၀၀၀ | □ |
| ရွှေဘို | ၈၅၀၀ | □ | ၃၆၀၀၀ | □ | ၁၁၀၀၀ | □ | ၄၀၀၀၀ | □ |
| စစ်တွေ | ၅၂၀၀ | - | ၂၂၀၀၀ | □ | ၈၀၀၀ | □ | ၃၂၀၀၀ | □ |
| ဆန်လိုဒေသများ | | | | | | | | |
| နေပြည်တော် | ၇၀၀၀ | △ | ၂၅၀၀၀ | □ | - | - | ၄၇၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၆၀၄၀ | □ | ၂၅၅၀၀ | □ | - | - | ၃၅၅၀၀ | □ |
| မန္တလေး | ၆၈၀၀ | △ | ၂၆၅၀၀ | □ | - | - | ၅၅၀၀၀ | □ |
| မကွေး | ၇၅၀၀ | □ | ၃၃၀၀၀ | □ | - | - | ၅၉၀၀၀ | □ |
| မော်လမြိုင် | ၅၈၂၀ | □ | ၂၃၅၀၀ | □ | ၇၁၀၀ | □ | ၂၉၅၀၀ | □ |
| လွိုင်ကော် | ၇၀၁၀ | ▽ | ၃၆၀၀၀ | □ | - | - | ၆၁၀၀၀ | □ |
| မြိတ် | ၆၀၀၀ | □ | ၂၇၅၀၀ | □ | - | - | ၃၈၀၀၀ | △ |
| ဘားအံ | ၇၀၀၀ | □ | ၂၄၀၀၀ | □ | - | - | ၄၄၀၀၀ | △ |

မှတ်ချက်။ ။ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လွိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နှွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင် မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

## ၂၅-၁၂-၂၀၂၀မှ ၂၉-၁၂-၂၀၂၀ရက်နေ့အထိOnline CO Applicationမှ CO / Proudct Card / CE လျှောက်ထားမှုစာရင်း

| No | Form Tpye | New | Amend | Extension | Cancel | True Copy | Total |
|---|---|---|---|---|---|---|---|
| 1. | Certificate of Origin (COs) | | | | | | |
| | Form A | 137 | 3 | - | - | - | 140 |
| | Form AANZ | 3 | 0 | - | - | - | 3 |
| | Form AHK | - | - | - | - | - | - |
| | Form AI | 75 | 11 | - | - | - | 86 |
| | Form AJ | 15 | 2 | - | - | - | 17 |
| | Form AK | 129 | 2 | - | - | - | 131 |
| | Form CHINA | - | - | - | - | - | - |
| | Form D | - | - | - | - | - | - |
| | Form DFTP | 14 | 1 | - | - | - | 15 |
| | Form E | 83 | 8 | - | - | - | 91 |
| | Form Korea | 5 | - | - | - | - | 5 |
| | E Form D | 143 | - | - | - | - | 143 |
| 2. | Product Card | - | - | - | - | - | - |
| 3. | Certified Exporter | - | - | - | - | - | - |
| | Total | 604 | 27 | - | - | - | 631 |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၃၀-၁၂-၂၀၂၀ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၂၄/၁၂ | ၃၀/၁၂ | ပြောင်းလဲမှု | ၂၄/၁၂ | ၃၀/၁၂ | ပြောင်းလဲမှု | ၂၄/၁၂ | ၃၀/၁၂ | ပြောင်းလဲမှု | ၂၄/၁၂ | ၃၀/၁၂ | ပြောင်းလဲမှု |
| မတ်ပဲ | ၁၅၉၂ | ၁၅၃၉ | ▼ | ၁၆၀၀ | ၁၅၅၃ | ▼ | ၁၇၀၀ | ၁၇၀၀ | ■ | - | - | - |
| ပဲစင်းငုံ | ၁၁၅၉ | ၁၁၃၄ | ▼ | ၁၀၈၃ | ၁၀၆၇ | ▼ | - | - | - | - | - | - |
| ပဲတီစိမ်း | ၂၁၆၅ | ၂၁၆၅ | ■ | ၂၃၁၁ | ၂၃၁၁ | ■ | ၂၂၆၃ | ၂၂၆၃ | ■ | - | - | - |
| ကုလားပဲရိုးရိုး | ၁၅၀၀ | ၁၅၀၀ | ■ | ၁၅၇၂ | ၁၅၇၂ | ■ | ၁၅၄၂ | ၁၅၄၂ | ■ | - | - | - |
| ပဲလွန်းဖြူ | ၂၅၃၀ | ၂၆၃၀ | ▲ | - | - | - | - | - | - | - | - | - |
| ထောပတ်ပဲ | ၁၁၃၀ | ၁၁၃၀ | ■ | ၁၀၃၁ | ၁၀၁၃ | ▼ | ၉၄၇ | ၉၄၇ | ■ | - | - | - |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၁၉.၁၂.၂၀၂၀)ထိ | ယခုတစ်ပတ် (၂၆.၁၂.၂၀၂၀)ထိ | (၁.၁.၂၀၂၀) မှ (၂၆.၁၂.၂၀၂၀) ထိ |
| မတ်ပဲ | ၅၄၈၃၆၄ | ၄၅၄၂ | ၅၅၂၉၀၆ |
| ပဲတီစိမ်း | ၂၄၇၁၄၇ | ၃၆၁၁ | ၂၅၀၇၅၈ |
| ပဲစင်းငုံ | ၁၁၇၇၉၄ | ၃၆၈ | ၁၁၈၁၆၂ |
| ကုလားပဲ | ၁၉၆၂၅ | ၂၃၃ | ၁၉၈၅၈ |
| ပဲလွန်းဖြူ | ၂၂၁၆၈ | ၂၄ | ၂၂၁၉၂ |
| မြေထောက်ပဲ | ၂၁၂၃၄ | ၇၄ | ၂၁၃၀၈ |

## အောင်လံ ကုန်စည်ဒိုင်တွင် ပဲစင်းငုံဈေး ထပ်မံကျဆင်း

မကွေးတိုင်းဒေသကြီးအတွင်း အောင်လံကုန်စည်ဒိုင်နှင့် ပွဲရုံများတွင် ပဲမျိုးစုံတို့ဝင်ရောက်ကာ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ပဲစင်းငုံများဝင်ရောက်လာပြီး အရည်အသွေးနှင့် ဝယ်လိုအားကြောင့် ဈေးများကျဆင်းလျက်ရှိသည်။ အောင်လံကုန်စည်ဒိုင်၌ ဒီဇင်ဘာ ၂၈ ရက်တွင် ပဲစင်းငုံ(2020)ပိဿာ ၂၀ တစ်တင်းလျှင် ကျပ် ၂၁၀၀၀၊ ပဲစင်းငုံ(2021) ပိဿာ ၂၀ တစ်တင်းလျှင် ကျပ် ၂၂၅၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ယခင်တစ်ပတ် ဒီဇင်ဘာ ၂၁ ရက်တွင် ပဲစင်းငုံ(2020) ပိဿာ ၂၀ တစ်တင်းလျှင် ကျပ် ၂၁၅၀၀၊ ပဲစင်းငုံ(2021) ပိဿာ ၂၀ တစ်တင်းလျှင် ကျပ် ၂၃၀၀၀ ဈေး ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ရာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ပဲစင်းငုံ(2020) ပိဿာ ၂၀ တစ်တင်းလျှင် ကျပ် ၅၀၀၊ ပဲစင်းငုံ (2021) ပိဿာ ၂၀ တစ်တင်းလျှင် ကျပ် ၅၀၀ တို့ဖြင့် ဈေးကျလျက်ရှိကြောင်း ကုန်စည်ဒိုင်သတင်းအရ သိရှိရသည်။

**လှမိုးခိုင်(ဖန်ခါးမြေကုန်သွယ်မှုဗဟိုဌာန)**



## ပြည်ဈေးကွက်၌ မြေပဲဆန်(အဖြူ)ဈေး အနည်းငယ်မြင့်လာ

ပြည်ဈေးကွက်သို့ ဆောင်းပဲအသစ်များကို ပြည်-အောင်လံကြား ကျေးရွာများနှင့် ရွှေတောင်နှင့် ကံမဘက်မှ တစ်နေ့လျှင် အိတ် ၄၀၀/၅၀၀ အဝင်ရှိနေသည်။ ဝင်ရောက်လာသည့် မြေပဲဆန်ထဲမှ ဆီဆန် (အဖြူ)ကို ရန်ကုန်ဝယ်လက်များက အဝယ်ရှိပြီး ဆီဆန် (အနီ)ကို ပဲကြော်ဖိုသမားများက အဝယ်ရှိလို့ နေ့စဉ် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ယခုတစ်ပတ် မြေပဲဆန်ဈေးများမှာ ဆီဆန်(အဖြူ) တစ်ပိဿာလျှင် ကျပ် ၂၄၀၀၊ (အနီ)တစ်ပိဿာလျှင် ကျပ် ၂၂၀၀ နှင့် လုံးဆန်(အဖြူ)တစ်ပိဿာလျှင် ကျပ် ၂၈၀၀၊ (အနီ) တစ်ပိဿာလျှင် ကျပ် ၂၆၀၀ ဖြင့် မြေပဲဆန် (အဖြူ) တစ်မျိုးသာ ရန်ကုန်ဝယ်လက်ရှိပြီး ယခင်တစ်ပတ်ကထက်စာလျှင် ဈေးအနည်းငယ် မြင့်လာသည်။

**ဝေဝေမင်း(ပြည်)**

## အောင်လံကုန်စည်ဒိုင်တွင် ပဲတီစိမ်းဈေး အနည်းငယ်ကျ

မကွေးတိုင်းဒေသကြီးအတွင်း အောင်လံကုန်စည်ဒိုင်နှင့် ပွဲရုံများတွင် ပဲမျိုးစုံတို့ ဝင်ရောက်ကာ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ပဲတီစိမ်းများဝင်ရောက်လာပြီး အရည်အသွေးနှင့် ဝယ်လိုအားကြောင့် ဈေးအနည်းငယ် ကျဆင်းလျက်ရှိသည်။ အောင်လံကုန်စည်ဒိုင်၌ ဒီဇင်ဘာ ၂၈ ရက်တွင် ပဲတီစိမ်း ပိဿာ ၂၀ တစ်တင်းလျှင် ကျပ် ၄၃၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ဒီဇင်ဘာ ၂၁ ရက်တွင် ပဲတီစိမ်း ပိဿာ ၂၀ တစ်တင်းလျှင် ကျပ် ၄၅၂၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ရာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ပဲတီစိမ်းပိဿာ ၂၀ တစ်တင်းလျှင် ကျပ် ၂၂၀၀ ဈေးကျဆင်းလျက်ရှိကြောင်း ကုန်စည်ဒိုင်သတင်းအရ သိရှိရသည်။

**လှမိုးခိုင်(ဖန်ခါးမြေကုန်သွယ်မှုဗဟိုဌာန)**

## အောင်လံကုန်စည်ဒိုင်တွင် နှမ်းဖြူနှင့် နှမ်းနီဈေး အနည်းငယ်ကျ

မကွေးတိုင်းဒေသကြီးအတွင်း အောင်လံကုန်စည်ဒိုင်နှင့် ပွဲရုံများတွင် နှမ်းမျိုးစုံတို့ဝင်ရောက်ကာ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ မိုးနှမ်းများ ဝင်ရောက်လာပြီး အရည်အသွေးနှင့် ဝယ်လိုအားကြောင့် နှမ်းဖြူနှင့် နှမ်းနီ ဈေးအနည်းငယ် ကျဆင်းလျက်ရှိသည်။ အောင်လံကုန်စည်ဒိုင်၌ ဒီဇင်ဘာ ၂၈ ရက်တွင် နှမ်းဖြူနှင့် နှမ်းနီ ၄၅ ပိဿာ သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၁၀၃၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ယခင်တစ်ပတ်တွင် ဒီဇင်ဘာ ၂၁ ရက်တွင် နှမ်းဖြူနှင့် နှမ်းနီ ၄၅ ပိဿာသုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၁၀၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ရာ ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက နှမ်းဖြူနှင့် နှမ်းနီ ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၂၀၀၀ ဈေး အနည်းငယ်ကျဆင်းလျက်ရှိကြောင်း ကုန်စည်ဒိုင်သတင်းများအရ သိရှိရသည်။

**လှမိုးခိုင် (ဖန်ခါးမြေကုန်သွယ်မှုဗဟိုဌာန)**

## ရေနံချောင်း၌ ပဲကြီးစိမ်း ဈေးကောင်းရနေ



မကွေးတိုင်းဒေသကြီး မကွေးခရိုင် ရေနံချောင်းမြို့၌ ပဲကြီးစိမ်းများ ဈေးကွက်သို့ ဝင်ရောက်နေရာ ပေါ်ဦးပေါ်ဖျား ဈေးကောင်းရလျက်ရှိကြောင်း သိရသည်။

အညာဒေသတွင် မိုးနှောင်းသီးနှံ သီးထပ်အဖြစ် မြေပဲများ နုတ်သိမ်းပြီး မြေလွတ်အား ထွန်ယက်ကာ ပဲကြီးကိုသီးညှပ်အဖြစ် စိုက်ပျိုးကြကြောင်း၊ ပဲကြီးကို နယ်မြို့များသို့ တင်ပို့ရောင်းချရကြောင်း သိရသည်။

လက်ရှိဈေးကွက်တွင် ပဲကြီးစိမ်းအခွံချွတ် တစ်ပြည်လျှင် ကျပ် ၆၄၀၀ ရောင်းရပြီး နို့ဆီတစ်ဘူးလျှင် ကျပ် ၁၀၀၀ ရောင်းရကြောင်း ယခင်နှစ်ကာလတူက ကျပ် ၅၀၀၀ ဝန်းကျင်သာဈေးရရှိကြောင်း လက်လီရောင်းဝယ်သူများထံက သိရသည်။

**ဆန်းညွန့်(ရေနံချောင်း)**

## ပြည်ဈေးကွက်တွင် ဆောင်းနှမ်းအသစ်များ အရောင်းအဝယ်ဖြစ်

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်ရှိ ပြည်ဈေးကွက်တွင် ဆောင်းနှမ်းအသစ်များကို အခြားမြို့များဖြစ်သော ကြို့ပင်ကောက်နှင့် မြန်အောင်ဘက်မှ တစ်နေ့လျှင် အိတ် ၂၀၀/၃၀၀ ခန့် ဝင်ရောက်မှုရှိပြီး အရောင်းအဝယ်မှာ ဆီစက်လုပ်ငန်းရှင်များကသာ အဝယ်ရှိကြောင်း သိရသည်။ ယခုအချိန်တွင် ဈေးကွက်မှာ ဆောင်းနှမ်းများသာ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ယခုတစ်ပတ် နှမ်းဈေးများမှာ မိုးနှမ်းနီ သုံးတင်းတစ်အိတ်လျှင် ကျပ် ၁၀၅၀၀၀၊ မိုးစမုံနက်နှမ်း သုံးတင်းတစ်အိတ်လျှင်ကျပ် ၁၇၀၀၀၀ ဖြင့် ယခင်တစ်ပတ်ကအတိုင်း ဈေးငြိမ်နေပြီး မိုးနှမ်းနက် သုံးတင်းတစ်အိတ်လျှင် ကျပ် ၁၂၅၀၀၀ ဖြင့် ယခင်တစ်ပတ်ကထက် ဈေးလျော့သွားသည်။ ယခုတစ်ပတ်တွင် ဆောင်းနှမ်းနက်ဈေးမှာ သုံးတင်းတစ်အိတ်လျှင် ကျပ် ၁၅၀၀၀၀ ဖြင့် ပြည်ဈေးကွက်တွင် ဆောင်းနှမ်းအသစ်များသာ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

**ဝေဝေမင်း(ပြည်)**

## ပင်လယ်ရေကြောင်းမှ မတ်ပဲ တင်ပို့မှုလျော့နည်း

ဒီဇင်ဘာ ၂၀ ရက်မှ ၂၆ ရက်အတွင်း ပင်လယ်ရေကြောင်းမှ မတ်ပဲ တင်ပို့မှုမှာ တန်ချိန် ၄၅၄၂ ဒသမ ၂၄၅ တန်ဖိုးအမေရိကန်ဒေါ်လာ ၄၀၂၅၇၅၇ ဒသမ ၄၆ ဒေါ်လာ တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

တင်ပို့ခဲ့သော နိုင်ငံများမှာ ၁၂ နိုင်ငံရှိပြီး ယူနိုက်တက်ကင်းဒမ်း၊ စင်ကာပူ၊ ကနေဒါ၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ကာတာ၊ ပါကစ္စတန်၊ ထိုင်း၊ ဂျပန်၊ အာရပ်စော်ဘွားများ ပြည်ထောင်စုနှင့် မလေးရှားနိုင်ငံတို့ဖြစ်သည်။ အများဆုံးတင်ပို့ခဲ့သော နိုင်ငံမှာ အိန္ဒိယနိုင်ငံဖြစ်၍ တန်ချိန် ၂၃၇၉၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၀၀၅၀၉၂ ဖြစ်ပြီး အနည်းဆုံးတင်ပို့ခဲ့သောနိုင်ငံမှာ ဂျပန်နိုင်ငံဖြစ်၍ တန်ချိန် ၂ ဒသမ ၅ တန်၊ တန်ဖိုး အမေရိကန် ဒေါ်လာ ၂၄၂၀ဖြစ်ကြောင်းသိရသည်။

ယခင်တစ်ပတ် တင်ပို့မှုမှာ တန်ချိန် ၈၈၂၆ ဒသမ ၁၉၄၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၇၈၄၃၈၀၆ ဒသမ ၀၇ ဖြစ်သောကြောင့် ယခုတစ်ပတ် တင်ပို့မှုနှင့်နှိုင်းယှဉ်ပါက တန်ချိန် ၄၂၈၃ ဒသမ ၉၄၉၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၃၈၁၈၀၄၈ ဒသမ ၆၁ လျော့နည်းတင်ပို့ခဲ့ကြောင်း သိရသည်။

မတ်ပဲတစ်တန် ပျမ်းမျှဈေးနှုန်းမှာယခင်တစ်ပတ်က အမေရိကန်ဒေါ်လာ ၈၈၉ ဖြစ်ပြီး ယခုတစ်ပတ်တွင် အမေရိကန်ဒေါ်လာ ၈၈၆ ဖြစ်သောကြောင့် ဈေးနှုန်း ၃ ဒေါ်လာ ကျဆင်းခဲ့ကြောင်း သိရသည်။

**စန်းစန်းမော်**
**(မြင့်တင်၊ပြည်တွင်း-ရန်ကုန်)**



# စပါးမျိုးကောင်းမျိုးသန့် ထုတ်လုပ်ရာဝယ် သတိပြုဖွယ်

အောင်ဆန်း(စိုက်ပျိုးရေး)

ဒီနှစ်မိုးရာသီမှာ စိုက်ပျိုးရေးဦးစီးဌာနရဲ့ ဦးဆောင်ကူညီပံ့ပိုးမှုနဲ့ COVID-19 စီးပွားရေးကုစားမှုအစီအစဉ် (CERP) အရ တစ်နိုင်ငံလုံး ဝေးလံဒေသများပါမကျန် စပါးမျိုးကောင်းမျိုးသန့်ထုတ်လုပ်ပွားများရေးကို တစ်ရှိန်ထိုး တက်တက်ကြွကြွဆောင်ရွက်နေကြတာ အားရစရာပါပဲ။

ဒီလို တစ်ရှိန်ထိုးဆောင်ရွက်နေကြတဲ့နေရာမှာ သတိပြုရမယ့် အချက်ကလေးများကို သတိပြုလိုက်နာကြဖို့ ဆွေးနွေးပေးချင်ပါတယ်။ ဒါမှသာ မည်ကာမတ္တ မျိုးကောင်းမျိုးသန့်မဟုတ်ဘဲ အရည်အချင်းပြည့် အထမြောက်တဲ့ မျိုးကောင်းမျိုးသန့်မျိုးစေ့ကို ရရှိနိုင်မှာ ဖြစ်ပါတယ်။ သို့မဟုတ်ရင်တော့. . . .

စပါးမျိုးကောင်းမျိုးသန့်မျိုးစေ့ကို အဆင့်(၄)ဆင့် ခွဲခြားထားပါတယ်။ (၁) မိဘမျိုးစေ့၊ (၂) ဆင့်ပွားမျိုးစေ့၊ (၃) မျိုးသန့်မျိုးပွားစေ့၊ (၄)စီးပွားဖြစ်မျိုးသန့်မျိုးစေ့တို့ဖြစ်ပါတယ်။ မိဘမျိုးစေ့ဟာ စိုက်ပျိုးရေးသုတေသနဦးစီးဌာနက တာဝန်ခံထုတ်လုပ်ပါတယ်။ မိဘမျိုးစေ့ဟာ မျိုးသန့်စင်မှု ၉၉ ရာခိုင်နှုန်း၊ အပင်ပေါက် ၉၀ ရာခိုင်နှုန်း၊ အစိုဓာတ် ၁၃ ရာခိုင်နှုန်း၊ အစေ့ဂရမ် ၅၀၀ မှာ ဆန်နီစေ့ပါဝင်မှု သုည ရာခိုင်နှုန်း၊ အစေ့ဂရမ် ၅၀၀ မှာ ပေါင်းစေ့ပါဝင်မှု သုံးရာခိုင်နှုန်း စတဲ့အရည်အချင်း လက္ခဏာတွေနဲ့ပြည့်စုံရမှာဖြစ်ပါတယ်။ ဆင့်ပွားမျိုးစေ့ဟာ စိုက်ပျိုးရေးသုတေသနဦးစီးဌာနရဲ့ နယ်ခြံတွေမှာ တာဝန်ယူပွားများပေးတာဖြစ်ပါတယ်။ ဆင့်ပွားမျိုးစေ့မှာ မျိုးသန့်စင်မှု ၉၈ ရာခိုင်နှုန်း၊ အပင်ပေါက် ၉၀ ရာခိုင်နှုန်း၊ အစိုဓာတ်ပါဝင်မှု ၁၃ ရာခိုင်နှုန်း၊ အစေ့ဂရမ် ၅၀၀ မှာ ဆန်နီပါဝင်မှု တစ်ရာခိုင်နှုန်း၊ အစေ့ ဂရမ် ၅၀၀ မှာ ပေါင်းစေ့ပါဝင်မှု ငါးရာခိုင်နှုန်း စတဲ့အရည်အချင်းလက္ခဏာတွေနဲ့ပြည့်စုံရမှာဖြစ်ပါတယ်။

မျိုးသန့်မျိုးပွားမျိုးစေ့ဟာ စိုက်ပျိုးရေးဦးစီးဌာနအောက်ရှိ မျိုးသန့်ပွားများခြံများ၊ ကုမ္ပဏီအဖွဲ့အစည်းများ၊ အကျိုးဆောင် တောင်သူလယ်သမားကြီးများ၊ ကန်ထရိုက်လယ်ယာစနစ်ဆောင်ရွက်သော လယ်သမားကြီးများ၊ မျိုးသန့်စံပြရွာများထံတွင် ပွားများထုတ်လုပ်ပါ တယ်။ မျိုးသန့်မျိုးပွားမျိုးစေ့ဟာ မျိုးသန့်စင်မှု ၉၈ ရာခိုင်နှုန်း၊ အပင်ပေါက် ၈၅ ရာခိုင်နှုန်း၊ အစိုဓာတ်ပါဝင်မှု ၁၃ ရာခိုင်နှုန်း၊ အစေ့ဂရမ် ၅၀၀ တွင် ဆန်နီစေ့ ပါဝင်မှု သုံးရာခိုင်နှုန်း၊ အစေ့ ဂရမ် ၅၀၀ ဂရမ်တွင် ပေါင်းမြက်စေ့ပါဝင်မှု ၁၀ ရာခိုင်နှုန်းစတဲ့ အရည်အချင်းလက္ခဏာတွေနဲ့ပြည့်စုံရမှာဖြစ်ပါတယ်။

စီးပွားဖြစ် မျိုးသန့်မျိုးစေ့ဟာ စိုက်ပျိုးရေးဦးစီးဌာနအောက်ရှိ မျိုးသန့်မျိုးပွားခြံများ၊ ကုမ္ပဏီအဖွဲ့အစည်းများ၊ အကျိုးဆောင် တောင်သူလယ်သမားကြီးများ၊ ကန်ထရိုက်လယ်ယာစနစ်ဆောင်ရွက်သော တောင်သူလယ်သမားကြီးများ၊ မျိုးကောင်းမျိုးသန့်စိုက်ပျိုးထုတ်လုပ်ရန် စိတ်ပါဝင်စားပြီး တက်ကြွသော တောင်သူလယ်သမားကြီးများ မျိုးသန့်စံပြရွာများထံမှာ ထပ်ဆင့်ပွားများထုတ်လုပ်ပါတယ်။ စီးပွားဖြစ် မျိုးသန့်မျိုးစေ့ဟာ မျိုးသန့်စင်မှု ၉၇ ရာခိုင်နှုန်း၊ အပင်ပေါက် ၈၀ ရာခိုင်နှုန်း၊ အစိုဓာတ်ပါဝင်မှု ၁၃ ရာခိုင်နှုန်း၊ အစေ့ဂရမ် ၅၀၀တွင် ဆန်နီစေ့ပါဝင်မှု ငါးရာခိုင်နှုန်း၊ အစေ့ဂရမ် ၅၀၀ ဂရမ်တွင် ပေါင်းမြက်စေ့ပါဝင်မှု ၁၀ ရာခိုင်နှုန်းစတဲ့ အရည်အချင်းလက္ခဏာတွေနဲ့ပြည့်စုံရမှာဖြစ်ပါတယ်။

ယခုနယ်များတွင် CERP အစီအစဉ်အရ စပါးမျိုးကောင်း ထုတ်လုပ်ကြတဲ့အဆင့်မှာ မျိုးသန့်မျိုးပွားမျိုးစေ့အဆင့်ကို စိုက်ပျိုး ၍ စီးပွားဖြစ်မျိုးသန့်မျိုးစေ့ထုတ်လုပ်ခြင်းနဲ့ စီးပွားဖြစ်မျိုးသန့်မျိုးစေ့ကို စိုက်ပျိုး၍ စီးပွားဖြစ်မျိုးသန့်မျိုးစေ့ဒုတိယနှစ်မျိုးသန့်မျိုးစေ့ထုတ်လုပ်ခြင်းများ ဖြစ်ပါတယ်။ ဤသို့ထုတ်လုပ်ကြရာတွင် အထက်ပါ မျိုးသန့်မျိုးစေ့အဆင့်လိုက်သတ်မှတ်ထားသော အရည်အချင်းများ အပြည့်အဝရရှိအောင် သတိပြုထုတ်လုပ်ကြရမှာဖြစ်ပါတယ်။ လွယ်လွယ်နဲ့ဖြစ်လာမည်ဟု မစဉ်းစားသင့်ပါ။ သတ်မှတ်ထားသော မျိုးကောင်းမျိုးသန့် ထုတ်လုပ်ရေးဆိုင်ရာ နည်းပညာများ၊ စည်းကမ်းများကို တိတိကျကျ လိုက်နာဆောင်ရွက်မှသာ ဒေါင်ဒေါင်မြည် မျိုးကောင်းမျိုးသန့်မျိုးစေ့ကို ရရှိနိုင်မည်ဖြစ်ပါတယ်။ နည်းပညာနဲ့စည်းကမ်းများမှာ စိုက်ပျိုးရာတွင် အပင်ပြုစုစောင့်ရှောက်ခြင်း၊ မျိုးကွဲနုတ်ပယ်ခြင်း၊ ပေါင်းမြက်နှိမ်နင်းခြင်းလွယ်ကူစေရန် သက်လျှင်မျိုး ၁၂၀ ရက်၊ ပင်ကြား၊ တန်းကြားအကွာအဝေး (၉ × ၄ )လက်မ၊ သက်လတ်မျိုး (၁၂၀-၁၅၀ )ရက်ပင်ကြားတန်းကြားအကွာအဝေး (၈× ၄)လက်မ၊ သက်ကြီးမျိုး ၁၅၀ ရက်အထက် ပင်ကြားတန်းကြား အကွာအဝေး (၁၀ × ၆ )လက်မ အကွာအဝေးထား စိုက်ပျိုးရမှာဖြစ်ပါတယ်။ စိုက်ပျိုးရာတွင် အတန်းစိုက်ပျိုးရမည်ဖြစ်ပြီး ခြောက်တန်းတစ်တန်းလှပ်(သို့) ကိုးတန်းတစ်တန်းလှပ်စနစ်ဖြင့် စိုက်ပျိုးရမည်ဖြစ်ပါတယ်။

စပါးမျိုးကောင်းမျိုးသန့် မျိုးစေ့ထုတ်စိုက်ခင်းကို ကွင်းဆင်း၍ အမြဲမပြတ်စစ်ဆေးနေရမှာဖြစ်ပါတယ်။ ကွင်းဆင်းစစ်ဆေးရာတွင် စပါးမျိုးကွဲပင်များ၊ ပိုးမွှားရောဂါကျရောက်မှုအခြေအနေ၊ အခြားသီးနှံပင်များ၊ မျိုးသန့်စင်မှုကို အနှောင့်အယှက်ပေးမည့်အပင်များ၊ ပေါင်းမြက်အပင်များ ရှိ မရှိကို စစ်ဆေးရမည်ဖြစ်ပါတယ်။

ဤသို့စစ်ဆေးရာတွင် မျိုးကွဲပင်ပါဝင်မှု ရှိ၊ မရှိနှင့်မျိုးကွဲနုတ်ပယ်ခြင်းကို အထူးအလေးအနက်ထားရမည်ဖြစ်ပါတယ်။ မျိုးကွဲနုတ်ပယ်ခြင်းဟာ မျိုးကောင်းမျိုးသန့်ထုတ်လုပ်ခြင်း ဗီဇသန့်စင်မှုရဲ့ “အသက်”ဖြစ်ပါတယ်။ မျိုးကောင်းမျိုးသန့်ဆိုသည်မှာ ဖုန်၊ ခဲ၊ သဲ၊ အမှိုက်၊ ပေါင်းစေ့၊ အဖျင်း၊ အမှော်ကင်းစင်ခြင်းဟာ မျိုးကောင်းဖြစ်ပါတယ်။ မျိုးကွဲနဲ့ဆန်နီ ကင်းစင်ခြင်းဟာ မျိုးသန့်(ဗီဇသန့်) ဖြစ်ပါတယ်။ ဒါကြောင့် မျိုးကွဲနဲ့ဆန်နီပါဝင်မှုဟာ မျိုးသန့်အဆင့်ကို စိုးမိုးနေတာဖြစ်ပါတယ်။

စပါးပန်းပွင့်ချိန် မျိုးကွဲပင်ကိုခွဲခြားရန် လေ့လာရမယ့်အချက်တွေကတော့ မိမိတို့စိုက်ပျိုးထုတ်လုပ်သော မျိုး၏ လက္ခဏာများနှင့်ယှဉ်၍ ပန်းဖြိုင်ဖြိုင်ပွင့်ချိန်တွင် အပင်အနိမ့်အမြင့်မညီညာခြင်း၊ ပန်းပွင့်ချိန်အလွန်စောခြင်း၊ ပန်းပွင့်ချိန်အလွန်နောက်ကျခြင်း၊ အလံရွက်တည်နေပုံ (ထောင်မတ်၊ အောက်စိုက်၊ ယိုင်)၊ အလံရွက်ဟာ စပါးနှံထက် မြင့်နေခြင်း၊ နိမ့်နေခြင်း၊ အရွက်လက္ခဏာများကို လေ့လာရာတွင် အလံရွက်အောက်ကပ်လျက် အရွက်ကိုလေ့လာပါ။ ရွက်ပြားမျက်နှာပြင်အမြေးပါ/မပါ၊ (ထူ/ပါး/ကြမ်း/ချော)၊ပင်စည်နဲ့အရွက်ကြား ထောင်မတ်နေပုံ(ထောင်မတ်/ဘေးကား/ယိုင်)၊ အနှံအရွယ်အစား (နှံစရှည်/တို)၊ အနှံကုပ်လွတ်၊ မလွတ်၊ (လုံးဝလွတ်၊ တစ်ဝက်တစ်ပြက်လွတ်)၊ အနှံပုံသဏ္ဍာန်(နှစ်ဖက်အချိုးညီ တစ်ဖက်သတ်တည်ရှိ)၊ အနှံစက်များ တည်နေပုံ (ထောင်/ စိုက်)၊ စပါးစေ့အစိတ်အကျဲ၊ (ကြဲ၊ စိတ်) စတဲ့ လက္ခဏာများကိုကြည့်၍ မျိုးကွဲအဖြစ် ဆုံးဖြတ်ရမှာဖြစ်ပါတယ်။

စပါးရင့်မှည့်ချိန်တွင် မျိုးကွဲပင်ခွဲခြားရန် လေ့လာရမည့် အချက်များမှာ မိမိစိုက်ပျိုးထုတ်လုပ်သော စပါးမျိုး၏ လက္ခဏာများနှင့်ယှဉ်၍ စပါးရင့်မှည့်မှု လျော့နည်းနေခြင်း၊ နောက်ကျလွန်းခြင်း၊ အနှံစာအတိုအရှည်သိသိသာသာကွဲပြားနေခြင်း၊ စပါးစေ့အရွယ်အစား၊ အမျိုးအစားမတူညီခြင်း၊ (ပုံ၊ ရှည်၊ သွယ်၊ လုံး)၊ စပါးခွံ အရောင်မတူညီခြင်း၊ (ရွှေရောင်၊ ကောက်ရိုးရောင်၊ နီညိုစင်၊ နီညိုကွက်၊ အနက်)၊ စပါးခွံပေါ်တွင် အမွေးပါ၊ မပါ၊ စပါးစေ့တွင် အမြီး ပါ၊ မပါ၊ အရောင် (ရွှေဝါ၊ ကောက်ရိုး၊ အညို၊ ခရမ်း၊ အနက်) စတဲ့ လက္ခဏာများကို ကြည့်၍မျိုးကွဲအဖြစ် ဆုံးဖြတ်ရမှာဖြစ်ပါတယ်။

မျိုးကောင်းမျိုးသန့်စပါးစိုက်ခင်းကို အမြဲကွင်းဆင်းလေ့လာ၍ ပင်ပွားစုံချိန်တွင် မျိုးကွဲပင်တွေ့ပါက အမြစ်ပါအောင် ဆွဲနုတ်ပစ်ရမှာဖြစ်ပါတယ်။ ပန်းပွင့်ချိန်နဲ့ရင့်မှည့်ချိန်တွင် မျိုးကွဲတွေ့ရှိပါက မျိုးကွဲအနှံအား တံစဉ်နှင့်ရိတ်ဖြတ်၍ ဝေးရာသို့ သယ်ယူဖျက်ဆီး ပစ်ရန်ဖြစ်ပါတယ်။ ပန်းပွင့်ချိန်နဲ့ရင့်မှည့်ချိန်များဟာ မျိုးကွဲအပင် ခွဲခြားသိမြင်ရန် အလွယ်ကူဆုံးအချိန်ဖြစ်၍ ၎င်းအချိန်တွင် စပါးမျိုးကွဲနုတ်ပယ်ခြင်းကို မဖြစ်မနေအထူးအလေးထားဆောင်ရွက်ရန် လိုအပ်ပါတယ်။

မျိုးစေ့ထုတ်စပါးခင်းဟာ အတန်းကလေးကလည်း ဖြောင့်တန်းနေ၊ ပင်ပွားကလေးကလည်းကောင်းနေ၊ စပါးပင်ကလေးများကလည်း စိမ်းစိုလန်းဆန်း ကြီးထွားနေ၊ လယ်ကန်သင်းပေါ် မှာ ခါးထောက်ရပ်ကြည့်ပြီး ကောင်းလိုက်တဲ့ ငါ့စပါးခင်းလေးဆိုပြီး ပီတိဖြစ်နေရုံဖြင့် သူ့အလိုလို မျိုးကောင်းမျိုးသန့်မျိုးစေ့များဖြစ်လာမည် မဟုတ်သည်ကို အထူးသတိပြုကြစေချင်ပါကြောင်း မေတ္တာဖြင့် နှိုးဆော်လိုက်ရပါတယ်။

## မြန်မာ့ဆိပ်ကမ်းတွင် ၂၉ .၁၂ . ၂၀၂၀ ရက် ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ထီးတန်းဆိပ်ကမ်း(၂) | -CTP FORTUNE | ကုန်သေတ္တာ ဂ၁၂တင် ၇၁၂ချ |
| အလုံဆိပ်ကမ်း(၂) | -GIANG HAI - 11 | ပြောင်းဖူး ၄၇၅၂ တန်တင် |
| စက်မှုဆိပ်ကမ်း(၂) | -NORDMAAS | ကုန်သေတ္တာ ၄၀၀ တင် ၃၂၈ ချ |
| စက်မှုဆိပ်ကမ်း(၃) | -MCC KYOTO | ကုန်သေတ္တာ ၉၆ဂ တင်၅၃၂ ချ |
| MIPL ဆိပ်ကမ်း | -RISING EAGLE | Steel Deform Bars ၂၂၇၀၀တန်ချ |
| သီလဝါဆိပ်ကမ်း(၄) | -DAISY OCEAN | Steel&Fertilizer ၁၆၀၆၂ တန်ချရန် |
| WILMAR JETTY | -SEA SAPPHIRE | Slag (In Bulk) ၂၄၆၇၀ တန်ချရန် |
| သီလဝါစက်မှုဆိပ်ကမ်း(၂) | -PACIFIC VENTURE | Oil Wall Equipment ၂၀၀၉ တန်ချရန် |
| IBTT ဆိပ်ကမ်း | -DAI DUONG SEA | Soy Beam Meal ၃၁၀၀ တန်ချရန် |
| MKH ဆိပ်ကမ်း | -VASILIS | Coal (In Bulk) ၂၆၃၀၀ ချရန် |
| MMTM JETTY | -MT.SANTYA | DieselOil +Mogas (92 Ron) ၁၅၂၁၀ တန်ချ |
| APEX JETTY | -MT.KS IRIS | DieselOil ၉ဂ၅၂ တန်ချ |
| ELITE JETTY | -MT.SENNA-4 | LPG gas (92 Ron) ၂၀၀၀ တန်ချ |
| REGENCY&DENKO | -MT.YU DONG | DieselOil +Mogas (92 Ron) ၁ဂ၅၆၇ တန်ချ |
| ပိတောက်ရွှေဝါဆိပ်ကမ်း | -MT.ORCA POACIFIC | Diesel Oil ၁၅၇၉၂တန်ချ |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| DU JUAN SONG | G/C ၁ဂ၁၃ တန်ချရန် | CHINA | ၂.၁. ၂၀၂၁ |
| VGS DREAM | Wire Rope ၆၅၀၀ ချရန် | KOREA | ၃.၁. ၂၀၂၁ |
| SEA FOREST | Vehicle &Steel Coil ၁ဂ၅၆ တန်ချရန် | KOREA | ၄.၁. ၂၀၂၁ |
| BBC ST PETERSBURG | Transformer &Accessories ၁၆၅ တန်ချရန် | JAPAN | ၄.၁. ၂၀၂၁ |
| CHARITY-2 | Fertilizer ၁ဂ၀၀ တန်ချရန် | THAI | ၄.၁. ၂၀၂၁ |
| TUG;AUGGUN SARI,BG EWAN-31 | PKG Concrete Pile ၁၀၂ တန်ချရန် | MALAYSIA | ၄.၁. ၂၀၂၁ |
| LEA AUERBACH | G/C ၆၀၀၀ တန်ချ | RUSSIA | ၇.၁. ၂၀၂၁ |
| MONICA-D | Steel&Fertilizer ၁၆ဂ၀၀ တန်ချရန် | CHINA | ၁၀.၁. ၂၀၂၁ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| ISEACO WISDOM | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃၀.၁၂. ၂၀၂၀ |
| SINAR BANDA | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃၀.၁၂. ၂၀၂၀ |
| SINAR BINTAN | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၃၀.၁၂. ၂၀၂၀ |
| BOX ENDEAVOUR | SINGAPORE | သီလဝါဆိပ်ကမ်း | ၃၁.၁၂. ၂၀၂၀ |
| MCC SHENZHEN | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၃၀.၁၂. ၂၀၂၀ |
| PACAO | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃၀.၁၂. ၂၀၂၀ |
| KUO LUNG | SINGAPOR | စက်မှုဆိပ်ကမ်း | ၃၀.၁၂. ၂၀၂၀ |
| SINAR SOLO | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၃၁.၁၂. ၂၀၂၀ |
| EVER CHANT | SINGAPORE | ထီးတန်းဆိပ်ကမ်း | ၁.၁. ၂၀၂၁ |
| TRIESTE TRADER | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၁.၁. ၂၀၂၁ |
| ISEACO FORTUNE | SINGAPORE | စက်မှု/သီလဝါဆိပ်ကမ်း | ၁.၁. ၂၀၂၁ |
| ISEACO GENESIS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁.၁. ၂၀၂၁ |
| AEGEAN EXPRESS | SINGAPORE | သီလဝါသစ်/စက်မှုဆိပ်ကမ်း | ၁.၁. ၂၀၂၁ |
| CHERRY | SINGAPORE | ထီးတန်းဆိပ်ကမ်း | ၃.၁. ၂၀၂၁ |
| OLIVIA | SINGAPOR | သီလဝါ/စက်မှုဆိပ်ကမ်း | ၄.၁. ၂၀၂၁ |
| MATHU BHUM | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၄.၁. ၂၀၂၁ |
| SINAR BANDUNG | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၅.၁. ၂၀၂၁ |
| GSS YANGON | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၅.၁. ၂၀၂၁ |
| CTP FORTUNE | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၅.၁. ၂၀၂၁ |
| IAL.001 | SINGAPORE | ထီးတန်းဆိပ်ကမ်း | ၆.၁. ၂၀၂၁ |
| ALS SUMIRE | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ဂ.၁. ၂၀၂၁ |
| AS FENJA | SINGAPORE | စက်မှု/သီလဝါဆိပ်ကမ်း | ဂ.၁. ၂၀၂၁ |
| NEGAR | SINGAPORE | သီလဝါဆိပ်ကမ်း | ဂ.၁. ၂၀၂၁ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.YU YI | Diesel Oil &Mogas( 92 Ron)14889 တန်ချရန် | - | ၂၉.၁၂. ၂၀၂၀ |
| MT.AULACE CINIFER | Diesel 9652တန်ချရန် | - | ၂၉.၁၂. ၂၀၂၀ |
| MT.W BLOSSOM | စားအုံးဆီ ဂဂ၀၀ တန်ချရန် | INDONESIA | ၃၁.၁၂. ၂၀၂၀ |
| MT.EQUINO X | စားအုံးဆီ ၁၇၅၀၀ တန်ချရန် | INDONESIA | ၃၁.၁၂. ၂၀၂၀ |
| MT.GREAT WALRUS | Diesel Oil 12000 တန်ချရန် | SINGAPORE | ၃၁.၁၂. ၂၀၂၀ |
| MT.EONIA | Diesel Oil 13500 တန်ချရန် | SINGAPORE | ၃၁.၁၂. ၂၀၂၀ |
| MT.ANGEL NO-2 | Diesel Oil ၁၄၀၀၀ တန်ချရန် | SINGAPORE | ၃၁.၁၂. ၂၀၂၀ |
| MT.BELUGA PACIFIC | Diesel Oil ၁၅၀၀၀ တန်ချရန် | SINGAPORE | ၁.၁. ၂၀၂၁ |
| MT.VL-21 | စားအုံးဆီတန်၅၀၀၀ တန်ချရန် | INDONESIA | ၁.၁. ၂၀၂၁ |

## ကြက်သွန်

# ပခုက္ကူခရိုင်အတွင်း ကြက်သွန်နီအသစ်များ စတင်ဝင်ရောက်နေ

ပခုက္ကူခရိုင်အတွင်း ကြက်သွန်နီစိုက်ပျိုးရာ ဒေသများမှာ ပေါက်၊ ဆိပ်ဖြူ၊ ကမ္မ၊ ရေပြာနယ်များမှ မိုးစိုက်(ဥစိုက်)များ စိုက်ပျိုးလျက်ရှိသည်။ မိုးစိုက်(ဥစိုက်) ကြက်သွန်နီများ ပေါ်ထွန်းနေပြီး ကြက်သွန်နီ အသစ်လက်ကားဈေးမှာ ထိပ်စတစ်ပိသာလျှင် ကျပ် ၆၅၀၊ လက်စတစ်ပိသာလျှင် ကျပ် ၅၀၀၊ အနိမ့်စ တစ်ပိသာလျှင် ကျပ် ၃၅၀ ဈေးဖြင့် နေ့စဉ်ကုန်ချိန် ၃၀၀၀၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ကြက်သွန်နီအဟောင်း ထိပ်စ တစ်ပိသာလျှင် ကျပ် ၂၀၀၊ လက်စတစ်ပိသာလျှင် ကျပ် ၁၅၀၊ အနိမ့်စ တစ်ပိသာလျှင် ကျပ် ၁၀၀ ဈေးဖြင့် နေ့စဉ်ကုန်ချိန် ၃၀၀၀၀ ကျော် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ပြည်ပနှင့် ရန်ကုန်၊ မန္တလေး အောက်မြန်မာပြည်အနှံ့အပြားသို့ တင်ပို့လျက်ရှိကြောင်း ကုန်သည်များထံမှ သိရသည်။

**လှိုင်ဥမ္မာဦး(ပခုက္ကူ)**

# ပြည်ဈေးကွက်အတွင်း ကြက်သွန်နီ(အဟောင်း) လက်ကျန်များပြားလျက်ရှိ

ယခုတစ်ပတ်အတွင်း ပြည်ဈေးကွက်သို့ ကြက်သွန်နီအဟောင်းရော အသစ်ပါဝင်ရောက်လျက်ရှိနေပြီး ကြက်သွန်နီအဟောင်းမှာ ဆိပ်ဖြူ၊ အောင်လံဘက်မှ ပိသာ ၃၀ ဝင် အိတ် ၂၅၀ခန့်နှင့် ကြက်သွန်နီအသစ်မှာ ဆိပ်ဖြူ၊ ရေနံချောင်းဘက်မှ အိတ် ၈၀ ခန့် နေ့စဉ်ဝင်ရောက်လျက်ရှိသည်။

အရောင်းအဝယ်အနေဖြင့် ကြက်သွန်နီအဟောင်းမှာ အစို့ပေါက်များထွက်ရှိနေပြီးဝင်ရောက်မှု၏ ထက်ဝက်နီးပါး ခန့်သာ ရောင်းဝယ်မှုရှိနေသဖြင့် ကြက်သွန်နီ အဟောင်းမှာ ပစ္စည်းလက်ကျန်များနေကြောင်း သိရသည်။ ဈေးနှုန်းများ အနေဖြင့် ကြက်သွန်နီအသစ်ဈေးမှာ တစ်ပိသာလျှင် ပွဲရုံလက်ကားဈေးမှာ ကျပ် ၇၀၀-၇၅၀ ခန့်ရှိပြီး လက်လီဈေးအသေးများတွင် ရောင်းချမှုမရှိသေးကြောင်း သိရသည်။

ကြက်သွန်နီအဟောင်းဈေးမှာ ပွဲရုံလက်ကားဈေး တစ်ပိသာလျှင် (ကြီး/လတ်/သေး) ကျပ် ၅၀၀/၄၅၀-၄၀၀/၃၅၀ နှုန်းတို့ရှိပြီး လက်လီဈေးအသေးများတွင် တစ်ပိသာကို (ကြီး/လတ်/သေး) ကျပ် ၇၀၀/၆၀၀/၅၀၀-၄၀၀ နှုန်းတို့ဖြင့် အသီးသီးရောင်းဝယ်မှုရှိနေကြောင်း သိရသည်။

**ဝင်းလဲ့ဝါ (ပြည်)**

# ရေနံချောင်းမြို့နယ်၌ မြေအောက်ရေဖြင့် ကြက်သွန်စမ်းသပ်စိုက်ပျိုး

မကွေးတိုင်းဒေသကြီး မကွေးခရိုင် ရေနံချောင်းမြို့နယ် ရွှေတုတ်ကန်ကျေးရွာအုပ်စု မန်းကျည်းတိုင်းကျေးရွာရှိ တောင်သူများ၏ ဧက ၁၅၀ ခန့်ကို ရေသွင်းစိုက်ပျိုးနိုင်မည်ဆိုပါက ယခုထက်များစွာ အကျိုးဖြစ်ထွန်းနိုင်ရန် သက်ဆိုင်ရာ လယ်/စီအဖွဲ့က ယခုတစ်ပတ်တွင် သွားရောက်ကြည့်ရှုခဲ့ကြောင်း ရေနံချောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမန်ကိုဟောထံမှ သိရသည်။

“ယခင်နှစ်တွေက ပြောင်းစိုက်တဲ့မြေတွေဖြစ်ပြီး ယခုလက်ရှိမှာ ပြောင်းအစား ကြက်သွန်နီကို စမ်းသပ်စိုက်ပျိုးနေပါတယ်။ ယာမြေဖြစ်သည့်အတွက် ရေရရှိရန် အဝီစိတွင်း ပေ ၁၈၀ ခန့် တူးပြီး အဝီစိရေနှင့်ပိုက်များဖြင့် စိုက်ခင်းအရောက် ရေသွင်းရတယ်။ စရိတ်မှာ အဝီစိတွင်းတူးခနှင့် ရေပိုက်သွယ်တန်းခ၊ မြေပြုပြင်ခ၊ ပျိုးပင်ဝယ်ယူရသည့် စရိတ်အပါအဝင် ခန့်မှန်း ကျပ်သိန်း ၂၀ ခန့် ကုန်ကျတယ်။ လက်ရှိ တောင်သူသုံးဦး ကြက်သွန်စိုက်နေပါတယ်”ဟု ရွှေတုတ်ကန်ကျေးရွာ အုပ်ချုပ်ရေးမှူးလည်းဖြစ် ကြက်သွန်စမ်းသပ်စိုက်ပျိုးလျက်ရှိသည့် တောင်သူ ဦးအောင်ကျော်မြင့်က ပြောသည်။

လက်ရှိ ကြက်သွန်ပျိုးပင်ကို မြင်းခြံမြို့နယ်က မျိုးများဖြစ်ပြီး အလျား ပေ ၁၅၀၊ အနံ သုံးပေရှိ ပျိုးဘောင်မှ ပျိုးပင်များကိုကားနှင့်သယ်ယူ၍ ရေသွယ်စနစ်ဖြင့် ကြက်သွန်နီအား စိုက်ပျိုးကြခြင်းဖြစ်ပြီး ကွျန်တော်ကိုယ်တိုင် စိုက်ပျိုးလုပ်ကိုင်နေကြောင်း ဦးအောင်ကျော်မြင့်က ဆက်ပြောသည်။

ယခင်က ရေနံချောင်းမြို့နယ်တွင် ကြက်သွန်နီကို ကိုင်းမြေနု၊ ချောင်းမြေနုများသာ စိုက်ပျိုးကြရာက လက်ရှိကြက်သွန်နီ ဈေးမကောင်းသော်လည်း ယခုအခါ မိုးရေကို အားထားစိုက်ရသည့် ယာမြေများ၌ မြေအောက်ရေဖြင့် ကြက်သွန်နီကို အဓိကစိုက်ပျိုးလာကြခြင်း ဖြစ်သည်။

**ဆန်းညွန့်(ရေနံချောင်း)**

### စာမျက်နှာ (၃) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး . . . မှအဆက်

သီးနှံများအပြင် သီးနှံပို့ကုန်အမယ်သစ်များ၊ ဈေးကွက်အသစ်များ ရရှိခြင်း အစရှိသည့် အောင်မြင်မှုများ ရလျက်ရှိကြောင်း၊ အမျိုးသားပို့ကုန်မဟာဗျူဟာ (NES) ၂၀၂၀-၂၀၂၅ တွင်လည်း ဆန်စပါးကဏ္ဍကို ဦးစားပေးအနေဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် ကုမ္ပဏီ ၄၃ ခုနှင့် ဆန်စက်ပေါင်း ၇၉ စက်ကို တရုတ်နိုင်ငံသို့ တရားဝင် တင်ပို့နိုင်ရေးအတွက် GACC တွင် မှတ်ပုံတင်ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ COVID-19 ရောဂါစတင်ဖြစ်ပွားချိန်တွင် မြန်မာနိုင်ငံအစိုးရမှ တရုတ်နိုင်ငံ ဝူဟန်မြို့သို့ ဆန်တန်ချိန် ၂၀၀ လှူဒါန်းခဲ့ပြီး ဘမ်ကိုမုန်တိုင်းဒဏ်ခံရသည့် ဖိလစ်ပိုင်နိုင်ငံသို့လည်း ဆန်တန်ချိန် ၂၀၀ လှူဒါန်းနိုင်ရန်အတွက် ပူးပေါင်းစီစဉ်လျက်ရှိကြောင်း၊

COVID-19 ကာလအတွင်း ပြည်သူများရိက္ခာပြတ်လပ်မှု မဖြစ်ပေါ်စေရေးအတွက် နိုင်ငံတော်အနေဖြင့် အရန်ဆန်ဝယ်ယူခဲ့ရာတွင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးခဲ့မှု၊ ပြည်သူများသို့ သင့်တင့်မျှတသည့် ဈေးနှုန်းဖြင့် ရောင်းချပေးခဲ့မှု၊ ဆန်နှင့် အခြေခံစားကုန်များ လှူဒါန်းသည့် လုပ်ငန်းများတွင် ပူးပေါင်းပါဝင် ဆောင်ရွက်ပေးခဲ့မှုများကို မှတ်တမ်းတင် ဂုဏ်ပြုပြောကြားလိုကြောင်း။

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အနေဖြင့် နိုင်ငံ့အကျိုး၊ တောင်သူလယ်သမားများအကျိုးကို ယခုထက် ပိုပြီးဆောင်ရွက်နိုင်ပါစေကြောင်းနှင့် ဆန်စပါးကဏ္ဍနှင့် သက်ဆိုင်သော သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ပညာပေးရေး လုပ်ငန်းများ၊ သတင်းအချက်အလက်နှင့် နည်းပညာ စုဆောင်းဖြန့်ဝေရေးလုပ်ငန်းများကို ဆန်စပါးဆိုင်ရာအသင်းများ၊ တောင်သူလယ်သမားများနှင့် နီးနီးကပ်ကပ်ပူးပေါင်း၍ မြန်မာနိုင်ငံ၏ ဆန်စပါးလုပ်ငန်းကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်သွားစေလိုပါကြောင်း စသည်ဖြင့် ပြောကြားခဲ့သည်။

အစည်းအဝေး၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းတို့ကလည်း Video Message ဖြင့် အမှာစကားများပြောကြားခဲ့ကြပြီး မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ၊ အသင်းချုပ် နာယကကြီးများ၊ ဗဟိုအလုပ်အမှုဆောင်များ၊ ဆန်စပါးဆိုင်ရာ ပညာရှင်များ၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်းမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်းမှ ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက အွန်လိုင်းမှ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**MOC (IR)**

## မန်ကျည်း

# မန်ကျည်းပြန်လည်တင်ပို့

ဒီဇင်ဘာ ၂၀ ရက်မှ ၂၆ ရက် သီတင်းပတ်အတွင်း မန်ကျည်း၁၂၅ တန်ကို ပင်လယ်ရေကြောင်းလမ်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့ခဲ့သည်။ ဩဂုတ်လဆန်းမှစ၍ အပို့ရပ်ခဲ့သော မန်ကျည်းကို ယခုတစ်ပတ်မှ ပြန်လည်တင်ပို့ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယခုတစ်ပတ် မန်ကျည်းစေ့ တင်ပို့ခဲ့ခြင်းဖြစ်ပြီး တစ်တန်ကို အမေရိကန်ဒေါ်လာ ၁၀၀ ရရှိခဲ့သည်။ ယခုတစ်ပတ် မန်ကျည်းတင်ပို့မှုမှ စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၂၅၀၀ ဒေါ်လာ ဝင်ငွေရရှိခဲ့သည်။

**သီတာဝင်း (DOT)**

## ချင်း

# ယခုတစ်ပတ် ချင်းတင်ပို့မှုလျော့

ဒီဇင်ဘာ ၂၀ ရက်မှ ၂၆ ရက် သီတင်းပတ်အတွင်း ချင်း ၅၆ ဒသမ ၂၆၅ တန်ကို ပင်လယ်ရေကြောင်းလမ်းမှ ပါကစ္စတန်နိုင်ငံသို့ တင်ပို့ခဲ့သည်။ ယခင်သီတင်းပတ်က ချင်း ၁၆၄ ဒသမ ၁၀ တန်တင်ပို့ခဲ့ခြင်းကြောင့် ယခုတင်ပို့မှုနှင့် နှိုင်းယှဉ်လျှင် ၁၀၇ ဒသမ ၈၃၅ တန် တင်ပို့မှုလျော့နည်းခဲ့ကြောင်း သိရသည်။

ချင်းတစ်တန် အမေရိကန်ဒေါ်လာ ၄၀၀ ဝန်းကျင်ရရှိခဲ့သည်။ ထို့ကြောင့် ယခုတစ်ပတ် ချင်းတင်ပို့မှုမှ စုစုပေါင်းအမေရိကန်ဒေါ်လာ ၂၂၅၀၆ ဒေါ်လာဝင်ငွေ ရရှိခဲ့သည်။

**သီတာဝင်း(DOT)**

## ငရုတ်

# ပခုက္ကူခရိုင်အတွင်း ဖြစ်ပေါ်နေသော ငရုတ်သီးခြောက် ဈေးနှုန်းဈေးကွက်

ပခုက္ကူခရိုင်အတွင်း ငရုတ်သီးစိုက်ပျိုးရာ ဒေသများမှာ မြစ်ခြေမြို့နယ် မြင်းဝင်းကျေးရွာ ဘဲကြီးအုပ်စုတွင် အများဆုံးစိုက်ပျိုးကြသည်။ ငရုတ်သီးအစို တစ်ပိသာလျှင် ကျပ် ၁၀၀၀၊ ငရုတ်သီးခြောက် တစ်ပိသာလျှင် ကျပ် ၄၅၀၀ ပေါက်ဈေးရှိသည်။ ပခုက္ကူမြို့နယ်မှ ထွက်သော ငရုတ်သီးခြောက်များကို သာစည်၊ မုံရွာ၊ မိတ္ထီလာ၊ မြင်းခြံ၊ မန္တလေးမြို့ဈေးချိုအတွင်းသို့ တင်ပို့လျက်ရှိကြောင်း သိရှိရသည်။

ငရုတ်သီး ခြောက် လက်လီတစ်ပိသာလျှင် ကျပ် ၅၅၀၀-၆၀၀၀ ပေါက်ဈေးရှိသည်။ ငရုတ်သီးခြောက်များကို တစ်နေ့ လျှင် ကုန်ချိန် ၁၅၀၀ မှ ၃၀၀၀ ထိ တင်ပို့လျက်ရှိကြောင်း ကုန်သည်များထံမှ သိရသည်။

**လှိုင်ဥမ္မာဦး(ပခုက္ကူ)**

### စာမျက်နှာ (၃) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး . . . မှအဆက်

Doing Business အစီရင်ခံစာတွင် အဆင့် ၁၇၁ ရရှိခဲ့ရာမှ ၂၀၂၀ ပြည့်နှစ်တွင် အဆင့် ၁၆၅ သို့ ရောက်ရှိခဲ့သည့်အတွက်ကြောင့် ဂုဏ်ယူပါကြောင်းနှင့် ရေရှည်တိုးတက်အောင် ဆက်လက်ဆောင်ရွက်သွားရန် လိုပါကြောင်း၊ လက်ရှိအခြေအနေတွင် ၂၀၂၁ ခုနှစ်အတွက် အပြီးသတ်မည့် ဆန်းစစ်မှုများတွင် ပါဝင်နိုင်မည့် ကာလတို၊ ကာလလတ်၊ ကာလရှည် Action Plan များချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ကြရာတွင် အညွှန်းကိန်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများနှင့် ပတ်သက်၍ အလားအလာကောင်းများတွေ့ရှိရပြီး အထောက်အကူပြုအဖွဲ့များအနေဖြင့် အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ မြန်မာနိုင်ငံအတွက် COVID-19 Economic Relief Plan-CERP (COVID–19) စီးပွားရေးကုစားမှု အစီအစဉ်) ကို ချမှတ်ထားပြီးဖြစ်ရာ COVID-19 ကြောင့် ကျဆင်းခဲ့သည့် စီးပွားရေးလုပ်ငန်းများကို Myanmar Sustainable Development Plan (MSDP) သို့ပြန်လည်ရောက်ရှိအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက်တက်ရောက်လာကြသော အဖွဲ့ဝင်များမှ တစ်နှစ်တာအတွင်း Ease of Doing Business အညွှန်းကိန်းဆိုင်ရာ အထောက်အကူပြု အဖွဲ့များအနေဖြင့် ပြုပြင်ပြောင်းလဲဆောင်ရွက်ခဲ့မှုများကို ပြန်လည်သုံးသပ်ခြင်းနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါအစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အညွှန်းကိန်းဆိုင်ရာ အထောက်အကူပြုအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**MOC(IR)**

## ယခုတစ်ပတ် ဒီဇယ်၊ ဓာတ်ဆီ တန်ချိန် တစ်သိန်းတင်သွင်း

ဒီဇင်ဘာ ၂၀ ရက်မှ ၂၆ ရက် သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၀၇၉၄၅၂၃ ဒေါ်လာတန်ဖိုးရှိ ဓာတ်ဆီ ၅၄၄၅၁ ဒသမ ၀၂ တန်နှင့် အမေရိကန်ဒေါ်လာ ၁၉၀၉၇၈၉၂ ဒေါ်လာတန်ဖိုးရှိ ဒီဇယ် ၄၅၃၉၃ ဒသမ ၈၉ တန်၊ စုစုပေါင်း ဒီဇယ်၊ ဓာတ်ဆီ ၉၉၈၄၄ ဒသမ ၈၈ တန်ကို ပင်လယ်ရေကြောင်းလမ်းမှ တင်သွင်းခဲ့သည်။

ယခင်သီတင်းပတ်က ဒီဇယ် ၃၆၆၉၉ ဒသမ ၃၂ တန် တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်သွင်းမှုနှင့် နှိုင်းယှဉ်လျှင် ၈၆၉၄ ဒသမ ၅၄ တန် ပိုမိုတင်သွင်းခဲ့သလို ယခင်သီတင်းပတ်က ဓာတ်ဆီ ၄၀၃၉၀ ဒသမ ၇၂ တန် တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် ၁၄၀၆၀ ဒသမ ၃၀ တန် ပိုမိုတင်သွင်းခဲ့ကြောင်း သိရသည်။ ထို့ကြောင့် ယခုတစ်ပတ် ဒီဇယ်နှင့် ဓာတ်ဆီ အဝင်ပိုခဲ့ကြောင်း သိရသည်။

**MIRT-DOT**

## အမေရိကန်နိုင်ငံခြားငွေလဲနှုန်း အနည်းငယ်ပြန်ကျဆင်း

အမေရိကန်နိုင်ငံခြားငွေလဲနှုန်း တစ်ဒေါ်လာ ၁၃၄၀ ကျပ်ဝန်းကျင်ထိ ပြန်လည်ကျဆင်းလာနေကြောင်း နိုင်ငံခြားငွေ ရောင်းဝယ်ရေးဈေးကွက်မှ သိရသည်။


လက်ရှိ အမေရိကန်ဒေါ်လာနှင့် ကျပ်ငွေလဲလှယ်နှုန်းမှာမူ ဒီဇင်ဘာ ၃၀ ရက် ပြင်ပဈေးကွက်တွင် တစ်ဒေါ်လာ ဝယ်ဈေး ၁၃၃၉ ကျပ်၊ ရောင်းဈေး ၁၃၄၂ ကျပ်ဝန်းကျင်ဖြင့် ပြန်လည်ကျဆင်းလာခြင်းဖြစ်သည်။

ကမ္ဘာ့ဒေါ်လာအညွှန်းကိန်းမှာ ဒီဇင်ဘာ ၃၀ ရက်တွင် အညွှန်းကိန်း ၈၉ ပွိုင့်တွင် ဖြစ်ပေါ်လျက်ရှိနေပြီး ပြည်တွင်းပုဂ္ဂလိကဘဏ်များတွင်မူ ဒီဇင်ဘာ ၃၀ ရက် အမေရိကန်ဒေါ်လာနှင့် ကျပ်ငွေလဲလှယ်နှုန်းမှာ ဝယ်ဈေး ၁၃၃၅ ကျပ်၊ ရောင်းဈေး ၁၃၄၃ ကျပ်ဝန်းကျင်တွင် အရောင်းအဝယ်ဖြစ်ပေါ်ခဲ့သည်။

အမေရိကန်နိုင်ငံခြားငွေလဲနှုန်းမှာ ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၂၂ ရက်က တစ်ဒေါ်လာ ကျပ် ၁၄၀၀ ကျပ်ထိ မြင့်တက်လာခဲ့ပြီးနောက် ၂၀၂၀ နှစ်ကုန်ပိုင်းထိ တစ်ဒေါ်လာ ၁၄၀၀ ကျပ်အောက်တွင်သာ အရောင်းအဝယ် ဖြစ်ပေါ်လျက်ရှိကြောင်း နိုင်ငံခြားငွေရောင်းဝယ်ရေးဈေးကွက်မှ သိရသည်။

**ပန်းဆု**

## ကိုဗစ်အကျပ်အတည်းကြောင့် ရွှေပြန်လည်ရောင်းချသူမြင့်တက်



ကိုရိုနာဗိုင်းရပ်စ် ရောဂါကြောင့် စီးပွားရေးကျဆင်းနေချိန် လတ်တလော ရန်ကုန်ရွှေဈေးကွက်တွင်း စုဆောင်းထားသည့် ရွှေများအား ပြန်လည်ရောင်းချသူ မြင့်တက်နေကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ သိရသည်။

"ရွှေဈေးနှုန်းကတော့ အခု ၁၃ သိန်းနှစ်သောင်းကျော်မှာ အရောင်းအဝယ်ဖြစ်နေတယ်။ လောလောဆယ်တော့ ရောင်းလိုအားက များနေတယ်။ သဘာဝ ရွှေကျင်စခန်းနဲ့ ရွှေထွက်တဲ့ရာသီဖြစ်တဲ့အတွက် နောက်ပြီးတော့ ကိုဗစ်အကျပ်အတည်းနဲ့ ငွေကြေးလိုအပ်ချက်အရ ဆိုင်တွေမှာ ပြန်ရောင်းတဲ့သူက များတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးဝင်းမြင့်က ပြောဆိုသည်။

လက်ရှိတွင် အခေါက်ရွှေဈေး ကျပ် ၁၃ သိန်းကျော်ထိ စံချိန်တင်မြင့်တက်နေပြီး ဒီဇင်ဘာ ၃၀ ရက် ရန်ကုန်ဈေးကွက်နှင့် မန္တလေးဈေးကွက်တွင် ၁၆ ပဲရည် (အကယ်ဒမီ) အခေါက်ရွှေတစ်ကျပ်သားဈေး ဖြစ်ပေါ်နေမှုအရ ၁၃၂၂၀၀၀ ကျပ်ဝန်းကျင်ဖြင့် ဈေးမြင့်တက်နေကြောင်း သိရသည်။

၁၅ ပဲရည် တစ်ကျပ်သားဈေးမှာမူ ဒီဇင်ဘာ ၃၀ ရက် ရန်ကုန်ဈေးကွက်နှင့် မန္တလေးဈေးကွက်တွင် နံနက်ပိုင်း ဈေးဖြစ်ပေါ်နေမှုအရ ကျပ် ၁၂၄၄၂၀၀ ဝန်းကျင်ဖြင့် ဈေးမြင့်တက်နေခြင်းဖြစ်သည်။

ဒီဇင်ဘာ ၃၀ ရက်တွင် ကမ္ဘာ့ရွှေဈေး တစ်ထရိုင်အောင်စလျှင် ၁၈၈၂ ဒေါ်လာအထိ မြင့်တက်လာမှုကြောင့် ပြည်တွင်းရွှေဈေးပါ စံချိန်တင်လိုက်ပါမြင့်တက်နေခြင်းဖြစ်ကြောင်း သိရသည်။

**ပန်းဆု**

## ရန်ကုန်စတော့အိတ်ချိန်းတွင် Amata Holding Public ကုမ္ပဏီအား စာရင်းဝင်ကုမ္ပဏီအဖြစ် ခွင့်ပြု

ရန်ကုန် စတော့အိတ်ချိန်း (Yangon Stock Exchange)တွင် Amata Holding Public Co.,Ltd (AMATA) အား စာရင်းဝင်ကုမ္ပဏီအဖြစ် ခွင့်ပြုလိုက်ကြောင်း ဒီဇင်ဘာ ၂၉ ရက်တွင် သတင်းထုတ်ပြန်သည်။

အဆိုပါကုမ္ပဏီက တင်ပြလာသည့် လျှောက်လွှာများကို စိစစ်ခြင်းနှင့် စာရင်းဝင်စစ်ဆေးခြင်းလုပ်ငန်း လုပ်ဆောင်ပြီးနောက် ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး ဥပဒေ၊ အခန်း ၄၁ (ဂ) နှင့် ငွေချေးသက်သေခံလက်မှတ်များ စာရင်းဝင်ခြင်းဆိုင်ရာလုပ်ငန်းစည်းမျဉ်းများ၊ အပိုင်း (၇) နှင့် (၈) တို့နှင့်အညီ ကုမ္ပဏီအား စာရင်းဝင်ရန် ခွင့်ပြုလိုက်ခြင်းဖြစ်ကြောင်း သိရသည်။

Amata Holding Public Co.,Ltd. အနေဖြင့် အခြေခံဈေးနှုန်း (Base Price) အား စာရင်းဝင်သည့်နေ့ရက် (listing Date) မတိုင်မီ ရုံးဖွင့်ရက်တစ်ရက်အလိုတွင် ရန်ကုန်စတော့အိတ်ချိန်းဝက်ဘ်ဆိုက်တွင် ထုတ်ပြန်ကြေညာမည်ဖြစ်ပြီး ယင်းကုမ္ပဏီ၏ စာရင်းဝင်မည့်နေ့ရက် (Listing Date) အား ရင်းနှီးမြှုပ်နှံသူများအတွက် အချိန်နှင့် တစ်ပြေးညီ ထပ်မံကြေညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ရန်ကုန်စတော့အိတ်ချိန်း၏ စာရင်းဝင်ကုမ္ပဏီများဖြစ်သည့် First Myanmar Investment Public (FMI) ကုမ္ပဏီ၊ Myanmar Thilawa SEZ Holdings Public (MTSH) ကုမ္ပဏီ၊ Myanmar Citizens Bank Holdings Public (MCB) ကုမ္ပဏီ၊ First Private Bank Limited (FPB)ကုမ္ပဏီ၊ TMH Telecom Public (TMH) ကုမ္ပဏီနှင့် Ever Flow River Group Public ကုမ္ပဏီ စသည့် စာရင်းဝင်ကုမ္ပဏီ ခြောက်ခုဖြင့် စတော့ရှယ်ယာ အရောင်းအဝယ်ပြုလုပ်လျက်ရှိသည်။

**ပန်းဆု**

## နိုင်ငံခြားဘဏ် လက်အောက်ခံဘဏ်အဖြစ် ကိုရီးယား KB Kookmin ဘဏ် မြန်မာနိုင်ငံတွင် ဖွင့်လှစ်ခွင့်ရရှိ

ကိုရီးယားသမ္မတနိုင်ငံမှ KB Kookmin Bank အား KB Bank Myanmar Ltd. အမည်ဖြင့် မြန်မာနိုင်ငံတွင် ပထမဆုံးဖွင့်လှစ်သည့် နိုင်ငံခြားဘဏ် လက်အောက်ခံဘဏ်အဖြစ် ဘဏ်လုပ်ငန်းလိုင်စင်ကို ဒီဇင်ဘာ ၂၃ ရက်တွင် ထုတ်ပေးခဲ့ကြောင်း ဗဟိုဘဏ်က ထုတ်ပြန်သည်။

အဆိုပါဘဏ်သည် လက်အောက်ခံဘဏ် ဖွဲ့စည်းဆောင်ရွက်ရန် လိုအပ်သည့်လုပ်ငန်းစဉ်များ ပြည့်စုံအောင် ဆောင်ရွက်ပြီးဖြစ်၍ မြန်မာနိုင်ငံတော် ဗဟို ဘဏ်ဥပဒေပုဒ်မ ၆၈ နှင့် ငွေရေးကြေးရေး အဖွဲ့အစည်းများဥပဒေ ပုဒ်မ ၁၀၊ ပုဒ်မခွဲ (က)တို့အရ ခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

KB Bank Myanmar Ltd သည် ဒီဇင်ဘာ ၂၈ ရက်တွင် လုပ်ငန်းများ စတင်ဆောင်ရွက်ပြီး လက်အောက်ခံဘဏ်အနေဖြင့် လက်လီဘဏ်လုပ်ငန်း အပါအဝင် ကူးသန်းရောင်းဝယ်ရေး ဘဏ်လုပ်ငန်းများကို ပြည်တွင်းဘဏ်များ နည်းတူ ဆောင်ရွက်နိုင်မည်ဖြစ်ရာ မြန်မာနိုင်ငံ၏ ငွေရေးကြေးရေးကဏ္ဍတွင် ဘဏ်လုပ်ငန်းဆိုင်ရာ နည်းပညာအသစ်များနှင့်အတူ ပိုမိုအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း ဗဟိုဘဏ်က ထုတ်ပြန်ထားသည်။

မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် ဘဏ်လုပ်ငန်းကဏ္ဍမှ အထောက်အကူပြုနိုင်စေရန်နှင့် ငွေရေးကြေးရေး အရင်းအမြစ်များ ပိုမိုရရှိစေရန်အတွက် နိုင်ငံခြားဘဏ် ရွေးချယ်ရေးအဖွဲ့သည် မြန်မာနိုင်ငံတွင် နိုင်ငံခြားဘဏ်များ ဘဏ်လုပ်ငန်းဆောင်ရွက်ခွင့်ပြုရန် တတိယအကြိမ် နိုင်ငံခြားဘဏ် ရွေးချယ်ရေး လုပ်ငန်းစဉ်ကို ဆောင်ရွက်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ဧပြီ ၉ ရက်တွင် နိုင်ငံခြားဘဏ် ခုနစ်ဘဏ်ကိုရွေးချယ်၍ ကနဦးအတည်ပြုချက် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် နိုင်ငံခြားဘဏ်ခွဲဖွင့်လှစ်မှုသည် ၁၃ ဘဏ်ရှိပြီး နိုင်ငံခြားဘဏ်များ၏ ကိုယ်စားလှယ်ရုံးခွဲ ၃၅ ခုရှိကြောင်း သိရသည်။ နိုင်ငံခြားဘဏ် လက်အောက်ခံဘဏ်အဖြစ် KB Bank Myanmar Ltd. ရှိပြီဖြစ်ကြောင်း သိရသည်။

**ပန်းဆု**

## Energy NYMEX 30-12-2020

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 48.21 | 0.21 | 0.44 |
| Brent Crude Futr (USD/bbl) | 51.28 | 0.19 | 0.37 |
| Gasoline Rbob Fut (Cent/gal) | 139.54 | 0.75 | 0.54 |
| Natural Gas Futr (USD/MMBtu) | 2.47 | 0.75 | 7.03 |
| Heating Oil Futr (Cent/gal) | 148.92 | 0.82 | 0.16 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 28-December | 23.20 | 2817.81 | 2015.99 | 7785.41 | 1028.00 |
| 29-December | 25.98 | 2748.83 | 1982.05 | 7758.74 | 1028.00 |
| 30-December | 26.32 | 2747.28 | 1999.03 | 7848.22 | 1050.00 |
| 31-December | - | - | - | - | - |
| 1-January | - | - | - | - | - |

## Currency Exchange Rate

**December 30, 2020**
**Base Currency is United States Dollar - USD**

| Currency Unit | Units per USD |
|---|---|
| AUD Australia Dollars | 1.30 |
| BDT Bangladesh Taka | 84.78 |
| CAD Canada Dollars | 1.28 |
| CNY China Yuan Renminbi | 6.53 |
| EUR Euro | 0.81 |
| H KD Hong Kong Dollars | 7.75 |
| I NR India Rupees | 73.29 |
| I DR Indonesia Rupiahs | 14082.91 |
| JPY Japan Yen | 103.33 |
| MYR Malaysia | 4.04 |
| PKR Pakistan Rupees | 160.54 |
| PHP Philippines Pesos | 48.01 |
| RUB Russia Rubles | 73.51 |
| SGD Singapore Dollars | 1.32 |
| KRW South Korea Won | 1086.47 |
| LKR Sri Lanka Rupe | 186.96 |
| THB Thailand Baht | 30.02 |
| GBP United Kingdom Pounds | 0.74 |
| VND | VietnamDon |

23215.17*Source:xe.com*

## World Gold Price

December- 2020 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 28 | 1990 | 1889 | 1892 |
| 29 | 2006 | 1883 | 1884 |
| 30 | 1990 | 1884 | 1884 |
| 31 | - | - | - |
| 1 | - | - | - |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 28-12-2020 | 1330.00 | 1328.00 |
| 29-12-2020 | 1325.00 | 1323.70 |
| 30-12-2020 | 1323.00 | 1320.50 |
| 31-12-2020 | - | - |
| 1-1-2021 | - | - |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဒီဇင်ဘာလ ၂၀၂၀ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 28 | 6.53 | 30.07 | 84.85 | 73.45 |
| 29 | 6.53 | 30.05 | 84.85 | 73.36 |
| 30 | 6.53 | 30.02 | 84.78 | 73.29 |
| 31 | - | - | - | - |
| 1 | - | - | - | - |

## ဘိလပ်မြေ



### ပင်လယ်ရေကြောင်းမှ ဘိလပ်မြေအဝင်လျော့

ဒီဇင်ဘာ ၂၀ ရက်မှ ၂၆ ရက် သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄၁၆၅၀ ဒေါ်လာတန်ဖိုးရှိ ဘိလပ်မြေ ၂၂၃ တန်ကို ပင်လယ်ရေကြောင်းလမ်းမှ တင်သွင်းခဲ့သည်။ ယခုတစ်ပတ်ထိုင်းနိုင်ငံမှ ၁၂၅ တန်၊ စင်ကာပူနိုင်ငံမှ ၂၂ ဒသမ ၄၀ တန်နှင့် မလေးရှားနိုင်ငံမှ ၇၅ ဒသမ ၆၀ တန်တင်သွင်းခဲ့ကြောင်းသိရသည်။ ယခုတစ်ပတ် ထိုင်းနိုင်ငံမှ အများဆုံး တင်သွင်းခဲ့သည်။ ယခင်သီတင်းပတ်က ဘိလပ်မြေ တန်ချိန် ၂၂၀၆၀ ကျော် တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်သွင်းမှုနှင့် နှိုင်းယှဉ်လျှင် တန်ချိန် ၂၁၈၃၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့ကြောင်း သိရသည်။

ဒီဇင်ဘာ ၁၉ ရက်မှ ၂၅ ရက်အတွင်း နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ တန်ချိန် ၁၀၆၇၀ ကျော်ရှိခဲ့ပြီး ယခင်သီတင်းပတ်က ဘိလပ်မြေအဝင်မှာ တန်ချိန် ၁၁၁၃၀ ရှိခဲ့ခြင်းကြောင့် ယခုတစ်ပတ်တွင် တန်ချိန် ၇၆၄၀ ကျော် အဝင်လျော့ခဲ့သည်။ ထို့ကြောင့် ယခုတစ်ပတ် ပင်လယ်ရေကြောင်းနှင့် နယ်စပ်လမ်းမှ ဘိလပ်မြေ အဝင်လျော့ခဲ့သည်။

### ဘိလပ်မြေဈေးကွက် အရောင်းအေး

**တောင်ကြီးဘိလပ်မြေဈေးကွက်၌** အရောင်းအဝယ် အေးနေပြီး ဈေးငြိမ်နေကြောင်း သိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့် ဈေးမှာ စိန်(ထိုင်း) ကျပ် ၈၀၀၀၊ အေသုံးလုံးကျပ် ၅၂၀၀၊ အပါချီ ကျပ် ၄၅၀၀၊ ကမ္ဘောဇ ကျပ် ၄၅၀၀၊ ကျားခေါင်း ကျပ် ၆၂၀၀၊ နဂါးကျပ် ၄၄၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ကြောင်း အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရသည်။

**မန္တလေးဘိလပ်မြေဈေးကွက်၌** ဆောက်လုပ်ရေးလုပ်ငန်း၊ တည်ဆောက်ရေးလုပ်ငန်းများ ရပ်နားထားသောကြောင့် အရောင်းအေးပြီး ဈေးငြိမ်နေကြောင်း သိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ အေသုံးလုံး ကျပ် ၄၀၀၀၊ အယ်လ်ဖာ ကျပ်၃၉၀၀၊ ခရောင်း (၅၂၅) ကျပ် ၄၄၀၀၊ ခရောင်း (၄၂၅)ကျပ် ၄၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

**မော်လမြိုင်ဘိလပ်မြေဈေးကွက်၌** ယခုတစ်ပတ် အရောင်းအဝယ်ပုံမှန်ဖြစ်လာကြောင်း သိရသည်။ ယခုတစ်ပတ် ဆင်မြန်မာဘိလပ်မြေက ပစ္စည်းပြတ်နေပြီး ကြံ့တစ်ကောင်(အပြာ) က ကျပ် ၂၀၀၊ ကြံ့နှစ်ကောင်(နီ)က ကျပ်၂၅၀ နှင့် ဆင်(ထိုင်း) က ကျပ် ၅၀ ဈေးမြင့်လာကြောင်း သိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ ဆင်မြန်မာကျပ် ၅၆၀၀၊ ကြံ့တစ်ကောင်(ပြာ)ကျပ် ၅၄၀၀၊ ကြံ့နှစ်ကောင် (နီ)ကျပ် ၅၇၀၀၊ ဆင်(ထိုင်း) ကျပ် ၅၇၅၀ ဖြင့် အရောင်းအဝယ်ဖြစ်ကြောင်း စုံစမ်း သိရှိရသည်။

**မကွေးဘိလပ်မြေဈေးကွက်၌** အရောင်းအဝယ်အေးပြီး ဈေးငြိမ်နေကြောင်း သိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ အပါချီ ကျပ်၄၅၀၀၊ ကြံ့ ကျပ် ၄၇၀၀၊ ကမ္ဘောဇ ကျပ် ၅၅၀၀၊ ဘလူးဒိုင်းမွန်း ကျပ် ၅၂၀၀၊ အယ်လ်ဖာ ကျပ် ၄၃၀၀နှင့် အရောင်းအဝယ်ဖြစ်ကြောင်း သိရှိရသည်။

**သီတာဝင်း(DOT) စုစည်းသည်**

## ဓာတ်မြေဩဇာ

### ယခုတစ်ပတ် မြေဩဇာအဝင်လျော့

ဒီဇင်ဘာ ၂၀ ရက်မှ ၂၆ ရက် သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၄၅၆၃၁၁ ဒေါ်လာတန်ဖိုးရှိမြေဩဇာ ၁၀၁၆၀ တန်ကို ပင်လယ်ရေကြောင်းလမ်းမှ တင်သွင်းခဲ့သည်။ ယခုတစ်ပတ် ဘီလာရုစ်နိုင်ငံမှ ၁၀၁၇ ဒသမ ၅၀ တန်၊ တရုတ်နိုင်ငံမှ တန်ချိန် ၄၂၀၊ ဂျာမနီနိုင်ငံမှတန်ချိန် ၁၆၂၀၊ ကိုရီးယားနိုင်ငံမှ ၃၇၆၀ ဒသမ ၇၃ တန်၊ မလေးရှားနိုင်ငံမှ ၄ ဒသမ ၁၈ တန်၊ နော်ဝေနိုင်ငံမှ ၁၉၈ ဒသမ ၀၉ တန်၊ ရုရှားနိုင်ငံမှ ၆၄၄ တန်၊ ထိုင်းနိုင်ငံမှ ၂၈၆ တန်၊ အာရပ်စော်ဘွားများ ပြည်ထောင်စုမှ ၁၉၉၉ ဒသမ ၅ တန် နှင့် ဗီယက်နမ်နိုင်ငံမှ တန်ချိန် ၂၁၀ တင်သွင်းခဲ့ကြောင်း သိရသည်။ ယခုတစ်ပတ် ကိုရီးယားနိုင်ငံမှ အများဆုံးတင်သွင်းခဲ့ သည်။

တင်သွင်းခဲ့သည့်အမျိုးအစားများမှာ ပိုတက်၊ မဂ္ဂနီဆီယမ်ဆာလဖိတ်၊ ကွန်ပေါင်း (၁၅း၁၅း၁၅)၊ ကွန်ပေါင်း(၁၅း၉း၂၀)၊ ဖလော်ရာ၊ ကွန်ပေါင်း(၁၆း၁၆း၁၆)၊ ကွန်ပေါင်း(၁၉း၉း၂၀)၊ စတားဂိုး၊ တာဘိုစတား၊ ယူရီးယား(ဖြိုးမောက်)နှင့် အော်ဂဲနစ်တို့ဖြစ်သည်။ ယခင်သီတင်းပတ်က မြေဩဇာတန်ချိန် ၃၄၃၄၀ ကျော် တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်သွင်းမှုနှင့် နှိုင်းယှဉ်လျှင် တန်ချိန် ၂၄၁၈၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့ကြောင်း သိရသည်။

### မော်လမြိုင်မြေဩဇာဈေးကွက် အရောင်းအေး

ဒီဇင်ဘာ ၁၉ ရက်မှ ၂၅ ရက်အထိ နယ်စပ်လမ်းမှ မြေဩဇာအဝင်မှာ တန်ချိန် ၁၀၁၂၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၃၇၄၀ ကျော်ရှိခဲ့ခြင်းကြောင့် ယခုတစ်ပတ်တွင် တန်ချိန် ၆၃၇၀ ကျော်အဝင်ပိုခဲ့ကြောင်း သိရသည်။ ထို့ကြောင့် ယခုတစ်ပတ် ပင်လယ်ရေကြောင်းမှ အဝင်ပိုခဲ့ပြီးနှင့် နယ်စပ်လမ်းမှ အဝင်လျော့ခဲ့သည်။

**မန္တလေးဈေးကွက်၌** အရောင်းပုံမှန်ရှိကြောင်း သိရသည်။ ယခုတစ်ပတ် မြေဩဇာဈေးများမှာ ယခင်တစ်ပတ်ဈေးထက် အနည်းငယ်မြင့်လာကြောင်း သိရသည်။ ယူရီးယား (ရွှေတောင်)က ဈေးကွက်ထဲ ပြန်လည်ဝင်ရောက်လာခဲ့သည်။ ယခုတစ်ပတ်ယူရီးယား(ပန်းဖူး)က ကျပ် ၂၃၀၀၊ တီစူပါ(၄၆%)က ကျပ် ၁၉၀၀၊ အာမို(၁၅)ပတ်လည်က ကျပ် ၁၀၀၀၊ အာမို(၁၀း၁၀း၅)က ကျပ် ၅၀၀၊ ပိုတက်က ကျပ်၂၀၀၀၊ မြားကမ္ဘာနှင့် မြား(၁၅း၉း၈)က ကျပ် ၁၀၀ ဈေးမြင့်ခဲ့ပြီး ပန်းသီးစုံနှင့် မြားသီးစုံကကျပ် ၁၀၀ ဈေးကျအရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ ယူရီးယား (ရွှေတောင်-တရုတ်)၊ ကျပ် ၂၅၅၀၀၊ ယူရီးယား(ပန်းဖူး-တရုတ်)ကျပ် ၂၅၈၀၀၊ တီစူပါ(၄၆%-တရုတ်) ကျပ် ၂၂၅၀၀၊ မြားသီးစုံကျပ် ၁၇၅၀၀၊ ပန်းသီးစုံ ကျပ် ၁၇၅၀၀၊ အာမို (၁၀း၁၀း၅)ကျပ် ၁၈၅၀၀၊ အာမို(၁၅း၁၅း၁၅) ကျပ် ၃၉၅၀၀၊ ပိုတက် ကျပ် ၂၇၅၀၀၊ မြားကမ္ဘာ ကျပ် ၁၇၇၀၀၊ မြား (၁၅း၉း၈)ကျပ် ၂၁၆၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။

**မော်လမြိုင်ဈေးကွက်၌** စိုက်ပျိုးရာသီချိန် ရောက်လာသော်လည်းနယ်များမှ သွားလာရေးခက်ခဲမှုများကြောင့် လာရောက်ဝယ်ယူမှုနည်းနေပြီး အရောင်းအဝယ်အေးနေကြောင်း သိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာပုလဲ-အကြီး(အမ်စီ)ကျပ် ၂၅၀၀၀၊ပုလဲ-မြန်မာ (နဂါး-တရုတ်) ကျပ် ၂၇၀၀၀၊ ပုလဲ-မြန်မာ (စုစံ)ကျပ် ၂၄၅၀၀၊ ကွန်ပေါင်း (အစိမ်း)(၁၅း၁၅း၁၅)(အမ်စီ)ကျပ် ၄၀၀၀၀၊ တီစူပါ ၄၆% (သံကွင်း-တရုတ်) ကျပ် ၂၂၅၀၀၊ ကွန်ပေါင်း(တရုတ်) (၁၀း၁၀း၅)(မြားနီ) ကျပ် ၂၀၀၀၀၊ တီစူပါ( ၂၀%)(မြားကမ္ဘာ-တရုတ်)ကျပ် ၂၃၅၀၀၊ ပိုတက်(မာကိုတာ) ကျပ် ၂၇၀၀၀၊ ပိုတက်(အမ်စီ) (နွားခေါင်း) ကျပ် ၂၈၀၀၀၊ ကွန်ပေါင်း (ထိုင်း) (GrowHow) ကျပ် ၃၇၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရှိရသည်။

**တောင်ကြီးဈေးကွက်၌** အရောင်းအဝယ် အနည်းငယ်ဖြစ်လာသော်လည်း ဈေးငြိမ်နေကြောင်း သိရသည်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့် ဈေးမှာ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၅၅၀၀၊ တီစူပါ ၂၀% (တရုတ်) ကျပ် ၁၅၆၀၀၊ ပိုးသတ်ဆေး ကျပ် ၂၂၀၀၊ တီစူပါ (၁၅) ပတ်လည် (တရုတ်) ကျပ် ၄၀၀၀၀၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ကျပ် ၁၈၅၀၀၊ ဓာတ်ဆား (တရုတ်) ကျပ် ၁၅၀၀၀၊ ပိုတက်(တရုတ်) ကျပ် ၃၀၀၀၀၊ ယူရီးယား(ယူအေအီး) ကျပ် ၂၅၀၀၀၊ မြားကမ္ဘာ ကျပ် ၁၈၇၀၀၊ ရွက်ဖျန်း ကျပ် ၃၀၀၀၊ ဆိုင်ကလုန်း ကျပ် ၃၀၀၀၊ ဆိုက်ပါ ကျပ် ၂၀၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်ကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

## နို့ဆီ/နို့မှုန့်

### နို့ဆီတန်ချိန် ၄၀၀ နီးပါးနှင့် နို့မှုန့်တန်ချိန် ၇၀ ကျော်ဝင်

ဒီဇင်ဘာ ၂၀ ရက်မှ ၂၆ ရက် အတွင်း အမေရိကန်ဒေါ်လာ ၄၂၂၀၁၀ ဒေါ်လာတန်ဖိုးရှိ နို့ဆီ ၃၉၈ဒသမ၆၆၄ တန်ကို ပင်လယ်ရေကြောင်းလမ်းမှတင်သွင်းခဲ့သည်။ ယခုတစ်ပတ် မလေးရှားနိုင်ငံမှ ၂၈၉ ဒသမ ၂၂၄ တန်နှင့် စင်ကာပူနိုင်ငံမှ ၁၀၉ ဒသမ ၄၄၀ တန် တင်သွင်းခဲ့ကြောင်း သိရသည်။ တင်သွင်းခဲ့သည့် တံဆိပ်များမှာ တီးပေါ့(ပ်)၊ ပက်(ပ်)နှင့်ဒွန်းတို့ဖြစ်သည်။ ယခင်သီတင်းပတ်က နို့ဆီတန်ချိန် ၇၄ ဒသမ ၄၁၂ တန် တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်သွင်းမှုနှင့် နှိုင်းယှဉ်လျှင် ၃၂၄ ဒသမ ၂၅၂ တန် ပိုမိုတင်သွင်းခဲ့ကြောင်းသိရသည်။

အမေရိကန်ဒေါ်လာ ၁၈၀၉၁၃ ဒေါ်လာတန်ဖိုးရှိ နို့မှုန့် ၇၆ ဒသမ ၉၇၅ တန်ကို တင်သွင်းခဲ့သည်။ ယခုတစ်ပတ် ဥရုဂွေးနိုင်ငံမှ ၂၅ တန်နှင့် နယူးဇီလန်နိုင်ငံမှ ၅၁ ဒသမ ၉၇၅ တန် တင်သွင်းခဲ့ကြောင်းသိရသည်။

ယခင်သီတင်းပတ်က နို့မှုန့် ၇၇ ဒသမ ၅၇၅ တန် တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ်မှာ နို့မှုန့်တင်သွင်းမှု အနည်းငယ် လျော့နည်းခဲ့ကြောင်း သိရသည်။ ထို့ကြောင့် ယခုတစ်ပတ် နို့ဆီအဝင်ပိုခဲ့ပြီး နို့မှုန့်အဝင်လျော့ခဲ့သည်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၉/၁၂ မှ ၂၅/၁၂ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၂/၁၂ မှ ၁၈/၁၂ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၆၀·၉ | ၅·၈ | (+) | ၅၅·၁၀ |
| ၂။ | လွယ်ဂျယ် | | - | | - |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | - | - | | - |
| ၅။ | တာချီလိတ် | ၇၈၀၀·၀၀ | ၄၈၅၀·၀၀ | (+) | ၂၉၅၀·၀၀ |
| ၆။ | မြဝတီ | - | - | | - |
| ၇။ | ကော့သောင်း | - | ၂၇၉၀·၀၀ | (-) | ၂၇၉၀·၀၀ |
| ၈။ | တမူး | - | - | | - |
| ၉။ | မြိတ် | ၂၈၁၀·၀၀ | - | (+) | ၂၈၁၀·၀၀ |
| | စုစုပေါင်း | ၁၀၆၇၀·၉၀ | ၇၆၄၅·၈၀ | (+) | ၃၀၂၅·၁၀ |

အေးအေးသန့်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၉/၁၂ မှ ၂၅/၁၂ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၂/၁၂ မှ ၁၈/၁၂ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၂၄၉၁·၆၀ | ၁၉၇၀·၀၅ | (+) | ၅၂၁·၅၅ |
| ၂။ | လွယ်ဂျယ် | ၂၆၀၈·၀၅ | ၁၁၀၆·၀၀ | (+) | ၁၅၀၂·၀၅ |
| ၃။ | ချင်းရွှေဟော် | ၄၉၄၈·၀၀ | - | (+) | ၄၉၄၈·၀၀ |
| ၄။ | ကန်ပိုက်တီ | ၈၀·၀၀ | ၃၃·၀၀ | (+) | ၄၇·၀၀ |
| ၅။ | မြဝတီ | - | ၆၃၉·၄၃ | (-) | ၆၃၉·၄၃ |
| ၆။ | ကော့သောင်း | - | - | | - |
| ၇။ | မြိတ် | - | - | | - |
| ၈။ | ရိဒ် | - | - | | - |
| ၉။ | တမူး | - | - | | - |
| | စုစုပေါင်း | ၁၀၁၂၇·၆၅ | ၃၇၄၈·၄၈ | (+) | ၆၃၇၉·၁၇ |

ခင်မိုးသူ

# သတ်မှတ်သွင်းကုန်လိုင်စင်ကြေး နှုန်းထားဖြင့် ကောက်ခံရန်ကာလ တိုးမြှင့်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

အမိန့်ကြော်ငြာစာအမှတ်၊ ၈၅ / ၂၀၂၀
၁၃၈၂ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁ ရက်
( ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၃၀ ရက် )

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ ၁၃ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

သတ်မှတ်သွင်းကုန်လိုင်စင်ကြေးနှုန်းထားဖြင့် ကောက်ခံရန်ကာလ တိုးမြှင့်ခြင်း

၁။ COVID – 19 ရောဂါ ဖြစ်ပွားနေစဉ်ကာလအတွင်း ပြည်သူများ၏ စိတ်ဓာတ်ရေးရာ မြှင့်တင်ပေးသည့်အနေဖြင့် နိုင်ငံတော်မှ အခွန်အခများကို ဖြေလျှော့ပေးလျက်ရှိရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် သွင်းကုန်လိုင်စင်ကြေးများကို လိုင်စင် (၁) စောင်လျှင် ကျပ် ၃၀၀၀၀ (ကျပ် သုံးသောင်း) နှုန်းဖြင့် ပြောင်းလဲကောက်ခံခြင်းအား ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၆ ရက်နေ့မှ စက်တင်ဘာလ ၃၀ ရက်နေ့အထိအား အမိန့်ကြော်ငြာစာအမှတ် ၂၃/ ၂၀၂၀ ဖြင့် လည်းကောင်း၊ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁ရက်မှ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိအား အမိန့်ကြော်ငြာစာအမှတ်၊ ၆၄/ ၂၀၂၀ ဖြင့်လည်းကောင်း ထပ်မံထုတ်ပြန်၍ ကာလတိုးမြှင့်ဆောင်ရွက်ပေးခဲ့ပါသည်။

၂။ အဆိုပါ သွင်းကုန်လိုင်စင် (၁) စောင်လျှင် ကျပ် ၃၀၀၀၀ (ကျပ် သုံးသောင်း) နှုန်းဖြင့် ကောက်ခံခဲ့ခြင်းအား ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့အထိ ထပ်မံကာလတိုးမြှင့်သတ်မှတ်လိုက်သည်။

(ပုံ)
ဒေါက်တာသန်းမြင့်
ပြည်ထောင်စုဝန်ကြီး
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

## စာမျက်နှာ (၈) စိန်ခေါ်မှုများနှင့် ၂၀၂၀ . . . မှအဆက်

အထည်ချုပ်လုပ်ငန်းများ၏ ဈေးကွက်နိုင်ငံများတွင်လည်း ကိုဗစ်ရောဂါကြောင့် ဝယ်လိုအားနှင့် ပစ္စည်းအသစ် တင်သွင်းလိုမှုများ လျော့ကျသဖြင့် မြန်မာနိုင်ငံ၏ အထည်လုပ်ငန်းများမှ တင်ပို့မှုလည်း လျော့ကျနေခြင်းဖြစ်ပါသည်။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ၂၀၂၀ ဘဏ္ဍာနှစ်သည် ကိုဗစ်နှင့်ဆက်နွှယ်ပြီး စိန်ခေါ်မှုများ များပြားခဲ့သော်လည်း၊ ကုန်သွယ်မှုကဏ္ဍတွင် အောင်မြင်မှုများ ရယူနိုင်ခဲ့သည်ဟု ဆိုနိုင်ပါသည်။

၂၀၂၁ ခုနှစ်တွင် ကိုဗစ်နှင့်ပတ်သက်၍ ကာကွယ်ဆေးထိုးနှံမှုများ မြင်တွေ့လာရပြီး မြန်မာနိုင်ငံတွင်လည်း ကာကွယ်ဆေးနှင့်ပတ်သက်ပြီး မျှော်လင့်ချက်များသန်းလာပြီဖြစ်ခြင်း၊ စီးပွားရေးကဏ္ဍတွင်လည်း ဈေးကွက်သစ်များ ဖော်ထုတ်နိုင်ခြင်း၊ ကမ္ဘာ့နိုင်ငံအသီးသီး၏ စားသောက်ကုန်ရိက္ခာ ဝယ်ယူစုဆောင်းမှု များပြားလာခြင်းတို့ကြောင့် လယ်ယာကဏ္ဍ ပို့ကုန်များကို ပိုမိုအားထားပြီး ဆောင်ရွက်သွားရန်သည် ပို့ကုန်မျှော်လင့်ချက်ဟု ဆိုနိုင်ပါသည်။ ထို့အပြင် တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့သို့ တင်ပို့မှုများကိုလည်း ကုန်ပစ္စည်းအမျိုးအစား ပိုမိုတိုးတက်တင်ပို့နိုင်ရေးနှင့် အရေအတွက် ပိုမိုတင်ပို့ နိုင်ရေးတို့ကို ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

ကိုဗစ်ကာလကိုလွန်သည့်အခါတွင်လည်း ပို့ကုန်များ တိုးတက်ရေးကို မြေပြင်တွင်ဆောင်ရွက်သည့်နည်းတူ ရရှိလာသော အတွေ့အကြုံများအရ အွန်လိုင်းမှ ရောင်းချခြင်း၊ Online Export များဖြင့် နိုင်ငံခြားစီးပွားရေး လုပ်ငန်းရှင်များအား မြန်မာလုပ်ငန်းရှင်များက တိုက်ရိုက်ချိတ်ဆက်သည့် အတွေ့အကြုံများပိုမိုရရှိလာစေပြီး အရောင်းအဝယ်များ ပိုမိုအဆင်ပြေစွာ ညှိနှိုင်းလာနိုင်သည့်မျှော်လင့်ချက်များလည်း ရရှိလာပါသည်။ မြန်မာနိုင်ငံမှ စီးပွားရေးသမားများသည်လည်း ကုန်သွယ်မှုကဏ္ဍအတွက် မျှော်လင့်ချက်များဟု ထည့်သွင်းပြောကြားရမည်ဖြစ်ပါသည်။

အဆိုပါမျှော်လင့်ချက်များတွင် မြန်မာနိုင်ငံမှ ဆန်စပါး၊ ပဲမျိုးစုံ၊ မြေပဲ၊ နှမ်း စသော ဆီထွက် သီးနှံများ၊ လတ်ဆတ်သီးနှံများနှင့် တန်ဖိုးမြှင့်ထုတ်လုပ်ထားသော သီးနှံများ၊ ကြက်သွန်နီ၊ ချင်း၊ ငရုတ် စသော စားဖိုဆောင်သီးနှံများ၊ အစေ့ထုတ်ပြောင်းနှင့် နှံစားပြောင်းများ၊ ရော်ဘာများ၊ ကျွဲ၊ နွား၊ သိုး၊ ဆိတ်အရှင် တင်ပို့မှုများ၊ ငါး၊ ပုစွန် စသော ရေထွက်ကုန်ပစ္စည်းတင်ပို့မှုများအားလုံးတွင် အရည်အသွေးကောင်းများကို ပိုမိုထုတ်လုပ်ပြီး ဈေးနှုန်းများ ပိုမိုရရှိလာစေခြင်းသည်လည်း ၂၀၂၁ ခုနှစ်အတွက် မျှော်လင့်ချက်တွင် ထည့်သွင်းဆောင်ရွက်ရမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ပို့ကုန်များကိုပိုမိုတင်ပို့သကဲ့သို့ တင်သွင်းသည့် ကုန်ပစ္စည်းများတွင်လည်း မလိုအပ်သော လျှော့ချသင့်သော၊ သွင်းကုန်အစားထိုးကုန်ပစ္စည်းများလုပ်ကိုင်နိုင်သော ကုန်စည်များအား တင်သွင်းမှုကိုလည်း ထိန်းသိမ်းသင့်သည်ဖြစ်ပါသည်။ မြန်မာနိုင်ငံအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက တာဝန်ခံဆောင်ရွက်သည့် ၂၀၂၀-၂၀၂၅ ထိ ငါးနှစ်အကောင်အထည်ဖော်မည့် အမျိုးသားပို့ကုန်မဟာဗျူဟာ National Export Strategy -NES ကို ဦးစားပေးကဏ္ဍ ၁၈ ခုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ခြင်းကြောင့် အဆိုပါ ပို့ကုန်မဟာဗျူဟာသည် ကုန်သွယ်မှုကဏ္ဍအတွက် မျှော်လင့်ချက်ကြီးတစ်ခုဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

## ပြည်တွင်းဆီဈေးနှုန်းများ (၃၀-၁၂-၂၀၂၀) ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၇၅၀၀ | ၇၅၀၀ | □ | ၇၀၀၀ | ၇၀၀၀ | □ | ၂၅၀၀ | ၂၅၀၀ | □ |
| ရန်ကုန် | ၈၀၀၀ | ၈၀၀၀ | □ | ၈၅၀၀ | ၈၅၀၀ | □ | ၂၅၀၀ | ၂၅၀၀ | □ |
| မန္တလေး | ၇၀၀၀ | ၇၀၀၀ | □ | ၆၆၀၀ | ၆၆၀၀ | □ | ၂၅၀၀ | ၂၅၀၀ | □ |
| ပဲခူး | ၇၀၀၀ | ၇၀၀၀ | □ | ၇၀၀၀ | ၇၀၀၀ | □ | ၂၄၀၀ | ၂၄၀၀ | □ |
| မကွေး | ၆၀၀၀ | ၆၀၀၀ | □ | ၆၀၀၀ | ၆၀၀၀ | □ | ၂၂၀၀ | ၂၂၀၀ | □ |
| မုံရွာ | ၆၅၀၀ | ၆၅၀၀ | □ | ၆၅၀၀ | ၆၅၀၀ | □ | ၂၅၀၀ | ၂၃၀၀ | ▽ |
| စစ်တွေ | ၅၀၀၀ | ၅၀၀၀ | □ | ၆၀၀၀ | ၆၀၀၀ | □ | ၂၃၀၀ | ၂၃၀၀ | □ |




## မလေးရှားစားအုန်းဆီအပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၃၀-၁၂-၂၀၂၀ US$/Ton

| အမျိုးအစား | ဒီဇင်ဘာတတိယပတ် | ဒီဇင်ဘာစတုတ္ထပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၉၂၄.၀၀ | ၉၁၇.၅၀ | ▽ |
| RBD P.Olein | ၉၂၅.၀၀ | ၉၂၈.၅၀ | △ |
| RBD P.Stearin | ၉၁၅.၀၀ | - | - |

*Source: bepi.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၃၁-၁၂-၂၀၂၀) ရက်

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၂၁၅၃.၆၅ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၅.၃၈ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၁၀.၇၇ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၁၁.၇၀ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၈ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၁၂၅.၉၂ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၉၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၅၆.၆၂ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၅၂ |
| ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | | ၂၃၇၆.၁၃ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၃၀-၁၂-၂၀၂၀ ရက် (CIF ဈေး Cloud Point 8 ˚C Max ၉၇၅ ဒေါ်လာနှင့် USD ဈေး ၁၃၃၁ ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၃၀-၁၂-၂၀၂၀ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၃၃၁ ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မြန်မာနိုင်ငံ ထောပတ်သီး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၏ တတိယအကြိမ် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၂၇ ရက် နံနက် ၉ နာရီတွင် Zoom Application ဖြင့်ကျင်းပပြုလုပ်သော မြန်မာနိုင်ငံထောပတ်သီး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း(MAVO) ၏ တတိယအကြိမ်နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် အွန်လိုင်းမှ တက်ရောက်၍ အမှာစကား ပြောကြား ခဲ့သည်။



ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် မိမိတို့ဝန်ကြီးဌာနအနေဖြင့် ပြည်တွင်း၌ လွတ်လပ်စွာ ကူးသန်း ရောင်းဝယ်နိုင်ရေးကို အားပေးမြှင့်တင် ဆောင်ရွက်လျက်ရှိသည့်နည်းတူ ပြည်ပသို့ တင်ပို့ရောင်းချသူများ၊ ပြည်ပမှတင်သွင်းသူများနှင့် စိုက်ပျိုးထုတ်လုပ်သည့် တောင်သူလယ်သမားများ အကျိုးအမြတ် ရရှိရေးအတွက် ကုန်သွယ်မှုလုပ်ငန်းများကို ဖြေလျှော့မှုများဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဈေးကွက်များတည်တံ့ခိုင်မြဲစေရန်နှင့် အခြားနိုင်ငံတကာဈေးကွက်များကိုလည်း တိုးချဲ့ရရှိနိုင်စေရန် အသင်းအဖွဲ့များနှင့်ပူးပေါင်း၍ စဉ်ဆက်မပြတ် ကြိုးစားဆောင်ရွက်ပေးလျက်ရှိကြောင်း။

သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်ပတင်ပို့နိုင်ရေးတို့အတွက် ဆက်လက်အားပေးကူညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အလားအလာကောင်းများ ရှိသည့် သစ်သီးဝလံများကို တန်ဖိုးမြှင့်ထုတ်လုပ်နိုင်ရေးနှင့် တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းအား ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရေးနှင့် ဈေးကွက်ရှာဖွေ ဆောင်ရွက်သွားရေးကိုလည်း မြန်မာနိုင်ငံ ထောပတ်သီး စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းနှင့် ပူးပေါင်းဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း။

ကိုဗစ်ကပ်ရောဂါဖြစ်ပွားနေဆဲ ယခု ၂၀၂၀ ပြည့်နှစ်ကာလတွင် ထောပတ်သီးကဏ္ဍအတွက် ပြင်ဆင်ချိန်ရခဲ့သောကြောင့် ပြည်တွင်းဈေးကွက်တွင် ဈေးကောင်းရရှိသကဲ့သို့ ပြည်ပဈေးကွက်များကိုလည်း တိုးချဲ့ဆောင်ရွက်နိုင်သည့်အတွက် ဝမ်းမြောက်မိပါကြောင်း၊ ကိုဗစ်ကာလဖြစ်သော်လည်း အွန်လိုင်းမှလည်းကောင်း၊ စီးပွားရေးသံမှူးများမှလည်းကောင်း ဈေးကွက်ရှာဖွေပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ပူးပေါင်းကူညီဆောင်ရွက်ပေးသော USAID, UKaid တို့ကဲ့သို့သော အဖွဲ့အစည်းများ၏ ပံ့ပိုးမှုများကိုလည်း အသိအမှတ်ပြု ကျေးဇူးတင်ပါကြောင်း၊ မိမိတို့အနေဖြင့် ဈေးကွက်သစ်များ တိုးချဲ့ရရှိရန် လိုအပ်သကဲ့သို့ ရရှိပြီးဈေးကွက်များကိုလည်း ထိထိရောက်ရောက် တင်ပို့သွားနိုင်ရန် လိုအပ်ပါကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေဖြင့် ထောပတ်သီးအပါအဝင် သီးနှံပေါင်းစုံ၊ ကဏ္ဍပေါင်းစုံ ဖွံ့ဖြိုး တိုးတက်ရေးနှင့် ပို့ကုန်မြှင့်တင်ရေးတို့ကို အစွမ်းကုန် ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း စသည်ဖြင့် ပြောကြားခဲ့သည်။

အစည်းအဝေး၌ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ အထွေထွေအတွင်းရေးမှူးချုပ်တို့က နှုတ်ခွန်းဆက်စကား ပြောကြားခြင်း၊ စင်ကာပူရှိမြန်မာသံရုံးမှ စီးပွားရေးသံမှူးက ထောပတ်သီးဈေးကွက်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခြင်း၊ အသင်းမှတာဝန်ရှိသူများက သက်ဆိုင်ရာ လုပ်ငန်းစဉ်များ ရှင်းလင်းတင်ပြခြင်းများ၊ စာတမ်းဖတ်ကြားခြင်းများ ပြုလုပ်ခဲ့ကြသည်။

အဆိုပါအခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ ထောပတ်သီးစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ တာဝန်ရှိသူများ၊ စိုက်ပျိုးထုတ်လုပ်သူတောင်သူများ၊ တင်ပို့ရောင်းချသူကုမ္ပဏီများ၊ ပညာရှင်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**MOC (IR)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ၂၀၂၀ ပြည့်နှစ်အတွက် ပညာရည်ထူးချွန်သူ ကျောင်းသား/သူများနှင့် သင်တန်းထူးချွန်သူ ဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်

၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၂၉ ရက် မွန်းလွဲ ၂ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမ၌ ကျင်းပခဲ့သော ၂၀၂၀ ပြည့်နှစ်အတွက် ပညာရည်ထူးချွန်သူ ကျောင်းသား၊ ကျောင်းသူများနှင့် သင်တန်းထူးချွန်သူဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်အမှာစကားပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကား ပြောကြားရာတွင် ယနေ့ ၂၁ ရာစုပညာခေတ်တွင် ကမ္ဘာတစ်ဝန်းလုံး သိပ္ပံနှင့် နည်းပညာရပ်များ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိပြီး သတင်း အချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများ ထွန်းကားလာသည်နှင့်အညီ မီဒီယာ၊ အင်တာနက်၊ အီလက်ထရွန်နစ် ကိရိယာများ ဖွံ့ဖြိုးတိုးတက်လာမှုကြောင့် ကမ္ဘာကြီး၏ ဆက်သွယ်မှုလမ်းကြောင်းများမှာ တိုတောင်းလျင်မြန်လျက်ရှိပြီး အချင်းချင်း အပြန်အလှန်ဆက်ဆံနိုင်သလို လိုအပ်သည့် အချက်အလက်များ၊ ပညာရပ်များကိုလည်း အလွယ်တကူ ရယူဆည်းပူးနိုင်သည်ကို တွေ့ရပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် တစ်မျိုးသားလုံး ပညာရည်မြင့်မားရေးဟူသည့် ပညာရေးဆိုင်ရာ အမျိုးသားရေးမျှော်မှန်းချက်ကို ချမှတ်ပြီး ပညာရေးပြုပြင်ပြောင်းလဲမှုများကို ခေတ်စနစ်နှင့်လျော်ညီစွာ စီမံကိန်းများဖြင့် စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်လျက်ရှိရာ နိုင်ငံသားတိုင်း အခြေခံပညာကို ကောင်းစွာသင်ယူတတ်မြောက်ရေး၊ ကျောင်းသား၊ ကျောင်းသူလူငယ်များ ဘက်စုံထူးချွန်ထက်မြက်ပြီး နိုင်ငံတကာအဆင့်မီ ပညာရည်မြင့်မားရေးနှင့် အရည်အသွေးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာရေးဟူသည့် တစ်မျိုးသားလုံး ပညာရည်မြင့်မားရေး မျှော်မှန်းချက်များ အောင်အောင်မြင်မြင်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် စနစ်တကျ စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်အစိုးရက မျိုးဆက်သစ်လူငယ်များကို ပညာရည်အဆင့်အတန်း၊ အရည်အသွေးကျွမ်းကျင်မှုနှင့် စွမ်းဆောင်ရည်များ ပြည့်စုံစေရန် အမျိုးသားပညာရည်မြင့်မားရေး စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မိမိတို့ဝန်ကြီးဌာနအနေဖြင့်လည်း တစ်တပ်တစ်အား ပါဝင်ချီးမြှင့်ပံ့ပိုးသည့်အနေဖြင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်သည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုငွေ ချီးမြှင့်ခြင်းတို့ကို နှစ်စဉ်ချီးမြှင့်ပေးလျက်ရှိကြောင်း။

မိမိဝန်ကြီးဌာနကိုယ်စားပြု တက်ရောက်ခဲ့သည့် သင်တန်းများတွင် ဌာနဂုဏ်ဆောင်သည့် ထူးချွန်ဆုများရရှိခဲ့သည့် ဝန်ထမ်းများအတွက်လည်း ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ဝန်ထမ်းငယ်များအနေဖြင့် မိမိတို့၏ အရည်အသွေး မြင့်မားစေရန်နှင့် ဌာနကို အကျိုးပြုဆောင်ရွက်ပေးနိုင်ရန် ပြည်တွင်း/ပြည်ပ သင်တန်းများကိုလည်း တက်ရောက်စေလိုကြောင်းနှင့် ယခုကဲ့သို့ ထူးချွန်ထက်မြက်ကြသူများဖြစ်အောင် ဆက်လက်ကြိုးစားသွားကြရန် မှာကြားလိုကြောင်း။

ကိုဗစ်ကာလ မြန်မာနိုင်ငံတစ်ဝန်း ကျောင်းများ ပိတ်ထားရချိန်တွင် သားငယ်/သမီးငယ်များက အခါအခွင့်သင့်သလို Internet Online များမှတစ်ဆင့် မိမိဆည်းပူးလိုသည့် ဘာသာရပ်ဆိုင်ရာများကို လေ့လာကြပါရန်နှင့် စာအုပ်စာပေများလေ့လာမှတ်သားခြင်းဖြင့် Stay Home ကာလအတွင်း အိမ်မှာနေစဉ် အချိန်ကိုအကျိုးရှိရှိ အသုံးချသွားကြပါရန် မှာကြားလိုကြောင်း၊ ယခုဂုဏ်ပြုပွဲတွင် ဂုဏ်ထူးရသားငယ်၊ သမီးငယ်များကို မှာကြားလိုသည်မှာ ပညာရှိမှ မှန်မှန်ကန်ကန် ဝေဖန်ဆုံးဖြတ်နိုင်ပြီး မှန်ကန်သည့်ဦးဆောင်မှု ပေးနိုင်သူများ ဖြစ်လာနိုင်မည်ဖြစ်ကြောင်း၊ ပညာရဲရင့် ပွဲလယ်တင့်ဆိုသည့်အတိုင်း ထူးချွန်ထက်မြက်သည့် ပညာရှင်ဖြစ်စေရန် ယခုရခဲ့သည့် ထူးချွန်မှု အောင်မြင်မှုများနှင့် ကျေနပ်မနေသင့်ဘဲ ဆတက်ထမ်းပိုး ကြိုးစားသွားကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားခဲ့သည်။



ဂုဏ်ပြုဆုပေးပွဲအခမ်းအနားတွင် ၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်တန်းတွင် အောင်မြင်သည့် ငါးဘာသာဂုဏ်ထူးရှင် လေးဦး၊ လေးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် လေးဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် သုံးဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၁ ဦး၊ သင်တန်းသား ထူးချွန်ဆုရရှိသူလေးဦးနှင့် ဘက်စုံထူးချွန်ဆုရ ကျောင်းသားတစ်ဦးတို့ကို နေပြည်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်ရုံးများတွင် Zoom application System ကို အသုံးပြု၍ ဆုချီးမြှင့်ခဲ့ပြီး ငါးဘာသာဂုဏ်ထူးရှင် တစ်ဦးလျှင် ရွှေ ၁၆ ပဲရည် သုံးမတ်သားနှင့် လေးဘာသာနှင့်အောက် ကျောင်းသား၊ ကျောင်းသူများအတွက် တစ်ဘာသာလျှင် ကျပ်တစ်သိန်းနှုန်းဖြင့် စုစုပေါင်းချီးမြှင့်ငွေ ၇၈ သိန်းခန့် ပေးအပ်ချီးမြှင့်ခဲ့သည်။

ဂုဏ်ပြုဆုပေးပွဲအခမ်းအနားသို့ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် ဂုဏ်ပြုဆုရ ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများ၊ ဆုရဝန်ထမ်းများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **MOC(IR)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ၂၀၂၀ ပြည့်နှစ် လုပ်ငန်းများအပေါ် သုံးသပ်ခြင်းနှင့် ၂၀၂၁ ခုနှစ်အတွက် လုပ်ငန်းများစီမံခြင်း အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား



၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၃၀ ရက် ညနေ ၄ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၌ Video Conferencing ဖြင့် ကျင်းပပြုလုပ်သော ၂၀၂၀ ပြည့်နှစ် လုပ်ငန်းများအပေါ် သုံးသပ်ခြင်းနှင့် ၂၀၂၁ ခုနှစ်အတွက် လုပ်ငန်းများစီမံခြင်း အခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်အမှာစကား ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ၂၀၂၀ ပြည့်နှစ်အတွင်း လုပ်ငန်းဆောင်ရွက်ခဲ့မှုများ၏ အားနည်းချက်၊ အားသာချက်များအပေါ် ပြန်လည်သုံးသပ်ရင်း ၂၀၂၁ ခုနှစ် နှစ်သစ်ကိုကြိုဆိုကာ မိမိတို့၏ လုပ်ငန်းစဉ်များကို တက်ကြွစွာ ဆက်လက် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် မတ်လမှစ၍ COVID-19 ကြောင့် တစ်ကမ္ဘာလုံးတွင် ကျန်းမာရေး၊ စီးပွားရေးနှင့် အလုပ်အကိုင်များ ထိခိုက်နစ်နာမှုများရှိပါကြောင်း၊ မိမိတို့နိုင်ငံသည်လည်း COVID-19 ကြောင့် စီးပွားရေး ထိခိုက်မှုများရှိသည့်အတွက် ကုစားနိုင်ရေးနှင့် ပြန်လည်ထူထောင်နိုင်ရေးတို့အတွက် ရှေ့ဆက်ဆောင်ရွက်သွားမည့် နည်းလမ်းများကို သုံးသပ်ရန်လိုအပ်ပါကြောင်း။

COVID-19 ကြောင့် စိန်ခေါ်မှုများစွာ ကြုံတွေ့နေရသော်လည်း ဒီဂျစ်တယ်နည်းပညာ တိုးတက်မှုဆိုင်ရာ အခွင့်အလမ်းများကို ထိထိရောက်ရောက်အသုံးချသည့် ဥပမာတစ်ခုအနေဖြင့် မိမိတို့ဝန်ကြီးဌာနတွင် Trade Net 2.0 အွန်လိုင်းပလက်ဖောင်းကို တည်ထောင်ထားရှိပြီး ပို့ကုန်/သွင်းကုန် လိုင်စင်များကို အွန်လိုင်းမှ လျှောက်ထားရယူနိုင်အောင် ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် ဂုဏ်ယူပါကြောင်း၊ ကုန်သွယ်မှုကဏ္ဍတွင် ပြည်ပပို့ကုန် တိုးတက်ရန် လိုအပ်သကဲ့သို့ ပြည်တွင်းကုန်သွယ်မှု မြန်ဆန်သွက်လက် ချောမွေ့နေရန် လိုအပ်ပါကြောင်း၊ တရားမဝင် ကုန်သွယ်မှုများကို တရားဝင်ဖြစ်ရန် ဆောင်ရွက်နိုင်ပါက ပို့ကုန်/သွင်းကုန်သည် ရာခိုင်နှုန်းများစွာ တိုးတက်လာမည် ဖြစ်ပါကြောင်း။

နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပုဂ္ဂလိကကဏ္ဍအား လွတ်လပ်စွာ လုပ်ပိုင်ခွင့်များ ဖန်တီးပေးခဲ့ပြီးဖြစ်သော်လည်း လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ဖြစ်စေရန်အတွက် ထိန်းကျောင်းပေးသွားရန် လိုအပ်ပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍ ခိုင်မာအားကောင်းစေရန် အစိုးရ-ပုဂ္ဂလိက ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

ဝန်ထမ်းများအနေဖြင့် အစိုးရ၏မူဝါဒကို အလေးထားပြီး ဝန်ထမ်းတစ်ဦးချင်း၏ စွမ်းဆောင်ရည် တိုးတက်မြင့်မားလာစေရန် ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ သို့မှသာ တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ဝန်ကြီးဌာနက တစ်ဖက်တစ်လမ်းမှ ပါဝင်အကျိုးပြု ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း။

မိမိတို့ဝန်ကြီးဌာနအနေဖြင့် ဌာန၏ မူလတာဝန်များအပြင် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ အထူးစီးပွားရေးဇုန်များ ဖွံ့ဖြိုးတိုးတက်ရေး၊ Ease of Doing Business ဆိုင်ရာ လုပ်ငန်းစဉ်များ၊ တရုတ်-မြန်မာ နယ်စပ်စီးပွားရေးဇုန် တည်ထောင်အကောင်အထည်ဖော်ရေး စသည့် ကိစ္စရပ်များကိုလည်း တာဝန်ယူဆောင်ရွက်လျက်ရှိရာ ဝန်ကြီးဌာနမှ ဝန်ထမ်းများ စီမံခန့်ခွဲမှုစွမ်းဆောင်ရည် တိုးတက်မြင့်မားရန် အရေးကြီးပါကြောင်း၊ အမှုထမ်း၊ အရာထမ်း လူငယ်များကို သက်ဆိုင်ရာပညာရပ်များ လေ့လာဆည်းပူးခွင့်၊ ပါဝင်ဆောင်ရွက်ခွင့်ပေးရန်နှင့် အထက်အောက်အဆင့်ဆင့် အပြန်အလှန် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်သွားကြစေလိုကြောင်း၊ လူငယ်များ၏ လေ့လာမှု၊ အတွေ့အကြုံနှင့် ဆန်းသစ်သော အတွေးအမြင်များကို နားထောင်ပေးရန် လိုအပ်သကဲ့သို့ လူကြီးများ၏ လမ်းညွှန်မှုကိုလည်း လိုက်နာဆောင်ရွက်ရန် လိုအပ်ပါကြောင်း စသည်ဖြင့် ပြောကြားခဲ့သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက ပြောကြားရာတွင် မိမိတို့ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော် ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် များစွာဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍနှင့် ထိတွေ့မှုအများဆုံးဝန်ကြီးဌာနဖြစ်ပြီး ၎င်းတို့ ကြုံတွေ့ရသည့် အခက်အခဲများ ဖြေရှင်းရာတွင် ထိရောက်သော ပံ့ပိုးမှုများ ပေးနိုင်ခဲ့သည့်အတွက် ဂုဏ်ယူရပါကြောင်း၊ 'စီးပွားကူးသန်း ရှေ့သို့လှမ်း'ဟူသော မိမိတို့ဝန်ကြီးဌာန၏ ဆောင်ပုဒ်ကို ဆက်လက်ထိန်းသိမ်းထားနိုင်ရန်နှင့် 'စီးပွားကူးသန်း ရှေ့သို့လှမ်း၊ ကြိုးပမ်းဆောင်ရွက် ပြည်သူ့အတွက်' ဖြစ်လာအောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် လမ်းညွှန်မှာကြားခဲ့သည်။

ထို့နောက် အမြဲတမ်းအတွင်းဝန်နှင့် ဦးစီးဌာနများမှ တာဝန်ရှိသူများက ၂၀၂၀ ပြည့်နှစ်အတွင်း လုပ်ငန်းဆောင်ရွက်ခဲ့မှုများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က တင်ပြချက်များအပေါ် သုံးသပ်လမ်းညွှန်မှာကြားခဲ့ကြသည်။

အဆိုပါ အခမ်းအနားသို့ ဒုတိယဝန်ကြီး ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ တက်ရောက်ခဲ့ကြပြီး တိုင်းဒေသကြီး/ပြည်နယ် ဦးစီးမှူးများ၊ နယ်စပ် ကုန်သွယ်ရေးစခန်းတာဝန်ခံများနှင့် စီးပွားရေးသံမှူးများက Online မှ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

MOC(IR)

# ဒုတိယဝန်ကြီး ဦးအောင်ထူး အရက်၊ ဘီယာ၊ ဝိုင်(ယမကာ) ထုတ်လုပ်၊ တင်သွင်း၊ ရောင်းချမှုဆိုင်ရာ ကြီးကြပ်ညှိနှိုင်းရေးကော်မတီ၏ နဝမအကြိမ်အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၂၈ ရက် မွန်းလွဲ ၁ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Video Conferencing စနစ်ဖြင့် ကျင်းပပြုလုပ်သော အရက်၊ ဘီယာ၊ ဝိုင်(ယမကာ)ထုတ်လုပ်၊ တင်သွင်း၊ ရောင်းချမှုဆိုင်ရာ ကြီးကြပ်ညှိနှိုင်းရေးကော်မတီ၏ နဝမအကြိမ် အစည်းအဝေးသို့ ကော်မတီ ဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး တက်ရောက်အမှာစကားပြောကြားခဲ့သည်။



ဒုတိယဝန်ကြီးက အမှာစကား ပြောကြားရာတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ထုတ်ပြန် သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ယစ်မျိုးလိုင်စင် ရယူဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များနှင့်ပတ်သက်၍ အငယ်စား၊ အသေးစား၊ အလတ်စား၊ အရက်ချက်စက်ရုံများနှင့် ဆွေးနွေးမှုများအရ ကော်မတီအဖွဲ့ဝင်များ၏ အကြံပြုချက်များအပေါ် အခြေခံ၍ အထက်ဌာနများ သို့တင်ပြသွားရန်နှင့် အရက်ချက်စက်ရုံများ၏ ထုတ်လုပ်မှုအလိုက် အငယ်စား၊ အသေးစား၊ အလတ်စားဟူ၍ အတန်းအစား ခွဲခြားရေးကိစ္စ၊ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ယစ်မျိုးလိုင်စင်ကြေး သတ်မှတ်ကောက်ခံမှုများအား ကွာဟချက် ကြီးမားမှုမရှိစေရေး သုံးသပ်တင်ပြရန်ကိစ္စ၊ မြန်မာနိုင်ငံယမကာ ဖြန့်ဖြူးထုတ်လုပ်သူများအသင်းမှ တင်ပြထားသော ဈေးကွက်အတွင်း နိုင်ငံခြားအရက်များ ရောင်းချမှု အခြေအနေနှင့်ပတ်သက်၍ ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စရပ်များ၊ ယမကာများအား အွန်လိုင်းဖြင့် ကြော်ငြာခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများကို တားမြစ်နိုင်ရေးကိစ္စများကို ညွှန်ကြားချက်များ ထုတ်ပြန်နိုင်ရေးနှင့် ယမကာများအား နိုင်ငံအတွင်းမှ ဖြတ်သန်း၍ ပို့ဆောင်မည့် Transit Trade နှင့်စပ်လျဉ်း၍ ဆက်လက်ဆောင်ရွက်ရန်ကိစ္စများကို ဆွေးနွေးပေးကြရန် စသည်ဖြင့် ပြောကြားခဲ့သည်။

ဆက်လက်၍ ကော်မတီဝင်များက ကဏ္ဍအလိုက် ဝိုင်းဝန်းဆွေးနွေး အကြံပြုခဲ့ကြပြီး ဒုတိယဝန်ကြီး ဦးအောင်ထူးက နိဂုံးချုပ်စကားပြောကြားကာ အစည်းအဝေးကို ညနေ ၃ နာရီတွင် ရုပ်သိမ်းခဲ့သည်။

အဆိုပါအစည်းအဝေးသို့ အမြဲတမ်းအတွင်းဝန်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာများမှ ကော်မတီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ စုစုပေါင်း ၂၆ ဦးတို့ Online မှ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

MOC(IR)

# စက်သုံးဆီ(ဓာတ်ဆီ၊ ဒီဇယ်)၊ ဆန်၊ သကြား၊ ရွှေနှင့် အမေရိကန်ဒေါ်လာ ပြည်တွင်း

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့်ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီ ဈေးကွက်အခြေအနေအား လေ့လာကြည့်ရာတွင် ဓာတ်ဆီဈေးနှုန်းသည် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၂၈ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၁၀ နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၃၆ နိုင်ငံရှိပြီး ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် El Salvador နိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းထက် ၇ ဒသမ ၅၀ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိရသည်။

ယခုတစ်ပတ်အတွင်း မြန်မာ၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ဗီယက်နမ်၊ တရုတ်၊ ဟောင်ကောင်၊ အိန္ဒိယ၊ နီပေါ၊ ပါကစ္စတန်၊ ရုရှား၊ အီတလီ၊ ဘာဘေဒို၊ ဂျော်ဒန်၊ ကင်ညာနှင့် စပိန် စသည့်နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၆၈ နိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဓာတ်ဆီဈေးနှုန်းတည်ငြိမ်ခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

ဓာတ်ဆီဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် ထိုင်း၊ အန်ဒိုရာ၊ ဂရိ၊ ပိုလန်၊ ပြင်သစ်နှင့် ဒိန်းမတ် စသည့်နိုင်ငံပေါင်း ခြောက်နိုင်ငံရှိ၍ ယခင်တစ်ပတ် ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၂ ဒသမ ၃၀ ရာခိုင်နှုန်းအထိ ဈေးနှုန်းကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၂၈ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဓာတ်ဆီဈေးနှုန်းများအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် မလေးရှားနိုင်ငံတွင် ၁ ဒသမ ၁၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး ထိုင်းနိုင်ငံတွင် ၁ ဒသမ ၃၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းကျဆင်းခဲ့ကာ ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေကြောင်း လေ့လာတွေ့ရှိရသည်။

ဒီဇယ်ဆီဈေးနှုန်းသည် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၂၈ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၁၀ နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၃၆ နိုင်ငံရှိပြီး ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် El Salvador နိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းထက် ၈ ဒသမ ၃၀ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိရသည်။

ယခုတစ်ပတ်အတွင်း မြန်မာ၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ဗီယက်နမ်၊ တရုတ်၊ ဟောင်ကောင်၊ အိန္ဒိယ၊ ပါကစ္စတန်၊ ရုရှား၊ ဒိန်းမတ်၊ မိုနာကို၊ နော်ဝေ၊ ပီရူး၊ ကာတာနှင့် တူရကီ စသည့်နိုင်ငံများအပါအဝင် ၇၂ နိုင်ငံတို့တွင် ယခင်တစ်ပတ်များအတိုင်း ဈေးနှုန်းအပြောင်းအလဲမရှိဘဲ ဒီဇယ်ဈေးနှုန်းတည်ငြိမ်လျက်ရှိကြောင်း တွေ့ရှိရသည်။

ဒီဇယ်ဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် နိုင်ငံနှစ်နိုင်ငံသာရှိပြီး အာဂျင်တီးနားနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ဖြစ်သည်။ အာဂျင်တီးနားနိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၅၀ ရာခိုင်နှုန်းနှင့် ထိုင်းနိုင်ငံတွင် ၁ ဒသမ ၉၀ ရာခိုင်နှုန်း ဈေးနှုန်းကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၂၈ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် မလေးရှားနိုင်ငံတွင် ၁ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး ထိုင်းနိုင်ငံတွင် ၁ ဒသမ ၉၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းကျဆင်းခဲ့ကာ ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။ အာဆီယံနိုင်ငံများ၏ ၂၀၂၀ ပြည့် နှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ်တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၀.၅၉ | ၀.၅၂ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၆၄ | ၀.၇၀ |
| ၃ | ထိုင်း | လီတာ | ၁.၀၁ | ၀.၇၀ |
| ၄ | ဗီယက်နမ် | လီတာ | ၀.၇၀ | ၀.၅၂ |
| ၅ | စင်ကာပူ | လီတာ | ၁.၄၈ | ၁.၂၅ |

## ဆန် ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်ပဆန်ဈေးကွက်ကိုလေ့လာကြည့်ပါက ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၂၈ ရက်တွင် International Rice Market Website ၌ ဖော်ပြချက်အရပါကစ္စတန် ဆန်ဈေးနှုန်းများမှာ ဧည့်မထ ၅ ရာခိုင်နှုန်းတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၁၉ ဖြင့် လည်းကောင်း၊ ဧည့်မထ ၂၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၈ ဖြင့်လည်းကောင်း ဖြစ်ပေါ်ခဲ့သည်ကို သိရှိရသည်။ ထိုင်းဆန်ဈေးနှုန်းများမှာ ၁၀၀ ရာခိုင်နှုန်း ဘီဂရိတ်ဆန်တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၅၄၅ ဖြင့်လည်းကောင်း၊ ဧည့်မထ ၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၂၉ ဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၁၆ ဖြင့်လည်းကောင်း၊ ပေါင်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၂၉ ဖြင့်လည်းကောင်း အသီးသီးဖြစ်ပေါ်ခဲ့သည်ကို လေ့လာသိရှိရသည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ဧည့်မထ ၅ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၀၂ ဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ ရာခိုင်နှုန်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၇၃ ဖြင့်လည်းကောင်းရှိခဲ့ပြီး အိန္ဒိယနိုင်ငံတွင် ဧည့်မထ ၂၅ ရာခိုင်နှုန်း ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၂၈ ဒေါ်လာဖြင့်လည်းကောင်း အသီးသီးရှိခဲ့သည်ကို လေ့လာတွေ့ရှိရသည်။ ယခုတစ်ပတ်တွင် ပြည်ပ ဆန်ဈေးကွက်အခြေအနေကို လေ့လာကြည့်မည်ဆိုပါက ထိုင်း၊ ပါကစ္စတန်နှင့် ဗီယက်နမ်နိုင်ငံတို့တွင် ဆန်အမျိုးအစားများအားလုံး ဈေးမြင့်တက်ခဲ့ပြီး အိန္ဒိယနိုင်ငံတွင် ဆန်ဈေးနှုန်းများ တည်ငြိမ်လျက်ရှိသည်ကို တွေ့ရှိရသည်။

ဆန်ဈေးကွက်နှင့်ပတ်သက်သည့် ပြည်ပသတင်းများအနေဖြင့် ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြချက်အရ ဗီယက်နမ်နိုင်ငံတွင် ကုန်သေတ္တာပြတ်လပ်မှုကြောင့် သင်္ဘောတင်ခနှုန်းထားများ အဆမတန် မြင့်တက်လာခဲ့သဖြင့် ယခုတစ်ပတ်တွင် ဗီယက်နမ် ဆန်ပို့ကုန်ဈေးများ ၂၀၁၁ ခုနှစ် ဒီဇင်ဘာလနောက်ပိုင်းအမြင့်ဆုံးဈေးသို့မြင့်တက်လာခဲ့သည်ကိုတွေ့ရှိရသည်။ ဗီယက်နမ်ငါးမှတ်ဆန်ဈေးသည် ယခင်တစ်ပတ်က တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၄၇၀-၅၀၀ ဒေါ်လာကြားရပ် တည်ခဲ့ ရာမှယခုတစ်ပတ်တွင် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၈၅-၅၀၂ ဒေါ်လာ၌ ရပ်တည်နေခဲ့ပြီး ၂၀၁၁ ခုနှစ်ဒီဇင်ဘာလနောက်ပိုင်း အမြင့်ဆုံး ဈေးနှုန်းသို့ ရောက်ရှိလာခဲ့သည်ကို သိရှိရသည်။

ကုန်သေတ္တာပြတ်လပ်မှုကြောင့် ဗီယက်နမ်ဆန်ကုန်သည်များသည်ဆန်ဝယ်လက်များထံသို့ ဆန်တင်ပို့ရေးအခက်အခဲကြုံတွေ့လျက်ရှိကြောင်း မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသရှိ အန်ကျင်းပြည်နယ်အခြေစိုက် ကုန်သည်တစ်ဦးကပြောကြားခဲ့သည်ကိုသိရှိရသည်။ ဗီယက်နမ်နိုင်ငံသည် ယခုနှစ်အတွင်းဆန်တင်ပို့ရန်လျာထားချက်ဖြစ်သည့် ဆန်တန်ချိန်၆ ဒသမ ၅၀သန်းကိုပြည့်မီရန် တင်ပို့နိုင်ဖွယ်မရှိကြောင်းလည်း ကုန်သည်များကပြောကြားကြသည်ကို သိရှိရသည်။ ဇန်နဝါရီလ မှ နိုဝင်ဘာလအတွင်း ဆန်တင်ပို့မှုသည်နှစ်အလိုက် ၂ ဒသမ ၉၀ ရာခိုင်နှုန်းကျဆင်း၍ တန်ချိန် ၅ ဒသမ၇၀ သန်းသာရှိခဲ့ကြောင်း ဗီယက်နမ် အကောက်ခွန်ရုံး၏ ထုတ်ပြန်စာရင်းများအရ သိရှိရသည်။

ထိုင်းနိုင်ငံတွင် ဆန်ရောင်းလိုအားနှင့်ထောက်ပံ့ပို့ဆောင်ရေး စိုးရိမ်မှုများကြောင့် ထိုင်းဆန်ဈေးနှုန်းများမှာလည်း လေးလနီးပါးအတွင်း အမြင့်ဆုံးအထိရောက်ရှိလာခဲ့ပြီးထိုင်း ရည်ညွှန်းဆန်ဖြစ်သော ငါးမှတ်ဆန်ဈေးသည် ယခင်တစ်ပတ်က တစ်တန်လျှင် ၄၈၅-၅၂၀ဒေါ်လာကြား ရပ်တည်ခဲ့ရာမှ ယခုတစ်ပတ်တွင် ၅၀၀-၅၂၉ ဒေါ်လာသို့ မြင့်တက်လာခဲ့သည်ကို သိရှိရသည်။ ဆန်သစ်များ ဝင်ရောက်လာခြင်းမရှိဘဲ ကုန်သေတ္တာပြတ်လပ်မှုကြောင့်ရှိနေသော ဆန်ကိုပင်တင်ပို့နိုင်ခြင်းမရှိကြောင်း ဗန်ကောက်မြို့ အခြေစိုက်ကုန်သည်များထံမှ သိရှိရသည်။ ထိုင်းနိုင်ငံ၏ ဆန်တင်ပို့မှုသည် ယခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအတွင်း ကာလတူထက် ၃၁ ရာခိုင်နှုန်း ကျဆင်း၍ တန်ချိန် ၄ ဒသမ၄၉ သန်းသာရှိခဲ့ကြောင်း ထိုင်းဆန်ပို့ကုန်လုပ်ငန်းရှင်များအသင်း၏ ထုတ်ပြန်ချက်အရသိရှိရသည်။

ဆန်တင်ပို့မှု ထိပ်သီးနိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံတွင် ပြည်ပမှ ဆန်ဝယ်လိုအားကောင်းမွန်ခြင်းနှင့် ရူပီးငွေဈေးမှာ နှစ်လအတွင်း အမြင့်ဆုံးအထိ မြင့်တက်ခဲ့ခြင်းကြောင့် ငါးမှတ်ပေါင်းဆန်ဈေးမှာ ယခင်တစ်ပတ်က တစ်တန်လျှင် ၃၇၈-၃၈၃ ဒေါ်လာကြား ရပ်တည်ခဲ့ရာမှ ယခုတစ်ပတ်တွင် ၃၈၀-၃၈၅ ဒေါ်လာသို့မြင့်တက်လာခဲ့သည်ကို သိရှိရသည်။ ထိုင်းဆန်ကို ဝယ်ယူနေသည့် ထိုင်းဆန်ဝယ်လက်များသည် ဈေးပိုသက်သာသည့် အိန္ဒိယဆန်ကိုပြောင်းလဲဝယ်ယူလာကြကြောင်း အိန္ဒိယတောင်ပိုင်း အန္ဒြရဒေသပြည်နယ် ကာကီနာဒါမြို့အခြေစိုက် ပို့ကုန်လုပ်ငန်းရှင်တစ်ဦးကပြောကြားခဲ့သည်ကို သိရှိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ၂၀၂၀ ပြည့်နှစ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှု၊ ရေကြီးရေလျှံမှုများကြောင့် သီးနှံများစွာ ပျက်စီးဆုံးရှုံးခဲ့ရသဖြင့် ပြည်ပမှဆန်တင်သွင်းရန် ဆောင်ရွက်လျက် ရှိပြီး ဆန်တန်ချိန် ၅၀၀၀၀ ဝယ်ယူမည့် တင်ဒါသစ်ကို ဒီဇင်ဘာ ၂၈ ရက် နောက်ဆုံးထားသတ်မှတ်၍ ထုတ်ပြန်ထားပြီးလည်းဖြစ်ကြောင်း သိရှိရသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ၂၀၂၁ ခုနှစ်အတွင်း ပြည်ပမှ ဆန်တန်ချိန်သုံးသိန်းတင်သွင်းရန် စီစဉ်ထားကြောင်း သိရှိရသည်။

ဆန်ဈေးကွက်နှင့်ပတ်သက်သည့် ပြည်တွင်းသတင်းများအနေဖြင့်ပြီးခဲ့သည့် လပိုင်းက ဖြစ်ပွားခဲ့သည့် ငွေကြေးလိမ်လည်မှုကြောင့် မူဆယ်နယ်စပ်၌ ဆန်အရောင်းအဝယ် ပြုလုပ်ရာတွင် အကြွေးရောင်းချခြင်းမပြုဘဲ လက်ငင်းငွေချေပြီးမှသာ အရောင်းအဝယ် ပြုလုပ်ရန်စီစဉ်နေကြောင်း မူဆယ်ဆန်စပါးကုန်စည်ဒိုင်မှ သိရှိရသည်။ လက်ငင်းငွေချေစနစ်ဖြင့် ရောင်းချမည်ဆိုပါက ငွေကြေးလိမ်လည်ထွက်ပြေးသည့် ပြဿနာမျိုးပပျောက်သွားမည်ဖြစ်သောကြောင့် အဆိုပါကိစ္စကိုအကောင်အထည်ဖော်ရန် စီစဉ်နေကြောင်း သိရှိရသည်။ နိုဝင်ဘာလကုန်ပိုင်းက တရုတ်နိုင်ငံသား ကုန်သည်တစ်ဦးက မြန်မာနှင့် တရုတ်ဆန်ကုန်သည်များထံမှ ကျပ် ၁၀ ဘီလီယံကျော် လိမ်လည်ထွက်ပြေးတိမ်း ရှောင်သွားခြင်း ဖြစ်သည်။

အဆိုပါ တရုတ်နိုင်ငံသားထံမှ ငွေများပြန်လည်ရရှိရေး နှစ်နိုင်ငံတာဝန်ရှိသူများ ဆွေးနွေးညှိနှိုင်းပေးရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ တင်ပြထားကြောင်း မူဆယ်ဆန်စပါးကုန်စည်ဒိုင် ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်းက ပြောကြားခဲ့သည်ကို သိရှိရသည်။ ထို့ပြင် ၎င်းတရုတ်နိုင်ငံသားကို ဥပဒေကြောင်းအရ တရားစွဲဆိုနိုင်ရေးအတွက်လည်း ဆက်လက်တင်ပြသွားမည်ဖြစ်ကြောင်း သိရှိရသည်။ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှတစ်ဆင့် ပြည်ပသို့ဆန်တင်ပို့ရောင်းချရာ၌ ရောင်းဝယ်ရေးပိုင်းတွင် အားနည်းချက်များရှိနေခြင်းကြောင့် လိမ်လည်မှုများ မကြာခဏကြုံတွေ့နေရကြောင်း၊ နယ်စပ်လမ်းကြောင်းမှ တစ်ဆင့်ကုန်စည်များရောင်းချရာတွင် ပစ္စည်းရောက်ရှိမှဈေးဆစ်ခြင်း၊ ထောက်ခံချက်များ တောင်းခံခြင်းကြောင့် ပြည်တွင်းကုန်သည်များ အနေဖြင့် အခက်အခဲများနှင့်ရင်ဆိုင်ရကြောင်း ဆန်ကုန်သည်များထံမှ သိရှိရသည်။

မူဆယ်နယ်စပ်ဈေးကွက်တွင် တရုတ်နိုင်ငံကုန်သည်များ အနေဖြင့် ၂၀၂၀ ပြည့်နှစ်ကုန်ဆုံးပြီဖြစ်ကာ ပါမစ်သက်တမ်းကုန်ဆုံးခြင်း၊ အသစ်ပြန်လည်ပြုလုပ်ရန်

စာမျက်နှာ ၁၆ သို့

# ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ၊ အပတ်စဉ်ဈေးနှုန်း သုံးသပ်ချက်

| | | | | |
|---|---|---|---|---|
| ၆ | မလေးရှား | လီတာ | ၀.၄၄ | ၀.၄၉ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၀.၈၁ | ၀.၇၆ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၀.၈၈ | ၀.၆၅ |
| ၉ | လာအို | လီတာ | ၀.၉၇ | ၀.၈၄ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၂၈ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့စက်သုံးဆီ ဈေးနှုန်းမှာ ဓာတ်ဆီ တစ်လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၄ နှင့် ဒီဇယ်ဆီ တစ်လီတာတွင် အမေရိကန်ဒေါ်လာ သုည ဒသမ ၉၄ ရှိပြီး စက်သုံးဆီဈေးနှုန်းနိုင်ငံအလိုက် နည်း/များတွင် မြန်မာနိုင်ငံသည် ဓာတ်ဆီဈေးနှုန်း တစ်လီတာ သုည ဒသမ ၅၉ ဒေါ်လာနှုန်းဖြင့် ၂၄ နိုင်ငံမြောက်နှင့် ဒီဇယ်ဆီဈေးနှုန်း တစ်လီတာ သုည ဒသမ ၅ ဒေါ်လာနှုန်းဖြင့် ၂၁နိုင်ငံမြောက်တွင် ရှိနေကြောင်း တွေ့ရှိရသည်။ ယခုတစ်ပတ်တွင်ဓာတ်ဆီ၊ ဒီဇယ်ဈေးနှုန်းအနည်းဆုံး/အများဆုံးနိုင်ငံများစာရင်းကို တစ်လီတာဈေးနှုန်းများဖြင့် တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဓာတ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဓာတ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | ဗင်နီဇွဲလား | လီတာ | ၀.၀၂ | ဟောင်ကောင် | လီတာ | ၂.၃၀ |
| ၂ | အီရန် | လီတာ | ၀.၀၆ | ဆီးရီးယား | လီတာ | ၂.၀၄ |
| ၃ | အင်ဂိုလာ | လီတာ | ၀.၂၄ | နယ်သာလန် | လီတာ | ၁.၈၁ |
| ၄ | ကူဝိတ် | လီတာ | ၀.၃၄ | မိုနာကို | လီတာ | ၁.၇၉ |
| ၅ | ကာတာ | လီတာ | ၀.၃၄ | ဂရိ | လီတာ | ၁.၇၇ |

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဒီဇယ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဒီဇယ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | အီရန် | လီတာ | ၀.၁၂ | ဟောင်ကောင် | လီတာ | ၁.၉၃ |
| ၂ | ဆော်ဒီအာရေဗျ | လီတာ | ၀.၁၄ | ဆွီဒင် | လီတာ | ၁.၇၃ |
| ၃ | အင်ဂိုလာ | လီတာ | ၀.၂၁ | အယ်လ်ဘေးနီးယား | လီတာ | ၁.၆၈ |
| ၄ | အယ်လ်ဂျီးရီးယား | လီတာ | ၀.၂၂ | အစ္စရေး | လီတာ | ၁.၆၆ |
| ၅ | ကာတာ | လီတာ | ၀.၃၂ | အိုက်စလန် | လီတာ | ၁.၆၅ |

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုအများဆုံး ဆောင်ရွက်နေသော တရုတ်၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံတို့၏ စက်သုံးဆီ တစ်လီတာဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | တရုတ် | လီတာ | ၀.၉၇ | ၀.၈၄ |
| ၂ | ဂျပန် | လီတာ | ၁.၂၇ | ၁.၀၈ |
| ၃ | အိန္ဒိယ | လီတာ | ၁.၁၈ | ၁.၀၆ |

Oil-Price.Net Website ၌ဖော်ပြထားရှိသည့် ကမ္ဘာ့ရေနံစိမ်း (Crude Oil) နေ့စဉ် ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်

ကေသွယ်(တန့်ဆည်မြေ)


ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ရက်စွဲ | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|---|
| ၁ | ၂၄.၁၂.၂၀၂၀ | စည် | ၄၈.၁၂ |
| ၂ | ၂၈.၁၂.၂၀၂၀ | စည် | ၄၇.၆၂ |
| ၃ | ၂၉.၁၂.၂၀၂၀ | စည် | ၄၈.၀၀ |

source : http://www.oil-price.net/

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၂ ရက်မှ ဒီဇင်ဘာ ၂၈ ရက် အထိ အပတ်စဉ် ဓာတ်ဆီ၊ ဒီဇယ်နှင့် ရေနံစိမ်းဈေးနှုန်း ပြောင်းလဲ မှုများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-




စာမျက်နှာ ၁၆ သို့

## ရွှေနှင့် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

ကမ္ဘာတစ်ဝန်းဖြစ်ပေါ်နေသည့် COVID-19 ကပ်ရောဂါနှင့် ကမ္ဘာ့နိုင်ငံရေးအခြေအနေများကြောင့် ကမ္ဘာ့ရွှေဈေးသည် အပြောင်းအလဲများစွာ ဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရှိရသည်။ ကမ္ဘာ့ရွှေဈေး အပြောင်းအလဲများကြောင့် ပြည်တွင်းရွှေဈေးကွက်တွင်လည်း အပြောင်းအလဲများစွာ ဖြစ်ပေါ်လျက်ရှိသည်။ ကမ္ဘာ့ရွှေဈေးသည် ဒီဇင်ဘာ ၂၄ ရက်တွင် ရွှေတစ်အောင်စလျှင် ၁၈၇၈ ဒေါ်လာပေါက်ဈေးရှိခဲ့ရာမှ ဒီဇင်ဘာ ၂၈ ရက်တွင် ၁၈၈၄ ဒေါ်လာသို့ မြင့်တက်လာခဲ့ပြီး ဒီဇင်ဘာ ၃၀ ရက်တွင် ၁၈၈၂ ဒေါ်လာဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရသည်။

ပြည်တွင်းရွှေဈေးသည် ဒီဇင်ဘာ ၂၄ရက်တွင် အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၁၃၂၄၅၀၀ ဖြစ်ပေါ်ခဲ့ပြီး ဒီဇင်ဘာ ၂၈ ရက်တွင် ကျပ် ၁၃၂၆၀၀၀ မှ ၃၀ ရက်တွင် အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၃၂၂၀၀၀ ဖြစ်ပေါ်ခဲ့ကြောင်း ရွှေဈေးကွက်အတွင်းမှသိရှိရသည်။ ပြည်တွင်းရွှေဈေးသည် ကမ္ဘာ့နိုင်ငံရေး အခင်းအကျင်း အခြေအနေများနှင့် အမေရိကန်ဒေါ်လာဈေး အတက်အကျပေါ်တွင် များစွာမူတည်လျက်ရှိကြောင်း သိရှိရသည်။

ဒီဇင်ဘာ ၁ ရက်မှ ၁၀ ရက်အတွင်း ကမ္ဘာ့ရွှေဈေးနှင့် မြန်မာ့ရွှေဈေး အခြေအနေတို့ကို အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါသည်။

| စဉ် | နေ့စွဲ | ရွှေဈေးနှုန်း | |
|---|---|---|---|
| | | ကျပ် | ဒေါ်လာ |
| ၁ | ၁.၁၂.၂၀၂၀ | ၁၂၇၅၀၀၀ | ၁၇၈၆ |
| ၂ | ၂.၁၂.၂၀၂၀ | ၁၂၉၂၀၀၀ | ၁၈၂၄ |
| ၃ | ၃.၁၂.၂၀၂၀ | ၁၃၀၁၀၀၀ | ၁၈၃၅ |
| ၄ | ၄.၁၂.၂၀၂၀ | ၁၃၀၁၀၀၀ | ၁၈၃၉ |
| ၅ | ၅.၁၂.၂၀၂၀ | ၁၂၉၈၀၀၀ | ၁၈၃၈ |
| ၆ | ၇.၁၂.၂၀၂၀ | ၁၂၉၉၀၀၀ | ၁၈၄၁ |
| ၇ | ၈.၁၂.၂၀၂၀ | ၁၃၀၈၀၀၀ | ၁၈၆၆ |
| ၈ | ၉.၁၂.၂၀၂၀ | ၁၃၀၈၀၀၀ | ၁၈၆၀ |
| ၉ | ၁၀.၁၂.၂၀၂၀ | ၁၃၀၅၀၀၀ | ၁၈၃၆ |
| ၁၀ | ၁၁.၁၂.၂၀၂၀ | ၁၃၀၇၅၀၀ | ၁၈၃၄ |
| ၁၁ | ၁၂.၁၂.၂၀၂၀ | ၁၃၁၄၀၀၀ | ၁၈၄၀ |
| ၁၂ | ၁၄.၁၂.၂၀၂၀ | ၁၃၁၇၀၀၀ | ၁၈၂၂ |
| ၁၃ | ၁၅.၁၂.၂၀၂၀ | ၁၃၁၇၀၀၀ | ၁၈၄၅ |

စာမျက်နှာ ၁၆ သို့

## သကြား ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ယခုတစ်ပတ်အတွင်း ကမ္ဘာ့သကြားဈေးနှုန်းများ အနေဖြင့် International SugarOrganization (ISO) ၏ website ဖြစ်သော www.isosugar.org တွင် ဖော်ပြချက်များ အရ နေ့စဉ်ဖြစ်ပေါ်နေသည့် ကမ္ဘာ့သကြားဈေးနှုန်းများကို လေ့လာတွေ့ရှိရသည်။ အဆိုပါ website တွင် ဖော်ပြချက် များအရ သကြားဖြူ(White Sugar) တစ်တန်လျှင် ဒီဇင်ဘာ ၁ ရက်တွင် အမေရိကန်ဒေါ်လာ ၃၉၆ ဒသမ ၃၀ ဒေါ်လာပေါက်ဈေးရှိခဲ့ရာမှ အတက်အကျ အပြောင်းအလဲ များ ဆက်လက်ဖြစ်ပေါ်လျက်ရှိပြီး ဒီဇင်ဘာ ၂၄ ရက်တွင် သကြားဖြူ (WhiteSugar)တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၃၀ ဒသမ ၈၀ ဒေါ်လာဖြစ်ပေါ်ခဲ့သည်ကို အောက်ပါအတိုင်း တွေ့ရှိရသည်-

| Date | ISA Daily Price | 15 Day Average | White Sugar Price Index | |
|---|---|---|---|---|
| 24-Dec-20 | 14.13 cts/lb | 13.98 cts/lb | 403.80 $/T | 18.32 cts/lb |
| 23-Dec-20 | 14.18 cts/lb | 13.96 cts/lb | 402.80 $/T | 18.27 cts/lb |
| 22-Dec-20 | 13.98 cts/lb | 13.95 cts/lb | 396.45 $/T | 17.98 cts/lb |
| 21-Dec-20 | 14.01 cts/lb | 13.95 cts/lb | 396.80 $/T | 18.00 cts/lb |
| 18-Dec-20 | 13.94 cts/lb | 13.94 cts/lb | 394.90 $/T | 17.91 cts/lb |
| 17-Dec-20 | 14.16 cts/lb | 13.96 cts/lb | 400.05 $/T | 18.15 cts/lb |
| 16-Dec-20 | 13.97 cts/lb | 13.95 cts/lb | 395.90 $/T | 17.96 cts/lb |
| 15-Dec-20 | 13.73 cts/lb | 13.96 cts/lb | 390.25 $/T | 17.70 cts/lb |
| 14-Dec-20 | 13.64 cts/lb | 13.99 cts/lb | 388.10 $/T | 17.60 cts/lb |
| 11-Dec-20 | 13.87 cts/lb | 14.03 cts/lb | 393.70 $/T | 17.86 cts/lb |
| 10-Dec-20 | 14.06 cts/lb | 14.07 cts/lb | 398.80 $/T | 18.09 cts/lb |
| 9-Dec-20 | 14.32 cts/lb | 14.09 cts/lb | 405.75 $/T | 18.40 cts/lb |
| 8-Dec-20 | 13.86 cts/lb | 14.11 cts/lb | 394.45 $/T | 17.89 cts/lb |
| 7-Dec-20 | 13.92 cts/lb | 14.15 cts/lb | 395.55 $/T | 17.94 cts/lb |
| 4-Dec-20 | 13.88 cts/lb | 14.19 cts/lb | 394.90 $/T | 17.91 cts/lb |
| 3-Dec-20 | 13.93 cts/lb | 14.21 cts/lb | 400.75 $/T | 18.18 cts/lb |
| 2-Dec-20 | 14.02 cts/lb | 14.22 cts/lb | 398.35 $/T | 18.07 cts/lb |
| 1-Dec-20 | 13.99 cts/lb | 14.21 cts/lb | 396.30 $/T | 17.98 cts/lb |

ဒီဇင်ဘာလ နောက်ဆုံးပတ်တွင် တရုတ်နိုင်ငံ၌ ဖြစ်ပေါ်နေသော သကြားဈေးနှုန်းမှာ တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၈၂၇ ဒေါ်လာ ဖြစ်ပေါ်ခဲ့ပြီး အမေရိကန်နိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၂၉၈ ဒေါ်လာ၊ ပါကစ္စတန်နိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၄၈၀-၄၉၁ ဒေါ်လာ၊ အိန္ဒိယနိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၄၃၉-၅၀၆ ဒေါ်လာဖြစ်ပေါ်ခဲ့ပြီး ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက တရုတ်၊ ပါကစ္စတန်၊ အိန္ဒိယနှင့် အမေရိကန်နိုင်ငံတို့တွင် သကြားဈေးနှုန်း မြင့်တက်လျက်ရှိသည်ကို လေ့လာတွေ့ရှိရသည်။

ဒီဇင်ဘာလ နောက်ဆုံးပတ်တွင် မြန်မာ-တရုတ် နယ်စပ်မူဆယ်ဒေသ၌ သကြားတစ်တန်လျှင် ပျမ်းမျှဈေးမှာ အမေရိကန်ဒေါ်လာ ၃၄၄ ဒေါ်လာရှိပြီး တရုတ်နိုင်ငံတွင် သကြားတစ်တန်လျှင် ပျမ်းမျှ အမေရိကန် ဒေါ်လာ ၈၂၇ ဒေါ်လာပေါက်ဈေးရှိသောကြောင့် တစ်တန်ပေါ်တွင် အမေရိကန်ဒေါ်လာ ၄၈၃ ဒေါ်လာ ဈေးနှုန်းကွာဟချက်ရှိပါသည်။ မြန်မာ-ထိုင်းနယ်စပ် မြဝတီမြို့တွင် သကြားတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၇၁ ဝန်းကျင် ရှိပြီး ထိုင်းနိုင်ငံ မဲဆောက်မြို့၌ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၉၈ ဒေါ်လာဝန်းကျင်ခန့်ရှိကြောင်း လေ့လာသိရှိရသည်။

ထို့ပြင် ရက်သတ္တပတ်အတွင်း တိုင်းဒေသကြီး/ ပြည်နယ်များရှိမြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော သကြားပေါက်ဈေးများကို လေ့လာရာတွင် ဟားခါးမြို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၉၀၀ နှင့် ရန်ကုန်မြို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၈၀၀ဖြင့် အမြင့်ဆုံး ဖြစ်ပေါ်နေပြီး ဘားအံမြို့နှင့် မကွေးမြို့တို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၁၀၀ ဖြင့် အနည်းဆုံး ဖြစ်ပေါ်နေကြောင်း တွေ့ရှိရသည်။

Trading Economics Website တွင် ဖော်ပြချက်အရ ဒီဇင်ဘာလ နောက်ဆုံးပတ်အတွင်း ကမ္ဘာ့သကြားဈေးနှုန်းများသည် ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် ၃ ဒသမ ၄၄ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

## စာမျက်နှာ (၁၅) ရွှေနှင့် အမေရိကန်ဒေါ်လာ . . . မှအဆက်

| | | | |
|---|---|---|---|
| ၁၄ | ၁၆.၁၂.၂၀၂၀ | ၁၃၂၀၀၀၀ | ၁၈၆၄ |
| ၁၅ | ၁၇.၁၂.၂၀၂၀ | ၁၃၂၁၀၀၀ | ၁၈၇၂ |
| ၁၆ | ၁၈.၁၂.၂၀၂၀ | ၁၃၁၉၀၀၀ | ၁၈၈၂ |
| ၁၇ | ၁၉.၁၂.၂၀၂၀ | ၁၃၂၄၀၀၀ | ၁၈၈၂ |
| ၁၈ | ၂၁.၁၂.၂၀၂၀ | ၁၃၂၄၀၀၀ | ၁၈၆၈ |
| ၁၉ | ၂၂.၁၂.၂၀၂၀ | ၁၃၂၂၀၀၀ | ၁၈၇၄ |
| ၂၀ | ၂၃.၁၂.၂၀၂၀ | ၁၃၂၃၅၀၀ | ၁၈၆၅ |
| ၂၁ | ၂၄.၁၂.၂၀၂၀ | ၁၃၂၄၅၀၀ | ၁၈၇၈ |
| ၂၂ | ၂၅.၁၂.၂၀၂၀ | ၁၃၂၇၀၀၀ | ၁၈၇၉ |
| ၂၃ | ၂၆.၁၂.၂၀၂၀ | ၁၃၂၇၀၀၀ | ၁၈၇၉ |
| ၂၄ | ၂၈.၁၂.၂၀၂၀ | ၁၃၂၆၀၀၀ | ၁၈၈၄ |
| ၂၅ | ၂၉.၁၂.၂၀၂၀ | ၁၃၂၁၀၀၀ | ၁၈၇၈ |
| ၂၆ | ၃၀.၁၂.၂၀၂၀ | ၁၃၂၂၀၀၀ | ၁၈၈၂ |

Source: estimate of world's exchange rate and gold price page

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ website တွင် Economic Indicator (%) ဖော်ပြချက် များအရ GDP Growth 6.80 %၊ Annual Rate of Inflation 5.21 %၊ Year on Year Inflation 1.50 % ရှိသည်ကို လေ့လာသိရှိရသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ထုတ်ပြန်ချက်အရ အမေရိကန်ဒေါ်လာတန်ဖိုးသည် ဒီဇင်ဘာ ၁ ရက်တွင် အမေရိကန် တစ်ဒေါ်လာလျှင် ၁၃၂၀ ဒသမ ၉၀ ကျပ်ဖြစ်ပေါ်ခဲ့ပြီး ဒီဇင်ဘာ ၁၅ ရက်တွင် အမေရိကန်တစ်ဒေါ်လာလျှင် ၁၃၈၈ ဒသမ ၂၀ ကျပ်အထိ ပြန်လည်မြင့်တက်ခဲ့သော်လည်း ဒီဇင်ဘာ ၂၄ ရက်တွင် တစ်ဒေါ်လာလျှင် ၁၃၄၀ ဒသမ ၈၀ ကျပ်မှ ဒီဇင်ဘာ ၂၉ ရက်တွင် ၁၃၃၀ ဒသမ ၇၀ ကျပ်သို့ ပြန်လည်ကျဆင်းလာခဲ့သည်ကို တွေ့ရှိရသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ပြည်တွင်းဒေါ်လာဈေး ပြန်လည်မြင့်တက်လာမှုကြောင့် ငွေကြေးဈေးကွက်တည်ငြိမ်စေရန်အတွက် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁၄ ရက်တွင် ဈေးကွက်အတွင်းသို့ အမေရိကန်ဒေါ်လာ သုံးသန်း ရောင်းချပေးခဲ့ပြီး ဒီဇင်ဘာ ၂၃ ရက်တွင်လည်း ပြည်တွင်းဒေါ်လာဈေး ပြန်လည်ကျဆင်းလာမှုကြောင့် ဈေးကွက်အတွင်းမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၀ သန်းဝယ်ယူခဲ့ပြီး ဒီဇင်ဘာ ၂၉ ရက်တွင် အမေရိကန်ဒေါ်လာ ၃ ဒသမ ၈၀ သန်း ထပ်မံဝယ်ယူခဲ့ကြောင်း သိရှိရသည်။

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလမှ ဒီဇင်ဘာ ၂၉ ရက်အထိ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ လအလိုက် ရောင်းဝယ်မှု ပမာဏများမှာ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလတွင် အမေရိကန်ဒေါ်လာ ၃၉ ဒသမ ၅၀ သန်း၊ ဖေဖော်ဝါရီလတွင် အမေရိကန်ဒေါ်လာ ၃၁ ဒသမ ၅၀ သန်း၊ မတ်လတွင် အမေရိကန်ဒေါ်လာ ၂၁ သန်း၊ မေလတွင် အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၇၀ သန်း၊ ဇွန်လတွင် အမေရိကန်ဒေါ်လာ ၃၉ ဒသမ ၁၀ သန်း၊ ဇူလိုင်လတွင် အမေရိကန်ဒေါ်လာ ၃၁ ဒသမ ၁၀ သန်း၊ ဩဂုတ်လတွင် အမေရိကန်ဒေါ်လာ ၃၅ ဒသမ ၆၀ သန်း၊ စက်တင်ဘာလတွင် အမေရိကန်ဒေါ်လာ ၄၄ ဒသမ ၂၀ သန်း၊ အောက်တိုဘာလတွင် အမေရိကန်ဒေါ်လာ ၄၃ သန်း၊ နိုဝင်ဘာလတွင် အမေရိကန်ဒေါ်လာ သုည ဒသမ ၁၀ သန်း၊ ဒီဇင်ဘာလအတွင်းတွင် ဒီဇင်ဘာ ၁ ရက်မှ ၂၉ ရက်အထိ အမေရိကန်ဒေါ်လာ ၅ ဒသမ ၇၀ သန်း ဝယ်ယူခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ဧပြီလတွင် အမေရိကန်ဒေါ်လာ ၂ ဒသမ ၇၀ သန်းနှင့် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁၄ရက်တွင် အမေရိကန်ဒေါ်လာ ၃ သန်း ပြန်လည်ရောင်းချခဲ့သည်ကို သိရှိရသည်။ ၂၀၂၀ ပြည့်နှစ်အတွင်း လက်ရှိအချိန်အထိ ဝယ်ယူမှု အမေရိကန်ဒေါ်လာ ၃၀၇ ဒသမ ၅၀ သန်းရှိပြီး ပြန်လည်ရောင်းချမှု အမေရိကန်ဒေါ်လာ ၅ ဒသမ ၇၀ သန်းရှိကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်ပြန်ထားသော စာရင်းများအရ သိရှိရသည်။


မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဖွင့်လှစ်ဆောင်ရွက်နေသည့် နိုင်ငံခြားငွေ ဈေးပြိုင်လေလံသည် ငွေလဲလှယ်နှုန်းကို နှုန်းထားတစ်ရပ်၌ ရှိနေစေရန်ဖြစ်စေ၊ မြန်မာကျပ်ငွေတန်ဖိုး မြင့်တက်စေရန်သို့မဟုတ် ကျဆင်းစေရန်ဖြစ်စေ ရည်ရွယ်ဆောင်ရွက်ခြင်းမျိုး မဟုတ်ဘဲ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ၎င်း၏နိုင်ငံခြားသုံး ငွေလုပ်ငန်း (Foreign Exchange Operation) ရည်ရွယ်ချက်များဖြစ်သော ကာလတိုအတွင်း နိုင်ငံခြားငွေလဲလှယ်နှုန်း အတက်/ အကျ ကြီးမားခြင်းကို လျော့နည်းစေရန်နှင့် နိုင်ငံတော်၏ နိုင်ငံခြားသုံး သီးသန့်အရန်ငွေ ဖြည့်တင်းရန် စည်းမျဉ်းအခြေခံသည့် နိုင်ငံခြားငွေ ဈေးပြိုင်လေလံကို ဖွင့်လှစ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း ဇူလိုင် ၂၄ ရက်တွင်အသိပေးကြေညာထားသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဈေးပြိုင်လေလံအတွက် စည်းမျဉ်း၊ ညွှန်ကြားချက်များချမှတ်ထားပြီး အဆိုပါ စည်းမျဉ်း၊ ညွှန်ကြားချက်များနှင့်အညီ နိုင်ငံခြားငွေ ဈေးပြိုင်လေလံတွင် ပါဝင်သည့် နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင် (Authorized Dealer-AD) ရ ဘဏ်များဖြစ်သော နိုင်ငံပိုင်ဘဏ်သုံးဘဏ်၊ ပြည်တွင်းပုဂ္ဂလိကဘဏ် ၁၉ ဘဏ်နှင့် နိုင်ငံခြားဘဏ် ဘဏ်ခွဲ ၁၃ ဘဏ်တို့ဖြင့် နိုင်ငံခြားငွေဝယ်ခြင်း၊ ရောင်းခြင်းတို့ကိုဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရှိရသည်။

၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၂၄ ရက်မှ ၂၉ ရက်အထိ ရက်အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန်တစ်ဒေါ်လာနှင့်ညီမျှသော နိုင်ငံတကာငွေလဲလှယ်နှုန်းများကို တစ်ဖက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်။

ယခုတစ်ပတ် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ထုတ်ပြန်ချက်အရ ဒီဇင်ဘာ ၂၄ ရက်တွင် အမေရိကန်တစ်ဒေါ်လာလျှင် ၁၃၄၀ ဒသမ ၈၀ ကျပ်ရှိခဲ့ရာမှ ဒီဇင်ဘာ ၂၉ ရက်တွင် တစ်ဒေါ်လာလျှင် ၁၃၃၀ ဒသမ ၇၀ ကျပ် ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရပြီး အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်းမှာ တစ်ပတ်အတွင်း ၀ ဒသမ ၇၅ ရာခိုင်နှုန်း ကျဆင်းခဲ့သည်ကို လေ့လာတွေ့ရှိရသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ထုတ်ပြန်ချက်အရ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၃ ရက်မှ ဒီဇင်ဘာ ၂၉ ရက်အထိ နေ့အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန်ဒေါ်လာဖြင့် ကျပ်ငွေလဲလှယ်နှုန်းတန်ဖိုးများအား အောက်ပါဂရပ်ဖြင့် ဖော်ပြအပ်ပါသည်။




ပြည်တွင်းရှိပြင်ပဒေါ်လာ ငွေကြေး ဈေးကွက်ကို လေ့လာရာတွင် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၂၄ ရက်တွင် အမေရိကန် တစ်ဒေါ်လာလျှင် ကျပ် ၁၃၅၅၊ ဒီဇင်ဘာ ၂၈ ရက်တွင် တစ်ဒေါ်လာလျှင် ၁၃၄၇ ကျပ်၊ ဒီဇင်ဘာ ၂၉ ရက်တွင် တစ်ဒေါ်လာ လျှင် ၁၃၄၂ ကျပ်၊ ဒီဇင်ဘာ ၃၀ ရက်တွင် တစ်ဒေါ်လာလျှင် ၁၃၄၅ ကျပ် အသီးသီးပေါက်ဈေးများ ဖြစ်ပေါ်ခဲ့ကြောင်း လေ့လာသိရှိရသည်။

တစ်ပတ်အတွင်း အမေရိကန် တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာ ငွေလဲနှုန်းဇယား

| စဉ် | နိုင်ငံတကာ ငွေကြေးများ | | ၂၄-၁၂-၂၀၂၀ | ၂၈-၁၂-၂၀၂၀ | ၂၉-၁၂-၂၀၂၀ | တစ်ပတ်အတွင်း ငွေလဲလှယ်နှုန်း အတက်/အကျ (%) | |
|---|---|---|---|---|---|---|---|
| ၁ | Myanmar | kyat | ၁၃၄၀.၈၀၀ | ၁၃၃၂.၈၀၀ | ၁၃၃၀.၇၀၀ | -၀.၇၅ | ↓ |
| ၂ | Thai Baht | THB | ၃၀.၀၈၅ | ၃၀.၁၆၀ | ၃၀.၀၄၅ | -၀.၁၃ | ↓ |
| ၃ | Singapore Dollar | SGD | ၁.၃၂၈ | ၁.၃၂၈ | ၁.၃၂၈ | ၀.၀၀ | |
| ၄ | Malaysian Ringgit | MYR | ၄.၀၆၂ | ၄.၀၅၀ | ၄.၀၄၉ | -၀.၃၂ | ↓ |
| ၅ | Indonesian Rupiah | IDR | ၁၄၂၀၀ | ၁၄၁၅၅ | ၁၄၁၂၉ | -၀.၅၀ | ↓ |
| ၆ | Chinese Yuan | CNY | ၆.၅၂၉ | ၆.၅၄၀ | ၆.၅၃၀ | ၀.၀၂ | ↑ |
| ၇ | Indian Rupee | INR | ၇၃.၅၇၃ | ၇၃.၅၆၆ | ၇၃.၃၉၈ | -၀.၂၄ | ↓ |
| ၈ | Japanese Yen | JPY | ၁၀၃.၅၈၅ | ၁၀၃.၄၃၀ | ၁၀၃.၆၄၅ | ၀.၀၆ | ↑ |
| ၉ | Australian Dollar | AUD | ၁.၃၁၇ | ၁.၃၁၃ | ၁.၃၁၅ | -၀.၁၅ | ↓ |
| ၁၀ | Euro | EUR | ၀.၈၂၀ | ၀.၈၁၇ | ၀.၈၁၇ | -၀.၃၇ | ↓ |
| ၁၁ | Pound Sterling | GBP | ၀.၇၃၆ | ၀.၇၃၈ | ၀.၇၄၀ | ၀.၅၄ | ↑ |

Source- Central Bank of Myanmar

## စာမျက်နှာ (၁၄) ဆန်ပြည်တွင်းဈေးနှုန်းနှင့် . . . မှအဆက်

ပြင်ဆင်ရခြင်းတို့ကြောင့် ဆန်အဝယ်လျော့ကျသွားခဲ့ပြီး ယခင်က နေ့စဉ်ဆန်အိတ်ရေ ၆၀၀၀၀ ကျော်ဝင်ရောက်နေရာမှ လက်ရှိတွင်အိတ်ရေ ၃၀၀၀၀ကျော်သာ ဝင်ရောက်နေကြောင်း မူဆယ်ဆန်စပါးကုန်စည်ဒိုင် ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်းက ပြောကြားခဲ့သည်ကို သိရှိရသည်။ ဆန်ကွဲမှာ ပါမစ်မလိုသည့်အတွက် ဆန်ကွဲတင်ပို့မှုအနေဖြင့်အရောင်းအဝယ် ဆက်လက်ကောင်းနေဦးမည်ဖြစ်ကြောင်း ဦးမင်းသိန်းက ပြောကြားခဲ့သည်ကို သိရှိရသည်။

ရေကြောင်းဖြင့်ဆန်တင်ပို့သည့် Exporter များသည် ယခင်က သင်္ဘောရေအလိုက် တင်ပို့နေရာမှ ကွန်တိန်နာဖြင့်သာ တင်ပို့နေရကြောင်း၊ ရန်ကုန်ဆိပ်ကမ်းတွင် ကွန်တိန်နာရှားပါးမှုကြောင့် ငှားရမ်းခမှာ ငါးဆနီးပါး မြင့်တက်နေသည့်အတွက် ဈေးကွက်တွင် ဝယ်ယူမှုလျော့ကျနေကြောင်း ဘုရင့်နောင်ဆန်ကုန်စည်ဒိုင်အတွင်းရေးမှူး ဦးသန်းဦးက ပြောကြားခဲ့သည်ကို သိရှိရပါသည်။ ဆန်ဈေးကွက်တွင် အရောင်းအဝယ်ပါးနေသော်လည်း ဆန်ကွဲမှာ မူဆယ်နယ်စပ်တွင် ဆက်လက်တင်ပို့နိုင်သေးခြင်းနှင့် ရေကြောင်းပို့ဆောင်သူများထံမှလည်း အဝယ်ရှိနေခြင်းတို့ကြောင့် ဈေးကွက်ဝယ်လိုအားကောင်းနေကြောင်း လုပ်ငန်းရှင်များထံမှ သိရှိရသည်။

ရန်ကုန် ဘုရင့်နောင်ဆန်ဈေးကွက်တွင် ၂၅ မှတ်ဆန် တစ်အိတ်လျှင် ကျပ် ၂၂၀၀၀ မှ ၂၂၅၀၀ ကျပ်ကြား၊ဆန်ကွဲကြီးဈေးမှာတစ်အိတ်လျှင်ကျပ် ၂၁၀၀၀ မှ ၂၁၅၀၀ ကြား ပေါက်ဈေးဖြစ်ပေါ်နေသည့်အတွက် ပြည်ပသို့တင်ပို့သည့် ၂၅ မှတ်ဆန်နှင့် ဆန်ကွဲဈေးနှုန်းမှာ တစ်အိတ်လျှင်ကျပ် ၅၀၀ ခန့်သာ ဈေးနှုန်းကွာခြားတော့ကြောင်း ဘုရင့်နောင်ဆန်ကုန်စည်ဒိုင် အတွင်းရေးမှူးဦးသန်းဦးကပြောကြားခဲ့သည်ကို သိရှိရသည်။

မြန်မာ-တရုတ် နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့တွင် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်းတစ်ယွမ်လျှင် ၂၀၆ ကျပ်နှုန်းရှိပြီး ဧည့်မထ ၂၅ ရာခိုင်နှုန်း ဆန်တစ်အိတ်လျှင် ကျပ် ၂၃၆၉၀မှ ၂၄၇၂၀ ကြားပေါက်ဈေးရှိကြောင်း သိရှိရသည်။ မြန်မာ-ထိုင်း နယ်စပ်ဒေသဖြစ်သော မြဝတီမြို့တွင် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၂၈ ရက်တွင်ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်းအနေဖြင့် တစ်ဘတ်လျှင် ၄၅ ကျပ်နှုန်း ပေါက်ဈေးရှိကြောင်းသိရှိရသည်။

တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော ဧည့်မထဆန်ဈေးနှုန်းများကို လေ့လာကြည့်ပါက ဟားခါးမြို့တွင် ဧည့်မထဆန်တစ်ပြည်လျှင် ကျပ် ၂၃၀၀၊ မုံရွာမြို့တွင် ဧည့်မထဆန်တစ်ပြည်လျှင် ကျပ် ၂၂၀၀ ဖြင့် အမြင့်ဆုံးဈေးနှုန်းများ ဖြစ်ပေါ်ခဲ့ပြီး မန္တလေးမြို့တွင် ကျပ် ၁၀၅၀၊ စစ်တွေနှင့် မော်လမြိုင်မြို့တွင် ကျပ် ၁၀၀၀ တို့ဖြင့် အနိမ့်ဆုံးဈေးနှုန်းများ ဖြစ်ခဲ့သည်ကို တွေ့ရှိရသည်။

Trading Economics Website ၏ ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ကမ္ဘာ့ဆန်ဈေးနှုန်းမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ၁ ဒသမ ၂၉ ရာခိုင်နှုန်း ဈေးနှုန်းကျဆင်းခဲ့ကြောင်း သိရှိရသည်။ ၂၀၂၀ပြည့်နှစ် ဒီဇင်ဘာလ နောက်ဆုံးပတ်တွင် နိုင်ငံတကာဆန်ဈေးနှုန်းများတွင် အတက်/အကျပြောင်းလဲမှုများ ရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ဆန်ဈေးနှုန်းများ အတက်/အကျ ပြောင်းလဲမှုများ ဖြစ်ပေါ်နေသည်ကို လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

## စာမျက်နှာ (၁၅) စက်သုံးဆီ . . . မှအဆက်

ပြည်တွင်းစက်သုံးဆီဈေးကွက်အနေဖြင့် Yangon Denko စက်သုံးဆီဆိုင်၏ ရောင်းဈေးများအရ ဒီဇင်ဘာ ၃၀ ရက်တွင် အောက်တိန်း-92 တစ်လီတာလျှင် ၆၁၅ ကျပ်၊ အောက်တိန်း-95 တစ်လီတာလျှင် ၇၂၅ ကျပ်၊ ဒီဇယ်တစ်လီတာလျှင် ၆၅၅ ကျပ်နှင့် ပရီမီယံဒီဇယ်တစ်လီတာလျှင် ၆၅၅ ကျပ်ပေါက်ဈေးရှိနေကြောင်း သိရှိရသည်။

မြန်မာနိုင်ငံ၏ တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော စက်သုံးဆီဈေးနှုန်းများကို လေ့လာရာတွင် ကျိုင်းတုံမြို့တွင် ဓာတ်ဆီတစ်ဂါလန်လျှင် ၃၃၇၅ ကျပ်၊ ဒီဇယ်တစ်ဂါလန်လျှင် ၃၃၇၅ ကျပ်၊ မော်လမြိုင်မြို့တွင် ဓာတ်ဆီ တစ်ဂါလန်လျှင် ၃၄၄၂ ကျပ်၊ ဒီဇယ်တစ်ဂါလန်လျှင် ၃၁၂၇ ကျပ်၊ လားရှိုးမြို့တွင် ဓာတ်ဆီ တစ်ဂါလန်လျှင် ကျပ် ၃၁၅၀၊ ဒီဇယ်တစ်ဂါလန်လျှင် ကျပ် ၃၄၀၀ ဖြင့် အမြင့်ဆုံးဖြစ်ပေါ်နေပြီး လွိုင်ကော်မြို့တွင် ဓာတ်ဆီတစ်ဂါလန်လျှင် ၂၇၄၅ ကျပ်၊ ဒီဇယ်တစ်ဂါလန် ကျပ် ၂၇၀၀၊ ထားဝယ်မြို့တွင် ဓာတ်ဆီတစ်ဂါလန်လျှင် ကျပ် ၂၇၉၀၊ ဒီဇယ်တစ်ဂါလန်လျှင် ၂၇၄၅ ကျပ် အနည်းဆုံးဖြစ်ပေါ်နေကြောင်း တွေ့ရှိရသည်။ မြန်မာနိုင်ငံအတွင်းရှိ မြို့ကြီးများ၏ စက်သုံးဆီဈေးနှုန်းများမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ဈေးနှုန်းတည်ငြိမ်လျက်ရှိကြောင်း လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

# ကုန်စည်ပြပွဲနှင့် မြန်ထရိတ် (MYANTRADE)

ညီညီအောင်

လူတော်တော်များများ နားလည်ထားကြသည်မှာ မြန်ထရိတ် (Myantrade)သည် OGL လိုင်စင်ထုတ်ပေးသည့်ရုံးဟုပင် သိထားကြသည်။ အမှန်မှာတော့ မြန်ထရိတ်မှာ အရပ်အခေါ်ဖြစ်ပြီး နာမည်အပြည့်အစုံမှာ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ (Myanmar Trade Promotion Organization)ဖြစ်သည်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်အောက်တွင် ဖွဲ့စည်းထားသောရုံးဌာနကြီး(၅)ခုဖြစ်သည့် ပြည်ထောင်စုဝန်ကြီးရုံး၊ ကုန်သွယ်ရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာနနှင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့တို့အနက် တစ်ခုဖြစ်သည်။ ယခင်က မြန်မာကုန်စည်ပြပွဲ အာဏာပိုင်အဖွဲ့ (Trade Fair Authority Of Myanmar)(ကုန်သွယ်ရေးဝန်ကြီးဌာန)၊ ကုန်သွယ်မှုမြှင့်တင်ရေးဌာနခွဲ (နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန)၊ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေးဌာန (ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန)အမည်တို့ဖြင့် လုပ်ကိုင်ခဲ့သည်။

## ပြည်ပကုန်စည်ပြပွဲအတွက် OGL လျှောက်ထားရာတွင် လိုအပ်သော စာရွက်စာတမ်းများ

ပြည်ပနိုင်ငံများ၌ ကျင်းပပြုလုပ်သော ကုန်စည်ပြပွဲများသို့ သွားရောက်ပြသလိုလျှင် အထွေထွေခွင့်ပြုမိန့် (Open General Licence) လျှောက်ထားရသည်။ သွားရောက်ခင်းကျင်းပြသလိုသည့် ပစ္စည်းမှာ ကျောက်မျက်ရတနာဖြစ်လျှင် မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့သို့ ကုန်ရောင်းပြေစာ၊ ထုပ်ပိုးစာရင်း၊ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်၊ ထုတ်ကုန်သွင်းကုန်လုပ်ငန်းမှတ်ပုံတင်လက်မှတ်၊ကျောက်မျက်လုပ်ငန်း လိုင်စင်၊ ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းရှင်များအသင်း၏ အသင်းဝင်လက်မှတ်တို့ တင်ပြရသည်။

## ကျောက်/စစ် (Gems Check)စာထုတ်ပေးခြင်း

မြန်ထရိတ်သည် O.G.L ထုတ်မပေးမီ ဦးစွာကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ လိပ်မူ၍ ပြည်ပသို့ သွားရောက်ခင်းကျင်းပြသမည့် ကျောက်မျက်ရတနာများအား မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏ လုပ်ထုံးလုပ်နည်းနှင့်အညီ ခွင့်ပြုနိုင်သည့် ကျောက်မျက်လက်ဝတ်ရတနာများကို အတည်ပြုသတ်မှတ်သည့်ဈေးနှုန်းများဖြင့် တန်ဖိုးများ စိစစ်ဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံစာတစ်စောင် ထုတ်ပေးရပါသည်။ အဆိုပါစာကို မိမိတို့အခေါ် ကျောက်/စစ်(Gems Check)ဟု ခေါ်ကြသည်။

ပြည်ပသို့ သွားရောက်ပြသသော ကျောက်မျက်ရတနာများမှာ အရိုင်း(Rough)များကို ခွင့်မပြုပါ၊ သို့ဖြစ်၍ အသင့်ပြုလုပ်ပြီးသော အချောထည်လက်ဝတ်ရတနာများကိုသာ စိစစ်ပေးရန် ဖြစ်သည်။ ပြပွဲသွားရောက် ရောင်းချခြင်းထက် နိုင်ငံတကာဈေးကွက်တွင် ပိုမိုနေရာရရှိစေရန် ဆွဲဆောင်ရည်ရွယ်ပြသနိုင်ပြီး သင့်တော်သည့် အမျိုးအစား၊ ဒီဇိုင်း၊ အရေအတွက်၊ ပမာဏကိုသာ စိစစ်ခွင့်ပြုပေးပါရန် အကြောင်းကြားခြင်းဖြစ်သည်။ ပုလဲရတနာများ တင်ပို့ပါက ထိုကဲ့သို့ စိစစ်ရန် အကြောင်းကြားစာ ပေးပို့ရန် မလိုပါ၊ အဘယ်ကြောင့်ဆိုသော် ပုလဲများသွားရောက်ပြသမည်ဆိုပါက သွားရောက်ပြသသည့် အဖွဲ့ကလည်း နည်းပြီး မြန်မာ့ပုလဲရောင်းဝယ်ရေးလုပ်ငန်းရှိ ကျွမ်းကျင်အရာရှိများက တန်ဖိုးစိစစ် အတည်ပြု သတ်မှတ်ပေးလိုက်သဖြင့် အထွေထွေခွင့်ပြုမိန့်လိုင်စင်(OGL)တိုက်ရိုက် လျှောက်ထားခွင့်ရခြင်းဖြစ်သည်။ ကျောက်စစ်စာ(Gems Check) ထုတ်ပေးသဖြင့် အမှတ်(၆၀)၊ ကမ္ဘာအေးဘုရားလမ်း၊ ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ်အတွင်းရှိဌာနဆိုင်ရာပေါင်းစုံ စုပေါင်းစစ်ဆေးရေးအဖွဲ့(OSS CENTRE )တွင် အရည်အသွေးနှင့်တန်ဖိုးစစ်ဆေးပြီး မြန်ထရိတ်သို့ ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ကိုယ်တိုင်လက်မှတ်ရေးထိုးကာ စစ်ဆေးပြီးကြောင်း ပြန်လည်အကြောင်းကြားရပါသည်။

ကျောက်စစ်ပြီးသောအခါ တန်ဖိုးမသတ်မှတ်ခင်က ပြပွဲသွားကြမည့်ရတနာဆိုင်(Exhibitors)များက မူလလျှောက်ထားသော ကုန်ရောင်းပြေစာ(Invoice)နှင့် ထုပ်ပိုးစာရင်း (Packing List) တို့နှင့် အရေအတွက်ရော တန်ဖိုးပါ အနည်းငယ် ပြောင်းသွားကောင်းပြောင်းသွားပေမည်။ ပြထားသည့်တန်ဖိုးနည်းလျှင် မြှင့်ပေးရသည့်အတွက် အရေအတွက်မှာပါ လျော့သွားတတ်သည်။ မြန်ထရိတ်က ထုတ်ပေးသော အထွေထွေခွင့်ပြုမိန့်လိုင်စင်(OGL)သည် ထုတ်ကုန်လိုင်စင်၊ သွင်းကုန်လိုင်စင်၊ ဖြတ်သန်းလိုင်စင်တို့နှင့် မတူ၊ တစ်မူထူးခြားသည်။ ထုတ်ကုန်ရော သွင်းကုန်ပါ ခွင့်ပြုမိန့်တစ်စောင်တည်းဖြင့် လုပ်ကိုင်နိုင်သည်။ ပြည်ပနိုင်ငံများတွင် အသုံးပြုနေကြသော အကောက်ခွန်ယာယီ တင်သွင်းခွင့်ပြုချက်လက်မှတ်(ATA Carnet) အကောင်အထည်မဖော်ခင် စပ်ကူးမပ်ကူးကာလ ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရန် မြန်ထရိတ် (MYANMTRADE)က စီစဉ်ခွင့်ပြုပေးထားခြင်းဖြစ်သည်။

## ပြည်ပပြပွဲများအတွက် (OGL)လိုင်စင်ထုတ်ပေးခြင်း

"ပြည်ပသို့ သွားရောက်ပြသမည့် ကုန်ပစ္စည်းများအား တင်ပို့ခွင့်ပြု ခြင်းနှင့် ပြပွဲပြီးဆုံးသည့်အခါ ပြန်လည်တင်သွင်းခွင့်ပြုခြင်း" ဟူသော အထွေထွေခွင့်ပြုမိန့် (Open General Licence)တွင် ဖော်ပြပါ စည်းကမ်းချက်များကို ဖော်ပြလိုက်ပါသည်။ ယခုပြပွဲသို့ သွားရောက်ပြသခွင့်ပြုသည့်ပစ္စည်းများ၏ တန်ဖိုးသည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ဝါ) မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းမှ စိစစ်အတည်ပြု သတ်မှတ်ထားသည့် တန်ဖိုးများအတိုင်းသာဖြစ်ပါသည်။ ပိုမိုသယ်ယူခွင့်မရှိပါ။ ပြပွဲသို့ သွားရောက်ပြသခွင့်ပြုမည့် ကျောက်မျက်လက်ဝတ်ရတနာများ ပုလဲများကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ဝါ) မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့် ပစ္စည်းပိုင်ရှင်များက ပူးတွဲစစ်ဆေးပြီးမှသာလျှင် သယ်ယူပြသခွင့်ပြုသည်။

> **ကုန်စည်ပြပွဲတွင် ခင်းကျင်းပြသမည့် ကုန်ပစ္စည်းများအား ကုန်စည်ပြပွဲ ကာလတွင်ဖြစ်စေ၊ ကုန်စည်ပြပွဲပြီးသည့် နောက်တွင်ဖြစ်စေ ရောင်းချခြင်းကို အဖွဲ့ခေါင်းဆောင်၏ ခွင့်ပြုချက်ဖြင့် မြန်မာနိုင်ငံဘဏ်များက လက်ခံသည့် နိုင်ငံခြားငွေဖြင့်သာ ရောင်းချခွင့်ရှိသည်။**

ကုန်စည်ပြပွဲသို့ သွားရောက်ပြသမည့်ပစ္စည်းများသည် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ ခွင့်ပြုချက်ရယူရမည့်ပစ္စည်းများဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ကို ကြိုတင်ရယူရမည်ဖြစ်ပြီး ခွင့်ပြုချက် ရရှိပြီးမှသာ သွားရောက်ပြသခွင့်ပြုသည်။ (ဆိုလိုသည်မှာ ကျောက်မျက်ရတနာဆိုလျှင် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပရိဘောဂ၊ ကြိမ်၊ ဝါးဆိုလျှင် သစ်တောဦးစီးဌာန၊ တိုင်းဒေသကြီး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန စသည်တို့ကို ဆိုလိုပါသည်။

ကုန်စည်ပြပွဲတွင် ခင်းကျင်းပြသမည့် ကုန်ပစ္စည်းများအား ကုန်စည်ပြပွဲကာလတွင်ဖြစ်စေ၊ ကုန်စည်ပြပွဲပြီးသည့်နောက်တွင်ဖြစ်စေ ရောင်းချခြင်းကို အဖွဲ့ခေါင်းဆောင်၏ခွင့်ပြုချက်ဖြင့် မြန်မာနိုင်ငံဘဏ်များက လက်ခံသည့် နိုင်ငံခြားငွေဖြင့်သာ ရောင်းချခွင့်ရှိသည်။ ရောင်းချခွင့်ကို မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ စီမံခန့်ခွဲရေးကော်မတီမှ ရယူရန်လိုအပ်ပါက ကြိုတင်တောင်းခံရယူထားရန်ဖြစ်သည်။ ရောင်းချ၍ ရရှိသောနိုင်ငံခြားငွေများကို မြန်မာနိုင်ငံသို့ ပြန်လည်ယူဆောင်လာရမည်။ ထို့ပြင် မြန်မာနိုင်ငံသို့ပြန်လည်ရောက်ရှိသည့်အခါ ကျသင့်သော ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်များကို သက်ဆိုင်ရာ ပြည်တွင်းအခွန်ဦးစီးဌာနသို့ မပျက်မကွက်ပေးဆောင်ရမည်။ ကျသင့်သောအခွန်များ အပြည့်အဝပေးဆောင်ရေးကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် အဆိုပါပြပွဲသို့သွားရောက်ပြသသည့်အဖွဲ့ခေါင်းဆောင်ကကြီးမှူး၍ လုပ်ငန်းရှင်အသီးသီးက တာဝန်ယူဆောင်ရွက်ပေးရမည်။ အဆိုပါရောင်းချခဲ့သည့် ပစ္စည်းများစာရင်း အသေးစိတ်ကို ရတနာဆိုင်တစ်ခုချင်းအလိုက်ပြုစုပြီး မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့သို့ မပျက်မကွက်တင်ပြရမည်။

မရောင်းချရသော ကုန်ပစ္စည်းများကို ပြပွဲပြီးဆုံးပြီး တစ်လအတွင်း မြန်မာနိုင်ငံအတွင်း ပြန်လည်တင်သွင်းရမည်ဖြစ်ပြီး အခြားနိုင်ငံဈေးကွက်များသို့ သွားရောက်ရောင်းချခြင်း လုံးဝခွင့်မပြုပါ။ ပြန်လည်တင်သွင်းရာတွင် သွင်းကုန်လိုင်စင်လျှောက်ထားစရာ မလိုဘဲ တင်သွင်းရမည်။မြန်မာနိုင်ငံသို့ ပြန်လည်ယူဆောင်လာသည့်ပစ္စည်းများစာရင်းကို ပြပွဲအဖွဲ့ခေါင်းဆောင်က တာဝန်ယူကြီးကြပ်၍ အကောက်ခွန်ဦးစီးဌာန၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတို့ထံတွင် စနစ်တကျစစ်ဆေးခံရန်နှင့် စစ်ဆေးအတည်ပြုပြီး ရောင်းချရရှိသည့် ပစ္စည်းနှင့်တန်ဖိုးစာရင်းကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့သို့ မပျက်မကွက် တင်ပြရမည်။

ကုန်စည်ပြပွဲတွင် ခင်းကျင်းပြသရောင်းချသည့် ကုန်ပစ္စည်းများအား တင်ပို့ခြင်း၊ ပြပွဲပြီးဆုံးသည့်အခါ ပြန်လည်တင်သွင်းခြင်းများကို လေကြောင်းခရီးများဖြင့် တင်သွင်း/ တင်ပို့ခွင့်ပြုပါသည်။ လေကြောင်းခရီးများဖြင့် သယ်ယူရာတွင် သတ်မှတ်သည့်ကာလ၊ အချိန်၊ နေ့ရက်နှင့်သတ်မှတ်သည့်အစီအစဉ်အတိုင်း သယ်ယူနိုင်ရေးအတွက် ကုန်သည်/ စက်မှုအသင်းချုပ်နှင့် အဖွဲ့ခေါင်းဆောင်တို့က ကြီးကြပ်တာဝန်ယူဆောင်ရွက်ရမည်။ ကုန်စည်ပြပွဲသို့ သွားရောက်ခင်းကျင်းပြသမည့် ကုန်ပစ္စည်းများ တင်ပို့ခြင်း၊ ပြန်လည်တင်သွင်းခြင်းများကို ကြိုတင်သတင်းပို့ရန်နှင့် ပြပွဲနှင့်ပတ်သက်သည့် အစီရင်ခံစာတင်ပြရမည်ဟု ဖော်ပြပါရှိပါသည်။

## ပြည်တွင်းပြပွဲများအတွက် (OGL)လိုင်စင်ထုတ်ပေးခြင်း

ပြည်ပမှလာရောက်ပြသသော ကုန်စည်ပြပွဲများအတွက်လည်း "ကုန် ပစ္စည်းများအား ယာယီတင်သွင်းခွင့် ပြုခြင်းနှင့် ပြပွဲပြီးဆုံးသည့်အခါ ပြန်လည်တင်ပို့ခွင့်ပြုခြင်း"ဟူသော အထွေထွေခွင့်ပြုမိန့် (OGL) လိုင်စင်လျှောက်ထားရပေသည်။ သွင်းကုန်ပြပွဲ အိုဂျီအယ်လ်တွင်လည်း စည်းကမ်းချက်များစွာဖော်ပြထားသည့်အပြင် အကောင်အထည်ဖော်ဆောင်ရွက်မည့် အဖွဲ့အစည်း/ကော်မတီများကိုပါ မြန်ထရိတ်က ပြဋ္ဌာန်းပေးထားသည်။ တင်သွင်းပြသမည့် ကုန်ပစ္စည်းများကို သွင်းကုန်လိုင်စင်လျှောက်ထားရန် မလိုဘဲ တင်သွင်းခွင့်ပြုကြောင်းနှင့် ခွင့်ပြုအရေအတွက်အတိုင်းတင်သွင်းရန်ဖြစ်ပြီး ပိုမိုတင်သွင်းခွင့်မပြုပါ။ ခွင့်မပြုသော အခြားပစ္စည်းများကိုလည်း တင်သွင်းခွင့်မပြုပါ။သက်ဆိုင်ရာ ဝန်ကြီးဌာန၏ ခွင့်ပြုချက်(ဆိုလိုသည်မှာ စိန်ရတနာတင်သွင်းလျှင် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံစာ) လိုအပ်ပါသည်။ နိုင်ငံတကာထုပ်ပိုးနည်းစနစ်အတိုင်း ထုပ်ပိုးတင်သွင်းလာရမည်ဖြစ်ပြီး သွင်းကုန်လိုင်စင်ကြေးပေးဆောင်ရန်မလိုဘဲ ကင်းလွတ်ခွင့်ပြုပါသည်။ပြပွဲတွင် ပြသရန်၊ လှူဒါန်းရန် တင်ပြထားသောပစ္စည်းများကို ပြသခွင့် လှူဒါန်းခွင့်ပြုပါသည်။ လှူဒါန်းသည့် ပြပွဲပစ္စည်းများကို တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများအရ သက်ဆိုင်ရာဌာနများ၏ စစ်ဆေးခွင့်ပြုချက်ရယူရမည့်ပစ္စည်းများဖြစ်ပါက ခွင့်ပြုချက် အရင်ရယူပြီးမှ ဆောင်ရွက်ရန်ဖြစ်ပါသည်။ သို့ဖြစ်၍ အိုဂျီအယ်လ်လျှောက်စဉ်ထားကတည်းက Invoice တွင် မှတ်ချက် (REMARKS)ပေးထားရမည်ဖြစ်သည်။

မှတ်ချက် သုံးမျိုး ပေးခွင့်ပြုထားသည်။ မိမိ၏ ကုန်စည်ပြပွဲပစ္စည်းများအား မရောင်းဘဲ ပြန်လည်ယူဆောင်ရန် ရည်ရွယ်ထားလျှင်(A) RE-EXPORTATION အကွက်တွင် အမှတ်ခြစ်ရမည်ဖြစ်ပြီး ထုပ်ပိုးပစ္စည်းများအား ပြန်မသယ်တော့ဘဲ ဖျက်ဆီးလိုလျှင်သော်လည်းကောင်း၊ ညော့်သည်များအား လက်ဆောင်ပေးလိုလျှင်လည်းကောင်း (B) DISPOSED/CONSUMED အကွက်တွင် အမှတ်ခြစ်ရမည်။

စာမျက်နှာ - ၂၁ သို့

**Our Service**

- Ocean Freight (FCL,CLC)
- Warehouse Service
- Air Freight
- Custom Clearance Service
- Parcel Service
- Trucking Service

# WIN YFV MYANMAR LIMITED

*A member of the YFI Group of Companies*

**YFV**

**Myanmar**

**Asia's Logistics Expert**

**International Experience, Local Wisdom**

**Joint Venture by YATFAI & VICO & WIN**



No.705, Level 7, Olympic Tower, Bo Aung Kyaw Street, Kyauktada Tsp, Yangon, Myanmar. Tel : +95-18-245617, 254854, 371576 Fax : +95-18-246673
Email : enqulry@yfv-intl.com
Web : www.yatfai.com, www.vico.com.hk



®

# MYANMAR CONFIDENT GROUP

COMPANY LIMITED

EXPORT & IMPORT

+959420186883 myanmarmcg@gmail.com www.mmpulses.com

1 URAD (BLACK MATPE) SSQ
2 URAD (BLACK MATPE) SQ
3 URAD (BLACK MATPE) FAQ
4 URAD (BLACK MATPE) GOTA
5 URAD (BLACK MATPE) DAL (SPLIT)
6 URAD (BLACK MATPE) CHILKA DAL (SPLIT)
7 TUR WHOLE LEMON
8 TUR WHOLE LINKHEY
9 TUR WHOLE WHITE
10 TUR DAL(SPLIT)
11 GREEN MUNG BEANS(PADI SHWEWAR)
12 GREEN MUNG BEANS(PAKAKKU)
13 GREEN MUNG BEANS(ANYASHWEWA)
14 GREEN MUNG BEANS(WAKHAYMA)
15 GREEN MUNG BEANS DAL (SPLIT)
16 GREEN MUNG BEANS CHILKA DAL (SPLIT)
17 RED KIDENY BEANS (BAMAWKATA)
18 RED KIDENY BEANS (HAND PICK POLISH)
19 BLACK EYE BEANS(BROWN)SQ
20 BLACK EYE BEANS(BROWN)FAQ
21 BLACK EYE BEANS(BLACK)SQ
22 BLACK EYE BEANS(BLACK)FAQ
23 BROWN EYE BEANS (COWPEA)
24 BOCKET BEANS(COWPEA)
25 CHICKPEA (6mm , 7mm , 8mm +)
26 GRAM WHOLE (6mm , 7mm , 8mm +)
27 DESI CHANA/KALA CHANA
28 CHANA DAL (SPLIT)
29 LAB LAB BEANS
30 NIGER SEED
31 YELLOW MAIZE
32 MYANMAR RICE ALL VARIETIES
33 TURMERIC
34 TAMARIND
35 JAGGERY
36 SULTANI BEANS
37 BUTTER BEANS
38 SOYA BEANS
39 CORIANDER SEED
40 PEANUTS / GROUNDNUT
41 BLACK CUMIN SEEDS
42 SOYA MEAL
43 SESAME SEEDS ALL VARIETIES
44 SUGER



No.86, 4th Floor, 49 Street, Pazundaung Township, Yangon, Myanmar.

+959420186883, +959793333577 , +9595390423

rammuni.ygn@gmail.com



**ဘာရာဇစ်တာနေကြာဆီကို စားသုံးခြင်းဖြင့် ရရှိလာမည့် ကျန်းမာရေးအကျိုးကျေးဇူးများ**

ဘာရာဇစ်တာနေကြာဆီတွင် ကိုလက်စ်ထရော မပါဝင်ခြင်း၊ အိုမီဂါ ၆ နှင့် ၉ ပေါ်များကြွယ်ဝခြင်း၊ ဗီတာမင်အီးတို့ အများအပြား ပါဝင်သောကြောင့် နှလုံးသွေးကြောကျဉ်းရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ အသည်းအဆီဖုံးရောဂါ မဖြစ်ပွားရန် ကာကွယ်ပေးနိုင်ပါသည်။

Anti Oxidant များစွာပါဝင်၍ ခန္ဓာကိုယ်၏ ကိုယ်ခံအားစနစ်ကို တိုးတက်ကောင်းမွန်စေခြင်း၊ ခန္ဓာကိုယ် အရေပြားဆဲလ်များ၏ ပျက်စီးမှုကို လျော့ချပြီး အသစ်ပြန်လည် မွေးဖွားစေသောကြောင့် အရေပြားလှပခြင်း၊ အိုမင်းရင့်ရော်မှုကို လျော့ချပေးနိုင်စေခြင်း၊ ကင်ဆာဆဲလ်များအဖြစ် ပြောင်းလဲခြင်းကို ကာကွယ်ပေးနိုင်ပါသည်။

**ဘာရာဇစ်တာနေကြာဆီ၏ ပစ္စည်းစစ်ကြောင်း အာမခံခြင်း**

ဘာရာဇစ်တာနေကြာဆီကို ရုရှားနိုင်ငံမှ ၅ လီတာ၊ ၁.၈ လီတာ၊ ၁ လီတာဆံ့ (PET )ပုလင်းများဖြင့် တင်သွင်းဖြန့်ဖြူးခြင်းဖြစ်ပါသည်။ ဘာရာဇစ်တာနေကြာဆီကို မြန်မာနိုင်ငံတွင် ပုလင်းသွင်းခြင်း လုံးဝ မပြုလုပ်ပါကြောင်း အာမခံပါသည်။

ရုရှားနိုင်ငံ ဘာရာဇစ်တာ နေကြာဆီသန့် စက်ရုံများတွင် တိုက်ရိုက် ပုလင်းသွင်းခြင်းနှင့် တံဆိပ်ကပ်ခြင်းတို့ကို ပြုလုပ်ထားသောကြောင့် ဘာရာဇစ်တာနေကြာဆီ တံဆိပ်များရှိ ဘားကုတ်ကို " BARCODE SCANNER " SOFTWARE ဖြင့် စစ်ဆေးကြည့်ရှုနိုင်ပါသည်။

ရုရှားနိုင်ငံဖက်ဒရယ်ဥပဒေအမှတ် 90FZ ပြဋ္ဌာန်းချက်အတိုင်း တိကျစွာ ထုတ်လုပ်ထားပြီး၊ ရုရှားနိုင်ငံ ကျန်းမာရေးထောက်ခံချက် အမှတ်C-12 11 375 17 319,ISO 22000 : 2005 ရရှိထားသည်။

မြန်မာနိုင်ငံအတွက်
**Global Grace Food Stuffs Distribution Co., Ltd.** မှ
တင်သွင်းဖြန့်ဖြူးရောင်းချနေပါသည်။



**VIVA LIFE Company Limited**

- Recommendation for Food Importation
- Drug Registration Approval
- Cosmetic Notification
- Medical Device Regulatory
- Myanmar Translation & Labelling Service

Email: vivalifemyanmar@gmail.com Ph : 09 965 1277 69, 09 965 1477 69

**Competent Regulatory Consultant Agency**


GBS
YOUR GOOD BROTHER
ဂွတ်(ဒ်)ဘရားသား(စ်)ကုမ္ပဏီလီမိတက်
GOOD BROTHERS' COMPANY LIMITED
စွမ်းအားပြည့်တာရှည်အသုံးခံသည့်
ချန်ချိုင်း CHANGCHAI ®
ဒီဇယ်အင်ဂျင်
>>> Hotline ph : 09 457186 734
■ ရန်ကုန် - အမှတ်(၂၂)၊ ဘုရင့်နောင်လမ်းမကြီး၊ သီရိမင်္ဂလာလုံးချင်းအိမ်ရာ၊ လှိုင်မြို့နယ်။
ဖုန်း-(၀၁) ၃၆၈ ၂၁၄၇၊ ၃၆၈ ၂၁၅၇၊ ၃၆၈ ၂၇၉၉၊ (လိုင်းခွဲ-၈၁၅၊ ၈၁၈)၊
၀၉ ၅၁၀ ၂၀ ၁၈၃၊ ၀၉ ၄၅၇၁၈၆၄၈၂၊ ၀၉ ၄၅၇၁၈၅ ၈၄၂
■ မန္တလေး - အမှတ်(၆၃)၊ စက်မှုလယ်ယာထွန်စက်စခန်းအနီး၊ ရန်ကုန်-မန္တလေးကားလမ်းမကြီးဘေး၊
နတ်ရေကန်ကျေးရွာ၊ အမရပူရမြို့နယ်။
ဖုန်း-၀၉ ၂၀၃၀၈ ၁၄၊ ၀၉ ၄၅၇၁ ၈၆၁၁၉၊ ၀၉ ၄၅၇၁ ၈၆၁၂၄၊ ၀၉ ၄၅၇၁ ၈၆၁၂၀
https://web.facebook.com/goodbrothersofficialpage
www.gbs.com.mm
CHANGCHAI
အမြို့မြို့အနယ်နယ်ရှိ GBS အရောင်းဆိုင်များတွင်
ဝယ်ယူရရှိနိုင်ပါသည်...


Ginsrogen
100 % Natural Food Supplement
Myanmar Reg No. IR-F/ 2020-B1/2050
KENYAKU
ဂျင်စလိုဂျမ်အားဆေးကို တစ်နေ့(၁)လုံး ပုံမှန်သောက်စေခြင်းဖြင့်
ဒုံးနာ ခါးနာသူများ၊ အရိုးကျီးပေါင်းတက်နေသူများ၊ အဆစ်အမြစ်ကိုက်ခဲနေသူများနှင့် ကိုယ်ခံစွမ်းအားကို ပိုမိုအားကောင်းစေနိုင်အောင် အသုံးပြုနိုင်သည်
Collagen
300 mg
Ginseng
150 mg
Royal Jelly
150 mg
Fish Oil
50 mg
Ginsrogen
DIETARY SUPPLEMENT PRODUCT
Standardized Ginseng extract at 5% Ginsenosides
3 x 10 Tablets
• Collagen • Ginseng Extract • Royal Jelly • Fish Oil
SHWE KYAR PWINT PHARMA TRADING CO.,LTD
Building (435), 2nd Floor, Dhamayone Street, 16/3 Quater, Thingangun Township, Yangon
Mobile : +95 9 450 045882 , +95 9 976454316 , +95 9 965045882
SKP

# မြန်မာနိုင်ငံ၏ ဒုတိယအကြိမ် ကုန်သွယ်မှုမူဝါဒ ဆန်းစစ်ခြင်းလုပ်ငန်းစဉ်အား လေ့လာခြင်း

ညီညီအောင်(WTO)

(ယခင်တစ်ပတ်မှအဆက်)

WTO ၏ Multilateral Trade Agreements ၏ Annex I တွင် ဖော်ပြထားသည့် ကုန်သွယ်မှုဆိုင်ရာ မူဝါဒများအားလုံး ခြုံငုံမိအောင် ထည့်သွင်းရသည်။ ယင်းအစီရင်ခံစာတွင် အပိုင်းလေးပိုင်းပါဝင်ပါသည်။

WTOအတွင်းရေးမှူးရုံး၏ အစီရင်ခံစာတွင် နိုင်ငံ၏စီးပွားရေးလုပ်ကိုင်ဆောင်ရွက်ရာ၌ တွေ့ကြုံသည့် မေခရိုစီးပွားရေးရာ မူဝါဒချမှတ်ထားသည့်အခြေအနေများ၊ကုန်သွယ်မှုဆိုင်ရာဖွံ့ဖြိုးတိုးတက်မှု မူဝါဒများနှင့် ကုန်သွယ်မှု၏ ရှေ့အလားအလာများအပြင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်သည့် အခြေအနေအရပ်ရပ်ကို ပထမပိုင်းအနေဖြင့် ဦးစွာဖော်ပြပါသည်။ငွေလဲနှုန်းမူဝါဒ၊ ငွေကြေးမူဝါဒ၊ ဘဏ္ဍာရေးမူဝါဒများ အပါအဝင် နိုင်ငံ၏ အဓိကပို့ကုန်ဈေးကွက်၊ နှစ်အလိုက် ပို့ကုန်/သွင်းကုန် (ကုန်သွယ်မှုပြုသည့်) အခြေအနေများနှင့် ပြည်ပရင်းနှီးမြှုပ်နှံမှု ဝင်ရောက်လျက်ရှိသောကဏ္ဍများကိုပါ ထည့်သွင်းဖော်ပြထားပါသည်။

ဒုတိယအပိုင်းအနေဖြင့် အစိုးရ၏ဖွဲ့စည်းပုံနှင့် ဥပဒေမူဘောင်များ၊ ကုန်သွယ်မှုမူဝါဒနှင့် ဥပဒေပြုရေးဆိုင်ရာ ရည်ရွယ်ချက်များအရ ကုန်သွယ်မှုဥပဒေပြုမှုများ၊ အကောင်အထည်ဖော် ဆောင်ရွက်ရမည့် တာဝန်ရှိအဖွဲ့အစည်းများ၊ နှစ်နိုင်ငံ (သို့) ဒေသတွင်းနှင့် နိုင်ငံစုံ ကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက်များအရ လိုက်ပါဆောင်ရွက်နေမှုများ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဝင်ရောက်လျက်ရှိသည့်အခြေအနေနှင့် လုပ်ထုံးလုပ်နည်းများ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စီးပွားရေးလုပ်ငန်းများအတွက် ဥပဒေမူဘောင် အစရှိသဖြင့် ထည့်သွင်းဖော်ပြပေးထားသည်ကို တွေ့မြင်နိုင်ပါသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအတွက် ကန့်သတ်တားမြစ်ချက်များအပြင် မြေယာအသုံးပြုမှုဆိုင်ရာ ပြည်တွင်းမူဝါဒ ချမှတ်ဆောင်ရွက်နေမှုများနှင့် စည်းကြပ်ခွန်အမျိုးအစားအလိုက် အခွန်ကောက်ခံ ဆောင်ရွက်နေမှုများနှင့် အခွန်ကင်းလွတ်ခွင့်ဆိုင်ရာများကိုလည်း ထည့်သွင်းဖော်ပြထားပါသည်။

တတိယအပိုင်းတွင် ကုန်သွယ်မှုအတွက် လက်ရှိဆောင်ရွက်နေသော အလေ့အထများဖြစ်သော သွင်းကုန်အပေါ် တိုက်ရိုက်သက်ရောက်မှုရှိနိုင်သည့် အစီအမံများ၊ အကောက်ခွန် သတ်မှတ်စည်းကြပ်နေမှု အခြေအနေများနှင့် သွင်းကုန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ အခွန်နှုန်းထား သတ်မှတ်ထုတ်ပြန်ထားရှိသည့်အခြေအနေများ၊ အထူးအခွင့်အရေးပေးသည့်အခွန်နှုန်းထား ခံစားခွင့်ရှိနေသည့် အခြေအနေများနှင့် သွင်းကုန်လိုင်စင်နှင့်ပတ်သက်၍ တားမြစ်ကန့်သတ်ချက်များ၊ ပင်ရင်းဒေသ စည်းမျဉ်းအပါအဝင်ဖြစ်ပေါ် လာနိုင်မည့်အရေးပေါ် ကိစ္စရပ်များအတွက် သတ်မှတ်အစီအမံများ၊ သဘော်ာမဆိုက်ရောက်မီ ကြိုတင်စစ်ဆေးခြင်း၊ အခွန်အမျိုးအစားအလိုက် ကောက်ခံရရှိသောရာခိုင်နှုန်းများ၊ အခြားသော အကောက်အခွန်မဟုတ်သည့် အစီအမံများ၊ ပို့ကုန်များအပေါ် တိုက်ရိုက်သက်ရောက်မှုရှိနိုင်မည့် အစီအမံများ၊ အထူးစီးပွားရေးဇုန်များ၊ ပို့ကုန်ဈေးကွက်ဆိုင်ရာ အခြေအနေများ၊ ယှဉ်ပြိုင်မှုဥပဒေနှင့် အသိဉာဏပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ အခွင့်အလမ်းများအတွက် ချမှတ်ထားသည့် မူဝါဒများစသည်ဖြင့် အဘက်ဘက်မှ ရှုမြင်သုံးသပ်၍ ဖော်ထုတ်ရေးသားထားပါသည်။

စတုတ္ထအပိုင်းတွင် ကဏ္ဍအလိုက် ကုန်သွယ်မှု မူဝါဒရေးရာ ချမှတ်ဆောင်ရွက်နေမှုများအဖြစ် လယ်ယာကဏ္ဍ၊ စွမ်းအင်နှင့် သယံဇာတများ အသုံးချမှုကဏ္ဍ၊ ကုန်ထုတ်လုပ်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍ စသည်တို့ကို လက်ရှိဆောင်ရွက်နေသည့်အခြေအနေများကို အခြေတည်၍ ထည့်သွင်းဖော်ပြထားပါသည်။ ထို့ပြင် ဝန်ဆောင်မှုကုန်သွယ်ရေးအပေါ် ထိန်းကွပ်ဆောင်ရွက်နိုင်မည့် ခိုင်မာအားကောင်းသော ဥပဒေ၊ မူဝါဒများပေါ် ပေါက်လာနိုင်ရေးကို တွန်းအားဖြစ်စေနိုင်မည့် အခြေအနေအရပ်ရပ်ကိုလည်း ဖော်ပြထားပါသည်။

WTO အတွင်းရေးမှူးရုံး၏ အစီရင်ခံစာတွင် မြန်မာနိုင်ငံ၏ ကုန်သွယ်မှု ဆောင်ရွက်ချက်များအပြင် ရှေ့ဆက်ဖြစ်လာနိုင်မည့် အလားအလာများ၊ ပြုပြင်ပြောင်းလဲသင့်သည့် အကြံပြုချက်များ၊ ပွင့်လင်းမြင်သာရှိရှိဖြင့် ဖော်ပြထားပါသည်။ ခိုင်မာသော အချက်အလက်များကို ဖော်ပြထားသဖြင့် အဖွဲ့ဝင်နိုင်ငံများ၏စိတ်ပါဝင်စားမှု ပိုမိုရရှိလာနိုင်ပြီး ကုန်သွယ်မှုတွင်သာမက ရင်းနှီးမြှုပ်နှံမှု အပါအဝင် ဆက်စပ်စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုတို့အတွက်လည်း များစွာအထောက်အကူပြုနိုင်ပါသည်။ ထို့ပြင် နိုင်ငံစုံ၊ ဒေသတွင်းနှင့် နှစ်နိုင်ငံ သဘောတူညီချက်များအရ ကုန်သွယ်မှုပြုရာတွင် ကျင့်သုံးသောမူဝါဒ၊ စည်းမျဉ်းစည်းကမ်းများနှင့်ပတ်သက်၍ ခိုင်မာသည့် အထောက်အထားဖြစ်စေမှုကိုပါ ပံ့ပိုးပေးနိုင်မည်ဖြစ်ကြောင်းသုံးသပ်ရပါသည်။

## အစိုးရအစီရင်ခံစာအား လေ့လာခြင်း

ကုန်သွယ်မှုမူဝါဒဆန်းစစ်ခြင်း ပြုလုပ်သည့် အဖွဲ့ဝင်နိုင်ငံ၏ အစိုးရအနေဖြင့် မိမိနိုင်ငံအတွင်းရှိ လက်ရှိချမှတ်ကျင့်သုံးနေသော ကုန်သွယ်မှုဆိုင်ရာမူဝါဒနှင့် ဆက်စပ်ဥပဒေများ၊ ဖြစ်ပေါ် တိုးတက်မှုများကို အခြားသော အဖွဲ့ဝင်နိုင်ငံများအား အသိပေးရှင်းလင်းတင်ပြသောသဘောဖြင့် အစိုးရအစီရင်ခံစာကို ပြုစုရခြင်းဖြစ်ပါသည်။ အပြုသဘောဆောင်သော အမြင်များကို အခြေခံထားလေ့ရှိပြီးအစိုးရ၏ စီးပွားရေးနှင့်ကုန်သွယ်မှုရေးရာ မူဝါဒရေးရာကိစ္စရပ်များကို ထင်ဟပ်စေသည့် အချက်များစွာပါဝင်နေပါသည်။ ထို့ပြင် အစိုးရ၏မူဝါဒရေးရာ အနာဂတ်ဦးတည်ချက်များ၊ မျှော်မှန်းချက်များအပြင် အလားအလာများကိုလည်း ကြိုတင်ခန့်မှန်းနိုင်မည့် အစီရင်ခံစာတစ်စောင်ဖြစ်ပြီး WTOအတွင်းရေးမှူးရုံး၏အစီရင်ခံစာနှင့်နှိုင်းယှဉ်ကြည့်ပါက အသေးစိတ်ကျကျ ဖော်ပြထားခြင်းမျိုးမရှိဘဲ အစိုးရ၏စီးပွားရေးနှင့် ကုန်သွယ်မှုရေးရာမူဝါဒများကို ထိထိမိမိပေါ် လွင်အောင်အကျဉ်းချုပ်ရေးသားထားခြင်းမျိုးဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ဒုတိယအကြိမ် ကုန်သွယ်မှုမူဝါဒဆန်းစစ်ခြင်းလုပ်ငန်းစဉ်အတွက် အစိုးရအစီရင်ခံစာတွင် အပိုင်း(၆)ပိုင်း ပါဝင်ထားပါသည်။

အပိုင်း(၁) နိဒါန်းတွင် ဖွံ့ဖြိုးတိုးတက်မှုနှင့် ပြုပြင်ပြောင်းလဲမှုဆိုင်ရာ မူဘောင်အပေါ် မိတ်ဆက်ခြုံငုံသုံးသပ်ချက်၊ ယခင်ဆန်းစစ်ခဲ့သည့်ကာလမှ ယခုကာလအထိ မြန်မာနိုင်ငံက အလေးပေးဆောင်ရွက်ခဲ့သည့် ကုန်သွယ်မှုမူဝါဒနယ်ပယ်များနှင့် ဦးစားပေးများ၊ နိုင်ငံတကာ၏ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ခဲ့သည့် ပြုပြင်ပြောင်းလဲမှုများ၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့နှင့် အာဆီယံတို့က ချမှတ်ထားသည့် စည်းမျဉ်းများနှင့်အညီ ပြည်တွင်းမူဝါဒများ ချိန်ညှိပြောင်းလဲမှုဆိုင်ရာ အဓိကဖြစ်ပေါ် တိုးတက်မှုများ၊ အနာဂတ်တွင်ဆက်လက်ဆောင်ရွက်သွားမည့်ကိစ္စများနှင့် ကိုဗစ်၏သက်ရောက်မှုနှင့်ကုစားမှုဆိုင်ရာအစီအမံများကို ရေးသားထားပါသည်။

အပိုင်း(၂)တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတွင် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ညွှန်းကိန်းများ၊ ဆက်စပ်လျက်ရှိသည့် တိုးတက်ဖြစ်ပေါ် မှုများ၊ ဒီဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုများ၊ ကုန်သွယ်မှုနှင့် ဆက်စပ်သည့်မူဝါဒများ ဖြစ်ပေါ် တိုးတက်မှုနှင့်ပြောင်းလဲမှုများ၊ ကုန်သွယ်မှုမူဝါဒချမှတ်ခြင်းနှင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စွာ စီးဆင်းစေရေး ဆောင်ရွက်ခြင်း၊ ကုန်သွယ်မှုဆက်စပ်ဥပဒေမူဘောင်နှင့် အဖွဲ့အစည်းဆိုင်ရာ ပြုပြင်ပြောင်းလဲခြင်းဆိုင်ရာ ကိစ္စရပ်များ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မူဝါဒများ၊ ယှဉ်ပြိုင်မှုဥပဒေမူဘောင်၊ စားသုံးသူအကာအကွယ်ပေးရေး၊ အထူးစီးပွားရေးဇုန်များ၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် ပို့ကုန်မဟာဗျူဟာများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအပြင် နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများနှင့်ပတ်သက်သော အကြောင်းအရာများ ပါဝင်ပါသည်။

ကုန်သွယ်မှုနှင့်ဆက်စပ်မူဝါဒများ၊ ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်မှုများ၊ကုန်စည်ဆိုင်ရာ အကောက်ခွန်နှုန်းထားများ၊ အကောက်ခွန် ပြုပြင်ပြောင်းလဲမှုများနှင့် ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးဆိုင်ရာ ဆောင်ရွက်ချက်များ၊ အကောက်ခွန်တန်ဖိုးစည်းကြပ်ကောက်ခံခြင်းများ၊ သွင်းကုန်လိုင်စင် လွယ်ကူစေရေး ဆောင်ရွက်ချက်များ၊ စံချိန်စံညွှန်း သတ်မှတ်ခြင်း၊ နည်းပညာဆိုင်ရာ စည်းမျဉ်းများနှင့် အရည်အသွေးကိုက်ညီမှု စစ်ဆေးခြင်းဆိုင်ရာ ကိစ္စရပ်များ၊ စက်မှုရေးရာမူဝါဒ၊ သတ္တုနှင့် စွမ်းအင်၊ ကုန်ထုတ်လုပ်မှု၊ စိုက်ပျိုးရေး၊ ရေလုပ်ငန်းနှင့် သစ်တောကဏ္ဍဆိုင်ရာကိစ္စရပ်များ၊ ဝန်ဆောင်မှုကဏ္ဍနှင့်စပ်လျဉ်း၍ ငွေကြေးဝန်ဆောင်မှုများ၊ ဘဏ်လုပ်ငန်း၊ အာမခံလုပ်ငန်း၊ FinTech၊ လက်လီလက်ကား၊ ဆက်သွယ်ရေးကဏ္ဍနှင့် အခြား ဝန်ဆောင်မှုကဏ္ဍများအတွင်း ပြုပြင်ပြောင်းလဲမှုများနှင့် ဆက်လက်ဖြေလျှော့လျက်ရှိသည့် ကိစ္စရပ်များ၊ မူပိုင်ခွင့်ဥပဒေများ ပြဋ္ဌာန်းခဲ့သည့် အခြေအနေများကို အပိုင်း(၃)တွင် ဖော်ပြထားပါသည်။

အပိုင်း(၄)တွင် နိုင်ငံစုံ ကုန်သွယ်ရေးစနစ်တွင် မြန်မာနိုင်ငံပါဝင်မှု၊ နိုင်ငံစုံ ကတိကဝတ်များနှင့် ကိုက်ညီအောင် လိုက်ပါဆောင်ရွက်ခြင်းများ၊ WTO ၏ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးသဘောတူညီချက်ကို လိုက်ပါဆောင်ရွက်သည့်အခြေအနေ၊ WTO ၏စေ့စပ်ညှိနှိုင်းမှုလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်သည့် အခြေအနေ၊ WTO ၏ Issues အသစ်များတွင် တက်ကြွစွာပါဝင်ဆွေးနွေးနေသည့် အခြေအနေများကို ရေးသားထားပါသည်။

အပိုင်း(၅)တွင် မြန်မာနိုင်ငံက နှစ်နိုင်ငံနှင့် ဒေသတွင်း သဘောတူညီချက်များတွင် အာဆီယံတွင် ပါဝင်နေသည့်အခြေအနေ၊ ASEAN Economic Blueprint 2024 အတွက် လိုက်ပါ ဆောင်ရွက်မှုအခြေအနေ၊အာဆီယံသဘောတူညီချက်များတွင်ပါဝင်ဆောင်ရွက်မှုများ၊ Regional Comprehensive Economic Partnership (RCEP) တွင် ပါဝင်နေသည့်အခြေအနေများအပြင် အခြားသော ဒေသတွင်း သဘောတူညီချက်များနှင့် အဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်မှုများကိုလည်း ထည့်သွင်းဖော်ပြထားပါသည်။

အနာဂတ်မျှော်မှန်းချက်တွင် ဆက်လက်လုပ်ဆောင်သွားမည့် ကိစ္စများအား အပိုင်း (၆)၌ အလေးထားဖော်ပြထားပါသည်။ ယင်းအပိုင်း၌ ပြည့်စုံကျယ်ပြန့်သည့် ပြုပြင်ပြောင်းလဲမှု အစီအစဉ်အား ဆက်လက်ဆောင်ရွက်နိုင်ရေး၊ ကုန်သွယ်မှုအမျိုးအစားများ ပိုမိုကွဲပြားစွာ ဆောင်ရွက်နိုင်ရေး၊ ထုတ်ကုန်အဆင့်မြှင့်တင်နိုင်ရေး၊ ဒီဂျစ်တယ်စီးပွားရေးနှင့် E-Commerce ကို တိုးမြှင့်ဆောင်ရွက်နိုင်ရေး၊ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံမှ လွတ်မြောက်နိုင်ရေးလုပ်ငန်းစဉ်နှင့်ပတ်သက်၍ ကုန်သွယ်မှုဆိုင်ရာ သီးခြားမဟာဗျူဟာ ချမှတ်ဖော်ဆောင်နိုင်ရေး၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် ထိရောက်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ ကုန်သွယ်မှုဆိုင်ရာအကူအညီများရယူ၍ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်များအား ဆက်လက်အကောင်အထည်ဖော်ရေး၊ ဒေသတွင်း ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့်ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့တွင် တက်ကြွစွာပါဝင်နိုင်ရေးအချက်များ ပါဝင်ပါသည်။

စာမျက်နှာ - ၂၁ သို့



စာမျက်နှာ (၁၇) ကုန်စည်ပြပွဲနှင့် . . . မှအဆက်

ပြပွဲပစ္စည်းများအား ပြပွဲကျင်းပနေစဉ် လှူဒါန်းလိုလျှင်သော်လည်းကောင်း၊ ပြပွဲကာလအတွင်း ပြန်လည်ရောင်းချလိုလျှင်သော်လည်းကောင်း GIVEN AWAY /SOLD OUT DURING SHOW အကွက်တွင် အမှတ်ခြစ်ရမည်ဖြစ်၏။ တင်သွင်းပြသခွင့်ပြုသည့် ပြပွဲကုန်ပစ္စည်းများနှင့်စပ်လျဉ်း၍ ကိုင်တွယ်စရိတ်၊ သိုလှောင်စရိတ်စသည့် အခကြေးငွေများအား သက်ဆိုင်ရာဌာနများက နိုင်ငံခြားငွေဖြင့် ပေးဆောင်ရန် သတ်မှတ်ထားပါက နိုင်ငံခြားငွေဖြင့် ပေးဆောင်ရမည်။

ပြပွဲပြီး၍ ပြန်လည်တင်ပို့လိုလျှင် တစ်လအတွင်း ပြန်လည်တင်ပို့ရမည်ဖြစ်ပြီး ပို့ကုန်လိုင်စင် လျှောက်ထားရယူရန် မလိုဘဲ လေကြောင်းခရီး/နယ်စပ်ဒေသမှတစ်ဆင့် ပြန်လည် တင်ပို့ခွင့်ပြုပါသည်။

ပြပွဲစီစဉ်သူသည် ပြပွဲပြီးဆုံးသောအခါ ရက်သတ္တတစ်ပတ်အတွင်း ပြပွဲပြီးဆုံး၍ ပြန်လည်တင်ပို့ခဲ့သည့် ကုန်ပစ္စည်းအမျိုးအမည်၊ အရေအတွက်၊ တန်ဖိုးနှင့်ပြပွဲတွင် ရောင်းချခဲ့သည့် ကုန်ပစ္စည်းအမျိုးအမည်၊ အရေအတွက်၊ တန်ဖိုးများကိုအသေးစိတ်စာရင်းပြုစုပြီး ပြပွဲဓာတ်ပုံမှတ်တမ်းများပူးတွဲလျက် မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့သို့ ပေးပို့ရမည်ဖြစ်သည်။ ပြပွဲအတွက် ကုန်ပစ္စည်းများ တင်သွင်းခြင်း၊ ပြန်လည်တင်ပို့ခြင်းတို့ကို ပြပွဲစီစဉ်သူက မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့၊ နယ်စပ်ကုန်သွယ်ရေးစခန်း၊ ကုန်သွယ်ရေးဦးစီးဌာနသို့ ကြိုတင်အကြောင်းကြားထားရန်ဖြစ်ကြောင်းနှင့်ပြပွဲတွင် ဆောင်ရွက်ခွင့်ပြုသည့်အစီအစဉ်များသည် ခင်းကျင်းပြသမည့်ကုမ္ပဏီများနှင့်သာ သက်ဆိုင်ပြီး အခြားပုဂ္ဂလိကလုပ်ငန်းရှင်များ/ကုမ္ပဏီများက မိမိအစီအစဉ်ဖြင့် တင်သွင်းပြသမှုများနှင့် သက်ဆိုင်ခြင်းမရှိကြောင်း ဖော်ပြထားပါသည်။

ထို့ပြင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့က ကုန်စည်ပြပွဲကြီး အောင်မြင်စွာကျင်းနိုင်ရေးအတွက် ပြပွဲလုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးထားပါသည်။ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့၊ ပြပွဲတွင်ပြသမည့်ပစ္စည်းများအား စျေးနှုန်းစိစစ်ရန်နှင့် သွင်းကုန်လိုင်စင် ထုတ်ပေးရေးလုပ်ငန်းအဖွဲ့(One Stop Service)၊ အကောက်ခွန် ရှင်းလင်းရေးအဖွဲ့နှင့် ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့တို့ဖြစ်သည်။

ကြီးကြပ်ရေးကော်မတီသည် ပြပွဲအောင်မြင်စွာပါဝင်ပြသရေးအတွက် လုပ်ငန်းအစီအစဉ်များကို သတ်မှတ်ပေးရန်နှင့် ပြပွဲတာဝန်ခံ စီစဉ်သည့်ကုမ္ပဏီအနေဖြင့် တာဝန်ကျဝန်ထမ်းများ တာဝန်ထမ်းဆောင်ရန်၊ အကောက်ခွန်ဦးစီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနတို့အတွက် အခန်း(၃)ခန်းနေရာစီစဉ်ဆောင်ရွက်ပေးရန်၊ ပြပွဲကာလအတွင်း အဆင်ပြေချောမွေ့စွာ ပြသနိုင်ရေး အနီးကပ်ကြီးကြပ်ဆောင်ရွက်ရန်နှင့် ပြပွဲပြီးဆုံးပြီးနောက် တင်သွင်းလာသောနိုင်ငံကို စနစ်တကျ ပြန်လည်တင်ပို့နိုင်ရေးဆောင်ရွက်ပေးရန်တို့ဖြစ်သည်။ ကြီးကြပ်ရေးကော်မတီတွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူးချုပ်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့၊ ပြပွဲစီစဉ်သူနှင့်အကောက်ခွန်ဦးစီးဌာနမှ အရာရှိများ စုစုပေါင်း ၁၁ ဦးပါဝင်ပါသည်။ အကောက်ခွန်ရှင်းလင်းရေးအဖွဲ့တွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ပြပွဲစီစဉ်သူနှင့် အကောက်ခွန်ဦးစီးဌာနမှ အရာရှိများ စုစုပေါင်း ၁၁ ဦး ပါဝင်ပါသည်။ ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့တွင် ဆရာဝန်တစ်ဦးနှင့် သူနာပြုသုံးဦး ပါဝင်သည်။ ပွဲလာဧည့်သည်အရေအတွက် အနည်းအများအပေါ် မူတည်၍ အတိုးအလျှော့လုပ်ပေးပါသည်။

ထို့ပြင် ကုသရေးဦးစီးဌာနမှ အရေးပေါ် လူနာတင်ယာဉ်ကိုပါ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့က စီစဉ်ပေးထားပါသည်။ မီးသတ်ဦးစီးဌာန မီးသတ်ကားတစ်စီးနှင့်မီးသတ်ရဲဘော် ငါးဦးကိုလည်း တာဝန်ချထားရသည့်အပြင် ပြပွဲစီစဉ်သူမှ မီးပျက်လျှင် အဆင်သင့်ဖြစ်အောင် မီးစက်ကားကြီးကို လျှပ်စစ်ဌာနမှငှားရမ်းထားရှိ ပေးထားရပါသည်။

## ဖွင့်ပွဲအခမ်းအနား တက်ရောက်ချီးမြှင့်ခြင်း

ပြည်တွင်းပြပွဲများတွင်သာမက ပြည်ပပြပွဲများပါမကျန် မြန်ထရိတ်မှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ချီးမြှင့်ကြပါသည်။ နိုင်ငံတော်အဆင့်ပွဲများတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးကိုယ်တိုင် တက်ရောက်ပေးပါသည်။ နယ်စပ်ဒေသကုန်စည်ပြပွဲများတွင် ကျင်းပသော ကုန်စည်ပြပွဲဖွင့်ပွဲအခမ်းအနားများတွင်လည်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်တိုင် တက်ရောက်ကာ နိုင်ငံတော်အတွက် နိုင်ငံတကာအဆင့်မီ ပြခန်းကြီးများ (Exhibition Halls)၊ ကုန်စည်ပြပွဲများ ပေါ်ပေါက်လာစေရန် အစဉ်အားပေးတိုက်တွန်းလျက်ရှိသည်။

## စျေးကွက်ရှာဖွေပေးခြင်း

မြန်မာနိုင်ငံအတွင်းရှိ တိုင်းနှင့်ပြည်နယ်အသီးသီးမှ ဒေသထွက်ကုန်များ ကမ္ဘာ့စျေးကွက်ကိုရောက်ရှိစေရေးအတွက် ပြည်နယ်နှင့်တိုင်း ဒေသအသီးသီး၏မြို့တော်များတွင် ကုန်သွယ်မှုဗဟိုဌာနများကို ဖွဲ့စည်းတည်ထောင်ထားပြီးဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့တွင် ရန်ကုန်ကုန်သွယ်မှုဗဟိုဌာန၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့တွင် ရတနာပုံကုန်သွယ်မှုဗဟိုဌာန၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် မနောမြေကုန်သွယ်မှုဗဟိုဌာန၊စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့တွင် ဇေယျာကုန်သွယ်မှုဗဟိုဌာန၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ဧရာကုန်သွယ်မှုဗဟိုဌာန၊ မကွေးတိုင်းဒေသကြီး မကွေးမြို့တွင် ဖန်ခါးမြေကုန်သွယ်မှုဗဟိုဌာန၊ မွန်ပြည်နယ် မော်လမြိုင်မြို့တွင် ရာမညကုန်သွယ်မှုဗဟိုဌာန၊ ကယားပြည်နယ် လွိုင်ကော်မြို့တွင် ကန္တာရဝတီကုန်သွယ်မှုဗဟိုဌာန၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့တွင် မောရွှေလီကုန်သွယ်မှုဗဟိုဌာန၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်တွင် သဇင်မြေကုန်သွယ်မှုဗဟိုဌာန၊ ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့နယ်တွင် ကမ္ဘောဇ ကုန်သွယ်မှုဗဟိုဌာန၊ ကရင်ပြည်မယ် ဘားအံမြို့တွင် ဇွဲကပင်ကုန်သွယ်မှု ဗဟိုဌာနတို့မှာ ဖွဲ့စည်းပြီးဖြစ်ပြီး ချင်းပြည်နယ် ဟားခါးမြို့တွင် တောင်ဇလပ်ကုန်သွယ်မှုဗဟိုဌာန၊ပဲခူးတိုင်းဒေသကြီး ပြည်မြို့တွင် ဟံသာကုန်သွယ်မှုဗဟိုဌာနနှင့် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့တွင် တနင်္သာရီကုန်သွယ်မှုဗဟိုဌာနတို့မှာ ဆက်လက်ဖွဲ့စည်းရန် စီမံဆောင်ရွက်ထားပြီးဖြစ်သည်။

## ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ

ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲသည် မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့လက်အောက်ရှိ ဌာနခွဲတစ်ခုဖြစ်သည်။ မြန်မာ့ထုတ်ကုန်တင်ပို့သူများ၏အရည်အသွေးကို နိုင်ငံတကာစျေးကွက်တွင် မြှင့်တင်ပေးရန်၊ မြန်မာကုမ္ပဏီများကို ပြည်ပစျေးကွက်များတွင် ယှဉ်ပြိုင်နိုင်သည့်အဆင့်သို့ရောက်အောင် သက်ဆိုင်သော သတင်းအချက်အလက်များနှင့် စျေးကွက်သုတေသနတို့ကို အချိန်မီ ဖြန့်ဝေပေးရန်၊ ပြည်ပစျေးကွက်တွင် မြန်မာ့ကုန်ပစ္စည်းနှင့်ဝန်ဆောင်မှုများကို မြှင့်တင်ရန်နှင့် နိုင်ငံခြားကုန်ဝယ်သူများကို မြန်မာကုမ္ပဏီများနှင့်မိတ်ဆက်ပေးရန်ဟူသော မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ ရည်မှန်းချက်များကို တစိုက်မတ်မတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသောဌာနခွဲဖြစ်သည်။ မြန်မာ့ထွက်ကုန်များဖြစ်သော သစ်သီးဝလံများ၊ ဟင်းသီးဟင်းရွက်များ၊ ဩဂဲနစ် ထွက်ကုန်များ၊ ကော်ဖီ၊ လက်ဖက်၊ ဆန်စပါး၊ ပဲအမျိုးမျိုး၊ ရေထွက်ကုန်များ၊ အလှကုန်၊ ကျန်းမာရေးနှင့် ပတ်သက်သော အထောက်အကူပစ္စည်းများ၊ ရိုးရာအဝတ်အထည်များ၊ ကိုးကန့်လက်ဖက်ခြောက်များ၊ အင်းလေး ယက်ကန်းထည်များ၊ လက်ရက်ကြာ ပုဆိုးများ၊ သစ်သီးအချိုရည်များ စသည်တို့ကို ကုန်စည်ပြပွဲများမှတစ်ဆင့် နိုင်ငံတကာစျေးကွက်သို့ ရောက်ရှိရေးအတွက် ကြော်ငြာပေးခြင်း၊ လုပ်ငန်းရှင်များအား ကုန်စည်ပြပွဲများတွင် ခင်းကျင်းပြသလာအောင် စည်းရုံးဆောင်ရွက်ပေးခြင်းတို့ကို ဦးစားပေး ဆောင်ရွက်သဖြင့် နိုင်ငံတော်၏ကုန်သွယ်မှုပမာဏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပေးလျက်ရှိသည်။

## ပထမဆုံး မြန်မာအွန်လိုင်းကုန်စည်ပြပွဲ

မြန်မာကုန်သွယ်မှုမြှင့်တင် ရေးအဖွဲ့က ကြီးမှူး၍ မြန်မာနိုင်ငံတွင် ပထမဆုံးသော အပြည်ပြည်ဆိုင်ရာ အွန်လိုင်းကုန်စည်ပြပွဲ (Myanmar International Export Organic and Natural Products)ကို ၂၀၂၀ပြည့်နှစ် ဩဂုတ် ၂၄ ရက်မှ ၃၀ ရက်အထိ ကျင်းပခဲ့သည်။ ဖွင့်ပွဲအခမ်းအနားတွင်လည်း တရုတ်၊ ဗီယက်နမ်၊ လာအို၊ ကိုရီးယား၊ ဂျပန်၊ ဗြိတိန်၊ အီတလီ၊ ရုရှား၊ အာရပ်စော်ဘွားများပြည်ထောင်စု၊ ဥရောပသမဂ္ဂ၊ အမေရိကန်ပြည်ထောင်စုနှင့် အိန္ဒိယနိုင်ငံတို့မှ စိတ်ပါဝင်စားသူများလည်း တက်ရောက်ခဲ့ကြသည်။ အဆိုပါ အွန်လိုင်းကုန်စည်ပြပွဲ (Virtual Exhibition)သို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်တိုင် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့သည်။ မြန်မာ၊တရုတ်၊ဗီယက်နမ်၊လာအိုနှင့်ကိုရီးယားနိုင်ငံတို့မှ ကုမ္ပဏီ ၅၀ ကျော်တို့က ဆန်၊ ပဲမျိုးစုံ၊ နှမ်း၊ သစ်သီးဝလံများ၊ ရေထွက်ပစ္စည်းများ၊ စားသောက်ကုန်များနှင့် အခြား လူသုံးကုန်ပစ္စည်းများလည်း ဝင်ရောက်ပြသခဲ့သည်။ ပုံမှန်ကုန်စည်ပြပွဲကြီးများကဲ့သို့ပင် စင်ကာပူနိုင်ငံမှ လုပ်ငန်းရှင်များနှင့် ဆွေးနွေးရန် Business Matching များပါ ထည့်သွင်းစီစဉ်ပေးထားသည်။ ကိုဗစ်(၁၉)ကမ္ဘာ့ကပ်ရောဂါနှင့် ရင်ဆိုင်ကြုံတွေ့နေရသော်လည်း မြန်ထရိတ်သည် မိမိလျှောက်ရမည့် လမ်းကြောင်းကို နိုင်ငံတကာနှင့်အညီ ရင်ပေါင်တန်း၍ နိုင်ငံတော်၏ Exhibition Industry ကြီးဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

စာမျက်နှာ (၂၀) မြန်မာနိုင်ငံ၏ဒုတိယအကြိမ် . . . မှအဆက်

## ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များ နှင့် ခြုံငုံသုံးသပ်ချက်

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလမှစတင်၍ WTO အတွင်းရေးမှူးရုံးက အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသည့် အစီရင်ခံစာများအား စပိန်ဘာသာနှင့် ပြင်သစ်ဘာသာသို့ ဘာသာပြန်ဆိုကာ ဒီဇင်ဘာလနောက်ဆုံးပတ်အတွင်း အခြား WTO အဖွဲ့ဝင်နိုင်ငံများထံသို့ ဖြန့်ဝေသွားမည်ဖြစ်ပါသည်။ ထို့နောက်တွင် သတ်မှတ်အချိန်ဇယားအရ အဖွဲ့ဝင်နိုင်ငံများက စာဖြင့် ရေးသားပေးပို့သည့်မေးခွန်းများ စတင်လက်ခံရရှိခြင်း၊ အဖွဲ့ဝင်နိုင်ငံများထံမှ မေးခွန်းများ နောက်ဆုံးအဖြစ်လက်ခံရရှိခြင်း၊ မေးခွန်းများအပေါ် မြန်မာနိုင်ငံက ပြန်လည်ဖြေကြားခြင်း၊ မြန်မာကိုယ်စားလှယ်အဖွဲ့အနေဖြင့် Trade Policy Review Body (TPRB) အစည်းအဝေးတွင် ပါဝင်တက်ရောက်ခြင်း၊ အစည်းအဝေးကာလအတွင်း အဖွဲ့ဝင်များက မေးမြန်းသည့် မေးခွန်းများအားစာဖြင့်ရေးသား၍ ပြန်လည်ဖြေကြားခြင်းအဆင့်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ကုန်သွယ်မှုမူဝါဒ ဆန်းစစ်ခြင်းလုပ်ငန်းစဉ်အတွက် အပြီးသတ် အစည်းအဝေးကျင်းပခြင်းအား ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်နှင့် ၁၇ ရက်အထိ ပြုလုပ်ရမည်

> **မြန်မာနိုင်ငံ၏ ကုန်သွယ်မှုကဏ္ဍာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် အစီအမံများနှင့် ကြိုးပမ်းအားထုတ်မှုများကို ကမ္ဘာ့နိုင်ငံများသို့ ရှင်းလင်းချပြနိုင်သည့် အခွင့်အရေးကို အမိအရ ဆုပ်ကိုင်သွားနိုင်ရေး အလေးထား ကြိုးစားဆောင်ရွက်လျက်ရှိ**

ဖြစ်ရာ လက်ရှိအခြေအနေအရ ဂျီနီဗာသို့သွားရောက်ခြင်းမပြုနိုင်ပါက ဒုတိယအစီအမံအဖြစ် Virtual Meeting ဖြင့် ဆောင်ရွက်ရန် လျာထားပြင်ဆင်လျက်ရှိပါသည်။ လက်ရှိတွင်လည်း ထိုင်းနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံနှင့် မကာအိုတို့က Virtual Meeting များဖြင့် ကုန်သွယ်မှု မူဝါဒဆန်းစစ်ခြင်းအစည်းအဝေးကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

မြန်မာနိုင်ငံ၏ ဒုတိယအကြိမ် ကုန်သွယ်မှုမူဝါဒဆန်းစစ်ခြင်းလုပ်ငန်းစဉ် အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးတို့၏ ကြီးကြပ်လမ်းညွှန်မှု၊ ဌာနဆိုင်ရာ/ အဖွဲ့အစည်းများနှင့် တက်ကြွသော ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် အကောင်းဆုံးပြင်ဆင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ ကုန်သွယ်မှုကဏ္ဍာဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် အစီအမံများနှင့် ကြိုးပမ်းအားထုတ်မှုများကို ကမ္ဘာ့နိုင်ငံများသို့ ရှင်းလင်းချပြနိုင်သည့်အခွင့်အရေးကို အမိအရ ဆုပ်ကိုင်သွားနိုင်ရေး အလေးထား ကြိုးစားဆောင်ရွက်လျက်ရှိခြင်းပင် ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ဒုတိယအကြိမ်ကုန်သွယ်မှု မူဝါဒဆန်းစစ်ခြင်းလုပ်ငန်းစဉ်ကို ကိုဗစ်ကာလအတွင်း စိန်ခေါ်မှုများကြားထဲကပင် မူလရည်မှန်းချက်အတိုင်း အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်မိပါသည်။

Vol: 21, No.1 Monday January 4 2021

## လှိုင်ကော်မြို့ပေါ်ရှိ စားသောက်ကုန် အရောင်းဆိုင်များအား ဈေးကွက်စောင့်ကြည့်စစ်ဆေး

ကယားပြည်နယ် စားသုံးသူရေးရာဦးစီးဌာနက ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၂၉ ရက် မွန်းလွဲ ၁ နာရီတွင် လှိုင်ကော်မြို့ပေါ်ရှိ စားသောက်ကုန် ဖြန့်ဖြူးရောင်းချနေသော အရောင်းဆိုင်များအား ၂၀၁၉ စားသုံးသူကာကွယ်ရေး ဥပဒေပါ ကုန်စည်များပေါ်တွင် ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံစားသုံးသူရေးရာကော်မရှင်၏ ညွှန်ကြားချက် အမှတ်(၂/၂၀၁၉)ပါ သတ်မှတ်ချက်များနှင့်ကိုက်ညီမှု ရှိ/မရှိ ပြည်နယ် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာ ရေးအဖွဲ့တို့နှင့်ပူးပေါင်း၍ဈေးကွက်စောင့်ကြည့်စစ်ဆေးဆောင်ရွက်ခဲ့သည်။

ထိုသို့ ဈေးကွက်စောင့်ကြည့်စစ်ဆေးရာတွင် စားသောက်ကုန်ဖြန့်ဖြူး ရောင်းချနေသော အရောင်းဆိုင်များ၌ ၂၀၁၉ စားသုံးသူကာကွယ်ရေးဥပဒေပါ ကုန်အညွှန်းသတ်မှတ်ချက်များ ပါရှိသော်လည်း (၂/၂၀၁၉) ညွှန်ကြားချက် အရ မြန်မာဘာသာဖြင့် ဖော်ပြရမည့်အချက်များ လိုအပ်နေသည့် သောက် ရေသန့်၊ စားသုံးဆီများ စစ်ဆေးတွေ့ရှိရ၍ ထုတ်လုပ်ဖြန့်ဖြူးရောင်းချသည့် လုပ်ငန်းရှင်များ၊ အရောင်းဆိုင်လုပ်ငန်းရှင်များအား ခေါ်ယူတွေ့ဆုံပြီး ကုန် အညွှန်း အမှတ်အသားဖော်ပြခြင်းအခန်းသည် ၂၀၂၀ မတ် ၁၆ ရက်တွင် အတည်ပြုအသက်ဝင်ခဲ့သည့်အတွက် ညွှန်ကြားချက်များအပေါ် သိရှိလိုက် နာဆောင်ရွက်သွားရန် အသိပေးရှင်းလင်းခဲ့ပြီး အဆိုပါကုန်စည်များကို ထပ်မံ တွေ့ရှိပါက ဥပဒေနှင့်အညီ အရေးယူခံရမည်ကိုသိရှိကြောင်း သတိပေး လက်မှတ်ရေး ထိုးစေပြီး ကုန်စည်များအား (၂/၂၀၁၉)ညွှန်ကြားချက်နှင့်အညီ ထုတ်လုပ်ဖြန့်ဖြူးရောင်းချကြရန် အသိပေးဆောင်ရွက်ခဲ့သည်။

**ကျော်မိုး(စားသုံးသူ၊ကယား)**



## မော်လမြိုင်ကုန်စည်ဒိုင်၌ ရော်ဘာ၊ ပဲပုပ်နှင့် မြေပဲ ဈေးကျပြီး ပဲတီစိမ်း၊ ဗိုလ်ကိတ်နှင့် ပဲလွမ်းဖြူတို့ ဈေးမြင့်တက်နေ

၂၀၂၀ ဒီဇင်ဘာ ၂၈ ရက် မော်လမြိုင်ကုန်စည်ဒိုင်၏ ကုန်ဈေးနှုန်းပေါက်ဈေး များမှာ ရော်ဘာ R.S.S-3 တစ်ပေါင် ကျပ် ၇၃၀၊ ၁၀၈ ပေါင်(ဆန်သား၉၀%) ဆန် (သစ်)တစ်အိတ်ဈေးနှုန်းမှာ ဧည့်မထ ကျပ် ၂၅၅၀၀၊ ပေါ်ဆန်း ကျပ် ၃၅၀၀၀၊ ပိဿာ ၂၀ ဝင် ပဲတစ်တင်း ဈေးနှုန်းများမှာ ပဲတီစိမ်း ကျပ် ၄၀၅၀၀၊ မတ်ပဲ ကျပ် ၃၁၇၀၀၊ ပဲလွမ်းဖြူ ကျပ် ၄၈၀၀၀၊ ဗိုလ်ကိတ် ကျပ် ၄၄၅၀၀၊ ပဲပုပ်ကျပ် ၁၉၅၀၀၊ မြေပဲ ၅၈၀၀၀ ကျပ်၊ သစ်သီးဝလံမှ ကွဲကောသီး ပန်းရောင်လက်ကားဈေး တစ်လုံး ကျပ် ၁၅၀၀ မှ ၄၀၀၀၊ ကွဲကောသီးအဖြူရောင် လက်ကားဈေး တစ်လုံး ကျပ် ၁၀၀၀မှ ၂၅၀၀၊ ဒူးရင်းသီး(ဒေသမျိုး) တစ်လုံး ကျပ် ၂၀၀၀ မှ ၄၀၀၀၊ မင်းကွတ်သီး တစ်လုံး ၅၀ မှ ၁၅၀ ကျပ်၊ ရေထွက်ကုန်တစ်ပိဿာ(အလတ်စ)ဈေးနှုန်းမှာ ငါးတန် ကျပ် ၂၄၀၀၊ ငါးမြစ်ချင်း ကျပ် ၃၀၀၀၊ ငါးဖားမ ကျပ် ၂၂၀၀၊ တီလားပီးရား ကျပ် ၃၅၀၀၊ ငါးပုတ်သင် ကျပ် ၄၀၀၀၊ ငါးပုဏ္ဏား(ထီး) ကျပ် ၈၀၀၀၊ ကကတစ် ကျပ် ၈၀၀၀၊ ငါး သလောက်(အာနီ) ကျပ် ၁၅၀၀၀၊ ကင်းမွန်ကျပ် ၅၅၀၀ မှ ၈၅၀၀၊ ပုစွန်ပျော့ ကျပ် ၁၇၀၀၀ မှ ၂၂၀၀၀၊ ရေချိုပုစွန်တုပ်(စိမ်း) ကျပ် ၂၅၀၀၀ မှ ၃၈၀၀၀၊ ကဏန်း(ပန်း) ကျပ် ၃၅၀၀ မှ ၇၀၀၀ အသီးသီး ဖြစ်ပေါ်နေကြောင်း သိရသည်။

ယခင်တစ်ပတ်နှင့်ဈေးနှုန်းနှိုင်းယှဉ်ပါက R.S.S-3 ရော်ဘာတစ်ပေါင် ကျပ် ၄၀၊ ပဲပုပ်တစ်တင်း ကျပ် ၅၀၀၊ မြေပဲတစ်တင်းကျပ် ၃၀၀ ဈေးကျနေပြီး ပဲတီစိမ်း တစ်တင်း ကျပ် ၅၀၀၊ ပဲလွမ်းဖြူ တစ်တင်းကျပ် ၇၅၀၀ နှင့် ဗိုလ်ကိတ်တစ်တင်း ကျပ် ၃၅၀၀ ဖြင့် ဈေးနှုန်းဆက်လက်မြင့်တက်နေကြောင်း၊ ဆန်၊ သစ်သီးဝလံများနှင့် ရေထွက်ကုန်များမှာ ဒီဇင်ဘာတစ်လလုံး ဈေးနှုန်းတည်ငြိမ်နေပြီး အတက်/အကျ ပြောင်းလဲမှုမရှိကြောင်း မော်လမြိုင်ကုန်စည်ဒိုင်မှ သိရသည်။

**ဝင်းမြတ်(ရာမညကုန်သွယ်မှုဗဟိုဌာန)**

# ကသာမြို့နယ် မျှစ်ခြောက်လုပ်ငန်းရှင်နှင့်တွေ့ဆုံ

စားသုံးသူရေးရာဦးစီးဌာန ကသာခရိုင်ရုံးမှ ဒု-ခရိုင် ဦးစီးမှူး ဦးကျော်စိန်ဌေးနှင့်အဖွဲ့သည် ကသာမြို့နယ် အင်း တော်သွားသည့် ကားလမ်းနံဘေးတွင် တည်ရှိသော ဒေါ်နန်း ခင်အုန်း(နရိန္ဒရာကုမ္ပဏီ)၏ မျှစ်ခြောက်လုပ်ငန်းသို့ သွား ရောက်လေ့လာခဲ့သည်။

စက်ရုံတည်နေရာမှာ နေပြည်တော် တပ်ကုန်းမြို့နယ် တွင် တည်ရှိပြီး ကသာမြို့နယ်တွင် လုပ်ငန်းခွဲကြီးကြပ်သူအဖြစ် ဝါးစိုက်ပျိုးရေး အကြံပေးပညာရှင် ဦးမြင့်ဟန်က ဆောင်ရွက် ကြောင်း၊ မျှစ်ခြောက်ပြုလုပ်ရာတွင် ဝါးဘိုးဝါးကို အသုံးပြုပြီး လုပ်ငန်းဆောင်ရွက်နေကြောင်း ရရှိလာသော မျှစ်ခြောက်များ ကို ထုပ်ပိုးပြီး နေပြည်တော် တပ်ကုန်းရှိ မျှစ်ခြောက်ကုန် ချောစက်ရုံသို့ပို့ကာ စက်ရုံတွင် ပြန်လည်သန့်စင်ခြင်း၊ အရည် အသွေး ခွဲခြားခြင်း၊ Packing(ထုပ်ပိုးခြင်း)တို့ ဆောင်ရွက်ပြီး ပြည်တွင်းသို့လည်းကောင်း ပြည်ပ(ဂျပန်)သို့ တင်ပို့ရောင်းချ ကြောင်းနှင့် မြန်မာ့မျှစ်ခြောက်မှာ နိုင်ငံတကာဈေးကွက်တွင် ဈေးကွက်အခြေအနေကောင်းလျက်ရှိကြောင်းနှင့် မျှစ် ခြောက် (value added) ထုတ်လုပ်သည့်စက်ရုံမှာ မြန်မာနိုင်ငံ တွင် ၎င်းတို့ ကုမ္ပဏီမှ စက်ရုံတစ်ရုံသာရှိကြောင်း သိရသည်။

ဆက်လက်၍ နရိန္ဒရာကုမ္ပဏီမှ ကသာခရိုင်အတွင်း ဝယ်ယူသော ဝါးဘိုးဝါးမျှစ်များမှာ သဘာဝတောတောင်များမှ ထွက်ရှိသောမျှစ်ဖြစ်ပြီး နိုင်ငံတကာဈေးကွက်တွင် ဝါးဘိုးဝါးမှ ထွက်ရှိသော ဝါးမျှစ်ခြောက်သာ ဈေးကွက်ဝင်ပြီး ဝါးမျှစ်များ ကိုပြုပြင်၍ ကုန်ချောထုတ်လုပ်ရာတွင် မည်သည့်ဓာတု ဆေးဝါးမှ မပါဘဲ ထုတ်လုပ်ရကြောင်း၊ ဓာတုဓာတ်ကြွင်းပါဝင် ပါက ဈေးကွက်ပျက်နိုင်သဖြင့် သတိထားလုပ်ဆောင်နေရ ကြောင်း၊ နရိန္ဒရာကုမ္ပဏီအနေဖြင့် သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်မပျက်စီးစေရန် မြန်မာနိုင်ငံတစ်ဝန်း ဝါးစိုက်ခင်း များ ထူထောင်ထားပြီး ကသာခရိုင်တွင်လည်း ကုမ္ပဏီပိုင် ဝါးစိုက်ခင်း ဧက ၃၅၀ နှင့်အထက်ရှိပြီး မြန်မာပြည် ဝါးစိုက် ပျိုး ထုတ်လုပ်သူများအသင်းနှင့်လည်း ချိတ်ဆက်ဆောင်ရွက် လျက်ရှိကာ ဝါးစိုက်ခင်းထူထောင်လိုသူများအား ဝါးပျိုးပင် များ ရောင်းချပေးခြင်း၊ နည်းပညာပေးခြင်း၊ ဝါးမှ အခြေခံ ထုတ်လုပ်သည့် ပရိဘောဂများ (Value added) များ လုပ်ကိုင် တတ်စေရန် ကျေးလက်ဦးစီးဌာနနှင့် ပူးပေါင်း၍ သင်တန်း များ ဆောင်ရွက်ပေးလျက်ရှိသည့်အတွက် ကျေးလက်နေ ပြည်သူများ ဝင်ငွေရရှိလာနိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်း များလည်းရရှိကြကြောင်း သိရသည်။

**အေးမွန်သန့်(ကသာ)**

## အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | တိုက်ခန်း | သယ်န်းကျွန်း၊ လေးထောင့်ကန်လမ်းမကြီး | ၉၅၀ စ/ပေ | ဟောလ်ခန်း | ဂ၅၀ သိန်း | ကျောကပ် | ၀၉/၄၅၂၀၉၄၄၃၉ |
| ၂။ | တိုက်ခန်း | တောင်ဥက္ကလာပမြို့နယ်၊ မြင်သာလမ်းသွယ် | (၁၈ x ၅၀ )ပေ | BR (2) ခန်း | ၅၅၀ သိန်း | သံသုမာလမ်းမနီး | ၀၉/၂၅၀၃၇၆၃၇၉ |
| ၃။ | လုံးချင်းအိမ် | သယ်န်းကျွန်းမြို့နယ်၊ သုမင်္ဂလာအိမ်ရာ လမ်းသွယ် | မြေ ၆၄၀၀ စ/ပေ အိမ် (၂၄၀၀) စ/ပေ | BR (2) ခန်း | ၂၀၅ သိန်း | ၁ လအငှားနှုန်း | ၀၉/၂၆၆၆၆၁၉၂၂ |
| ၄။ | မီနီကွန်ဒို | စမ်းချောင်းမြို့နယ်၊ တရုတ်ကျောင်းလမ်း | ၁၁၀၀ စ/ပေ | MB (1) ခန်း၊ BR(1) (၇)လွှာ | ၁၄၅၀ သိန်း | အဆင့်မြင့်ပြင်ပြီး၊ ဓာတ်လှေကားပါ | ၀၉/၂၆၆၆၆၁၉၂၂ |
| ၅။ | တိုက်ခန်း | တာမွေမြို့နယ်၊ ကျောက်မြောင်းလမ်းမကြီး အတွင်းလမ်း | (၂၀ x ၇၀ )ပေ | BR (3) ခန်း | ၅ သိန်း | ၁ လအငှားနှုန်း | ၀၉/၄၂၂၇၂၈၃၃၉ |
| ၆။ | လုံးချင်းအိမ် | ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်းသစ် | မြေ ၄၈၀၀ စ/ပေ အိမ် (၂၄၀၀) စ/ပေ | MB (3) ခန်း၊ BR (3) | ၄၃ သိန်း | ၁ လအငှားနှုန်း | ၀၉/၄၂၂၇၂၈၃၃၉ |
| ၇။ | မြေ | ပြင်ဦးလွင်မြို့ ညောင်နီရွာ | ၇၅၀၀ စ/ပေ | ရွာမြေ/ခြံခတ်ပြီး | ၆၀၀ သိန်း | လမ်းမပေါ် | ၀၉/၉၇၆၂၁၁၁၂၃ |
| ၈။ | မြေ | ပြင်ဦးလွင်မြို့ အနီးစခန်း | (၄၀ x ၆၀)ပေ | မြေ၊ ခြံခတ်ပြီး | ၁၈၀ သိန်း | သီးပင်၊ စားပင် | ၀၉/၂၅၀၃၇၆၃၇၉ |
| ၉။ | မြေ | ဖောင်ကြီး၊ ရွာထိပ် | (၄၀ x ၆၀)ပေ | မြေသီးသန့် | ၆၀ သိန်း | လမ်းသွယ် | ၀၉/၂၅၀၃၇၆၃၇၉ |

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | နီဆန်းဝင်းဝုဒ် (၂၀၀၈) | H | ၁၅၅ သိန်း | 1.5 ဓာတ်ဆီ၊ ရန်ကုန်လိုင်စင် |
| ၂။ | ကလူဂျာ (၂၀၀၁) | E | ၂၅၅ သိန်း | 2.4 ဓာတ်ဆီ၊ ရန်ကုန် |
| ၃။ | ပရိဘောက် (၂၀၁၀) | M | ၁၇၅ သိန်း | 1 .6 ဓာတ်ဆီ၊ နယ် |
| ၄။ | ဗန်းဂတ် (၂၀၀၈) | L | ၃၆၅ သိန်း | 2.4 ဓာတ်ဆီ၊ ရန်ကုန် |
| ၅။ | ဗောက်ဆီ (VOXY) (၂၀၀၃) | K | ၂၁၅ သိန်း | 1.8 ဓာတ်ဆီ၊ ရန်ကုန် |
| ၆။ | ဘယ်လ်တာ(Belta) (၂၀၀၉) | J | ၁၈၀ သိန်း | 1.3 ဓာတ်ဆီ၊ ရန်ကုန် |
| ၇။ | ဟွန်ဒါအင်ဆိုဒ် (၂၀၁၁) | H | ၁၄၁ သိန်း | 1.3 ဓာတ်ဆီ၊ ရန်ကုန် |
| ၈။ | တိုရိုလာဆလွန်း(အိပ်(စ်)X)(၂၀၀၆) | H | ၁၇၀ သိန်း | 1.3 ဓာတ်ဆီ၊ ရန်ကုန် |
| ၉။ | ဒီမီယို (၂၀၁၀) | F | ၁၄၀ သိန်း | 1.3 ဓာတ်ဆီ၊ ရန်ကုန် |

# ကော့ကရိတ်ခရိုင် ဝဥစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း ဖွဲ့စည်း

ဒီဇင်ဘာ ၂၇ ရက် နံနက် ၁၀ နာရီတွင် ကော့ကရိတ်မြို့နယ် ပုလဲဖြူလူမှုကယ်ဆယ်ရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကော့ကရိတ်ခရိုင် ဝဥစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းဖွဲ့စည်းခြင်းကို ဆောင်ရွက်ခဲ့ကြသည်။

အခမ်းအနားတွင် ကော့ကရိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေထွန်းအောင်က အဖွင့်အမှာစကားပြောကြားပြီး ကော့ကရိတ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှမြို့နယ်ဦးစီးမှူး ဦးအောင်နိုင်က ဝဥစိုက်ပျိုးသည့်အခါ မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်ပျိုးသည့် နည်းစနစ် မှန်ကန်အောင်ဆောင်ရွက်ကြရန်နှင့် စိုက်ပျိုးရေးနည်းလမ်းနှင့်ပတ်သက်၍ လိုအပ်ချက်တစ်စုံတစ်ရာရှိပါက တင်ပြကြရန် ပြောကြားခဲ့သည်။

ထို့နောက် စားသုံးသူရေးရာဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးသန်းဦးက စားသုံးသူရေးရာဦးစီးဌာနသည် စားသုံးသူကာကွယ်ရေးလုပ်ငန်းများအပြင် ပြည်တွင်းကုန်သွယ်မှုလုပ်ငန်းများကိုလည်း လုပ်ဆောင်နေသည့် ဌာနတစ်ခုဖြစ်ကြောင်း ဝဥစိုက်ပျိုးထုတ်လုပ်ရာတွင် အရည်အသွေးပြည့်မီအောင် စိုက်ပျိုးထုတ်လုပ်သွားရန် ကိစ္စများ၊ ပြည်တွင်းမှ ပြည်ပသို့ တင်ပို့နိုင်သည်အထိ ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်းနှင့်စားသုံးသူရေးရာဦးစီးဌာန၏ လုပ်ဆောင်နေသည့်လုပ်ငန်းများအကြောင်းကို ရှင်းလင်းဆွေးနွေးခဲ့သည်။ ယင်းနောက် ဝဥစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းဖြစ်မြောက်ရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ ဦးလှရွှေကရင်း၏ဝဥစမ်းသပ်စိုက်ပျိုးဖြစ်ထွန်းနေသည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာသည့် ဝဥစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူ စီးပွားရေးလုပ်ငန်းရှင်များ၊ တောင်သူများက မိမိတို့၏ဆန္ဒဖြင့် ရွေးချယ်ထားသည့် ကရင်ပြည်နယ်၊ ကော့ကရိတ်ခရိုင် ဝဥစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းအားအဖွဲ့ဝင်၁၇ဦးဖြင့် ရွေးချယ်ဖွဲ့စည်းပေးခြင်းများကို စားသုံးသူရေးရာဦးစီးဌာနနှင့်မိတ်ဖက်ဌာနဆိုင်ရာများက အသင်းအဖွဲ့ ကို အသိအမှတ်ပြုခဲ့ကြပြီး စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကူးခဲ့ကြသည်။ အဆိုပါ အခမ်းအနားသို့ သက်ဆိုင်ရာဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝဥစိုက်ပျိုးရောင်းချတောင်သူ ၂၉ ဦး တက်ရောက်ခဲ့ကြသည်။

**နန်းခင်ဇာဖြူ(ကရင်)**

# Hundred Countries Hundred Products

## အစီအစဉ်တွင် မြန်မာ့ထုတ်ကုန်များ ပါဝင်ပြသနိုင်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အလားအလာရှိသော ဈေးကွက်အတွင်းသို့ နိုင်ငံတကာမှ ကုန်စည်များဈေးကွက်ဝင်ရောက်နိုင်မည့်အခွင့်အလမ်းများ ရရှိနိုင်စေရန် ရည်ရွယ်၍ ကျန်းစုပြည်နယ်၊ မြူနီစပယ်အစိုးရနှင့် ဟောင်ကောင် Sino-Asia Web TV Station တို့ ပူးပေါင်း၍ Hundred Countries Hundred Products အစီအစဉ်ကို ၂၀၁၈ခုနှစ် စက်တင်ဘာလမှစတင်၍ Hai An မြို့ကုန်သွယ်မှုနှင့် သယ်ယူပို့ဆောင်ရေးစက်မှုဇုန်၌အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

Hundred Countries Hundred Products အစီအစဉ်တွင် ပါဝင်ခြင်းဖြင့် ကုန်ပစ္စည်းများအား လူသိများစေရန်အတွက် အရောင်းမြှင့်တင်ရေးအစီအစဉ်များ ထုတ်လွှင့်ပေးခြင်းနှင့် Video Clip များဖြင့် ပြသပေးခြင်းစသည့် ဝန်ဆောင်မှုများအပြင် အခမဲ့ပြသနိုင်မည့် ပြခန်းနေရာများ ရရှိမည်ဖြစ်သည်။

မြန်မာနိုင်ငံကထုတ်လုပ်သည့် Made in Myanmar ထုတ်ကုန်များအား Hundred Countries Hundred Products အစီအစဉ်တွင် ပါဝင်နိုင်ရေးအတွက် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံရုံး ပေကျင်းမြို့မှတစ်ဆင့် ဆက်သွယ် ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါအစီအစဉ်တွင် ပါဝင်နိုင်ရန် စိတ်ပါဝင်စားသည့် ကုမ္ပဏီများအနေဖြင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ဖုန်း- ၀၁-၂၅၄၀၂၄ နှင့် အီးမေးလ် itpic.moc@gmail.com တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**မြတ်မြတ်စိုးမိုး**(Myantrade)

# အစားအစာများကို သတိထားစားသောက်ရန်

လူသားတို့သည် အရွယ်ရောက်သည်နှင့်အမျှ လူမှုတာဝန်များကို ထမ်းဆောင်လာရသောအခါ ပူပင်စရာများလည်း များပြားလာကြသည်။ ထို့ကြောင့် စိတ်ဖိစီးမှုများကို အနည်းနှင့်အများရင်ဆိုင်ကြရဦးမှာဖြစ်သောကြောင့် စိတ်မောလူမောဖြစ်ကာ ကျန်းမာရေးထိခိုက်လာနိုင်သည်။ စိတ်ပျော်ရွှင်ကျန်းမာလာစေရန်အတွက် နေ့စဉ်စားသုံးသော အစာအာဟာရများမှာ သန့်ရှင်းလတ်ဆတ်ရန်လည်း လိုအပ်လှသည်။ ကျန်းမာရွှင်လန်းမှသာ လန်းလန်းဆန်းဆန်းနှင့်အလုပ်များကို မှန်မှန်ကန်ကန်နှင့် မြန်မြန်ဆန်ဆန်လုပ်နိုင်ပါမည်။

မည်သို့သောအစားအသောက်ကိုမျှ စိတ်မချရသောခေတ်အခါတွင် ရွေးချယ်စရာမရှိ သောစားသုံးသူများအတွက် နေ့စဉ်နှင့်အမျှ အဆိပ်အတောက်များကိုသာ စားနေရခြင်းဖြစ်သည်။ ဟင်းသီးဟင်းရွက်မှစ၍ မုန့်ပဲသရေစာအထိ အလုံးစုံသောကုန်ပစ္စည်းများတွင် ဓာတုဆေးဝါးများပါရှိနေခြင်းကြောင့် စားသုံးသူ ပြည်သူများမှာ နေ့စဉ်လိုလို အစာအဆိပ်များကို နေ့စဉ်စားသုံးနေကြရသည်။

စားသုံးသူပြည်သူများသည်တားမြစ်ထားသော အစားအစာများကို သိရှိသော်လည်း လိုက်နာရန် ခဲယဉ်းကြသည်။ လူအများစားသုံးသော ဝက်သားတုတ်ထိုး၊ အကင်စသည်တို့တွင် ရောဂါပိုးမွှားများစွာပါဝင်သော်လည်း စားသုံးကြပါသည်။ အဘယ်ကြောင့်ဆိုသော် ကြိုက်ကြ၍ဖြစ်ပါသည်။ နာမည်ကြီးအရောင်းစင်တာများတွင် ရောင်းချနေကြသော ပဲကြီးလှော်၊ ယိုးဒယားအချိုရည်ဘူးများ၊ ဆီတိုဟူး၊ ပဲငါးပိ၊ လက်ဖက်၊ ခေါက်ဆွဲခြောက်၊ ငရုတ်ပွ၊ ငါးဖယ်ချဉ်၊ ငရုတ်ဆီ၊ သဘာဝမန်ကျည်းသီးဖျော်ရည်၊ တုတ်ထိုးချိုချဉ်၊ ကပ်စေးနှဲ၊ ဂျုံခေါက်ဆွဲ၊ ငါးပိဘူး စသည်တို့ကို စားသုံးရန်မသင့်ဟု တားမြစ်ထားခဲ့သည်။ ထို့ပြင် နိုင်ငံတကာမှ ဝင်လာသောတံဆိပ်မျိုးစုံ အချိုရည်များကို ဝယ်ယူသောက်သုံးပါက သက်တမ်းကြည့်ရှုတတ်သည့်အလေ့အထကို ကျင့်သုံးစေချင်ပါသည်။လူ့ဘဝရှင်သန်ရေးအတွက် စား၊ ဝတ်၊ နေရေးသည် လွန်စွာအရေးကြီးသည့်အလျောက်အစားအစာများ နေ့စဉ်စားသောက်ရာတွင် သတိထားစားသောက်ရန်လိုအပ်ပြီး အစားအသောက်အချို့တွင် ခဲသတ္တုများ၊ ငရုတ်သီးမှုန့်အချို့တွင် အာဖလာဘီဝမ်းမှိုဆိပ်၊ ဆန်၊ ဂျုံ၊ ပြောင်းတို့ဖြင့် ပြုပြင်ပြောင်းလဲထားသည့် အသင့်စားမုန့်အချို့တွင် မှိုဆိပ်၊ ရောစပ်ထားသော အချဉ်ရည်များ၊ ခုံ၊ ကမာများတွင် အစာအဆိပ်သင့်မှုကို ဖြစ်စေသော ဗက်တီးရီးယားပိုး၊ ဆူရှီအချို့တွင် ဗက်တီးရီးယားပိုး၊ လမ်းဘေးတွင်ရောင်းချနေသော အသားကင်နမူနာအချို့တွင် ဗက်တီးရီးယားပိုး၊ သစ်သီးဝလံအချို့တွင် မာလာသီယွန်နှင့် တညင်းသီးတွင် ကျောက်ကပ်ကို ပျက်စီးစေသော အဆိပ်ပါဝင်နေ၍ ကျန်းမာရေးထိခိုက်စေနိုင်သည်။

နေ့စဉ်စားသုံးနေကြသည့် အစားအစာများကို ခွဲခြားစိတ်ဖြာကြည့်သည့်အခါ မြန်မာလူမျိုးတို့သည် ထမင်းကိုသာ အဓိကစားသုံးကြကြောင်းတွေ့ရပါသည်။ ထမင်းဖြူ၊ ဟင်း၊ ငါးပိရည်၊ တို့စရာ၊ အရည်ဟင်းတစ်ခွက်ဖြင့် ပုံမှန်စားသုံးသည်ဟုဆိုလျှင် မမှားပါ။ ငွေကြေးတတ်နိုင်သူသည် သာမန်ထက်ပိုမိုစားသုံးနိုင်ပြီး ငွေကြေး မပြည့်စုံသူက စားဖြစ်ရုံသာ စားကြရသည်။ စားသောက်သောအစားအစာအပေါ် မူတည်၍ အာဟာရ ဖြစ်မှုနှင့် ကျန်းမာရေးတိုင်းတာနိုင်သည်။ အစာလည်း ဆေး၊ ဆေးလည်းအစာဆိုသည့်အတိုင်း အစားအသောက်များကို စားသောက်ရာ တွင် အသက်ကိုဉာဏ်စောင့်၊ ဥစ္စာကို ကံစောင့်ဆိုသည့်အတိုင်း သတိထား၍ ချင့်ချိန်စားသောက်သင့်ပါကြောင်း အကြံပြုတင်ပြလိုက်ရသည်။

**ငြိမ်းဝေနှင်း(လှိုင်ကော်)**

**နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်**

| | | |
|---|---|---|
| (၁) မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) | ဖုန်း-၀၁ ၂၅၄၀၂၄ | ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်-itpic.moc@gmail.com |
| (၂) Myanmar-EU Trade Help Desk | ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇ | အီးမေးလ်- mmeu.tradehelpdesk@gmail.com |

**ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC)**
**စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ**

| | |
|---|---|
| (၁) ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) | ဓမ္မစေတီလမ်း၊ အမှတ်(၅)ကျောင်းရှေ့ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |




**တနင်္ဂနွေသားသမီးများ -** ဒီရက်တွေအတွင်းမှာ ဘာသာရေးကိစ္စ၊ ပညာရေးကိစ္စ၊ စေ့စပ်ညှိနှိုင်းရေးကိစ္စ၊ ငွေဟောင်း၊ ကြွေးဟောင်းကိစ္စများကို ဦးစားပေးသင့်ပါတယ်။ ပစ္စည်းပျောက်ခြင်း၊ အခိုးခံရခြင်းများကို သတိပြုပါ။ အကြော၊ အာရုံကြောကျန်းမာရေး သတိပြုပါ။ အချစ်ရေးနှင့် အိမ်ထောင်ရေးမှာ ဆွေမျိုးအသိုင်းအဝိုင်းတို့ရဲ့ အကူအညီကောင်းကို ရတတ်ပါတယ်။ ၅၂ ဂဏန်းအစ ထီထိုးပါ။ **ယတြာ။** ။ကံဇာတာပွင့်လန်းရန် မြတ်စွာဘုရားမှာ အုန်းသီးသုံးစိပ်လှူပြီး ဆုတောင်းပါလေ။ ရောင်းချင်သောပစ္စည်းတွေကို ဂမုန်းငါးညွန့်နဲ့ ရိုက်ပါလေ . . . ။

**တနင်္လာသားသမီးများ** - ဒီရက်တွေအတွင်းမှာ ခရီးသွားလာရေး၊ သယ်ယူပို့ဆောင်ရေးကိစ္စများ၊ ရပ်ဝေးပြည်ပနှင့်ပတ်သက်သောကိစ္စများကို ဦးစားပေးသင့်ပါတယ်။ ဆွေမျိုးသားချင်းတို့အတွက် စိတ်ညစ်စရာ ကြုံရတတ်ပါတယ်။ အဖျားအနာ ကြုံတတ်ပါတယ်။ ချစ်သူ၊ အိမ်ထောင်ဖက်တို့ရဲ့ သတင်းကောင်းကြားရမယ်။ ၆၃ ဂဏန်းအစ ထီထိုးပါ။ **ယတြာ။** ။ကံဇာတာပွင့်လန်းရန် မြတ်စွာဘုရားမှာ ပေါက်စီလှူပြီး ဆုတောင်းပါလေ။ ရောင်းချင်သောပစ္စည်းတွေကို ယပ်တောင်နဲ့ ယပ်ခတ်ပါလေ . . . ။

**အင်္ဂါသားသမီးများ -** ဒီရက်တွေအတွင်းမှာ ယာဉ်ရထားကိစ္စ၊ စက်ပစ္စည်းကိစ္စ ပြတ်ပြတ်သားသား ပြောဆိုဖြေရှင်းရမယ့်ကိစ္စတွေကို ဦးစားပေးသင့်ပါတယ်။ လုပ်ငန်းပြိုင်တွေ၊ အတိုက်အခံတွေ များတတ်ပါတယ်။ ဆွေမျိုးသားချင်းတို့အတွက် စိတ်ညစ်စရာ ကြုံတတ်ပါတယ်။ မတော်တဆ ထိမိခိုက်မိ ဖြစ်တတ်တာကို သတိပြုပါ။ အချစ်ရေးနှင့် အိမ်ထောင်ရေးမှာ ညှိနှိုင်းရခက်တာတွေ များနေတတ်ပါတယ်။ ၇၄ ဂဏန်းအစ ထီထိုးပါ။ **ယတြာ။** ။ကံဇာတာပွင့်လန်းရန် မြတ်စွာဘုရားမှာ သပြေ ၂၁ ညွန့်လှူပြီး ဆုတောင်းပါလေ။ ရောင်းချင်သောပစ္စည်းတွေကို ဇော်စိမ်း ရှစ်ညွန့်နဲ့ ရိုက်ပါလေ . . . ။

**ဗုဒ္ဓဟူးသားသမီးများ -** ဒီရက်တွေအတွင်းမှာ မရေမရာ၊ မတင်မကျတွေ များနေတတ်ပါတယ်။ ဟိုဟာလုပ်ရကောင်းနိုးနိုး၊ ဒီဟာလုပ်ရကောင်းနိုးနိုးနဲ့ အချိန်ကုန်နေတတ်ပါတယ်။ အရောင်းမှား၊ အဝယ်မှား၊ ကတိပေးမှား၊ စကားမှားတာတွေကို သတိပြုပါလေ။ ခရီးတို၊ ခရီးနီးကိစ္စတွေကို ဦးစားပေးသင့်ပါတယ်။ ခြေထောက်ပိုင်းကျန်းမာရေး သတိပြုပါ။ အချစ်ရေးနှင့် အိမ်ထောင်ရေးမှာ အခုတစ်မျိုး၊ တော်ကြာတစ်မျိုး ဖြစ်နေတတ်ပါတယ်။ ၄၀ ဂဏန်းအစ ထီထိုးပါ။ **ယတြာ။** ။ကံဇာတာပွင့်လန်းရန် ကလေးများကို မုန့်ဝေကျွေးရင်း ဆုတောင်းပါလေ။ ရောင်းချင်သောပစ္စည်းတွေကို ဆီးသီးနဲ့ခေါက်ပါလေ . . . ။

**ကြာသပတေးသားသမီးများ -** ဒီရက်တွေအတွင်းမှာ လုပ်ငန်းသစ်စခြင်း၊ အစီအစဉ်အသစ်စခြင်း၊ ခရီးသွားလာခြင်းနှင့် သယ်ယူပို့ဆောင်ရေးအလုပ်တွေကို ဦးစားပေးသင့်ပါတယ်။ ငွေကြေး၊ ပစ္စည်း၊ စာရင်းဇယားအရှုပ်အထွေးဖြစ်တတ်တာကိုတော့ သတိပြုပါ။ လက်မှာ ထိမိခိုက်မိဖြစ်ခြင်း ကြုံတတ်ပါတယ်။ အချစ်ရေးနှင့်အိမ်ထောင်ရေးမှာ ရုတ်တရက် အပြောင်းအလဲတွေ များတတ်ပါတယ်။ ၁၄ ဂဏန်းအစ ထီထိုးပါ။ **ယတြာ။** ။ကံဇာတာပွင့်လန်းရန် မြတ်စွာဘုရားမှာ သံပရာရည် ကပ်လှူပြီး ဆုတောင်းပါလေ။ ရောင်းချင်သော ပစ္စည်းတွေကို ဘဲဥနဲ့ခေါက်ပါလေ . . . ။

**သောကြာသားသမီးများ -** ဒီရက်တွေအတွင်းမှာ အလှူပွဲ၊ မင်္ဂလာပွဲ၊ ပျော်ပွဲရွှင်ပွဲတွေ ကြုံရတတ်ပါတယ်။ ငွေကြေးကိစ္စနှင့် စာချုပ်စာတမ်းကိစ္စ၊ ကားကိစ္စတွေ ဦးစားပေးသင့်ပါတယ်။ ဘာမဆို နှစ်မျိုးနှစ်ခွ ကြုံရတတ်ပါတယ်။ ကျန်းမာရေးအတွက် ငွေကုန်ကြေးကျများမယ်။ အချစ်ရေး၊ အိမ်ထောင်ရေးမှာ ဝမ်းသာစရာကြုံမယ်။ ၂၇ အစ ထီကိုထိုးပါ။ **ယတြာ။** ။ကံဇာတာပွင့်လန်းရန် မြတ်စွာဘုရားမှာ နှင်းဆီကိုးပွင့် လှူပြီး ဆုတောင်းပါလေ။ ရောင်းချင်သောပစ္စည်းတွေကို ရွက်လှ လေးညွန့်နဲ့ ရိုက်ပါလေ . . . ။

**စနေသားသမီးများ** - ဒီရက်တွေအတွင်းမှာ ပညာရေးကိစ္စ၊ လျှောက်လွှာကိစ္စ၊ ရာထူးကိစ္စ၊ ကြီးကဲသူများနှင့် ဆက်ဆံပြောဆိုရမည့်ကိစ္စများကို ဦးစားပေးသင့်ပါတယ်။ မိန်းမကြီးတစ်ယောက်ကြောင့် စိတ်အနှောင့်အယှက် ဖြစ်ရပါတယ်။ ဆီး၊ မျက်စိ၊ အစာအိမ် ကျန်းမာရေးဂရုစိုက်ပါ။ အချစ်ရေး၊ အိမ်ထောင်ရေးမှာ ဆွေမျိုးတွေက ဝင်ရောက်ကူညီတတ်ပါတယ်။ ၃၉ အစထီထိုးပါ။ **ယတြာ။** ။ကံဇာတာပွင့်လန်းရန် နွားနို့နှင့်ပေါင်မုန့် လှူပြီး ဆုတောင်းပါလေ။ ရောင်းချင်သောပစ္စည်းတွေကို သပြေခြောက်ညွန့်နဲ့ ရိုက်ပါလေ . . . ။

# ဘုရင့်နောင်ကုန်စည်ဒိုင်သို့ တရုတ်နှင့် အောင်ပန်းအာလူး ဝင်ရောက်

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ တရုတ်အာလူး(အသစ်)နှင့် ရှမ်းပြည်နယ် အောင်ပန်းမြို့မှအာလူးများ ဝင်ရောက်လျက်ရှိပြီးဒီဇင်ဘာ ၂၉ရက်တွင် တရုတ်အာလူး(အသစ်)တစ်ပိဿာ ဈေးမှာ ကျပ်၅၅၀ ဖြစ်ပြီး အောင်ပန်းမြို့မှ ဝင်ရောက်လာသော အာလူးတစ်ပိဿာ ဈေးနှုန်းများမှာ အာလူး A1 ကျပ် ၃၈၀၊ အာလူး OK ကျပ် ၄၇၀၊ အာလူး S1 ကျပ် ၅၇၀၊ အာလူး S2 ကျပ် ၆၅၀ ဈေးနှုန်းအသီးသီးဖြစ်သည်။

ရန်ကုန်မြို့ဒေသအတွင်း လက်လီပြန်လည်ရောင်းချသူများနှင့် အာလူးကြော်လုပ်ငန်းရှင်များက ဝယ်ယူခဲ့ကြကြောင်း၊ ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဒီဇင်ဘာ ၂၉ ရက် အာလူးဝင်ရောက်မှုမှာ တစ်နေ့လျှင် ပျမ်းမျှကားအစီး အရေအတွက် ၁၂ စီးခန့်နှင့်တစ်နေ့လျှင်ပျမ်းမျှပိဿာချိန် ၇၂၀၀၀ ပိဿာဝင်ရောက်ခဲ့ကြောင်း ကုန်စည်ဒိုင်ဈေးကွက်မှ သိရသည်။



**ရွှေဝါထွန်း(မြင့်တင်၊ပြည်တွင်း-ရန်ကုန်)**

# ကယားပြည်နယ်အတွင်း ကုန်စည်စီးဆင်းမှုနှင့် ဈေးနှုန်းဈေးကွက် အခြေအနေများ

ဒီဇင်ဘာ ၂၄ ရက်မှ ၃၀ ရက်အတွင်း ကယားပြည်နယ်မှ မန္တလေးမြို့သို့ ဒေသထွက် ဧည့်မထဆန်အိတ် စုစုပေါင်း ၂၃၃၀၊ တန်ချိန်အားဖြင့် ၁၁၆ ဒသမ ၉၉ တန်ခန့် တင်ပို့နိုင်ခဲ့ပြီး ယခင်အပတ်နှင့်နှိုင်းယှဉ်မည်ဆိုပါက ဒေသထွက် ဧည့်မထဆန် တန်ချိန် ၁၁ ဒသမ ၅၅ တန်ခန့် တင်ပို့မှုပိုမိုလာခဲ့သည်။ ကယားပြည်နယ်မှ အခြားမြို့ကြီးများသို့ ပြောင်းသီးနှံတင်ပို့မှုအနေဖြင့် ပြောင်းအိတ် စုစုပေါင်း ၂၁၀၉၀ အိတ် တန်ချိန်အားဖြင့် ၁၀၃၃ ဒသမ ၁၃ တန် တင်ပို့နိုင်ခဲ့ပြီး ယခင်အပတ်နှင့်နှိုင်းယှဉ်မည်ဆိုပါက ပြောင်းတန်ချိန် ၆၈၄ ဒသမ ၃၅တန်ခန့် တင်ပို့မှုပိုမိုလာကြောင်း သိရသည်။

နိုင်ငံအတွင်းရှိ အခြားမြို့ကြီးများမှတစ်ဆင့် ကယားပြည်နယ်အတွင်းသို့ ဆန်တင်သွင်းမှုအနေဖြင့် ရန်ကုန်မြို့မှ ဆန်အိတ် ၉၆၀၊ မန္တလေးမြို့မှ ဆန်အိတ် ၅၀၀ နှင့် ရွှေဘိုမြို့မှ ဆန်အိတ် ၃၉၀ အိတ် တင်သွင်းခဲ့ရာ ပြည်နယ်အတွင်းသို့ ဆန်တင်သွင်းမှု စုစုပေါင်း ၁၈၅၀၊ တန်ချိန်အနေဖြင့် ၉၂ ဒသမ ၈၉ တန်ရှိခဲ့ပြီး ယခင်အပတ်နှင့် နှိုင်းယှဉ်မည်ဆိုပါက ပြည်နယ်အတွင်းသို့ ဆန်တန်ချိန် ၁၂ ဒသမ ၅၅ တန် တင်သွင်းမှု ပိုမိုလာကြောင်း ပြည်နယ်အထွက် ဂိတ်စာရင်းများအရ သိရသည်။



ကယားပြည်နယ်အတွင်း ယခုလက်ရှိဖြစ်ပေါ်နေသော စပါးဈေးနှုန်းများအနေဖြင့် ဧည့်မထ(မိုး)စပါး၄၆ပေါင် တင်း၁၀၀လျှင် ကျပ် ၇၄၁၀၀၀ ဈေးပေါက်လျက်ရှိပြီး ယခင်အပတ်နှင့်နှိုင်းယှဉ်မည်ဆိုပါက ဧည့်မထ(မိုး)စပါး ၄၆ပေါင် တင်း၁၀၀လျှင် ကျပ် ၃၈၀၀၀ ဈေးတက်လာသည်။ ဆန်ဈေးနှုန်းများအနေဖြင့် ပေါ်ဆန်းဆန်တစ်အိတ်လျှင် ကျပ် ၆၃၀၀၀၊ ဧည့်မထ(ဒေသ)ဆန်တစ်အိတ်လျှင် ကျပ် ၃၆၀၀၀၊ ငစိန်ဆန်တစ်အိတ်လျှင် ကျပ် ၂၅၀၀၀၊ စားသုံးဆီဈေးနှုန်းများမှာ ပဲဆီတစ်ပိဿာလျှင် (စည်ပင်လက်လီဈေး) ကျပ် ၇၀၀၀၊ နှမ်းဆီ တစ်ပိဿာလျှင် (စည်ပင်လက်လီဈေး) ကျပ် ၇၀၀၀၊ စားအုန်းဆီတစ်ပိဿာလျှင် (စည်ပင်လက်လီဈေး) ကျပ် ၂၅၀၀၊ ပြောင်း(ခြောက်)တစ်ပိဿာလျှင် ကျပ် ၃၅၅၊ ငရုတ်သီးခြောက်(ရှည်)တစ်ပိဿာလျှင် ကျပ် ၇၅၀၀၊ ငရုတ်သီးခြောက်(ပု) တစ်ပိဿာလျှင် ကျပ် ၁၇၀၀၀ဖြင့်ဈေးကွက်အတွင်း အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ဈေးကွက်သတင်းများအရ သိရသည်။

**ဖြိုးဝေအောင်(ကယား)**

# ကချင်ပြည်နယ်၏ ကုန်သွယ်မှုအခြေအနေ

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့် ကန်ပိုက်တီနယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ်နှစ်နိုင်ငံ ကုန်သွယ်မှုများရှိခဲ့ရာ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁၉ ရက်မှ ၂၅ ရက်အတွင်း တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများမှာ တစ်သျှူးငှက်ပျော၊ အစေ့ထုတ်ပြောင်း၊ သကြား၊ ဖရဲသီးနှင့် ဧည့်မထဆန်များ တင်ပို့ခဲ့ကြောင်း သိရသည်။

လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏသည် အမေရိကန်ဒေါ်လာ ၆၉၅၅၈၄၃ ဒေါ်လာဖြစ်ပြီး ကန်ပိုက်တီနယ်စပ်ကုန်သွယ်ရေးစခန်းမှတရုတ်နိုင်ငံသို့တင်ပို့ကုန်၏ငွေပမာဏမှာ၁၅၇၃၂၀၈၀ ဒသမ ၃၄၁ ဒေါ်လာဖြစ်၍တင်ပို့ကုန်၏ငွေပမာဏ စုစုပေါင်းတန်ဖိုးမှာ ၂၂၆၈၇၉၂၃ ဒသမ ၃၄၁ ကန်ဒေါ်လာ တင်ပို့မှုရှိခဲ့သည်။သွင်းကုန်ပစ္စည်းများမှာ ဓာတ်မြေဩဇာ၊ လေးဘီးလယ်ထွန်စက်၊ သုံးဘီးမော်တော်ဆိုင်ကယ်၊ ချည်ထည်၊ သံပိုက်နှင့် ပီနန်အိတ်တို့ဖြစ်သည်။ လွယ်ဂျယ်နယ်စပ် ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့တင်သွင်းကုန်၏ ငွေပမာဏမှာအမေရိကန်ဒေါ်လာ ၇၁၉၄၁၆ ဒေါ်လာဖြစ်ပြီး ကန်ပိုက်တီနယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏမှာ ကန်ဒေါ်လာ ၁၆၁၀၀ ဖြစ်၍ တင်သွင်းကုန်၏စုစုပေါင်းငွေပမာဏတန်ဖိုးမှာ ကန်ဒေါ်လာ ၇၃၅၅၁၆ တင်သွင်းမှုရှိခဲ့သည်။

ဒီဇင်ဘာ ၂၅ ရက်အထိ တစ်ဖက်နိုင်ငံ တရုတ်ပြည်တွင် ဆန်မာတစ်အိတ်လျှင် ၁၀၈ ယွမ်၊ ဆန်ပျော့တစ်အိတ်လျှင်၁၂၆ ယွမ်ဈေးနှင့် အစေ့ထုတ်ပြောင်းတစ်အိတ်လျှင် ၇၆ ယွမ် ဈေးပေါက်လျက်ရှိပြီး မြန်မာကျပ်ငွေနှင့် တရုတ်ယွမ်ငွေလဲနှုန်းမှာ မြန်မာငွေကျပ် ၁၀၀ လျှင် တရုတ်ယွမ် သုည ဒသမ ၄၉ ယွမ်ဖြစ်ကာ တစ်ယွမ်လျှင် မြန်မာကျပ်ငွေ ၂၀၄ ကျပ်ရှိကြောင်း သိရသည်။

**ဌေးလှိုင်-မနောမြေကုန်သွယ်မှုဗဟိုဌာန**

# ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေ (၂၀၁၉) အကောင်အထည်ဖော်ဆောင်ရွက်ခြင်း (၂)

## (Implementation of Trademark Law-2019)

ဒေါက်တာမိုးမိုးသွယ်

(ယခင်အပတ်မှအဆက်)

### အမှတ်တံဆိပ်လျှောက်ထားခြင်း

အမှတ်တံဆိပ်ဆိုသည်မှာ ကုန်ပစ္စည်းသို့မဟုတ် ဝန်ဆောင်မှု လုပ်ငန်းတစ်ခုကို အမျိုးအစားတူသော အခြားလုပ်ငန်းများနှင့် ကွဲပြားခြားနားစေရန် အသုံးပြုသော မျက်စိဖြင့် မြင်တွေ့နိုင်သော (Visual Perception) အမှတ်အသားတစ်ခုခုကို ဆိုလိုသည်။ အဆိုပါ အမှတ်အသားများတွင် အမည်နာမ၊ အက္ခရာ၊ ကိန်းဂဏန်း၊ ပုံဖော်မှု၊ အရောင်ပေါင်းစပ်မှုနှင့် ၎င်းတို့ကိုရောနှောဖော်ပြမှုများ ပါဝင်နိုင်သည်။မျက်စိဖြင့်မြင်တွေ့နိုင်သောအမှတ်အသားများတွင် နှစ်ဖက်မြင် သို့မဟုတ် သုံးဖက်မြင်ပုံသဏ္ဌာန် အမှတ်အသားများလည်း ပါဝင်သည်။ အမှတ်တံဆိပ်များအနေဖြင့် ကုန်ပစ္စည်းများအပေါ်တွင် ခပ်နှိပ်သော ကုန်အမှတ်တံဆိပ် (ဥပမာ-FAME)၊ ဝန်ဆောင်မှုလုပ်ငန်းများအတွက် အသုံးပြုသောအမှတ်တံဆိပ် (ဥပမာ - KBZ Bank)၊ စုပေါင်းထားသည့်အဖွဲ့အစည်းများအတွက် အသုံးပြုသော စုပေါင်းပိုင်အမှတ်တံဆိပ်(ဥပမာ- UMFCCI)ကုန်ပစ္စည်းသို့မဟုတ်ဝန်ဆောင်မှုတို့၏အရည်အသွေးနှင့်ဂုဏ်ရည်ကိုဖော်ညွှန်းသော အသိအမှတ်ပြုအမှတ်တံဆိပ် (ဥပမာ-Organic Product ဖြစ်ကြောင်း အသိအမှတ်ပြုထားသော အာမခံအမှတ်အသား)စသည်တို့ ပါဝင်သည်။

မူပိုင်ခွင့်လျှောက်လွှာတင်သွင်းခြင်းကို ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်လျှောက်လွှာ (Application Form)ကို ဖြည့်စွက်၍ လျှောက်ထားနိုင်သည်။ ကိုယ်စားလှယ်ဖြင့်လျှောက်ထားခြင်းဖြစ်လျှင် ကိုယ်စားလှယ် လွှဲအပ်လွှာကိုပါ ပူးတွဲ၍လျှောက်ထားရမည်ဖြစ်သည်။ မူပိုင်ခွင့်ထားခြင်းကို မြန်မာဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြနိုင်သည်။ လျှောက်လွှာတင်သွင်းသည့်နေ့ကို (Filing Date) သတ်မှတ်ပေးရန်အတွက် လိုအပ်သော သတင်းအချက်အလက်များ ပြည့်စုံမှသာလျှင် ရရှိနိုင်မည်ဖြစ်သဖြင့် လျှောက်လွှာတွင် မှန်ကန်ပြည့်စုံသော အချက်အလက်များကို ဖြည့်သွင်းရန် လိုအပ်သည်။ Filing Date ပေးနိုင်ရန် လိုအပ်သည့်အချက်အလက်များ ပြည့်စုံသည့်နေ့ကိုသာလျှင် လျှောက်လွှာတင်သွင်းသည့်နေ့အဖြစ် သတ်မှတ်မည်ဖြစ်သည်။ မပြည့်စုံသောလျှောက်လွှာများအတွက် လိုအပ်ချက်များကို ပြန်လည်ဖြည့်စွက်နိုင်ရန်နှင့် အခြားသော လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် မူပိုင်ခွင့်ဦးစီးဌာနမှ မူပိုင်ခွင့်လျှောက်ထားသူများသို့ ဆက်သွယ်အကြောင်းကြားမည်ဖြစ်သည်။ ပြည့်စုံစွာ ဖြည့်စွက်ထားမှုမရှိသော လျှောက်လွှာများအတွက် လျှောက်ထားသူသည် အကြောင်းကြားစာ လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ပြင်ဆင်မှုများကို ဆောင်ရွက်ရမည်ဖြစ်သည်။ ထိုသို့လမ်းညွှန်ချက်အတိုင်း ဆောင်ရွက်ခြင်းမရှိပါက အဆိုပါအမှတ်တံဆိပ် လျှောက်ထားချက်ကို ထားခဲ့ခြင်းမရှိဟု မှတ်ယူမည်ဖြစ်သည်။

Filing Date ရရန်အတွက် ဖြည့်စွက်ရန် လိုအပ်သည့် အချက်များကို ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေအခန်း(၈)၏ ပြဋ္ဌာန်းချက်(၁၆)နှင့်(၁၇) တွင် ဖော်ပြထားသည်။ အမှတ်တံဆိပ်မူပိုင်ခွင့်လျှောက်ထားသူများအတွက် မှတ်ပုံတင်ပေးရန် တောင်းဆိုချက်၊ လျှောက်ထားသူ၏ အမည်၊ လျှောက်ထားသူ၏နေရပ်လိပ်စာ၊ မူပိုင်ခွင့်တင်လိုသည့် အမှတ်တံဆိပ်နှင့်စပ်လျဉ်း၍ ရှင်းလင်းပြည့်စုံသော ဖော်ပြချက်၊ အမှတ်တံဆိပ်အသုံးပြုလိုသည့် ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှု အမည်နှင့် အမျိုးအစား (Class)၊ မူပိုင်ခွင့်လျှောက်လွှာတင်သည့် အခကြေးငွေတို့ဖြစ်ကြသည်။ မူပိုင်ခွင့်လျှောက်ထားခြင်းကို ကိုယ်တိုင် သို့မဟုတ် ကိုယ်စားလှယ်ဖြင့် လျှောက်ထားနိုင်ပြီး ကိုယ်စားလှယ်ဖြင့် လျှောက်ထားပါက ကိုယ်စားလှယ်လွှဲစာနှင့် ကိုယ်စားလှယ်၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် နေရပ်လိပ်စာတို့ကို ဖော်ပြရမည်။ ကိုယ်စားလှယ်လွှဲစာကို မူပိုင်ခွင့်ဦးစီးဌာနမှ သတ်မှတ်ထားသော ကိုယ်စားလှယ်လွှဲစာပုံစံတွင်ဖြည့်စွက်၍ လျှောက်လွှာနှင့်အတူ တင်သွင်းရမည်ဖြစ်သည်။

သို့ဖြစ်၍ အမှတ်တံဆိပ်မူပိုင်ခွင့်ကို မူပိုင်ခွင့်လွှာပြည့်စုံစွာ တင်သွင်းသည့်နေ့ Filing Date မှစတင်၍ သတ်မှတ်မည်ဖြစ်သဖြင့် ဆောလျင်စွာ မူပိုင်ခွင့်ရရှိနိုင်ရန်အတွက် လျှောက်ထားချက်များတွင် ပါဝင်သောအချက်များကို အထူးဂရုပြုဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်သည်။ ၎င်းအပြင် မှတ်ပုံတင်ရန် လျှောက်ထားသည့်အမှတ်တံဆိပ်ကို စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ထားပါက ထိုသို့မှတ်ပုံတင်ထားသည့် အထောက်အထား စာရွက်စာတမ်းများကိုလည်း တင်ပြရန် လိုအပ်မည်ဖြစ်သည်။ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ၏ "အခန်း(၁၀) ဦးစားပေး အခွင့်အရေး"တွင် ဖော်ပြထားသည့် မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်းသည့် ဦးစားပေးအခွင့်အရေးကို တောင်းဆိုလိုလျှင် ထိုသို့ ဦးစားပေးအခွင့်အရေးဆိုင်ရာ တောင်းဆိုချက်အတွက် ခိုင်လုံသည့်အထောက်အထားများကိုလည်း ပူးတွဲတင်ပြရမည်။

ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ၏ ပုဒ်မ ၁၉(က)နှင့်(၂၀) တို့တွင် မှတ်ပုံတင်လျှောက်ထားခြင်းကို ဦးစားပေးခြင်းနှင့်စပ်လျဉ်း၍ တစ်ဦးထက်ပိုသော လျှောက်ထားသူများက ထပ်တူ သို့မဟုတ် အလားတူသော အမှတ်တံဆိပ်များကို မတူညီသောနေ့ရက်များတွင် တင်သွင်းလာပါက မှတ်ပုံတင်ပေးရန် သတ်မှတ်ချက်များနှင့်ညီညွတ်၍ လိုအပ်သည့်အချက်အလက်များ ပြည့်စုံသော ဦးစွာတင်သွင်းသူကို ဦးစားပေးရမည်ဖြစ်သည်။ အဆိုပါ ထပ်တူ သို့မဟုတ် အလားတူသော အမှတ်တံဆိပ်များကို တစ်ဦးထက်ပိုသော လျှောက်ထားသူများက တစ်နေ့တည်းတွင် လျှောက်ထားလာပါက လျှောက်ထားသူအချင်းချင်း ညှိနှိုင်းဆုံးဖြတ်ရန် လိုအပ်မည်ဖြစ်ပြီး မူပိုင်ခွင့်လျှောက်ရန် သဘောတူခွင့်ပြုသူကိုသာ လျှောက်ခွင့်ပေးမည်ဖြစ်သည်။အကယ်၍ အချင်းချင်းညှိနှိုင်း၍ မရပါက မှတ်ပုံတင်အရာရှိ၏ သတ်မှတ်သော နည်းလမ်းနှင့်အညီ ဆုံးဖြတ်ချက်ကို လိုက်နာဆောင်ရွက်ရမည်ဖြစ်သည်။

> **ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုတွင် အသုံးပြုမည့် အမှတ်တံဆိပ်သည် အများပြည်သူ၏ အေးချမ်းတည်ငြိမ်မှု၊ ကိုယ်ကျင့်သိက္ခာ၊ ယုံကြည်ကိုးကွယ်မှုနှင့် နိုင်ငံတော်၏ အမွန်အမြတ်ထားအပ်သော ရိုးရာဓလေ့များကို ထိပါးစေမှုနှင့် တစ်စုံတစ်ရာ အကျိုးသက်ရောက်မှု မရှိစေရန်လည်း အထူးဂရုပြုရမည် ဖြစ်သည်။**

### အမှတ်တံဆိပ်များ ခွင့်ပြုခြင်း

ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေအရ မူပိုင်ခွင့်လျှောက်ထားလာသော အမှတ်တံဆိပ်များကို ဥပဒေပါပြဋ္ဌာန်းဖော်ပြချက် ၁၃ နှင့်အညီ စစ်ဆေးမည်ဖြစ်သည်။ ထိုပြဋ္ဌာန်းချက်သည် အမှတ်တံဆိပ်တစ်ခုတွင်ရှိသင့်သည့် အရည်အချင်းသတ်မှတ်ချက်များနှင့် ပြည့်စုံမှုရှိစေရန်အတွက် စစ်ဆေးခြင်းဖြစ်သည်။ အမှတ်တံဆိပ်တစ်ခုကို အသုံးပြုရန်အတွက် ရွေးချယ်ရာတွင် အမှတ်တံဆိပ်အနေဖြင့် သိသာထင်ရှားမှု (Distinctive) ရှိရန် လိုအပ်သည်။ သိသာထင်ရှားမှုဆိုသည်မှာ အမှတ်တံဆိပ်နှင့် ၎င်းတံဆိပ်အသုံးပြုမည့် ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများအကြား ကွဲပြားခြားနားမှုရှိရမည်ဖြစ်သည်။ ၎င်းအပြင် အသုံးပြုသည့် အမှတ်တံဆိပ်သည် သုံးစွဲသူများအား ရှင်းလင်းစွာနားမလည်နိုင်စေခြင်း သို့မဟုတ် အလွယ်တကူ မှတ်မိမှု မရှိနိုင်စေခြင်းဖြစ်ခဲ့လျှင် အဆိုပါအမှတ်တံဆိပ်ကို မှတ်ပုံတင်ခွင့်ပြုမည်မဟုတ်ချေ။

ဥပမာအားဖြင့်ဆိုရလျှင် ပန်းသီးရောင်းသည့်လုပ်ငန်း၏ အမှတ်တံဆိပ်ကို "ပန်းသီးဆိုင်" သို့မဟုတ် "ပန်းသီးပုံ" ကို အသုံးပြုလျှင် ထိုအမှတ်တံဆိပ်သည် သိသာထင်ရှားမှုမရှိဟု ယူဆမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် "ပန်းသီးဆိုင်"သည် ပန်းသီးရောင်းသူတိုင်း အသုံးပြုနိုင်သည့်အများဆိုင်နာမည်တစ်ခုဖြစ်သောကြောင့်ဖြစ်သည်။ ကုန်အမှတ်တံဆိပ်သည် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို ၎င်းအသုံးပြုသည့်လုပ်ငန်းအတွက် အသုံးပြုနေသမျှကာလပတ်လုံး ပိုင်ဆိုင်ခွင့်ပေးမည်ဖြစ်သဖြင့် အများနှင့်သက်ဆိုင်သော သို့မဟုတ် အများအသုံးပြုခွင့်ရှိသည့် အမှတ်တံဆိပ်များကို တစ်ဦးတစ်ယောက်တည်းပိုင်အဖြစ်ခွင့်ပြု၍မရချေ။ သို့ရာတွင် "ပန်းသီးပုံတံဆိပ်"ကို အခြားသောကုန်ပစ္စည်းများအတွက် အသုံးပြုမည်ဆိုလျှင် သိသာထင်ရှားမှုရှိသည်။ ဥပမာအားဖြင့် "ပန်းသီးပုံ"တံဆိပ်ကို ကွန်ပျူတာ၊ ဖုန်းနှင့် အီလက်ထရွန်နစ်ပစ္စည်းများအတွက် အသုံးပြုနိုင်သည်။ သို့ရာတွင် ရောင်းသောပစ္စည်းသည် ကွန်ပျူတာဖြစ်ပါက အသုံးပြုသော အမှတ်တံဆိပ်သည် "ကွန်ပျူတာ" မဖြစ်သင့်ချေ။

၎င်းအပြင် အမှတ်တံဆိပ်သည် အလွန်ရိုးရှင်းခြင်း၊ ရှုပ်ထွေးခြင်း၊ နားမလည်နိုင်သော အမှတ်အသားများဖြစ်ခြင်း၊ အက္ခရာတစ်လုံး သို့မဟုတ် ကိန်းဂဏန်းတစ်လုံးတည်းဖြစ်ခြင်း၊ ရိုးရှင်းသော စကားစုများဖြစ်ခြင်း၊ ထုတ်ကုန်ပုံစံနှင့် မျက်နှာပြင် ဒီဇိုင်းမျှသာဖြစ်ခြင်း၊ ယေဘုယျသုံးသောတံဆိပ်များဖြစ်ခြင်း စသည်တို့ဖြစ်လျှင်လည်း အမှတ်တံဆိပ်အနေနှင့် သိသာထင်ရှားမှုမရှိချေ။ သို့ရာတွင် အမှတ်တံဆိပ်တစ်ခုသည် ပင်ကိုအားဖြင့် သိသာထင်ရှားမှု မရှိသော်လည်း ကုန်အမှတ်တံဆိပ်တစ်ခုအဖြစ် သုံးစွဲသူများက မှတ်မိသိရှိလာလျှင်ဖြစ်စေ၊ မူရင်းကုန်သွယ်မှုကို ထိရောက်စွာညွှန်ပြနိုင်လျှင်ဖြစ်စေ အမှတ်တံဆိပ်ကို မငြင်းပယ်နိုင်ချေ။ ၎င်းအပြင် အမှတ်အသားတစ်ခုကို ကုန်အမှတ်တံဆိပ်တစ်ခုအဖြစ် တစ်ဆက်တည်းအသုံးပြုမှုကြောင့် ကုန်အမှတ်တံဆိပ်တစ်ခုအဖြစ် သုံးစွဲသူများမှ မှတ်မိသိရှိလာလျှင်လည်း အဆိုပါ အမှတ်တံဆိပ်ကို သိသာထင်ရှားမှုရှိသည်ဟု မှတ်ယူရမည်ဖြစ်သည်။

၎င်းအပြင် အမှတ်တံဆိပ်တစ်ခုသည် ကုန်ပစ္စည်း၏အရည်အသွေး၊ အရေအတွက်နှင့် အသုံးဝင်မှု၊ တန်ဖိုး၊ ထုတ်လုပ်ချိန်နှင့် အခြားသော လက္ခဏာများ ပါဝင်သည့်အမှတ်အသားများ သို့မဟုတ် ညွှန်ပြချက်များသာပါဝင်လျှင် အဆိုပါအမှတ်တံဆိပ်ကို ငြင်းပယ်နိုင်သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းအမှတ်တံဆိပ်များသည် အသုံးပြုမည့်ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများ၏ သရုပ်ဖော်ပြချက်မျှသာ ဖြစ်သောကြောင့်ဖြစ်သည်။

ဥပမာအားဖြင့် သကြားလုံးရောင်းသည့်လုပ်ငန်း၏ အမှတ်တံဆိပ်သည် "ချိုမွှေး" သို့မဟုတ် "SWEET" ဖြစ်၍မရ။ အကြောင်းမှာ သကြားလုံး၏ ချိုမြခြင်းနှင့် ရနံ့မွှေးသော အရည်အသွေးကိုသာ ဖော်ပြသော အမှတ်တံဆိပ်ဖြစ်နေသောကြောင့်ဖြစ်သည်။ သကြားလုံးအမျိုးအစားများ ကွဲပြားမည်ဖြစ်သော်လည်း သကြားလုံးတိုင်းသည် ချိုမွှေးသော ဂုဏ်သတ္တိရှိသဖြင့် အဆိုပါအမှတ်တံဆိပ်မျိုးကို မှတ်ပုံတင်ခွင့်ပြုရန် ငြင်းဆိုနိုင်သည်။ ၎င်းအပြင် ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအမှတ်တံဆိပ်ကို "နံပါတ်တစ်" (*NO-1) "အကောင်းဆုံး (The Best) "စသည့် စကားလုံးများကိုလည်း တစ်ဦးတည်းပိုင်အဖြစ် အသုံးပြုခွင့်မရနိုင်ချေ။ ၎င်းအပြင် အမှတ်တံဆိပ်ပါ အသုံးအနှုန်းများသည် အများပြည်သူ သို့မဟုတ် ကုန်သွယ်မှုနယ်ပယ်ကို ထင်ယောင်ထင်မှားဖြစ်စေရန် လှည့်ဖျားသည့်အမည်နာမများဖြစ်မည်ဆိုလျှင် ထိုအမှတ်တံဆိပ် မှတ်ပုံတင်ခြင်းကို ငြင်းပယ်နိုင်သည်။ ဥပမာအားဖြင့် "swisstime" အမှတ်တံဆိပ်နာရီဒေသ၏အမည်နာမဖြစ်သည့် "swiss" ကို အမှတ်တံဆိပ်တွင် ထည့်သွင်းအသုံးပြုထားသော်လည်း ကုန်ပစ္စည်းသည် ယင်းဒေသနှင့်ဆက်နွှယ်မှုမရှိခဲ့လျှင် သုံးစွဲသူကို "SWITZLAND"မှ ပြုလုပ်သော ပစ္စည်းဖြစ်သည်ဟု အထင်အမြင်လွဲမှားစေခြင်းဖြစ်စေနိုင်သည်။

ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုတွင် အသုံးပြုမည့်အမှတ်တံဆိပ်သည် အများပြည်သူ၏ အေးချမ်းတည်ငြိမ်မှု၊ ကိုယ်ကျင့်သိက္ခာ၊ ယုံကြည်ကိုးကွယ်မှုနှင့် နိုင်ငံတော်၏ အမွန်အမြတ်ထားအပ်သော ရိုးရာဓလေ့များကို ထိပါးစေမှုနှင့် တစ်စုံတစ်ရာ အကျိုးသက်ရောက်မှု မရှိစေရန်လည်း အထူးဂရုပြုရမည်ဖြစ်သည်။ ထို့မျှသာမက အမှတ်တံဆိပ်ကို ဖန်တီးရာတွင် နိုင်ငံတစ်နိုင်ငံ၏ အလံ၊ အထိမ်းအမှတ်အသွင်အပြင်နှင့် အခြားအမှတ်တံဆိပ်သင်္ကေတများ၊ နိုင်ငံတစ်နိုင်ငံက သတ်မှတ်ထားသည့် အာမခံအမှတ်တံဆိပ်များနှင့် သင်္ကေတများကို ခွင့်ပြုချက်မရှိဘဲ အသုံးမပြုသင့်ချေ။

(ဆက်လက်ဖော်ပြပါမည်။)

# တရုတ်နိုင်ငံသို့ ကုမ္ပဏီ ၄၃ ခုနှင့် ဆန်စက်ပေါင်း ၇၉ စက် တရားဝင်တင်ပို့နိုင်ရန် GACC မှတ်ပုံတင်ဆောင်ရွက်နိုင်ခဲ့

၂၀၂၀ ပြည့်နှစ် တရုတ်နိုင်ငံသို့ ကုမ္ပဏီ ၄၃ ခုနှင့် ဆန်စက်ပေါင်း ၇၉ စက်ကို တရားဝင် တင်ပို့နိုင်ရေးအတွက် GACC တွင် မှတ်ပုံတင်ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ပြောသည်။

ဒီဇင်ဘာ ၂၆ ရက် နံနက် ၁၀ နာရီတွင် ကျင်းပပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ နှစ်ပတ်လည် အစည်းအဝေးနှင့်အထွေထွေ ညီလာခံသို့စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းမြင့်က Video Message ပေးပို့၍ အမှာစကား ပြောကြားခဲ့ခြင်းဖြစ်သည်။

"အမျိုးသားပို့ကုန်မဟာဗျူဟာ (NES) ၂၀၂၀-၂၀၂၅တွင်လည်း ဆန်စပါးကဏ္ဍကို ဦးစားပေးအနေနဲ့ ဆက်လက် ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၂၀ ပြည့်နှစ်မှာ ကုမ္ပဏီ ၄၃ ခုနဲ့ ဆန်စက်ပေါင်း ၇၉ စက်ကို တရုတ်နိုင်ငံသို့ တရားဝင်တင်ပို့နိုင်ရေးအတွက် GACC မှာ မှတ်ပုံတင်ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

နိုင်ငံတော်အနေဖြင့်လည်း မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် ပြည်ပနိုင်ငံများမှ နည်းပညာအကူအညီ များရရှိရန် လိုအပ်ပြီး ကုန်သွယ်မှုနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် ပြည်ပရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာစေရန်အတွက် အလေးထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် နိုင်ငံတကာကုန်စည်ပြပွဲများသို့ သွားရောက်ပြသခြင်း၊ ခေတ်မီအိုင်တီနည်းစနစ်ကို အသုံးပြု၍ ပြည်တွင်း၊ ပြည်ပကုန်စည်ပြပွဲများကို အွန်လိုင်းစနစ်ဖြင့် ပြသဈေးကွက် ရှာဖွေခြင်း၊ ပုဂ္ဂလိက ကုန်သည်အသင်းအဖွဲ့များကလည်း အင်တိုက်အားတိုက် ဈေးကွက်ရှာဖွေကြသလို နိုင်ငံတော်ဘက်ကလည်း ကုန်သွယ်ဖက်နိုင်ငံများနှင့် ချိတ်ဆက် ဆွေးနွေးညှိနှိုင်း၍ ဈေးကွက်တိုးချဲ့ရှာဖွေလျက်ရှိရာ ဆန်စပါးကဲ့သို့သော သမားရိုးကျ တင်ပို့နေသည့် လယ်ယာထွက်ကုန်သီးနှံများအပြင် သီးနှံပို့ကုန်အမယ်သစ်များ၊ ဈေးကွက်အသစ်များရရှိသည့် အောင်မြင်မှုများရလျက်ရှိကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောသည်။

COVID-19 ရောဂါစတင်ဖြစ်ပွားချိန်တွင် မြန်မာနိုင်ငံအစိုးရမှ တရုတ်နိုင်ငံ၊ ဝူဟန်မြို့သို့ ဆန်တန်ချိန် ၂၀၀ လှူဒါန်းခဲ့ပြီး ဘမ်ကိုမုန်တိုင်းဒဏ်ခံရသည့် ဖိလစ်ပိုင်နိုင်ငံကိုလည်း ဆန်တန်ချိန် ၂၀၀ လှူဒါန်းနိုင်ရန်အတွက် ပူးပေါင်းစီစဉ်လျက်ရှိကြောင်း သိရသည်။

**ပန်းဆု**

# ရန်ကုန်တွင် ကျပ်သိန်း ၃၀၀ ဝန်းကျင်တိုက်ခန်းများ အရောင်းအဝယ်ပြန်ဖြစ်

ကိုဗစ်ကာလတွင် အရောင်းအဝယ် ရပ်တန့်ခဲ့ရသော အိမ်ခြံမြေဈေးကွက်တွင်ဒီဇင်ဘာလအတွင်း အရောင်းအဝယ် အနည်းငယ်ပြန်ဖြစ်လာကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် ကွန်ဒိုဈေးကွက်၊ အိမ်၊ ခြံ၊ မြေ ဈေးကွက်များအေးစက်နေသော်လည်းဆင်ခြေဖုံးမြို့နယ်များရှိ ကျပ်သိန်း ၃၀၀ မှ ကျပ်သိန်း ၅၀၀ ဝန်းကျင် တိုက်ခန်းများမှာ အရောင်းအဝယ် ပြန်လည်ဖြစ်နေကြောင်း iMyanmar House.com မှ မန်နေဂျင်းဒါရိုက်တာ ဦးနေမင်းသူက ဒီဇင်ဘာ ၂၉ ရက်တွင် ပြောကြားသည်။

"လက်ရှိမှာ အဓိကအရောင်းအဝယ်ဖြစ်နေတာကတော့ တိုက်ခန်းတွေဖြစ်ပါတယ်။ တန်ဖိုးနည်းတိုက်ခန်းနဲ့ သာမန်တိုက်ခန်းတွေ ဖြစ်ပါတယ်။ တန်ဖိုးနည်းတိုက်ခန်းကတော့ အရောင်းအဝယ် သိပ်မဖြစ်ဘူး။ အရောင်းအဝယ်ဖြစ်နေတာက ရိုးရိုးတန်းတန်း သာမန်တိုက်ခန်းလေးတွေ အရောင်းအဝယ်ဖြစ်တာကို အများဆုံးတွေ့ရပါတယ်" ဟု၎င်းက ပြောသည်။

ဒီဇင်ဘာလထဲတွင် အိမ်ခြံမြေ အရောင်းအဝယ်ဈေးကွက်၊ အငှားဈေးကွက် အနည်းငယ် ပြန်ကောင်းလာပြီး ၂၀၂၁ ခုနှစ်တွင် အစိုးရက ဆောင်ရွက်နေသော စီမံကိန်းများကြောင့် အိမ်ခြံမြေ၊ကွန်ဒို၊တိုက်ခန်းဈေးကွက်ပိုကောင်းလာနိုင်ကြောင်း သိရသည်။

"အိမ်ခြံမြေလောကအနေနဲ့ မြန်မာနိုင်ငံရဲ့ စီးပွားရေးအခြေအနေပေါ်မှာ အများကြီး မူတည်ပါတယ်။ စီးပွားရေး ကောင်းရင် ကောင်းသလောက် အိမ်ခြံမြေဈေးကွက် အလားအလာကောင်းနိုင်မယ်။ အဓိကအချက်တွေကတော့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ စီးဝင်လာဖို့ မျှော်လင့်ထားတယ်။ နောက်တစ်ခုကတော့ အစိုးရဖော်ဆောင်နေတဲ့ စီမံကိန်းကြီးတွေရှိတယ်။ ဥပမာ- ရန်ကုန်မြို့သစ်စီမံကိန်း၊ ဒလတံတားစီမံကိန်း စသဖြင့် စီမံကိန်းတွေဖော်ဆောင်ရင် အိမ်ခြံမြေလုပ်ငန်းတွေက ဖွံ့ဖြိုးတိုးတက်မယ်"ဟု ဦးနေမင်းသူက ဆက်လက်ပြောဆိုသည်။

၂၀၁၉ ခုနှစ်တွင် အိမ်ခြံမြေဈေးကွက်သည် ၄၀ ရာခိုင်နှုန်းအထိတိုးတက်လာခဲ့ပြီး ၂၀၂၀ ပြည့်နှစ်တွင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် လျှော့ဈေးများနှင့် ထုတ်ရောင်းသည့် ကိုဗစ်အထူးဈေးဟူသည့် ဈေးကွက်တစ်ခုပေါ်ခဲ့ကြောင်း သိရသည်။

**ပန်းဆု**



# ငါးဈေးကွက် ကျဆင်းသွားခြင်းကြောင့် မွေးမြူရေးလုပ်ငန်းရှင်များ အခက်အခဲဖြစ်နေ

ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားနေသည့် ကာလတစ်လျှောက် ပြည်တွင်း၊ ပြည်ပငါးဈေးကွက်များတွင် ၆၀ ရာခိုင်နှုန်းမျှ ကျဆင်းသွားသောကြောင့် မွေးမြူရေးလုပ်ငန်းရှင်များ အခက်အခဲများဖြစ်ပေါ်နေသည်ဟု မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်က ဒီဇင်ဘာ ၂၉ ရက်တွင် ပြောကြားသည်။

"စားသောက်ဆိုင်လုပ်ငန်း၊ အလှူအတန်း၊ ပွဲလမ်းသဘင်တွေ ရပ်ဆိုင်းသွားတော့ ဆက်စပ်နေတဲ့ ငါးစားသုံးမှုကပါ ကျသွားတယ်။ မတ်လကတည်းက မွေးမြူရေးလုပ်ငန်းရှင်တွေ ရင်ဆိုင်လာရတာ ၁၀ လအထိ ရောက်လာပြီ။ ကာလကြာရှည်လာတော့ အရင်းအနှီးတွေလျော့လာတယ်။ ငါးထုတ်လုပ်မှုတွေ ကျဆင်းသွားတယ်"ဟု ၎င်းက ပြောသည်။

ပြည်ပဈေးကွက်အဖြစ် ရေကြောင်းဖြင့် တင်ပို့မှု၊နယ်စပ်ကုန်သွယ်ရေးတင်ပို့မှု၊ လေကြောင်းဖြင့် တင်ပို့သည့် ကုန်သွယ်ရေးများလည်း ကုန်သွယ်မှုပမာဏ လျော့သွားခြင်း၊ ဈေးနှုန်းများ ကျဆင်းသွားခြင်းအခြေအနေများနှင့် ကြုံတွေ့နေရကြောင်း သိရသည်။

"ထိုင်းဘက်ကတော့ ကုန်သွယ်ရေးကတော့ မရပ်သွားဘူး။ ကုန်တွေက ဈေးကျသွားတယ်။ တရုတ်ကတော့ လုံးလုံးကြီး ပိတ်လိုက်တဲ့အခါကျတော့ တရုတ်နယ်စပ် ကုန်သွယ်ရေးက သွားလို့မရ ဖြစ်နေတာ အောက်တိုဘာလကတည်းကဖြစ်တယ်။ နောက်ပြီး ကိုဗစ်ကင်းစင်ကြောင်းတွေ၊ တောင်းခံချက်တွေ စစ်ဆေးချက်တွေပါမှဆိုတော့ အခက်အခဲဖြစ်နေတယ်။ဘင်္ဂလားဒေ့ရှ်က နယ်စပ်ကုန်သွယ်ရေးမှာလည်း ကိုဗစ်ကြောင့် နယ်စပ်ကုန်သွယ်ရေး ပိတ်ပင်တားမြစ်ထားတာရှိတယ်။ အဲဒါ မဖွင့်ပေးတော့ ဘင်္ဂလားဒေ့ရှ်ကို တင်ပို့လို့မရဘူး ဖြစ်နေတယ်"ဟု ဦးဝင်းကြိုင်က ပြောသည်။

ငါးလုပ်ငန်းများ၏ ပြည်တွင်း၊ ပြည်ပဈေးကွက် အခက်အခဲများကို နိုင်ငံတော်က အထောက်အပံ့များပေး၍ ပြန်လည် ကုစားပေးရန် လိုအပ်နေကြောင်း သိရသည်။

"ပြန်လည်ထူထောင်ရေးမှာ အရေးပါမယ့် နည်းလမ်းတွေနဲ့ နိုင်ငံတော်ကနေပြီး ငါးလုပ်ငန်းက မရှိမဖြစ်လိုအပ်သော လုပ်ငန်းတစ်ခုအနေနဲ့ စနစ်တကျ စီမံဆောင်ရွက်ပေးသင့်တယ်လို့ အကြံပြုချင်ပါတယ်"ဟု ဦးဝင်းကြိုင်က ပြောကြား သည်။

လက်ရှိပြည်တွင်းငါးဈေးကွက်တွင် ယခင်က တစ်ရက်လျှင် ပိဿာချိန်ခုနစ်သိန်း အရောင်းအဝယ်ဖြစ်ခဲ့ရာမှ ယခုအခါတွင် ပိဿာချိန် သုံးသိန်းခွဲသာ အရောင်းအဝယ်ဖြစ်တော့ကြောင်း သိရသည်။

**ပန်းဆု**

## တောင်သူလယ်သမားများအတွက် ကိုရီးယားချေးငွေ(ETCS)ဖြင့် အခြောက်ခံစက်နှင့် အသေးစားသိုလှောင်ရုံများ ထူထောင်မည်

တောင်သူလယ်သမားများအတွက် အခြောက်ခံစက်နှင့် အသေးစားသိုလှောင်ရုံများ ထူထောင်နိုင်ရန်အတွက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က ကိုရီးယားနိုင်ငံမှ ချေးငွေ(ETCS)ယူ၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆိုပါ အသင်းဥက္ကဋ္ဌ ဦးရဲမင်းအောင်က ပြောသည်။

ဒီဇင်ဘာ ၂၆ ရက်တွင်ပြုလုပ်သည့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ အထွေထွေညီလာခံနှင့် နှစ်ပတ်လည်အစည်းအဝေး၌ ၎င်းက ယင်းကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

"တောင်သူလယ်သမားတွေအတွက် ကျေးရွာမှာ အခြောက်ခံစက်တွေနဲ့ အသေးစားသိုလှောင်ရုံတွေ ထူထောင်ဖို့အတွက် စိုက်ပျိုးရေးမွေးမြူရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာနနဲ့ပူးပေါင်းပြီး ကိုရီးယားနိုင်ငံက ETCS ချေးငွေယူပြီး ဆောင်ရွက်မယ့်အစီအစဉ်ကိုလည်း ကျွန်တော်တို့ဆောင်ရွက်နေပါတယ်။ တစ်ဖက်ကတော့ ကျွန်တော်တို့နယ်တွေမှာရှိတဲ့ ဆန်စက်လုပ်ငန်းရှင်တွေ ဆန်ကုန်သည်တွေ Exporter တွေအတွက်ကတော့ သိုလှောင်ရုံတွေ တိုးချဲ့တည်ဆောက်ဖို့အတွက် စားသုံးသူရေးရာဦးစီးဌာန စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနဲ့ MOU ရေးထိုးပြီး ဆောင်ရွက်ဖို့အတွက်စီစဉ်တဲ့ အနေအထားဖြစ်ပါတယ်"ဟု အသင်းဥက္ကဋ္ဌ ဦးရဲမင်းအောင်က ပြောသည်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေဖြင့် COVID-19 ကပ်ရောဂါကာလအတွင်း တရုတ်နိုင်ငံသို့ ဆန်နှင့်ဆန်ကွဲ တင်ပို့ရောင်းချနိုင်သည့် ကုမ္ပဏီ ၄၃ခုထိ ရှိလာပြီး ကိုဗစ်ကာလဖြစ်သော်လည်း ဆန်တန်ချိန် ၂ ဒသမ ၅ သန်းကျော်ကို နိုင်ငံပေါင်း ၆၀ ကျော်သို့ တင်ပို့နိုင်သည့် အနေအထား ရှိလာပြီဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

တောင်သူလယ်သမားများအတွက် အရေးကြီးဆုံးလိုအပ်ချက်ဖြစ်သည့် သိုလှောင်ရုံနှင့်အခြောက်ခံစက်လုပ်ငန်းစဉ်များ ဖွံ့ဖြိုးတိုးတက်ရန် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အနေဖြင့် ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ပြီး ၎င်းအပြင် အသေးစားနှင့်အငယ်စား (SME၊ MSME) များအတွက် ဆန်စက်သိုလှောင်ရုံများ၊ အခြောက် ခံစက်လိုအပ်ချက်များကို ဆောင်ရွက်ပေးရန် စီစဉ် နေကြောင်း သိရသည်။

ထို့ပြင် မျိုးစိတ်အပါအဝင် စပါးနှင့်ဆန်ကို အွန်လိုင်းမှရောင်းချသည့် Myanmar Rice Online ဒစ်ဂျစ်တယ်ပလက်ဖောင်းကို စတင်နိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

**ပန်းဆု**

# ဒီဂျစ်တယ် ထုတ်လုပ်မှုကွင်းဆက်နှင့် လိုအပ်သော ကျွမ်းကျင်မှုများ

ဒီဂျစ်တယ်ထုတ်လုပ်မှုကွင်းဆက်သည် ထုတ်လုပ်မှုကွင်းဆက်စီမံခန့်ခွဲမှု၏ နောက်ထပ်မျိုးဆက်ဖြစ်သည်။ ကုမ္ပဏီများသည် ကမ္ဘာ့ဒီဂျစ်တယ်ထုတ်လုပ်မှုကွင်းဆက် (Global digital supply chain) ကို အသိအမှတ်ပြု လက်ခံရပါမည်။ အဘယ်ကြောင့်ဆိုသော် စီးပွားရေးလုပ်ငန်းများ၏ အနာဂတ်သည် ဒီဂျစ်တယ်ပြောင်းလဲမှုတော်လှန်ရေး(Digital transformation revolution)ကို အလွန်အမင်း အခြေခံမည်ဖြစ်သောကြောင့်ဖြစ်သည်။ ကမ္ဘာ့ဒီဂျစ်တယ်ထုတ်လုပ်မှုကွင်းဆက်ကို ထုတ်လုပ်မှုကွင်းဆက် ဒီဂျစ်တယ်ပြုလုပ်ခြင်း (Digitalization of supply chains) ဟူ၍လည်း ခေါ်ဆိုသည်။ ဒီဂျစ်တယ်ပြောင်းလဲမှုတော်လှန်ရေးတွင် အရောင်းအဝယ်နှင့် ငွေပေးငွေယူ ကိစ္စရပ်များကို ဒီဂျစ်တယ်မှတ်တမ်းထားရှိခြင်း (Blockchain)၊ အင်တာနက်မှတစ်ဆင့် ကိန်းဂဏန်းအချက်အလက်များ ကောက်ယူလွှဲပြောင်းခြင်း (Internet of things)နှင့် ခေတ်မီစက်ရုပ်များ အသုံးပြုခြင်း (Advanced robotics) စသည်ဖြင့် ပါဝင်သည်။

အထောက်အပံ့ကွင်းဆက် သို့မဟုတ် ထုတ်လုပ်မှုကွင်းဆက် အောင်မြင်ရေးအတွက် Blockchain ကို ပိုမိုအသုံးပြုရန်လိုအပ်သည်။ ကုမ္ပဏီများလုပ်ငန်းတိုးတက်ရေးအတွက် Blockchain အသုံးပြုသော နည်းလမ်း ငါးမျိုးကို အောက်ပါအတိုင်း တွေ့ရှိရသည်။

## (၁) စီးပွားရေးလုပ်ငန်း သဘောတူစာချုပ်များအတွက် အသုံးပြုခြင်း

ပထမနည်းလမ်းမှာ စီးပွားရေးလုပ်ငန်းသဘောတူစာချုပ်များအတွက် အသုံးပြုခြင်း (Block chain for smart contracts) ဖြစ်သည်။ Blockchain သည် ကမ္ဘာ့ဒီဂျစ်တယ်ထုတ်လုပ်မှု ကွင်းဆက်၏ အလွန့်အလွန် ကြီးမားသော ရှုပ်ထွေးမှုကို ဖြေရှင်းပေးနိုင်သည်။ ထို့ပြင် ကမ္ဘာ့ထုတ်လုပ်မှုကွင်းဆက် အပြန်အလှန်ချိတ်ဆက်မှုကိုလည်း ဆောင်ရွက်ပေးနိုင်သည်။ ထိုကဲ့သို့ ဖြေရှင်းဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ သတင်းအချက်အလက်အားလုံးကို မာစတာ လယ်ဂျာ (Master Ledger)အတွင်း သိမ်းဆည်းထားပါသည်။ Master Ledger ဆိုသည်မှာ မဟာစာရင်းစာအုပ် သို့မဟုတ် အထူးစီမံ ဖန်တီးဆောင်ရွက်နိုင်သည့် စွမ်းရည်ရှိသော စာရင်းစာအုပ်ဖြစ်သည်။ တစ်နည်းအားဖြင့် Master Ledger ဆိုသည်မှာ Blockchain အမျိုးအစားတစ်ခုဖြစ်သည်။

စီးပွားရေးလုပ်ငန်းသဘောတူစာချုပ်များကို စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်နှင့်အညီ Blockchain အတွင်း သိမ်းဆည်းထားသောကြောင့် လုံခြုံစိတ်ချရမှုရှိပါသည်။ ထို့ပြင် အရောင်းအဝယ်ပြုလုပ်ထားသော ငွေပေးငွေယူကိစ္စရပ်အားလုံးကို တိုင်းတာသိရှိနိုင်သည်။ ထိုမျှသာမက ကိန်းဂဏန်းအချက်အလက်များကို ပုံစံအမျိုးမျိုးဖြင့် သိမ်းဆည်းထားရသည့် အခက်အခဲကိုလည်း ပြေလည်စေသည်။ အကျိုးဆက်အနေဖြင့် ကုန်သွယ်ဖက်များ (Trading partners) သည် အတူလက်တွဲ၍ ပိုမိုထိရောက်စွာ ရောင်းဝယ်ဖောက်ကားနိုင်သည်။

## (၂) ထုတ်လုပ်မှုကွင်းဆက် ရေရှည်တည်မြဲရေးအတွက် အသုံးပြုခြင်း

ဒုတိယနည်းလမ်းမှာ ကျင့်ဝတ်နှင့်ညီသော ထုတ်လုပ်မှု ကွင်းဆက်များ အရှည်သဖြင့် တည်မြဲနေရေးအတွက် Blockchain ကို အသုံးပြုခြင်းဖြစ်သည်။ ကုမ္ပဏီတစ်ခုက ထုတ်ကုန်တစ်ခုကို ထုတ်လုပ်ထားသည်ဟု ယူဆပါ။ ထိုအခါ ၎င်းကုမ္ပဏီကို ဝှက်စာဖြင့် ရေးသားထားသည့် တစ်ဦးတည်းပိုင်ဆိုင်သူ (Unique identifier) အဖြစ်သတ်မှတ်ပေးသည်။ ထို့ကြောင့် တစ်ဦးတည်း ပိုင်ဆိုင်သူသည် အချိန်တိတိကျကျသတ်မှတ်ထားသော အမှတ်သင်္ကေတတစ်ခုကို ချိတ်ဆက်နိုင်ပါသည်။ ထို့နောက် ယင်းအမှတ်သင်္ကေတနှင့်အတူ ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက်တွင်ရှိသော ထုတ်ကုန်ကို အဆက်မပြတ် ကြည့်ရှုနိုင်သည်။ ဤသတင်းအချက်အလက်အားလုံးကို Blockchain ၌သိမ်းဆည်းထားသည်။ ထို့ကြောင့် ထုတ်လုပ်မှုကွင်းဆက်ခေါင်းဆောင်များက ထုတ်ကုန်နှင့်ပတ်သက်ပြီးကျင့်ဝတ်နှင့် ညီ၊ မညီကိုလည်းကောင်း၊ ယုံကြည်စိတ်ချရမှု ရှိ၊ မရှိကိုလည်းကောင်း သိရှိနိုင်သည်။ အကျိုးဆက်အနေဖြင့် ထုတ်ကုန်ကိုဈေးကွက်ပို့ဆောင်သည့်အဆင့်တိုင်း၌စွမ်းဆောင်ရည်ရှိရှိလုပ်ဆောင်နိုင်သည်။

သိန်းမြင့်ဝေ

## (၃) ပိုမိုကောင်းမွန်သောလုံခြုံရေးအတွက် အသုံးပြုခြင်း

ထုတ်လုပ်မှုကွင်းဆက် လုံခြုံရေးသည် စီးပွားရေးလုပ်ငန်းများအတွက် အလွန်အရေးကြီးသော တင်းတင်းကျပ်ကျပ်ဆောင်ရွက်ရမည့်ကိစ္စဖြစ်သည်။ သို့မှသာ အဖိုးတန်သော ကုန်လက်ကျန်နှင့် လျှို့ဝှက်သတင်းအချက်အလက်များကို ကမ္ဘာတစ်ဝန်း လွှဲပြောင်းရောင်းဝယ်နိုင်မည်ဖြစ်သည်။ Blockchain Ledger ဟူသော ဒီဂျစ်တယ်မှတ်တမ်းသည် သဘောသဘာဝအရ မပြောင်းလဲနိုင်သောနည်းလမ်းဖြစ်သည်။ ထို့ပြင် မှတ်တမ်းများကို အဓိကအဖွဲ့အစည်းများ (Pertinent parties) ၏ ခွင့်ပြုချက်အဆင့်ဆင့်မရရှိဘဲ ပြင်ဆင်၍မရပေ။ ထို့ကြောင့် Hacker များ၏ ခိုးယူနှောင့်ယှက်မှုနှင့် ဆိုက်ဘာတိုက်ခိုက်မှု(Cyber-attacks)ကိုကာကွယ်နိုင်ပါသည်။ထိုကဲ့သို့လုံခြုံမှုအဆင့်အတန်းမြင့်မားသော်လည်း Blockchain တွင် ပါဝင်သူများသည် သက်ဆိုင်ရာ မှတ်တမ်းနှင့် အချက်အလက်များကို ကူးယူနိုင်ပါသည်၊ ကူးယူခွင့်ရှိပါသည်။ ထို့ပြင် စာရင်းစစ်ဆေးခြင်းကို ပိုမိုလွယ်ကူစေပြီး ကိန်းဂဏန်းများကိုလည်း ပိုမိုတိကျစေပါသည်။

> **အနာဂတ် ထုတ်လုပ်မှုကွင်းဆက် ခေါင်းဆောင်များသည် စီးပွားရေးလုပ်ငန်းနှင့် ပတ်သက်သော ထိုးထွင်းဉာဏ် သို့မဟုတ် ဝေဖန်ပိုင်းခြားတတ်သော ဉာဏ် (Business acumen) ရှိရပါမည်။**

## (၄)နောက်ကြောင်းပြန်ခြေရာခံနိုင်ရန်အတွက် အသုံးပြုခြင်း

လက်ရှိအချိန်ကာလတွင် ထုတ်ကုန်များစွာသည် ကမ္ဘာ့ထုတ်လုပ်မှုကွင်းဆက်မှတစ်ဆင့် တစ်ကမ္ဘာလုံးသို့ စီးဆင်းနေသည်။ အဆိုပါ စီးဆင်းနေသော ထုတ်ကုန်အားလုံး၌ ၎င်းတို့နှင့် တွဲလျက် သတင်းအချက်အလက်များ ဖော်ပြထားသည်။ ထုတ်ကုန်ထုတ်လုပ်ရာ ဒေသ/နိုင်ငံ၊ ပို့ဆောင်မည့်နေရာ၊ အရေအတွက်နှင့် ထုပ်ပိုးမှုပုံစံ၊ အမှတ်စဉ်နံပါတ်နှင့် ထုတ်လုပ်သူ စသည့် သတင်းအချက်အလက်များ ဖော်ပြထားခြင်းဖြစ်သည်။ Blockchain ကို အသုံးပြုမည်ဆိုပါက ဒီဂျစ်တယ်ထုတ်လုပ်မှုကွင်းဆက်ဆိုင်ရာ ဆုံးရှုံးနိုင်ခြေကို လျော့ကျစေနိုင်သည်။ အဘယ်ကြောင့်ဆိုသော် Blockchain သည် ထုတ်ကုန်ဖြတ်သန်းရွေ့လျားသောခရီး၏ အဆင့်တိုင်းကို နောက်ကြောင်းပြန်ခြေရာခံနိုင်သောကြောင့်ဖြစ်သည်။ ထို့ပြင် ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက် ရွေ့လျားသွားလာနေသော ထုတ်ကုန်ပေါင်းများစွာကို အကြိမ်ကြိမ်၊ အဖန်ဖန် စောင့်ကြည့် စစ်ဆေးရခြင်းကိုလည်းပပျောက်စေပါသည်။

## (၅)စွမ်းဆောင်ရည် တိုးတက်ရေးအတွက် အသုံးပြုခြင်း

Blockchain သည် မသက်ဆိုင်သူများက ပြင်ဆင်ပြောင်းလဲ၍မရခြင်းနှင့်ပွင့်လင်းမြင်သာမှုရှိခြင်းတို့ကြောင့် ဒီဂျစ်တယ်ထုတ်လုပ်မှုကွင်းဆက်အတွင်း ပါဝင်သူအားလုံးသည် ထုတ်ကုန်နှင့်ပတ်သက်သည့် သတင်းအချက်များကို ခြေရာခံနိုင်သည်။ ထို့ပြင် အဆိုပါသတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီရရှိနိုင်သည်။ ဤအချက်က ထုတ်လုပ်မှုကွင်းဆက်၏ စွမ်းဆောင်ရည်ကို သိသိသာသာ တိုးတက်စေသည်။ စီးပွားရေးလုပ်ငန်းသဘောတူစာချုပ်များ(Smart contracts)ကလည်း စွမ်းဆောင်ရည်ကို ဆက်လက်တိုးတက်စေပါသည်။ အဘယ်ကြောင့်ဆိုသော် လုံခြုံစိတ်ချရသော ဤသဘောတူစာချုပ်များက စာချုပ်စာတမ်းဆိုင်ရာ အငြင်းပွားမှုအတွက် အချိန်ကုန်သက်သာစေသောကြောင့်ဖြစ်သည်။ ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက်ထုတ်ကုန် စီးဆင်းခြင်းသည်လည်း သတ်မှတ်ချက်များ (Terms and conditions)နှင့်အညီ ဖြစ်သောကြောင့် အငြင်းပွားမှု တစ်စုံတစ်ရာ ပေါ်ပေါက်လာပါက အလွယ်တကူဖြေရှင်းနိုင်ပါသည်။

## (၆)လိုအပ်သော ကျွမ်းကျင်မှုများ

ပြောင်းလဲတတ်သောအနာဂတ်ကို ဦးဆောင်ဦးရွက်ပြုနိုင်ရန်အတွက် နည်းပညာနှင့် စီးပွားရေးလုပ်ငန်းဆိုင်ရာ အသိပညာ (Technical and business knowledge) လိုအပ်သည်။ ထိုမျှသာမက အဆိုပါနည်းပညာနှင့်လုပ်ငန်းဆိုင်ရာ အသိပညာများကို ပူးပေါင်းဆောင်ရွက်တတ်မှု၊ ဆက်ဆံရေး ကောင်းမွန်မှု (Collaboration and communication skills) တို့နှင့်ပေါင်းစပ်ရန် လိုအပ်သည်။ နည်းပညာဆိုင်ရာ ဗဟုသုတနှင့် စီးပွားရေးဗဟုသုတရှိသည့်အပြင် လူအများနှင့် ပူးပေါင်းလုပ်ဆောင်တတ်ပြီး ဆက်ဆံရေးကောင်းမွန်မှသာ အောင်မြင်မည်ဟု ဆိုလိုသည်။ ထုတ်လုပ်မှုကွင်းဆက်ကို တာဝန်ယူဆောင်ရွက်နေသော ဌာနအလိုက် ခေါင်းဆောင်များအပေါ် လွှမ်းမိုးနိုင်စွမ်းသည် သော့ချက်ကျပါသည်။ ထိုနည်းတူစွာပင် လုပ်ငန်းအဖွဲ့အစည်း အသီးသီးရှိ ခေါင်းဆောင်များနှင့် ပါးနပ်စွာ ဆက်ဆံနိုင်စွမ်းသည်လည်း မရှိမဖြစ် လိုအပ်သည်။ အဘယ်ကြောင့်ဆိုသော် ထုတ်လုပ်မှု ကွင်းဆက်လုပ်ဆောင်ချက်များသည် စီးပွားရေးလုပ်ငန်း အသီးသီးနှင့် ဆက်နွှယ်နေလေ့ရှိသောကြောင့်ဖြစ်သည်။

အနာဂတ်ထုတ်လုပ်မှုကွင်းဆက်ခေါင်းဆောင်များသည် စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်သော ထိုးထွင်းဉာဏ် သို့မဟုတ် ဝေဖန်ပိုင်းခြားတတ်သောဉာဏ် (Business acumen) ရှိရပါမည်။ သက်ဆိုင်ရာ ဘာသာစကား ပြောဆိုနိုင်ရပါမည်။ သို့မှသာ ဘဏ္ဍာရေးကိစ္စ၊ ဈေးကွက်ရှာဖွေရောင်းချရေးကိစ္စ စသည်တို့ကို ဆောင်ရွက်ရာတွင် ပိုမိုထိရောက်မည်ဖြစ်သည်။ အနာဂတ်၏ ထိရောက်သော ထုတ်လုပ်မှုကွင်းဆက်ခေါင်းဆောင်သည် သတင်းနည်းပညာကျွမ်းကျင်သူ (Tech-savvy) ဖြစ်သည်။ ထို့ပြင် စက်ကိရိယာများကိုသာ အသုံးပြုလည်ပတ်မည့် စီးပွားရေးလောကတွင် ရင်ပေါင်တန်းလုပ်ကိုင်နိုင်သူဖြစ်ပါသည်။

လူနှင့်စက်၏ကြားတွင် ဖြစ်နိုင်ခြေရှိသည့် ပြဿနာကို ပြောဆိုလေ့ရှိသည်။ အသိဉာဏ်တု (Artificial Intelligence-AI) သည် မန်နေဂျာများ၏နေရာကို အစားမထိုးနိုင်ဟု အချို့က ပြောဆိုကြသည်။ သို့သော်လည်း အသိဉာဏ်တုနှင့် အတူတကွ အလုပ်လုပ်နေသော မန်နေဂျာများက အသိဉာဏ်တု အသုံးမပြုသော မန်နေဂျာများ၏ နေရာကို အစားထိုးလိမ့်မည်ဟု ပြောဆိုကြပြန်သည်။ အဓိကပြောကြားလိုသောအချက်မှာ ထုတ်လုပ်မှု ကွင်းဆက်သည် ပြောင်းလဲနေကြောင်း၊ ထို့အတွက် လူသည် အရေးကြီးသကဲ့သို့ နည်းပညာသည်လည်း အရေးကြီးကြောင်း အသိပေးလိုခြင်းဖြစ်သည်။ ဤပြောကြားချက်သည် မှားယွင်းမှုတစ်ခု မဟုတ်ပါ။ ဤ ပြောကြားချက်သည် ပုံမှန်အသစ် (New Normal) ဖြစ်သည်။ ပုံမှန်အသစ်ဆိုသည်မှာ လက်ရှိအခြေအနေကို ဆိုလိုပါသည်။ တစ်နည်းအားဖြင့် ပုံမှန်အသစ်ဆိုသည်မှာ ယခင်အခြေအနေနှင့်သိသိသာသာကွဲပြားပြီး မကြာသေးမီက ဖြစ်ပေါ်လာသော အခြေအနေတစ်ခုဖြစ်သည်။ ဤခေါင်းဆောင်သည် ဒီဂျစ်တယ်နည်းပညာကို အထူး တတ်ကျွမ်းရမည့်အပြင် လူအများနှင့် ဆက်ဆံရေးလည်း ပြေပြစ်ရပါမည်။ ထို့ပြင် ဤခေါင်းဆောင်သည် ပြဿနာကို ဖော်ထုတ်ဖြေရှင်းနိုင်သူဖြစ်ရမည်။ ထုတ်လုပ်မှုကွင်းဆက်အဆင့်ဆင့်တွင် ဖြစ်ပေါ်နေသော အခက်အခဲနှင့် ပြဿနာများကို ဆန်းစစ်ဖော်ထုတ်ပြီး ရင်ဆိုင်ဖြေရှင်းပေးနိုင်ရမည်ဟု ဆိုလိုသည်။

ထုတ်လုပ်မှုကွင်းဆက်ခေါင်းဆောင် (Supply chain leader)၏ အခန်းကဏ္ဍနှင့် လုပ်ငန်းတာဝန်မှာ ရှုပ်ထွေးသကဲ့သို့ အစဉ်အမြဲလည်း ပြောင်းလဲနေပါသည်။ ဤကမ္ဘာလောကသစ်တွင် ရှင်သန်အောင်မြင်ရန်အတွက် ထုတ်လုပ်မှုကွင်းဆက်ပညာရှင်များ (Supply chain professionals)သည် ၎င်းတို့၏ အရည်အချင်း သို့မဟုတ် စွမ်းရည်ကို မြှင့်တင်နေသင့်သည်။ ပူးပေါင်းဆောင်ရွက်မှု၊ ဆက်ဆံရေးနှင့် ခေါင်းဆောင်မှုစွမ်းရည်များကို မြှင့်တင်နေသင့်သည်။ အဆိုပါ စွမ်းရည်များကို နည်းပညာဗဟုသုတ၊ လုပ်ငန်းကျွမ်းကျင်မှုတို့နှင့် ပေါင်းစပ်ရပါမည်။ ထိုကဲ့သို့ ပေါင်းစပ်လိုက်ခြင်းအားဖြင့် အနာဂတ်ထုတ်လုပ်မှုကွင်းဆက်အတွက် အလွန်ကြီးမားသော အင်အားတစ်ရပ်ဖြစ်လာပါမည်။

Source: anaplan





# မြန်မာ့စိုက်ပျိုးရေး ထွက်ကုန် ချင်း ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရေးအတွက် သိကောင်းစရာများ

သီတာကျော်(မြဝတီ)

ကမ္ဘာ့ဒေသအချို့နှင့် အာရှမှာ ဆေးဖက်လည်းဝင် ဟင်းခပ် အမွှေးအကြိုင်အဖြစ် အသုံးပြုလေ့ရှိတဲ့ စိုက်ပျိုးရေးထွက်ကုန်ဖြစ်တဲ့ "ချင်း" အဓိကထွက်ရှိသည့်နေရာများကတော့ အာရှမှာသာ ဖြစ်ပါတယ်။ ယခုအခါ ချင်းကို လက်ဖက်ရည်၊ ကော်ဖီ၊ ဘီယာ၊ ဝိုင်၊ သကြားလုံး စသည်တို့မှာပါ ထည့်သွင်းအသုံးပြုလာတာတွေ ရှိလာပါတယ်။

အာရှရဲ့ ချင်းထွက်ရှိရာ ဒေသတွေထဲမှာ မြန်မာနိုင်ငံသည်လည်း ချင်း စိုက်ပျိုးထွက်ရှိရာ ဒေသတစ်ခုဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ စိုက်ပျိုးထွက်ရှိတဲ့ ချင်း၈၄ ရာခိုင်နှုန်းဟာ ရှမ်းပြည်နယ် တောင်ပိုင်းကဖြစ်ပြီး ကလော၊ အောင်ပန်း၊ ဟိုပုံး၊ ပင်လောင်း၊ ပင်းတယ၊တောင်ကြီးတို့မှာ အများဆုံးစိုက်ပျိုးထွက်ရှိပါတယ်။ ချင်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှလည်း အနည်းငယ်ထွက်ရှိပါတယ်။ မြန်မာနိုင်ငံမှထွက်ရှိတဲ့ ချင်းများအနက် ကလော၊အောင်ပန်းနဲ့ဟိုပုံးဒေသများမှ ထွက်ရှိသည့် ချင်းများမှာ အရည်အသွေးအကောင်းဆုံးဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ချင်း စိုက်ပျိုးတာကတော့ မတ်လနဲ့ ဧပြီလမှာ စိုက်ပျိုးမြေပြုပြင်လေ့ရှိပြီး မေလ၊ ဇွန်လနဲ့ ဇူလိုင်လတို့မှာ စတင်စိုက်ပျိုးလေ့ရှိပါတယ်။အချို့မှာ စက်တင်ဘာလနဲ့ အောက်တိုဘာလမှာ စတင်တူးဖော်သော်လည်း အချို့ကတော့ နိုဝင်ဘာလနဲ့ ဒီဇင်ဘာလတို့မှသာ စတင်တူးဖော်ကြပါတယ်။

မြန်မာနိုင်ငံကထွက်ရှိတဲ့ ချင်းများဟာ သက်တမ်းရင့်သည့်အတွက် အမျှင်များ၍ အခွံထူသည့် ချင်း အမျိုးအစားမျိုးဖြစ်တယ်။ မြန်မာနိုင်ငံကထွက်ရှိတဲ့ ချင်းအမျိုးအစားများကို ဒေသအလိုက် အမျိုးအစား အခေါ်အဝေါ်များကွဲပြားသော်လည်း ပျမ်းမျှအမျိုးအစား သုံးမျိုးခန့်ရှိသည်ကို တွေ့ရှိရပါတယ်။ အဆိုပါ အမျိုးအစားတွေကတော့ အမျှင်နည်းပြီး အနံ့မပြင်းသော အစိုဓာတ် အနည်းငယ်သာရှိသော ချင်း အမျိုးအစားကို "Rangoon အမျိုးအစား"၊ အရွယ်အစား အနေတော်နှင့် လက်ချောင်းများဖြန့်ထားသကဲ့သို့ရှိ၍ အစိုဓာတ် ကြာရှည်ထိန်းထားနိုင်ပြီး အနံ့အနည်းငယ်ပြင်းကာ အဝါဖျော့ရောင်ရှိသော ချင်းအမျိုးအစားကို "Chinese အမျိုးအစား"ဟု ခေါ်ကြပြီး အရွယ်အစားသေးကာ အနည်းငယ်လုံးဝန်းသော ချင်းအမျိုးအစားကို "Pink အမျိုးအစား" ဟု ခေါ်ကြပြီး အဆိုပါ ချင်းအမျိုးအစားကို တိုင်းရင်းဆေးထုတ်လုပ်ရာတွင် အသုံးပြုလေ့ရှိကြပါတယ်။

ဒါ့ပြင် Export နဲ့ ပြည်တွင်းဈေးကွက်တွေမှာ တင်ပို့ရောင်းချတဲ့အခါ ချင်းအရွယ်အစား အရည်အသွေးများအလိုက် Grade လေးမျိုးခန့် ခွဲခြားထားတာကိုလည်း တွေ့ရပါတယ်။ ချင်းဟာ အရွယ်အစားအကြီးဆုံးဖြစ်ပြီး အစိုဓာတ်ရေရှည်ထိန်းထားနိုင်ပြီး မှိုကင်းစင်ပြီး အကျိုးအပဲ့မရှိတဲ့ ချင်းတစ်တက် ၃၁၂ဂရမ်ရှိ ချင်းအား First Grade အဖြစ်သတ်မှတ်ပြီး Second Grade ချင်းကိုတော့ အရွယ်အစား အနည်းငယ်သေးပြီး မှိုကင်းစင်ပြီး အကျိုးအပဲ့မရှိ တစ်တက် ၁၀၀ ဂရမ်ဝန်းကျင်ခန့်ရှိတဲ့ ချင်းဖြစ်ပါတယ်။ Third Grade အမျိုးအစား ချင်းကတော့ အရွယ်အစားသေးပြီး အရွယ်စုံရောနှောထားတဲ့ ချင်းပဲဖြစ်ပါတယ်။ Lowest Grade ချင်းအမျိုးအစားကတော့ အရွယ်အစား အသေးဆုံးဖြစ်ပြီး တစ်တက် ၅၀ ဂရမ် ဝန်းကျင်ခန့်သာ ရှိတတ်ကြပါတယ်။အမျိုးအစားအလိုက် မြဝတီနယ်စပ်မှာရောင်း ချတဲ့ဈေးနှုန်းတွေကတော့ First Grade က တစ်ပိဿာ ကျပ် ၁၈၀၀ အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၄ ဒေါ်လာခန့်၊ Second Grade ချင်းကိုတော့ တစ်ပိဿာ ကျပ် ၁၆၀၀ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၉ ဒေါ်လာခန့်၊ Third Grade အမျိုးအစား ချင်းကတော့ တစ်ပိဿာ ကျပ် ၁၄၀၀ အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၄ ဒေါ်လာခန့်၊Lowest Grade ချင်းအမျိုးအစားကတော့ တစ်ပိဿာ ကျပ် ၁၂၀၀ အမေရိကန်ဒေါ်လာ ၀ ဒသမ ၈၉ ဒေါ်လာခန့် ပေါက်တယ်လို့ အကြမ်းဖျင်း သိရတယ်။

ဒါ့အပြင် မြန်မာနိုင်ငံ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် စားဖိုဆောင် သုံးသီးနှံစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းက သတ်မှတ်ထားသည့် လိုင်စင်(FOB)ဈေးနှုန်းမှာတော့ ချင်းအစို (Fresh Ginger) အတွက် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၁၁၀ ဖြစ်တယ်လို့ သိရတယ်။

ကမ္ဘာပေါ်မှာ ချင်းအများဆုံး စားသုံးတဲ့နိုင်ငံတွေကတော့ အိန္ဒိယ၊ အင်ဒိုနီးရှား၊ နီပေါ၊ နိုင်ဂျီးရီးယား၊ တရုတ်၊ ဂျပန်၊ထိုင်း၊ ပါကစ္စတန်၊ အမေရိကန်နဲ့ဘင်္ဂလားဒေ့ရှ်တို့ဖြစ်ပါတယ်။မြန်မာနိုင်ငံ အနေဖြင့် ကမ္ဘာ့ချင်းဈေးကွက်မှာ ချင်းထုတ်လုပ်မှုအများဆုံး၏ ၁၁ နေရာမြောက်တွင် ရှိနေသော်လည်း ကမ္ဘာ့ချင်း ဈေးကွက်လိုအပ်ချက်ရဲ့ ၁ ရာခိုင်နှုန်းကို သာထုတ်လုပ်နိုင်သေးကြောင်း သိရပါတယ်။ မြန်မာနိုင်ငံမှာ ထွက်ရှိသည့် ချင်း ၆၈ ရာခိုင်နှုန်းကို ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ သီရိလင်္ကာ၊ အိန္ဒိယနိုင်ငံများသို့ အများဆုံး တင်ပို့နေပါတယ်။

၂၀၁၆ ခုနှစ်မှစ၍ အီးယူနိုင်ငံအချို့နှင့် ဂျပန်၊ စင်ကာပူတို့ကိုလည်း တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။နှစ်စဉ် မြန်မာ့စိုက်ပျိုးရေး ထွက်ကုန် ချင်းကို ပင်လယ်ရေကြောင်းတင်ပို့မှုထက် နယ်စပ်ကုန်သွယ်မှုကတစ်ဆင့် တင်ပို့မှုများပါတယ်။ ယခုလတ် တလောမြန်မာနိုင်ငံထွက် ချင်းများကို အဓိကအားဖြင့် ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံ၊ တရုတ်နိုင်ငံများသို့ အများဆုံးတင်ပို့ရောင်းချလျက်ရှိတယ်လို့လည်း သိရတယ်။

မြန်မာနိုင်ငံထွက် ချင်းကို ဂျပန်နိုင်ငံကို တင်ပို့ရောင်းချမယ်ဆိုရင်တော့ အစိုဓာတ်ရေရှည်ထိန်းထားနိုင်ပြီး မှိုကင်းစင်ကာ အကျိုးအပဲ့မရှိ အဝါရောင် First Grade ချင်း အမျိုးအစားကို ဂျပန်နိုင်ငံက ဝယ်ယူပါတယ်။ ဂျပန်နိုင်ငံမှာ အသုံးများတဲ့ ချင်းကတော့ တူးဖော်ပြီးစ အနေအထားလိုဖြစ်နေတဲ့ ချင်းနုများ ဖြစ်တယ်လို့ သိရှိရတယ်။ ထိုသို့ ဂျပန်နိုင်ငံအကြိုက်ချင်းများ ရရှိဖို့ဆိုရင်တော့ ချင်းများကို တူးဖော်သန့်စင်ပြီး အခွံများ ခြစ်ထုတ်သန့်စင်ကာ ခြောက်သွေ့ရုံအခြောက်ခံ၍ အအေးခန်းဖြင့် သိုလှောင်ထားရမှာဖြစ်ပြီး တင်ပို့ရာ လမ်းတစ်လျှောက်မှာလည်း အအေးခန်းယာဉ်များနဲ့သာ တင်ပို့ရမှာဖြစ်ပါတယ်။ ယခု လတ်တလော ဈေးနှုန်းမှာ တစ်ကီလိုဂရမ်လျှင် အမေရိကန်ဒေါ်လာ ၀ ဒသမ ၈၀၆ ဒေါ်လာမှ တစ်ဒေါ်လာခန့်ဖြစ်တယ်လို့ သိရှိရပါတယ်။

နယ်စပ်ကုန်သွယ်မှုကနေ အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ ထိုင်းနိုင်ငံကို မြန်မာ့စိုက်ပျိုးရေးထွက်ကုန် ချင်းကို တင်ပို့ရောင်းချတဲ့နေရာမှာ ထိုင်းနိုင်ငံရဲ့ စိုက်ပျိုးရေးနှင့်ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ Under The Agricultural Standards ACT,B.E.2551(2008)မှာပါတဲ့ ချင်းတင်သွင်းမှုဆိုင်ရာ သတ်မှတ်ချက်တွေကတော့ သန့်စင်ပြီး အနာအဆာကင်းတဲ့အခွံများခြစ်ထုတ်သန့်စင်ကာ ခြောက်သွေ့ရုံအခြောက်ခံ၍ အအေးခန်းဖြင့် သိုလှောင်ထားတဲ့တစ်တက်လုံးပါ ချင်း(အစို)ဖြစ်ရပါမယ်။ စိုက်ပျိုးထုတ်လုပ်ရာမှ သိုလှောင်ရာနေရာကနေ ရောင်းချမည့်နေရာအထိ သယ်ဆောင်ရာမှာလည်း အအေးခန်းကား(cold storage)နဲ့ ပို့ဆောင်ရမှာဖြစ်ပါတယ်။ ထိုင်းနိုင်ငံဘက်မှာလည်း ၎င်းတို့ရဲ့ သတ်မှတ်ချက် အဆင့်(၂)ဆင့်ခန့်ရှိပြီး ပထမအဆင့် ချင်းမှာ အစိုဓာတ်ရေရှည်ထိန်းထားနိုင်ပြီး အပေါ်ယံအခွံများ ခြောက်သွေ့ကာ မှိုကင်းစင်ပြီး အကျိုးအပဲ့မရှိတဲ့ချင်းဖြစ်ပါတယ်။ ဒုတိယအဆင့် ချင်းမှာ သဘာဝအက်ကွဲကြောင်းများရှိသော်လည်း ပထမအဆင့် ချင်းကဲ့သို့ မှိုကင်းစင်ပြီး အပေါ်ယံအခွံများ ခြောက်သွေ့နေရမှာ ဖြစ်ပါတယ်။

ဒါ့အပြင် ထိုင်းနိုင်ငံဘက်ကို မြန်မာ့စိုက်ပျိုးရေးထွက်ကုန် ချင်းကို တင်ပို့ရောင်းချတဲ့အခါ ယခုလတ်တလောတွင် Good Agricultural Practice (GAP) တောင်းခံခြင်းမရှိသေးသော်လည်း Country of Origin(Co) Form နဲ့အတူ Phytosanitary Certificate များနဲ့အတူ တင်ပို့ရောင်းချရပြီး တစ်ဖက်နိုင်ငံသို့ တင်ပို့သည့် မိမိပို့ကုန်ပစ္စည်းများ အကောက်ခွန်သက်သာခွင့် ရရှိစေရန်နှင့် မြန်မာ့ပို့ကုန်လုပ်ငန်းရှင်များ အကောက်ခွန်သက်သာခွင့် ရရှိနိုင်စေရန် အတွက် မြန်မာ့ပို့ကုန်ချင်းအတွက်လည်း Form-D များ စိစစ် ထုတ်ပေးလျက်ရှိပါကြောင်း တင်ပြလိုက်ရပါတယ်။

# ဂျပန်၏ ၂၀၂၁ ဘဏ္ဍာရေးနှစ်သစ်အတွက် လျာထားသည့်ဘတ်ဂျက် စံချိန်တင် များပြား

ဂျပန်အစိုးရသည် ၂၀၂၁ဘဏ္ဍာရေးနှစ်အတွက် စံချိန်တင် များပြားသည့် ဘတ်ဂျက်မူကြမ်း တစ်ရပ်ကို ဆုံးဖြတ်အတည်ပြုမည်ဖြစ်ကြောင်း သိရသည်။

လာမည့်၂၀၂၁ ခုနှစ် ဧပြီလတွင် စတင်မည့် ဘဏ္ဍာရေးနှစ်သစ်အတွက် လျာထားသည့် ဘတ်ဂျက်သည် အမေရိကန်ဒေါ်လာ ၁ ထရီလီယံကျော်ရှိမည်ဖြစ်ကြောင်းနှင့် လူမှု ဖူလုံရေးကုန်ကျစရိတ်များနှင့် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ရောဂါ တိုက်ဖျက်ရေးအတွက် သုံးစွဲရသည့်စရိတ်များ တိုးမြင့်လာသည့်အတွက် ယခုကဲ့သို့ ဘတ်ဂျက်ငွေပမာဏ တိုးတက်လာခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဘတ်ဂျက်မှ အမေရိကန်ဒေါ်လာ ၃၄၈ ဘီလီယံခန့်အား အသက်အရွယ်ကြီးသူများအတွက် ဆေးဘက်ဆိုင်ရာ အသုံးစရိတ်နှင့် ပင်စင်လစာငွေအပါအဝင် လူမှုဖူလုံရေးစရိတ်များအတွက် သုံးစွဲရန် လျာထားပြီး အမေရိကန်ဒေါ်လာ ၄၈ ဒသမ ၅ ဘီလီယံအား ကိုရိုနာကူးစက်ရောဂါနှင့် ပတ်သက်သည့် အရေးပေါ် ကုန်ကျစရိတ်များအတွက် အရန်ငွေအဖြစ် လျာထားမည်ဖြစ်ပါသည်။ ထို့ပြင် ကိုရိုနာကူးစက်ရောဂါကြောင့် ပြည်တွင်းရှိ စီးပွားရေးလုပ်ငန်းများ ဝင်ငွေကျဆင်းလာမှုကြောင့် အစိုးရအနေဖြင့် ရရှိမည့် အခွန်ငွေသည် အမေရိကန်ဒေါ်လာ ၅၉ ဘီလီယံမှ ၅၅၈ ဘီလီယံအထိ လျော့ကျသွားနိုင်ကြောင်းကိုလည်း ခန့်မှန်းနေကြသည်။

လာမည့် ဘဏ္ဍာနှစ်သစ်တွင် အစိုးရ၏ ငွေချေးစာချုပ် အသစ်များထုတ်ဝေသည့် ပမာဏသည် အမေရိကန်ဒေါ်လာ ၄၂၃ ဘီလီယံရှိလာနိုင်ပြီး လက်ရှိ ၂၀၂၀ ဘဏ္ဍာရေးနှစ်ထက် အမေရိကန်ဒေါ်လာ ၁၀၇ ဘီလီယံခန့် တိုးလာမည်ဖြစ်ကာ အစိုးရအနေဖြင့် ယခုဒီဇင်ဘာလအတွင်း အစိုးရအဖွဲ့အစည်းအဝေးတွင် အတည်ပြုနိုင်ရန်နှင့် ၂၀၂၁ ဘဏ္ဍာနှစ် အစောပိုင်းတွင် လွှတ်တော်ကို တင်သွင်းကာ အတည်ပြုချက်ရရှိရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

**နန္ဒာဝင်း၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ တိုကျိုမြို့။**

# မြဝတီကုန်သွယ်ရေးဇုန်မှ ထိုင်းနိုင်ငံထုတ် အိမ်သုံးအီလက်ထရွန်နစ်ပစ္စည်းများ ပုံမှန်တင်သွင်းလျက်ရှိ

ကမ္ဘာတစ်ဝန်းတွင် ဖြစ်ပွားနေသော COVID-19 ကြောင့် စီးပွားရေးထိခိုက်နစ်နာမှု အခက်အခဲများကို ကျော်လွှားနိုင်ရေး စီးပွားရေးလုပ်ငန်းရှင်များသည် လုပ်ငန်းလည်ပတ်မှုနှင့် စီမံခန့်ခွဲမှုများကို လူနေမှုပုံစံအသစ်ဖြင့် လိုက်လျောညီထွေစွာ ပြောင်းလဲဆောင်ရွက်ကြရပါသည်။ COVID-19 ကြောင့် မြန်မာ့စီးပွားရေးထိခိုက်မှုမှ လျော့ပါးစေရေးအတွက် နိုင်ငံတော်အစိုးရက နည်းလမ်းအသွယ်သွယ်ဖြင့် ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိသည့်အပြင် နိုင်ငံတော်၏ စီးပွားရေးကဏ္ဍတွင် အရေးပါလှသည့် ကုန်သွယ်ရေးကဏ္ဍကိုလည်း လုပ်ငန်းလည်ပတ်မှုများ ကျဆင်းမသွားစေရန် ကုန်သွယ်ရေးဦးစီးဌာနမှ သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်နေမှုများကြောင့် မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှလည်း ကုန်စည်စီးဆင်းမှုမှာ ပြန်လည်ဦးမော့လာနေသည့် အနေအထားဖြစ်လာသည်။ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလဆန်းပိုင်းတွင် သွင်းကုန်အဆင်းယာဉ်မှာ နေ့စဉ်ကားစီးရေ ၁၇၀-၁၉၀ ကျော်မှ လကုန်ပိုင်းရက်များတွင် သွင်းကုန်ယာဉ်စီးရေ ၂၅၀-၂၇၀နီးပါးထိ တိုးတက်လာသည်ကိုတွေ့ရှိရသည်။ ထိုင်းနိုင်ငံမှ နေ့စဉ်နှင့်အမျှ ပုံမှန်တင်သွင်းလျက်ရှိသည့် သွင်းကုန်ပစ္စည်းများမှာ မော်တော်ဆိုင်ကယ်၊ လယ်ယာသုံးထွန်စက်နှင့် ထွန်စက်အပိုပစ္စည်းများ၊ အိမ်သုံးအီလက်ထရွန်နစ်ပစ္စည်းများ၊ အိမ်သုံးလျှပ်စစ်ပစ္စည်းများ၊ ပိတ်လိပ်နှင့်ချုပ်ပြီး အဝတ်အထည်များ၊အိမ်သုံးပရိဘောဂပစ္စည်းများ၊ စားသောက်ကုန်အချိုရည်မျိုးစုံနှင့် မုန့်မျိုးစုံများ၊ အသီးအစုံများ တင်သွင်းလျက်ရှိသည်။

မြဝတီနယ်စပ်မှတစ်ဆင့် တင်သွင်းသည့် ထိုင်းနိုင်ငံထုတ် အိမ်သုံးအီလက်ထရွန်နစ်ပစ္စည်း အများစုမှာ TV, Aircon, ရေခဲသေတ္တာ၊ အဝတ်လျှော်စက်တို့ဖြစ်ပြီး အရည်အသွေး ကောင်းမွန်၍ လူကြိုက်များသောကြောင့် မြန်မာ့ဈေးကွက်တွင် ရောင်းအားကောင်းလျက်ရှိသည်။ ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ လူနေမှုအဆင့်အတန်းမြင့်မားလာသည်နှင့်အမျှ TV၊ ရေခဲသေတ္တာ၊ အဝတ်လျှော်စက်၊ AirCon အီလက်ထရွန်နစ်ပစ္စည်းများကို သုံးစွဲမှုများလာပြီး ဈေးကွက်လိုအပ်ချက်များသော ပစ္စည်းများဖြစ်လာသည်။ အဆိုပါပစ္စည်းများ တင်သွင်းရန် ယခင်က သွင်းကုန်လိုင်စင်ယူရန် သတ်မှတ်ထားသော်လည်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော အမိန့်ကြော်ငြာစာ (၆၈/၂၀၂၀)အရ ၂၀၂၀ပြည့်နှစ် ဒီဇင်ဘာလမှစ၍လိုင်စင်လျှောက်ထားရန် မလိုအပ်တော့ဘဲ အကောက်ခွန်ဦးစီးဌာန၏ သွင်းကုန်ကြေညာလွှာဖြင့် တင်သွင်းခွင့်ပြုခဲ့ပါသည်။ သို့ဖြစ်၍ အီလက်ထရွန်နစ်ပစ္စည်းများ တင်သွင်းခြင်းအတွက် လိုင်စင်လျှောက်ထားရသည့်အချိန်နှင့် ကုန်ကျစရိတ် သက်သာပြီး ပြည်သူများဈေးနှုန်းချိုသာစွာ ဝယ်ယူနိုင်မည်ဖြစ်သည်။

မြဝတီကုန်သွယ်ရေးဇုန်မှ ဒီဇင်ဘာလ ၂၅ ရက်အထိ TV ၂၁၁၄ လုံး၊ AirCon ၆၃ လုံး၊ ရေခဲသေတ္တာ ၂၃၅၄ လုံးတင်သွင်းခဲ့ပြီး အဆိုပါ အီလက်ထရွန်နစ်ပစ္စည်း တင်သွင်းခြင်းအတွက် အခွန်ပေးဆောင်ရာတွင် သွင်းကုန်ကြေညာလွှာတွင် ဖော်ပြသည့်ဈေးနှုန်းကို အခြေခံ၍ နေ့စဉ် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ငွေလဲနှုန်းဖြင့် တွက်ချက်ပေးဆောင်ရကြောင်း သိရသည်။ မြဝတီနယ်စပ်မှ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလအတွင်း အများဆုံး တင်သွင်းသည့် TV များမှာ LED TV 32",40",43", 50", 55" ဆိုဒ်များဖြစ်ပြီး Brand အများစုမှာ TOSHIBA, TCL, ACONATIC, ALPHA, HAIER, SONY သာလျှင် ဖြစ်ပါသည်။ ၎င်းအပြင် တရုတ် Brand- NIKOKကိုလည်း တင်သွင်းမှုရှိကြောင်း သိရသည်။ ဆိုဒ်အလိုက် ဈေးနှုန်းကွာခြားမှာဖြစ်ပြီး ID ဈေးနှုန်းမှာအနိမ့်ဆုံး 32" ကို ဒေါ်လာ ၇၀ မှ 55 ကို ဒေါ်လာ ၂၂၅ ဖြင့် ပေးဆောင်ရသည်။ 32" LED TV ,TOSHIBA တစ်လုံးအခွန်ပေးဆောင်၍ တင်သွင်းမည်ဆိုပါက ID ဈေး ၇၀ ဒေါ်လာကို အခြေခံတွက်ချက်ပြီး CD 15 ရာခိုင်နှုန်း၊ CT 5 ရာခိုင်နှုန်းနှင့် ကုန်သွယ်ခွန် ၂ ရာခိုင်နှုန်း အပါ ၂၀၅၂၅ ကျပ်မှ ၆၅၉၇၃ ကျပ် ပေးဆောင်ရမည်ဖြစ်ပါသည်။

မြဝတီနယ်စပ်မှ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလအတွင်း တင်သွင်းသည့် ရေခဲသေတ္တာ အများစုမှာ One Door, Two Door များဖြစ်ပြီး Brand မှာ SAMSUNG, PANASONIC, TOSHIBA, HITACHI, MITSUBISHI, SHARP, BOSCH, BEKO, SANNYO, SANDEN, ELECTROLUX စသည့် brand များသာဖြစ်ပါသည်။ One Door ဈေးနှုန်းမှာ ၆၀ ဒေါ်လာ၊ Two Door ဈေးနှုန်းမှာ ၁၁၅ ဒေါ်လာဖြစ်ပြီး CD 10 ရာခိုင်နှုန်း၊ CT 5 ရာခိုင်နှုန်း၊ ကုန်သွယ်ခွန် ၂ ရာခိုင်နှုန်းအပါ ၁၃၅၉၅ ကျပ်မှ ၂၆၀၅၆ ကျပ် အခွန်ပေးဆောင်ရမည်ဖြစ်ပါသည်။

တင်သွင်းမှုများသော Airconditioner များမှာ Split Type, Fan Wall Type များဖြစ်ပြီး မြင်းကောင်ရေ တစ်ကောင်မှ ၂ကောင်အထိရှိပြီး အခွန်ပေးဆောင်ရသည့်ဈေးနှုန်းမှာ မြင်းကောင်ရေအလိုက် ၆၀ ဒေါ်လာမှ ၂၁၆၀ ဒေါ်လာအထိရှိပါသည်။ Brand အများစုမှာ SAMSUNG,MITSUBISH,MEDIA,CHIGO,TCL,HITACHI,AUFIT, SUNNYO တို့ဖြစ်သည်။ ဈေးအနည်းဆုံး Airconditioner တစ်ကောင်အားကို တင်သွင်းမည်ဆိုပါကဈေးနှုန်းမှာ ၃၈ ဒေါ်လာဖြစ်ပြီး CD 10 ရာခိုင်နှုန်း, CT 5 ရာခိုင်နှုန်း၊ ကုန်သွယ်ခွန် ၂ ရာခိုင်နှုန်းအပါ ၈၉၉၆၄ ကျပ် အခွန်ပေးဆောင်ရမည်ဖြစ်သည်။ စီးပွားရေးလုပ်ငန်းသုံးမြင်းကောင်ရေ ၁၂ ကောင်အား Aircon တင်သွင်းမည်ဆိုပါက အခွန်ဈေးနှုန်းမှာ ၂၁၆၀ဒေါ်လာဖြင့် အခွန် ၃၂၃၈၇၀၄ ကျပ် ပေးဆောင်ရမည်ဖြစ်ပါသည်။

မြဝတီနယ်စပ်မှ တင်သွင်းလျက်ရှိသည့် ထိုင်းနိုင်ငံထုတ် အဝတ်လျှော်စက်များမှာ Semi Auto, fully Auto တို့ဖြစ်ပြီး လျှော်ဖွပ်နိုင်သည့် ပမာဏအလိုက် ဈေးနှုန်းကွဲပြားပါသည်။ Semi Auto (7 Kg to 15 Kg) ၏ အခွန်ပေးဆောင်ရသည့် ID ဈေးနှုန်းမှာ ၆၅ ဒေါ်လာမှ fully Auto(7 Kg to 15 Kg)၏ ဈေးနှုန်းမှာ ၇၅ ဒေါ်လာဖြစ်ပါသည်။ အဝတ်လျှော်စက်များ၏ ID ဈေးနှုန်းများမှာ ၆၅ ဒေါ်လာမှ ၆၆၇ ဒေါ်လာထိရှိပြီး အများဆုံးတင်သွင်းသည့် Brand အမျိုးအစားများမှာ SAMSUNG,PANASONIC, HITACHI တို့ဖြစ်သည်။

အဝတ်လျှော်စက်တစ်လုံး မြဝတီနယ်စပ်မှ အခွန်ပေးဆောင်တင်သွင်းလိုလျှင် အနည်းဆုံး ၉၇၄၆၁ ကျပ်မှ အများဆုံး ၁၀၀၀၀၉၉ ကျပ် အခွန်ပေးဆောင်ရမည် ဖြစ်ပါကြောင်း သုံးစွဲသူပြည်သူများသိ ရှိနိုင်ပါရန် တင်ပြလိုက်ရပါသည်။

**မြဝတီကုန်သွယ်ရေးဇုန်**

# စင်ကာပူအစိုးရက လေကြောင်းပို့ဆောင်ရေးလုပ်ငန်းကဏ္ဍအတွက် စင်ကာပူဒေါ်လာ ၈၄ သန်း ဆက်လက်ထောက်ပံ့မည်



စင်ကာပူအစိုးရသည် ကိုဗစ် - ၁၉ ကပ်ရောဂါ၏ ဂယက်ရိုက်ခတ်မှုများနှင့်အတူ ပြန်လည်နာလန်ထူလာရန် ရုန်းကန်နေရဆဲဖြစ်သော လေကြောင်းပို့ဆောင်ရေးလုပ်ငန်း ကဏ္ဍအတွက် စင်ကာပူဒေါ်လာ ၈၄ သန်း တန်ဖိုးရှိသည့် အထောက်အကူပြုရေးအစီအစဉ်များဖြင့် ဆက်လက် ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း စင်ကာပူလေကြောင်းပို့ဆောင်ရေး အာဏာပိုင် (CAAS) က ဒီဇင်ဘာ ၂၉ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

အဆိုပါအထောက်အကူပြုရေးအစီအစဉ်များအနက် ကပ်ရောဂါကာလအတွင်း မြင့်တက်လာသောလုပ်ငန်း ဆောင်ရွက်မှုကုန်ကျစရိတ်များကိုကာမိစေရန် စင်ကာပူ ဒေါ်လာ ၃၉ သန်း အသုံးပြုမည်ဖြစ်သည်။ လေကြောင်းဖြင့် ခရီးသွားလာရာတွင် ရောဂါကူးစက်မှု မဖြစ်ပေါ်စေရေးအတွက် စီမံဆောင်ရွက်ကြရသည့် ကုန်ကျစရိတ်များမှာ ခရီးသည်ပို့ဆောင်မှုမှရရှိသော ဝင်ငွေနှင့်ကာမိနိုင်ခြင်းမရှိသောကြောင့် အစိုးရအနေဖြင့် လုပ်ငန်းများ၏ ကုန်ကျစရိတ် သက်သာစေရေး ကူညီပေးမည်ဖြစ်ပါသည်။ ဤသို့ထောက်ပံ့မှုပြုရာတွင် လေယာဉ်နှင့်အထုပ်အပိုးများအား ပိုးသတ်သောစနစ်များကို နည်းပညာအသုံးပြု၍ ဆောင်ရွက်သွားနိုင်ရေးအတွက် ကုန်ကျမည့်စရိတ်များပါဝင်ပြီ စင်ကာပူအခြေစိုက် လေကြောင်းလိုင်းများ၏ Airworthiness Certificates အတွက် ပေးဆောင်ရသောအခကြေးငွေနှင့် လိုင်စင်ကြေးများကိုလည်း ဆက်လက်ကင်းလွတ်ခွင့်ပေးမည်ဖြစ်ပါသည်။

ထို့ပြင် လေကြောင်းပို့ဆောင်ရေးလုပ်ငန်းကဏ္ဍရှိ လုပ်သားများ၏ စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း၊ လေယာဉ်မှူးများ၊ လေယာဉ်အသွားအလာ စီမံကြီးကြပ်သူများ၊ လေယာဉ်ထိန်းသိမ်းရေးအင်ဂျင်နီယာများ၏လိုင်စင်ကြေးနှင့် ဆေးစစ်ခတို့ကို ကင်းလွတ်ခွင့်ပြုခြင်း၊ အလုပ်အကိုင် ဆုံးရှုံးနိုင်ဖွယ်ရှိသော လုပ်သားများကို ဤလုပ်ငန်းကဏ္ဍအတွင်းမှာပင် အခြားလုပ်ငန်းတာဝန်များသို့ ရွှေ့ပြောင်းလုပ်ကိုင်နိုင်စွမ်းရှိစေရေး ကူညီဆောင်ရွက်ပေးခြင်းတို့အတွက် စင်ကာပူဒေါ်လာ ၂၀ သန်း သုံးစွဲမည်ဖြစ်သည်။ ထို့နောက် လေကြောင်းပို့ဆောင်ရေးလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေသို့ စင်ကာပူဒေါ်လာ ၂၅ သန်း ထည့်ဝင်ပေးမည်ဖြစ်ပြီး လုပ်ငန်းဆောင်ရွက်မှု စွမ်းရည်မြင့်မား လာစေရေး သုံးစွဲရသည့်ကုန်ကျစရိတ်များ၏ ၉၀ ရာခိုင်နှုန်းအထိကို ပံ့ပိုးပေးမည်ဖြစ်ပါသည်။

လက်ရှိ ချန်ဂီလေဆိပ်တွင် ခရီးသည်ဖြတ်သန်းသွားလာမှုနှုန်းမှာ ကပ်ရောဂါမဖြစ်ပွားမီကာလ၏ ၂ ရာခိုင်နှုန်းခန့်သာရှိသေးကြောင်း၊ လေကြောင်းခရီးသွားလာမှုကို လုံခြုံစွာပြန်လည်စတင်နိုင်ရေးနှင့် စင်ကာပူအား လေကြောင်းပို့ဆောင်ရေးဗဟိုဌာနတစ်ခုအဖြစ် ဆက်လက်ရပ်တည်နိုင်ရေးတို့အတွက် စီမံဆောင်ရွက်ခြင်းဖြစ်ကြောင်း ပို့ဆောင်ရေးဝန်ကြီး Ong Ye Kung က ပြောကြားသည်။ လေကြောင်းပို့ဆောင်ရေးလုပ်ငန်းကဏ္ဍ ပြန်လည်ဦးမော့လာနိုင်စေရေးအတွက် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလတွင် စင်ကာပူဒေါ်လာ ၁၁၂ သန်းနှင့် ၂၀၂၀ ပြည့်နှစ် ဩဂုတ်လတွင် စင်ကာပူဒေါ်လာ ၁၈၇ သန်း တန်ဖိုးရှိသော အထောက်အကူပြုရေးအစီအမံတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြတ်နိုး၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ စင်ကာပူမြို့။**

# ပိုချက်တီနိုနှင့် ကစားသမားတချို့က မက်ဆီကို ပီအက်စ်ဂျီသို့လာရန် ဖိတ်ခေါ်



ပီအက်စ်ဂျီအသင်းနည်းပြသစ် ဖြစ်လာသည့် ပိုချက်တီနိုနှင့် ကစားသမားများဖြစ်သည့် တိုက်စစ်မှူး နေမာနှင့် ကွင်းလယ်ကစားသမား ဒီမာရီယာတို့က မက်ဆီကို ပီအက်စ်ဂျီအသင်းသို့ ပြောင်းရွှေ့ကစားရန် ဖိတ်ခေါ်လိုက်ကြောင်း သိရသည်။

မက်ဆီနှင့် ဘာစီလိုနာအသင်းတို့အကြား မပြေလည်မှုများ ရှိနေချိန်တွင် ပီအက်စ်ဂျီအသင်းက ခေါ်ယူရန် ပြင်ဆင်နေရာ ဘာစီလိုနာအသင်းတွင် အတူတူကစားခဲ့သည့် နေမာနှင့် တစ်နိုင်ငံတည်းသားဖြစ်သူ ဒီမာရီယာတို့ကပါ ဖိတ်ခေါ်မှုပြုလုပ်လာခဲ့ခြင်းဖြစ်သည်။

ပိုချက်တီနိုက မိမိအနေဖြင့် မက်ဆီကို ခေါ်ယူရန် ယခုမှ စိတ်ဝင်စားခြင်းမဟုတ်ဘဲ မိမိ စပါးအသင်းကို ကိုင်တွယ်စဉ်ကပင် ခေါ်ယူရန် ဆန္ဒရှိခဲ့ကြောင်း၊ ယင်းအချိန်က မက်ဆီကို ခေါ်ယူရန်မှာ ဝန်နှင့်အားမမျှသလို ရှိခဲ့ခြင်းကြောင့် အားမတန်၍ မာန်လျှော့ခဲ့ရခြင်းဖြစ်ကြောင်း၊ လက်ရှိအချိန်တွင်မူ မက်ဆီသာ ပီအက်စ်ဂျီအသင်းသို့ ပြောင်းရွှေ့ရန်ဆန္ဒရှိပါက ခေါ်ယူရန် အဆင်သင့်ဖြစ်ရှိနေပြီကြောင်း၊ ပီအက်စ်ဂျီ အသင်းသားများကလည်း မက်ဆီသာလာမည်ဆိုပါက နွေးထွေးစွာကြိုဆိုမည်မှာ သေချာကြောင်းပြောဆိုခဲ့သည်။ သို့သော် မက်ဆီအနေဖြင့် ဘာစီလိုနာအသင်းမှ ထွက်ခွာမည်ဆိုပါကလည်း ပီအက်စ်ဂျီအသင်းသည် ၎င်းကစားသမားကို ရရှိရေးအတွက် မန်စီးတီးအသင်းနှင့် အပြိုင်ကမ်းလှမ်းရဖွယ်ရှိနေသည်။

ဟန်နေသစ် စုစည်းသည်

## မက်နေးလ်ကို မန်ယူအသင်း ခေါ်ယူ



မန်ယူအသင်းသည် အသက်(၁၇)နှစ်သာရှိသေးသည့် အင်္ဂလန်နိုင်ငံသား မက်နေးလ်ကို ပြိုင်ဘက်အသင်း မန်စီးတီးထံမှ အပြီးသတ်ခေါ်ယူနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

မက်နေးလ်သည် မန်စီးတီးလူငယ်အသင်းတွင် ခြေစွမ်းပြကစားနေသည့် လူငယ်တိုက်စစ်မှူးတစ်ဦးဖြစ်သလို အင်္ဂလန် ယူ-၁၆ လက်ရွေးစင်ကစားသမားတစ်ဦးလည်းဖြစ်သည်။

မက်နေးလ်သည် ၎င်း၏ လူငယ်ကစားသမားဘဝတွင် လက်ရှိအချိန်ထိ သွင်းဂိုး ၆၀၀ ကျော်ရရှိထားကြောင်းလည်း သတင်းများတွင် ဖော်ပြထားသည်။ ၎င်းကစားသမားသည် Adidas အားကစားကုမ္ပဏီနှင့် ၂၀၁၈ ခုနှစ်က ပေါင်တစ်သန်းတန် ခြောက်နှစ်စာ စပွန်ဆာစာချုပ် ချုပ်ဆိုထားသူဖြစ်သည်။

'မက်နေးလ်က အနာဂတ်အတွက် အလားအလာကောင်းတဲ့ ကစားသမားတစ်ဦးပါ။ မက်နေးလ်ရဲ့ ကစားပုံက လက်ရှိအင်္ဂလန်ကစားသမားတွေထဲမှာ ဘယ်သူနဲ့တူလည်းဆိုတော့ ဒေါ့မွန်အသင်းမှာ ကစားနေတဲ့ တောင်ပံကစားသမား ဆန်ချိုနဲ့တူပါတယ်။ သူ့ရဲ့ ဂိုးကန်သွင်းမှုတွေက တိကျသေသပ်မှု ရှိပါတယ်။ ထိပ်တန်းတိုက်စစ်မှူး တစ်ဦးနဲ့မခြားတဲ့ စွမ်းဆောင်ရည်တွေ မက်နေးလ်မှာရှိနေပါတယ်။ ဒီကစားသမားအတွက် ကျွန်တော်တို့ အများကြီးမျှော်လင့်ထားပါတယ်။ မက်နေးလ်ဟာ တစ်ချိန်မှာ ကမ္ဘာ့အကောင်းဆုံး တိုက်စစ်မှူးတစ်ဦး ဖြစ်လာလိမ့်မယ်လို့ ကျွန်တော်ယုံကြည်ပါထားပါတယ်'ဟု မန်ယူအသင်းနည်းပြ ဆိုးလ်ရှားက ပြောခဲ့သည်။

## ဇန်နဝါရီ အပြောင်းအရွှေ့တွင် အာဆင်နယ် ကစားသမားခေါ်ယူမှု မရှိနိုင်ဟု အာတီတာဆို

အာဆင်နယ်အသင်းနည်းပြ အာတီတာက မိမိတို့အသင်းအနေဖြင့် ယခု ဇန်နဝါရီကစားသမား အပြောင်းအရွှေ့ကာလတွင် ကစားသမားသစ် ခေါ်ယူမှု မရှိနိုင်ကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။

"အခုဆိုရင် ကျွန်တော်တို့ အာဆင်နယ်အသင်းကို ပရိသတ်တွေက ဝေဖန်နေကြတယ်။ ဒုတိယ ရာသီဝက်မှာ ကစားသမားသစ် ဝယ်ယူဖြည့်တည်းနိုင်မှုမရှိရင် တန်းဆင်းဇုန်နားကို ရောက်သွားနိုင်တယ်လို့ ပြောနေကြတယ်။ ကျွန်တော့်ကိုလည်း အသင်းက ထွက်ခွာသွားဖို့ တောင်းဆိုနေကြတယ်။ ဒါပေမဲ့ အသင်းဘုတ်အဖွဲ့က ကျွန်တော့်ကို လက်ခံနေသရွေ့ ကျွန်တော် အာဆင်နယ်အသင်းမှာပဲ ဆက်ရှိနေမှာပါ။ ကစားသမားသစ် ခေါ်ယူဖို့အတွက်ကတော့ အသင်းရဲ့ ဘဏ္ဍာငွေကြေးအပေါ်မှာ မူတည်နေပါတယ်။ လက်ရှိ ကျွန်တော်တို့ အသင်းရဲ့ နေရာစုံမှာရှိနေတဲ့ ကစားသမားတွေက ထိပ်တန်းကစားသမားတွေပါ။ အသင်းမှာ ကစားသမားကောင်းတွေ ရှိနေလျက်နဲ့ ရလဒ်ပိုင်း ဆိုးဆိုးရွားရွား ကျဆင်းနေတာကတော့ စဉ်းစားစရာပေါ့။ ကျွန်တော် ခဏခဏပြောသလိုပေါ့။ စီနီယာကစားသမားတွေက အသင်းကို သစ္စာဖောက်နေကြတာလားဆိုတာ စဉ်းစားစရာပါ"ဟု အာဆင်နယ်အသင်းနည်းပြ အာတီတာက ပြောဆိုခဲ့သည်။



အာဆင်နယ်အသင်းသည် လက်ရှိပရီးမီးယားလိဂ် ပွဲစဉ်(၁၆)အပြီးတွင် ရမှတ် ၂၀ ဖြင့် အဆင့်(၁၃)ကို ရောက်ရှိနေသည်။ အာဆင်နယ်အသင်းနည်းပြ အာတီတာက ရာသီအစပိုင်းကပင် မိမိတို့အသင်း၏ ခံစစ်ပိုင်းကို ဖြည့်တင်းခဲ့ပြီးဖြစ်ကြောင်း၊ ကွင်းလယ်ပိုင်းတွင်လည်း စီဘယ်လ်လို့စ်၊ မာတီနယ်လီ၊ ပါတေး၊ ဇာခါနဲ့ ဝီလီယံတို့ရှိနေကြောင်း၊ ထို့ပြင် တိုက်စစ်ပိုင်းတွင် ဝါရင့်တိုက်စစ်မှူး အူဘာမီယန်းနဲ့အတူ လာကာဇက်တီနဲ့ ပီပီတို့ရှိနေခြင်းကြောင့် အသင်းအတွက် နောက်ထပ်ကစားသမားဝယ်ယူရန် မလိုအပ်ကြောင်း ထပ်မံပြောဆိုလိုက်သည်။

## ဘာစီလိုနာကွင်းလယ်ကစားသမား ကော်တင်ဟို ကာလကြာရှည်စွာ အနားယူရမည်

ဘာစီလိုနာအသင်း၏ ကွင်းလယ်ကစားသမား ကော်တင်ဟိုသည် ဒူးဒဏ်ရာ ခွဲစိတ်ကုသရတော့မည်ဖြစ်ခြင်းကြောင့် ကာလရှည်စွာ အနားယူရတော့မည်ဖြစ်ကြောင်း ဘာစီလိုနာအသင်းက အတည်ပြု ထုတ်ပြန်လိုက်သည်။

ကော်တင်ဟိုသည် ဒီဇင်ဘာ ၃၀ ရက် နံနက်ပိုင်းက စပိန်လာလီဂါ ပွဲစဉ်(၁၆)အဖြစ် ဘာစီလိုနာအသင်းက အီဘာအသင်းကို အိမ်ကွင်း၌ တစ်ဂိုးစီ သရေကျခဲ့သည့်ပွဲတွင် ဒူးဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။ ကော်တင်ဟိုရရှိခဲ့သည့် ယင်းဒဏ်ရာမှာ အစပိုင်းက ပြင်းထန်မှုမရှိဟု ယူဆခဲ့သော်လည်း လက်ရှိအချိန်တွင် အဆိုပါဒဏ်ရာမှာ ခွဲစိတ်ကုသရတော့မည်ဖြစ်ခြင်းကြောင့် ၎င်းကစားသမားသည် အသင်း၏ ပွဲစဉ်အတော်များများကို လွဲချော်ရတော့မည်ဖြစ်သည်။



'ကျွန်တော်တို့အသင်းမှာ ကစားသမားတွေ ဒဏ်ရာပြဿနာနဲ့ ရင်ဆိုင်နေရပါတယ်။ အသင်းရဲ့ အဓိကကစားသမားဖြစ်တဲ့ မက်ဆီကလည်း ပွဲတိုင်းကို အင်ပြည့်အားပြည့်ကစားနိုင်တဲ့ အနေအထားမရှိဘူး။ သူ့ကို အနားပေးရတာတွေရှိနေချိန်မှာ ကော်တင်ဟိုကလည်း ကာလရှည် နားရတော့မယ်ဆိုတော့ ဒါဟာ အသင်းအတွက် ကြီးမားတဲ့ ထိုးနှက်ချက်တစ်ရပ်ပါ။ ဒီအခက်အခဲတွေကို ကျော်လွှားနိုင်ဖို့ဆိုရင်တော့ ဇန်နဝါရီ အပြောင်းအရွှေ့ကာလမှာ ကစားသမားခေါ်ယူမှုတွေကို မဖြစ်မနေ လုပ်ဆောင်ရတော့မှာပါ'ဟု ဘာစီလိုနာအသင်းနည်းပြ ရော်နယ်ကိုးလ်မန်းက ပြောဆိုခဲ့သည်။

ဘာစီလိုနာအသင်းသည် ယခုနှစ်ရာသီတွင် တိုက်စစ်ပိုင်းရော ခံစစ်ပိုင်းပါ အားနည်းမှုများနှင့်အတူ ရလဒ်ပိုင်းများ ဆက်တိုက်ကျဆင်းခဲ့ရသည်။ ဘာစီလိုနာအသင်းသည် လက်ရှိစပိန်လာလီဂါပွဲစဉ်(၁၆) အပြီးတွင် ရမှတ် ၂၅ မှတ်ဖြင့် အဆင့်(၆)ကိုရောက်ရှိနေသည်။

# ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးအတွက် TFA ၏ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ

မြန်မာနိုင်ငံတွင် အကောက်ခွန်ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို အကောက်ခွန်ဦးစီးဌာန၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနက အဓိကအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် လက်ရှိတွင် WTO Agreement တစ်ခုဖြစ်သော ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်တွင် အသက်ဝင်ခဲ့သည့် Trade Facilitation Agreement-TFA ကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

TFA သည် တစ်ဆင့်ခံ ကုန်သွယ်မှုနည်းလမ်းဖြင့် ဆောင်ရွက်သော ကုန်စည်များအပါအဝင် ကုန်စည်များအတွက် အကောက်ခွန်ရှင်းလင်းစေရေးလုပ်ငန်းများကို သွက်လက်မြန်ဆန်စေရန် ရည်ရွယ်သည့် သဘောတူညီချက်တစ်ခုဖြစ်ပါသည်။ နယ်စပ်ဖြတ်ကျော် တစ်ဆင့်ခံ ကုန်သွယ်မှုလုပ်ငန်းစဉ်များတွင် ရှုပ်ထွေးနေသည့် အကောက်ခွန်ဆိုင်ရာစည်းမျဉ်းများနှင့် ကုန်သွယ်မှုဆိုင်ရာ အဟန့်အတားများသည် အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုကို အနှောင့်အယှက်ဖြစ်စေသကဲ့သို့ (အထူးသဖြင့်) အသေးစားနှင့်အငယ်စား ကုမ္ပဏီများကို ပိုမိုအထိနာစေပါသည်။

TFA ၏ article 23.3 အရ National Committee for Trade Facilitation (NCTF)ကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် ၂၀၁၆ ခုနှစ်ကစတင်ဖွဲ့စည်းခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် ပြန်လည်ပြောင်းလဲဖွဲ့စည်းခဲ့ပါသည်။ အဆိုပါ ကော်မတီကို သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍမှ တာဝန်ရှိကိုယ်စားလှယ်များနှင့် ဖွဲ့စည်းထားရှိပြီး TFA လုပ်ငန်းစဉ်ပါ Article များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ TFA implementation အရ (NCTF) အောက်တွင် လုပ်ငန်းအဖွဲ့လေးဖွဲ့ကို ဖွဲ့စည်းထားရှိပြီး ယင်းလုပ်ငန်းအဖွဲ့များမှာ Communication and Transparency Working Group , Single Window Working Group, Risk Management Working Group နှင့် Individual Agency Program Working Group တို့ဖြစ်သည်။

ထို့ပြင် COVID-19 ဖြစ်ပွားမှုကြောင့် မြန်မာနိုင်ငံ၏သမားရိုးကျနည်းလမ်းဖြင့် ဆောင်ရွက်လျက်ရှိသော စီးပွားရေးလုပ်ငန်းများကို ထိခိုက်စေလျက်ရှိပါသည်။ အဆိုပါထိခိုက်မှုများကို ကုစားနိုင်စေရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည်e-commerce လုပ်ငန်းစဉ်များ ဖွံ့ဖြိုးတိုးတက်စေရန် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပူးပေါင်း၍ အရှိန်အဟုန်မြင့်တင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ COVID-19 ကပ်ရောဂါ ကြောင့် ကမ္ဘာတစ်ဝန်းတွင် Online မှ ရောင်းဝယ်မှုများ ပိုမိုပြုလုပ်လာကြပြီး အဆိုပါရောင်း ဝယ်မှုများကို စနစ်တကျဆောင်ရွက်ရန် လိုအပ်လျက်ရှိသည်။

COVID-19 ကပ်ရောဂါကြောင့် ကမ္ဘာတစ်ဝန်းတွင် သမားရိုးကျ ကုန်သွယ်မှုစနစ်မှ Online Trading၊ e-commerce စနစ်သို့လည်းကောင်း၊ ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရန် ရိုးရှင်းလွယ်ကူသော ကုန်သွယ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အစားထိုးခြင်းဖြင့်လည်းကောင်း၊ နှစ်နိုင်ငံဒေသတွင်း၊ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုတို့တွင် လိုအပ်သော ဖြေလျှော့ပေးမှုများကိုလည်းကောင်း အဆင့်ဆင့်ဖြေလျှော့ပေးလျက်ရှိသည်။

ထို့ပြင် ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၁၅ ရက်တွင် ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် ဖက်ဒရယ်အကောက်ခွန်ဌာန အကြီးအကဲ မစ္စတာ ဗလာဒီမာဗူလာဗင်တို့သည် ရုရှားနိုင်ငံ၏အကောက်ခွန်ဌာနမှ ဆောင်ရွက်မည့် ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြပြီး ဆွေးနွေးချက်များအရ ရုရှားနိုင်ငံတွင် ၂၀၁၈ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း အကောက်ခွန်ဌာန ပြုပြင်ပြောင်းလဲရေးမဟာဗျူဟာအရ အွန်လိုင်းအကောက်ခွန်ရှင်းလင်းရေးစင်တာ ၁၆ ခု တည်ထောင်ခဲ့ကြောင်း၊ ကုမ္ပဏီများသည် အကောက်ခွန်များကို Online မှတစ်ဆင့် ပေးဆောင်နိုင်ပြီး အကောက်ခွန်ဝန်ထမ်းများနှင့် တိုက်ရိုက်လုပ်ကိုင်ရန် မလိုအပ်သဖြင့် အဂတိလိုက်စားမှုများ လျော့ကျသွားမည်ဖြစ်ကြောင်း၊ အိုင်တီနည်းပညာမြှင့်တင်ခြင်းနှင့် ဒီဂျစ်တယ်စနစ်သို့ ကူးပြောင်းနိုင်ခဲ့ခြင်းကြောင့် ၂၀၃၀ ပြည့်နှစ်တွင် e-custom စနစ်မှ smart customs စနစ်သို့ မြှင့်တင်သွားမည်ဖြစ်ပြီး ဒီဂျစ်တယ်နည်းပညာများကို ဉာဏ်ရည်တုနည်းပညာများဖြင့် အစားထိုးရန် စီစဉ်လျက်ရှိကြောင်း၊ ထို့ပြင် မဟာဗျူဟာစီမံကိန်းအရ ကုန်စည် မတင်ပို့မီစစ်ဆေးခြင်း (သို့) တစ်ကြိမ်သာ အခွန်ကောက်ခံခြင်းစနစ်ဖြင့် စတင်သွားမည်ဖြစ်ကြောင်း၊ ဒီဂျစ်တယ်စနစ်သို့ ကူးပြောင်းခြင်းဖြင့် အကောက်ခွန်လုပ်ငန်းများ အရှိန်မြှင့်တင်နိုင်ပြီး အခွန်ပေးဆောင်မှုများ ရှင်းလင်းလွယ်ကူကာ မြန်ဆန်လာမည်ဖြစ်ကြောင်းနှင့် ကုန်စည်များအပေါ် အကောက်ခွန်စည်းကြပ်လုံခြုံရေးအားကောင်းစေရန် ဆောင်ရွက်လျက် နိုင်ငံတော်အတွက် ဝင်ငွေမြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

သို့ဖြစ်ရာ ရုရှားနိုင်ငံသည် ၎င်းတို့နိုင်ငံ၏ အကောက်ခွန်ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံ့ဝင်ငွေ တိုးလာစေရန် ရည်ရွယ်သည့်နည်းတူ မြန်မာနိုင်ငံအနေဖြင့်လည်း ကုန်သွယ်မှုလုပ်ငန်းများတွင် အကောက်ခွန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ကုန်သွယ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ဖြေလျှော့ပေးခြင်းအားဖြင့် ကုန်သွယ်မှုတိုးမြှင့်နိုင်ပြီး နိုင်ငံဝင်ငွေတိုးလာမည်ဟု ထင်မြင်ယူဆမိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**နှစ်နိုင်ငံ**

# ကိုရီးယားနိုင်ငံသည် ကိုဗစ်(၁၉)ကူးစက်ရောဂါ ကာကွယ်ဆေး ရရှိရေးအတွက် Pfizer နှင့် Janssen ကုမ္ပဏီတို့နှင့် စာချုပ်ချုပ်ဆို

ကိုရီးယားသမ္မတနိုင်ငံအနေဖြင့် ပြည်သူ ၁၆ သန်းသို့ COVID-19 ကူးစက်ရောဂါ ကာကွယ်ဆေးများ လုံလောက်စွာရရှိရေးအတွက် ကာကွယ်ဆေးထုတ်လုပ်သည့် ကုမ္ပဏီများဖြစ်သော Pfizer နှင့် Janssen ကုမ္ပဏီတို့နှင့် စာချုပ်ချုပ်ဆိုလိုက်ပြီဖြစ်သည်။ ကုမ္ပဏီထံမှ ကာကွယ်ဆေး သန်း ၂၀ ကို ၂၀၂၁ ခုနှစ် ဇူလိုင်လထက် နောက်မကျစေဘဲ ကိုရီးယားသမ္မတနိုင်ငံသို့ ရောက်ရှိရန်လည်းကောင်း၊ ကုမ္ပဏီမှ ကာကွယ်ဆေးခြောက်သန်းကို ၂၀၂၁ခုနှစ်၏ ဒုတိယသုံးလပတ်တွင် ရောက်ရှိရန်ကိုလည်းကောင်း သဘောတူစာချုပ် ချုပ်ဆိုခဲ့ပြီးဖြစ်ကြောင်း ဝန်ကြီးချုပ် Chung Sye-kyun က ဒီဇင်ဘာ ၂၄ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။




အမေရိကန်နှင့် ဗြိတိန်နိုင်ငံများသည် COVID-19 ကာကွယ်ဆေးကို ထုတ်လုပ်နိုင်ခဲ့ပြီဖြစ်ပြီး ကာကွယ်ဆေးထိုးရန်လည်း အမှန်တကယ်အလွန်လိုအပ်နေသော နိုင်ငံများဖြစ်ကြောင်း၊ သို့ရာတွင် တောင်ကိုရီးယားနိုင်ငံအနေဖြင့် အလျင်လိုနေသော နိုင်ငံတစ်ခုမဟုတ်သေးသည့်အလျောက် ကာကွယ်ဆေး၏အမှန်တကယ် လုံခြုံစိတ်ချရမှုနှင့် ထိရောက်မှုအခြေအနေတစ်ရပ်ကို အစိုးရအနေဖြင့် လေ့လာစောင့်ကြည့်သွားမည်ဖြစ်ကြောင်း၊ မသေချာဘဲ တောင်ကိုရီးယား ပြည်သူများကို ထိုးနှံခွင့်ပြုပေးမည်မဟုတ်ဟု ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

လက်ရှိတွင် တောင်ကိုရီးယား ပြည်သူအချို့က COVID-19 ကာကွယ်ဆေးနှင့်ပတ်သက်၍ အစိုးရ၏ ဆောင်ရွက်မှုများသည် နှေးကွေးနေသည် ဟု ဝေဖန်မှုများရှိကြောင်း၊ အစိုးရအနေဖြင့် မှာယူထားသော ကာကွယ်ဆေးများ၏ ပထမအသုတ်သည် ၂၀၂၁ခုနှစ် နွေဦးရာသီကာလတွင် ရောက်ရှိနိုင်မည်ဟု မျှော်မှန်းထားကြောင်း လေ့လာသိရှိရသည်။

တောင်ကိုရီးယားနိုင်ငံ ကျန်းမာရေးနှင့်လူမှုဖူလုံရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ Song Young-rae က COVID-19 ကာကွယ်ဆေးနှင့်ပတ်သက်၍ မည်သူမျှ အတွေ့အကြုံရှိထားခြင်းမရှိဘဲ ဆောင်ရွက်နေရခြင်းဖြစ်၍ လုံခြုံစိတ်ချရမှု၊ အမှန်တကယ် ထိရောက်မှု ရှိမရှိ ပြဿနာများကို စောင့်ကြည့်နေရပါကြောင်း၊ အလျင်အမြန်ဖြင့် ကာကွယ်ဆေး ထိုးခြင်းမပြုသေးဘဲ ကာကွယ်ဆေး၏အကျိုးသက်ရောက်မှုအခြေအနေကို အချိန်တစ်လ၊နှစ်လခန့် လေ့လာစောင့်ကြည့်နိုင်ပါက တောင်ကိုရီးယားနိုင်ငံအတွက် အကျိုးအမြတ်များ ရရှိနိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။ သို့ရာတွင် ကျွမ်းကျင်သူများကလည်း ကာကွယ်ဆေး စတင်ထိုးနှံမှုကို ၂၀၂၁ခုနှစ် ဖေဖော်ဝါရီလထက် နောက်မကျသင့်ကြောင်း သုံးသပ်လျက်ရှိကြသည်။

ကာကွယ်ဆေးထိုးရန်အချိန်ဇယား၊ ဆေးဖြန့်ဝေမှု၊ ဦးစားပေးထိုးနှံမည့်အုပ်စု စသည်တို့ကို အစိုးရက ကြိုတင်စီမံခန့်ခွဲ၍ အများပြည်သူ သိရှိစေရန် ကြိုတင်ကြေညာထားသင့်ကြောင်း၊ သို့မှသာ ကာကွယ်ဆေး မထိုးနိုင်သေးဘဲ Social Distancing ဆိုင်ရာ ကန့်သတ်ချက်စည်းကမ်းများအား မည်သည့်အချိန်ထိ ဆက်လက်လိုက်နာရဦးမည်ကို ပြည်သူအများက ရှင်းလင်းစွာသိရှိ၍ ပြင်ဆင်နိုင်မည်ဖြစ်ကြောင်း၊ ကာကွယ်ဆေး မရှိဘဲ COVID-19 ကူးစက်ရောဂါအား အစိုးရအနေဖြင့် ကြာရှည်စွာ ကိုင်တွယ်ဖြေရှင်းနိုင်မည်မဟုတ်ကြောင်း ပြည်သူအချို့က သုံးသပ်ဝေဖန်လျက်ရှိကြပါသည်။

၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ အစောပိုင်းက တောင်ကိုရီးယားအစိုးရသည် Astra Zeneca မှ ဝယ်ယူထားသော ကာကွယ်ဆေး သန်း ၂၀ အပြင် Pfizer ၊ Janssen နှင့် Moderna တို့နှင့်အတူ COVID-19 ကာကွယ်ဆေးပေါင်း ၄၄ သန်းခန့် ရရှိရန် ညှိနှိုင်းခဲ့ပြီးဖြစ်ကြောင်း ကြေညာခဲ့သည်။ သို့ဖြစ်၍ လက်ရှိတွင် Moderna ကုမ္ပဏီတစ်ခုတည်းနှင့်သာ အပြီးသတ် စာချုပ်ချုပ်ဆိုနိုင်ရေး ဆက်လက်ညှိနှိုင်းရန် ကျန်ရှိသည်။ ထို့ပြင် မျှတသောကာကွယ်ဆေးထိုးခြင်းအတွက် ကမ္ဘာလုံးဆိုင်ရာ ပဏာမခြေလှမ်းဖြစ်သော COVAX အစီအစဉ်မှ ကာကွယ်ဆေး နှစ်သန်းကိုလည်း ရရှိမည်ဖြစ်သည်။

BioTech နှင့်ပူးပေါင်း၍ Pfizer ကုမ္ပဏီက ထုတ်လုပ်သော COVID-19 ကာကွယ်ဆေးသည် ဆေးနှစ်ကြိမ်ထိုးနှံရန် လိုအပ်ပြီး Janssen ကုမ္ပဏီမှ ထုတ်လုပ်သော ကာကွယ်ဆေးသည် ဆေး တစ်ကြိမ်သာ ထိုးနှံရန် လိုအပ်ကြောင်း လေ့လာသိရှိရသည်။ ကိုရီးယားသမ္မတနိုင်ငံ၊ ကျန်းမာရေးနှင့်လူမှုဖူလုံရေးဝန်ကြီးဌာန၏စာရင်းအချက်အလက်များအရ ဒီဇင်ဘာ ၂၈ ရက်အထိ စုစုပေါင်း COVID-19 ကူးစက်ခံရသူ၅၇၆၈၀ရှိပြီး စုစုပေါင်း သေဆုံးသူ ၈၁၉ ဦးရှိပြီဖြစ်ကြောင်း သိရသည်။

**ဝင်းပပသူ၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ ဆိုးလ်မြို့။**

# စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန် အိန္ဒိယနှင့်ဘင်္ဂလားဒေ့ရှ် ဝန်ကြီးချုပ်များ ဆွေးနွေး

အိန္ဒိယနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့၏ နှစ်နိုင်ငံအကြား မိတ်ဖက်ပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ ညီလာခံဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၇ ရက်တွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပရာ အိန္ဒိယဝန်ကြီးချုပ် နာရင်ဒရာမိုဒီနှင့် ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ်ရှိတ်ဟာဆီနာတို့တက်ရောက်ပြီး ကျန်းမာရေး၊ ယဉ်ကျေးမှု၊ နယ်စပ်ဒေသစီမံခန့်ခွဲမှုနှင့် လုံခြုံရေး၊ ကုန်သွယ်ရေး၊ ပို့ဆောင်ဆက်သွယ်ရေး၊ စွမ်းအင်နှင့် ရေအရင်းအမြစ်၊ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု စသည်တို့အပါအဝင် ကဏ္ဍစုံ၌ နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်မှုများအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

အိန္ဒိယ ပုံနှိပ်ရေးနှင့်သတင်းအချက်အလက်ဗျူရို (PIB) ၏ သတင်းထုတ်ပြန်ဖော်ပြချက်အရ အိန္ဒိယအစိုးရသည် ပြည်တွင်း၌COVID-19ရောဂါကာကွယ်ဆေးကို ထုတ်လုပ်နိုင်ချိန်တွင် ၎င်း၏ အိမ်နီးနားချင်း ပထမဦးစားပေးမူဝါဒနှင့်အညီ ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွက် အဆိုပါဆေးဝါးများ ရရှိစေမည်ဖြစ်ကြောင်း၊ ထို့ပြင် ဆေးကုသမှုနှင့် ကာကွယ်ဆေးထုတ်လုပ်မှုလုပ်ငန်းတွင် ပူးပေါင်းလုပ်ကိုင်ရန် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ကမ်းလှမ်းခဲ့ကြောင်း၊ ၂၀၂၁ ခုနှစ်၌ Liberation War နှင့် နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးထူထောင်မှုနှစ် ၅၀ ပြည့် အထိမ်းအမှတ် အခမ်းအနားများကို ပူးတွဲကျင်းပဆောင်ရွက်မည်ဖြစ်ကြောင်း၊ နယ်စပ်ဒေသစီမံခန့်ခွဲမှုနှင့် လုံခြုံရေးအပိုင်း၌ နယ်နိမိတ်ပိုင်းခြားမှုဆိုင်ရာ ပူးတွဲညီလာခံဆွေးနွေးပွဲအား ဆောလျင်စွာကျင်းပရန်နှင့် ရပ်ဆိုင်းနေခဲ့သော နယ်နိမိတ်ခြံစည်းရိုးခတ်မှုလုပ်ငန်းများ ပြီးစီးနိုင်ရေး တြိပူရ(အိန္ဒိယ)-ဘင်္ဂလားဒေ့ရှ်အပိုင်းမှ စတင်လုပ်ဆောင်ရန် သဘောတူညီခဲ့ကြကြောင်း၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု နယ်ပယ်တွင် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ရန်အတွက် နားလည်မှုစာချွန်လွှာ ရေးဆွဲပြုစုမှုကို အပြီးသတ်ဆောင်ရွက်ရေး နှစ်နိုင်ငံခေါင်းဆောင်များက သက်ဆိုင်ရာ ဌာနများသို့ ညွှန်ကြားခဲ့ကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသားများအနေဖြင့် တရားဝင် ခရီးသွားအထောက်အထားများ ပြသလျက် ကုန်းလမ်းနယ်စပ်ဂိတ်များမှတစ်ဆင့် အိန္ဒိယနိုင်ငံသို့ ဝင်/ထွက်နိုင်ရန်အတွက် ကျန်ရှိနေသော ကန့်သတ်ချက်များအား ဖြေလျှော့ပေးမည့် အိန္ဒိယဘက်မှ ကတိပြုထားရှိမှုအား ဆောလျင်စွာ အကောင်အထည်ဖော်ရန် ဘင်္ဂလားဒေ့ရှ်ဘက်မှ မေတ္တာရပ်ခံခဲ့ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲ၌ နှစ်နိုင်ငံကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ SAFTA သဘောတူညီချက်နှင့်အညီ ဆိပ်ကမ်းလုပ်ငန်းဆိုင်ရာ ကန့်သတ်ချက်များ၊ အပင်နှင့်တိရစ္ဆာန်များ ရောဂါကာကွယ်ရေးဆိုင်ရာ ကန့်သတ်မှုများ၊ အခြားသော လုပ်ထုံးလုပ်နည်းဆိုင်ရာ တင်းကျပ်မှုများ အပါအဝင် ကုန်သွယ်မှု လွယ်ကူချောမွေ့ရေးနှင့် အကောက်ခွန်မဟုတ်သော ကုန်သွယ်မှု အတားအဆီး ကိစ္စရပ်များအပေါ် နှစ်နိုင်ငံ ဝန်ကြီးချုပ်များက အလေးပေး ဆွေးနွေးခဲ့ကြသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံက ၎င်း၏ပြည်တွင်းဈေးကွက်အပေါ် အကျိုးသက်ရောက်မှု ကြီးမားသည့် အိန္ဒိယမှတင်ပို့သော အရေးကြီးကုန်စည်များနှင့် ပတ်သက်၍ အိန္ဒိယအစိုးရဘက်မှ ပို့ကုန်သွင်းကုန်မူဝါဒပြောင်းလဲပြင်ဆင်မှုများ ပြုလုပ်သည့်အခါတိုင်း ကြိုတင်အသိပေးရန် မေတ္တာရပ်ခံခဲ့ကြောင်း၊ နှစ်နိုင်ငံ ခေါင်းဆောင်များသည် COVID-19 ကပ်ရောဂါအား ကြုံတွေ့နေရစဉ်ကာလအတွင်း သွင်းအားစုကွင်းဆက် ပြတ်တောက်မှု မဖြစ်စေရန်အတွက် တည်ရှိဆဲ ရထားပို့ဆောင်ရေးလမ်းကြောင်းအား အသုံးပြုလျက် နှစ်နိုင်ငံကုန်သွယ်မှု ချောမွေ့စေရေး ပူးပေါင်းဆောင်ရွက်ရန် သက်ဆိုင်ရာဌာနများသို့ ညွှန်ကြားခဲ့ကြကြောင်း၊ နှစ်နိုင်ငံ ဘက်စုံစီးပွားရေးမိတ်ဖက်ဆောင်ရွက်မှုသဘောတူညီချက် (CEPA) ကို လက်မှတ်ရေးထိုးနိုင်ရန်အတွက် ပူးတွဲလေ့လာဆောင်ရွက်နေမှုကိုလည်း မြန်ဆန်စွာ ပြီးစီးအောင် လုပ်ဆောင်ရန် ညွှန်ကြားခဲ့ကြကြောင်း၊ နှစ်နိုင်ငံ ချည်မျှင်နှင့်အထည်အလိပ်ဆိုင်ရာ ဝန်ကြီးဌာနများအကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးနိုင်ရေး ညှိနှိုင်းနေမှုကို အပြီးသတ်နိုင်ရေး ဆွေးနွေးခဲ့ကြကြောင်းဖြင့် အဆိုပါညီလာခံ ဆွေးနွေးပွဲအပြီး ပူးတွဲသတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။


နှစ်နိုင်ငံအကြား ပို့ဆောင်ဆက်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ ၁၉၆၅ ခုနှစ်မတိုင်မီကာလ၌ ဆက်သွယ်ဖောက်လုပ်ခဲ့သော အိန္ဒိယနိုင်ငံဘက်ရှိ Haldibari မြို့နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက် Chilahati မြို့တို့အကြားရှိ ရထားလမ်းကြောင်းကို ပြန်လည်ဆက်သွယ် အသုံးပြုရန်နှင့် COVID-19 ရောဂါကာကွယ်ထိန်းချုပ်မှု အခြေအနေ တိုးတက်ကောင်းမွန်လာသည့်အခါ ရထားပို့ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရန် သဘောတူညီခဲ့ကြသည်။ ထို့ပြင် ကိုလ်ကတ္တားမြို့ ဆိပ်ကမ်းမှ ကုန်စည်များအား ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ Chattogram နှင့် Mongla ဆိပ်ကမ်းများနှင့် Daudkandi မြို့တို့မှတစ်ဆင့် အိန္ဒိယနိုင်ငံ တြိပူရပြည်နယ်သို့ သယ်ယူပို့ဆောင်မှုကို ပိုမိုလွယ်ကူချောမွေ့စေရေး ပူးပေါင်းဆောင်ရွက်ရန် နှစ်နိုင်ငံဝန်ကြီးချုပ်များက ဆွေးနွေးသဘောတူညီခဲ့ကြသည်။

ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုတွင် ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယနှင့် နီပေါနိုင်ငံများအကြား မော်တော်ယာဉ်ဖြတ်သန်းသွားလာမှု သဘောတူညီချက် (BBIN Motor Vehicles Agreement) အား လက်မှတ်ရေးထိုးဆောင်ရွက်မှုအား ဆောလျင်စွာ စတင်နိုင်ရေး နှစ်နိုင်ငံ ခေါင်းဆောင်များက ဆွေးနွေးခဲ့ကြသည်။ ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ် ရှိတ်ဟာဆီနာကအိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ အဝေးပြေးလမ်းကြီးစီမံကိန်းတွင် ပါဝင်ချိတ်ဆက်လျက် ၎င်းတို့၏ အရှေ့တောင်အာရှဒေသနှင့် ကွန်ရက်ဆက်သွယ်မှုကို မြှင့်တင်လုပ်ဆောင်လိုကြောင်း ဆန္ဒပြု ဖော်ပြခဲ့သည်။

အလားတူ အိန္ဒိယနိုင်ငံဘက်ကလည်း အနောက်ဘင်ဂေါပြည်နယ်နှင့် မီဂါလာယာပြည်နယ်တို့အကြား ဆက်သွယ်မှုကို ဘင်္ဂလားဒေ့ရှ်နိုင်ငံမှတစ်ဆင့် ဖြတ်သန်းခွင့်ပြုပေးရန် အဆိုပြုခဲ့သည်။

နှစ်နိုင်ငံဝန်ကြီးချုပ်များ၏ ဆွေးနွေးပွဲအပြီး ပူးတွဲသတင်းထုတ်ပြန်ချက်တွင် မြန်မာနိုင်ငံ၊ ရခိုင်ပြည်နယ်မှ အတင်းအကျပ် နေရပ်စွန့်ခွာမှုခံရသည့် လူဦးရေ ၁ ဒသမ ၁ သန်းအား ဘင်္ဂလားဒေ့ရှ်နိုင်ငံက ခိုလှုံခွင့်ပြုပြီး လူသားချင်း စာနာမှု အကူအညီများပေးအပ်မှုအပေါ် အိန္ဒိယဝန်ကြီးချုပ်က ဝမ်းမြောက်ကြောင်းနှင့် အဆိုပါ ဒုက္ခသည်များအား မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ရေးတွင် အိန္ဒိယနိုင်ငံဘက်မှ ကူညီပေးရန် ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ်က ဆန္ဒပြုကြောင်း ဖော်ပြထားသည်။ အဆိုပါ ဆွေးနွေးပွဲကျင်းပမှုနှင့်အတူ စွမ်းအင်၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု၊ မြို့ပြစီမံခန့်ခွဲမှု၊ ယဉ်ကျေးမှုနှင့် လယ်ယာစိုက်ပျိုးရေးဆိုင်ရာ နှစ်နိုင်ငံအကြား နားလည်မှုစာချွန်လွှာ ခုနစ်စောင်ကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရှိရသည်။

**နေအေးလွင် စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ နယူးဒေလီမြို့။**




## စင်ကာပူနှင့် နယူးဇီလန်တို့ ဒီဂျစ်တယ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုသဘောတူစာချုပ် ချုပ်ဆို

စင်ကာပူနိုင်ငံ၏ ပထမဆုံး ဒီဂျစ်တယ်စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုသဘောတူစာချုပ် (Digital Economy Partnership Agreement –DEPA) သည် စင်ကာပူနှင့် နယူးဇီလန်တို့အတွက် ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၇ ရက်မှစ၍ စတင်အာဏာသက်ဝင်မည်ဖြစ်ကြောင်း စင်ကာပူနိုင်ငံ ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာနက ဒီဇင်ဘာ ၂၈ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။ အဆိုပါ DEPA ကို ၁၂- ၆- ၂၀၂၀ ရက်တွင် စင်ကာပူ၊ ချီလီနှင့် နယူးဇီလန်တို့က ချုပ်ဆိုခဲ့ကြခြင်းဖြစ်သော်လည်း သဘောတူစာချုပ်အား တရားဝင်စတင်အကောင်အထည်ဖော် ဆောင်ရွက်သွားရန် စင်ကာပူနှင့် နယူးဇီလန်နိုင်ငံတို့က ဦးစွာအတည်ပြု လက်မှတ်ရေးထိုးလိုက်ခြင်းဖြစ်သည်။

DEPAဖြင့် ဒီဂျစ်တယ်ကုန်သွယ်ရေးဆိုင်ရာ စည်းမျဉ်းများ ချမှတ်ခြင်းနှင့် ဒီဂျစ်တယ်စီးပွားရေးဆိုင်ရာ ပေါ်ပေါက်လာသောကိစ္စရပ်များအပေါ် ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို ပြုလုပ်သွားကြမည်ဖြစ်၍ ၎င်းတို့၏ ဒီဂျစ်တယ်စနစ်များအကြား သတင်းအချက်အလက်များ အပြန်အလှန်ဖလှယ်အသုံးပြုနိုင်မှုကို အားပေးမြှင့်တင်ပေးမည်ဖြစ်ကြောင်း၊ ဤသို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် စင်ကာပူစီးပွားရေးလုပ်ငန်းများသည် ချီလီနှင့် နယူးဇီလန်နိုင်ငံတို့ရှိ ၎င်းတို့၏ စီးပွားဖက်များနှင့်ဒီဂျစ်တယ်နည်းလမ်းအရ ကုန်သွယ်မှုနှင့်လုပ်ငန်းများဆောင်ရွက်ရာတွင် ထိရောက်ကောင်းမွန်စွာဆောင်ရွက်နိုင်ခြင်း၊ လုပ်ငန်းများအကြား ယုံကြည်မှု ပိုမိုတည်ဆောက်နိုင်ခြင်း၊ ကုန်ကျစရိတ်သက်သာခြင်း၊ ဒီဂျစ်တယ် အကန့်အသတ်များ လျှော့နည်းစေခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိနိုင်ကြောင်း၊ ကနေဒါနိုင်ငံမှလည်း DEPA တွင် ပါဝင်ရန် စိတ်ဝင်စားမှုရှိကြောင်းကို မကြာမီက ထုတ်ဖော်ပြောကြားခဲ့ကြောင်း၊ စင်ကာပူအနေဖြင့် ဒီဂျစ်တယ်စီးပွားရေး၏ အခွင့်အလမ်းများကို ပိုမိုဖန်တီးပေးနိုင်ရန်အတွက် ကနေဒါနှင့် အခြားဆန္ဒတူညီသည့် မိတ်ဖက်နိုင်ငံများနှင့် အတူတကွပူးပေါင်းဆောင်ရွက်သွားလိုပါကြောင်း ဖော်ပြထားသည်။

စင်ကာပူ၏ဒုတိယမြောက် ဒီဂျစ်တယ်စီးပွားရေးသဘောတူစာချုပ်ကို ဩစတြေးလျနိုင်ငံနှင့် ၆-၈-၂၀၂၀ ရက်တွင် လက်မှတ်ရေးထိုးခဲ့ပြီး အဆိုပါစာချုပ်မှာလည်း ၈-၁၂-၂၀၂၀ ရက်တွင် စတင်အာဏာသက်ဝင်ခဲ့ပြီးဖြစ်ပါသည်။ စင်ကာပူသည် တောင်ကိုရီးယားနိုင်ငံနှင့် ဒီဂျစ်တယ်စီးပွားရေးသဘောတူစာချုပ်လက်မှတ်ထိုးနိုင်ရန်အတွက် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်နေပြီဖြစ်သည်။ ထို့ပြင် စင်ကာပူနှင့် ယူကေတို့အကြား ငွေရေးကြေးရေးနည်းပညာ၊ ဆိုက်ဘာလုံခြုံရေးနှင့် နယ်စပ်ဖြတ်ကျော် အချက်အလက်များ လွတ်လပ်စွာစီးဆင်းနိုင်ရေး စသည့်အဓိက နယ်ပယ်များပါဝင်သော ဒီဂျစ်တယ်စီးပွားရေးသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးနိုင်ရေးအတွက် ၂၀၂၁ ခုနှစ် အစောပိုင်းမှစ၍ ဆွေးနွေးညှိနှိုင်းမှုများ စတင်ပြုလုပ်မည်ဖြစ်ပါသည်။ စင်ကာပူသည် ဒီဂျစ်တယ်စီးပွားရေးသဘောတူစာချုပ်များရေးထိုးလျက် ၎င်း၏လွတ်လပ်သော ကုန်သွယ်ရေးသဘောတူစာချုပ်များနှင့် ဒီဂျစ်တယ် ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များကို တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြတ်နိုး၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ စင်ကာပူမြို့။**

# တရုတ်နိုင်ငံ၏ မြို့ပြဖွံ့ဖြိုးမှုလုပ်ငန်းစဉ်များ တိုးတက်လာ

(၁၃)ကြိမ်မြောက် ငါးနှစ်စီမံကိန်း ၂၀၁၆-၂၀၂၀ကာလအတွင်း တရုတ်နိုင်ငံ၏ မြို့ပြဖွံ့ဖြိုးမှုပုံစံအသစ်မှာ ပိုမိုနက်ရှိုင်းစွာ ရှေ့သို့ရောက်လာခဲ့ကာ မြို့ပြတည်ဆောက်ရေးနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများတွင် စံချိန်တင်ရလဒ်ကောင်းများရရှိခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံတွင် မြို့ပေါင်း ၆၈၄ မြို့ရှိကာ မြို့ပြနယ်မြေတည်ဆောက်ထားမှုမှာ ၆၀၃၀၀ စတုရန်းကီလိုမီတာရှိကြောင်း တရုတ်အိုးအိမ်နှင့် မြို့ပြ-ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီး Wang Menghui က ပြောကြားထားသည်။

ယခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလအတွင်း မြို့ပြလူနေရပ်ကွက်ပေါင်း ၃၉၇၀၀ ခန့်အား ပြန်လည်ပြုပြင်ရေးစီမံကိန်းများတွင် ထည့်သွင်းခဲ့ရာ ၎င်းရပ်ကွက်ဟောင်းများတွင် နေထိုင်ကြသည့် အိမ်ထောင်စုပေါင်း ၇ ဒသမ ၂၅ သန်းမှာ ပိုမိုတိုးတက်ကောင်းမွန်သည့် နေထိုင်မှုအခြေအနေများရရှိခဲ့သည်။

၂၀၁၉ ခုနှစ်တွင် လူတစ်ဦးချင်း၏ အိမ်ရာနေရာထိုင်ခင်းနေရာမှာ မြို့ပြဒေသ၌ ၃၉ ဒသမ ၈ စတုရန်းမီတာနှင့် ကျေးလက်ဒေသတွင် ၄၈ ဒသမ ၉ စတုရန်းမီတာ အသီးသီးဖြစ်သည်။

၂၀၂၁ ခုနှစ်အတွင်း မြို့တော်များ၏ အရည်အသွေးလုပ်ငန်းတာဝန်၊ တည်ဆောက်မှုပုံစံများ တိုးတက်စေရန် ဖွံ့ဖြိုးရေးနှင့် တည်ဆောက်ရေးနည်းလမ်းများအား အသွင်ပြောင်းလဲရေး အပါအဝင် မြို့တော်များ၏ အရည်အသွေးမြင့် ဖွံ့ဖြိုးတိုးတက်မှုအားမြှင့်တင်ရေးအတွက် အားထုတ်ကြိုးပမ်းသွားရမည်ဖြစ်ကြောင်း၊ လူများနေထိုင်ရန်အပြင် သက်ဝင်လှုပ်ရှားသော၊ စိမ်းလန်းသော၊ ခေတ်မီနည်းပညာသုံးသော၊ ယဉ်ကျေးမှုဆိုင်ရာ မြို့တော်များအဖြစ်ပါ တည်ဆောက်သွားရန် ဝန်ကြီးက တိုက်တွန်းထားသည်။

နေထိုင်ရာပတ်ဝန်းကျင်အရည်အသွေးတိုးတက်ကောင်းမွန်စေရန် ဂေဟစနစ် ပြန်လည်ထိန်းသိမ်းသည့် စီမံကိန်းများအား လေလံခေါ်ယူမှုများဖြင့် အကောင်အထည်ဖော်သင့်ကာ သမိုင်းဝင်သော၊ ယဉ်ကျေးမှုဆိုင်ရာ ကာကွယ်မှုများကိုလည်း မြို့တော်၏ ဝိသေသ လက္ခဏာအားပုံဖော်ပေးရန် အားကောင်းခိုင်မာစေသင့်ကြောင်း ဝန်ကြီးက အလေးအနက်ပြောကြားထားသည်။

**ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နန်နင်းမြို့။**

# အီလက်ထရွန်နစ်ကူးသန်းရောင်းဝယ်ရေး (e-commerce) ဖွံ့ဖြိုးတိုးတက်မှုတွင် အာရှနိုင်ငံများ ဦးဆောင်လျက်ရှိ

၂၀၂၀ ပြည့်နှစ်အတွင်း အာရှနိုင်ငံများ၏ အီလက်ထရွန်နစ် ကူးသန်းရောင်းဝယ်ရေး e-commerce လက်လီရောင်းရငွေသည် အမေရိကန်ဒေါ်လာ ၂ ဒသမ ၄၅ ထရီလီယံရှိပြီး ကမ္ဘာ့ e-commerce လက်လီရောင်းရငွေ၏ ၆၂ ဒသမ ၆ ရာခိုင်နှုန်းရှိကြောင်း၊ အရှေ့တောင်အာရှနိုင်ငံများတွင် အင်တာနက်သုံးစွဲသူ မြင့်တက်လာခြင်းနှင့် အတူ အွန်လိုင်းမှဈေးဝယ်သော အလေ့အထ တိုးတက်လာခြင်းကြောင့် အာရှ၏ e-commerce တိုးတက်မှုနှုန်းသည် လာမည့် ဆယ်စုနှစ်အတွင်း ကိန်းဂဏန်းနှစ်ခုအထိ ရောက်ရှိလာနိုင်ကြောင်း Deloitte ၏ အစီရင်ခံစာအရ သိရသည်။

e-commerce လက်လီ ရောင်းရငွေအများဆုံး ၁၀ နိုင်ငံစာရင်းတွင် အာရှမှ တရုတ်နိုင်ငံက နံပါတ်(၁)၊ဂျပန်နိုင်ငံက နံပါတ်(၄)၊ တောင်ကိုရီးယားနိုင်ငံက နံပါတ်(၅)နှင့် အိန္ဒိယနိုင်ငံက နံပါတ်(၈)နေရာတို့တွင် ရပ်တည်ခဲ့သည်။ အလားတူ e-commerce တိုးတက်မှုနှုန်း မြင့်မားသော ၁၀ နိုင်ငံစာရင်းတွင် ဖိလစ်ပိုင် ၂၅ ရာခိုင်နှုန်း၊ မလေးရှား ၂၃ ရာခိုင်နှုန်း၊ အိန္ဒိယ ၂၁ ရာခိုင်နှုန်းနှင့် တောင်ကိုရီးယား ၁၉ ဒသမ၅ရာခိုင်နှုန်းတို့ပါဝင်သည်။ အာရှ၏ e-commerce လက်လီရောင်းရငွေသည် ၂၀၂၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၄ ထရီလီယံကျော် ရရှိနိုင်ပြီး တစ်ကမ္ဘာလုံး၏ ၆၅ ဒသမ ၉ ရာခိုင်နှုန်းအထိ ကိုယ်စားပြုလာနိုင်ကြောင်း၊ အာရှရှိ ဖွံ့ဖြိုးဆဲနိုင်ငံများသည် e-commerce ကို လက်ကိုင်ဖုန်းမှတစ်ဆင့် ပိုမိုပြုလုပ်လာကြပြီး ၂၀၂၀ပြည့်နှစ်တွင် အာရှ၏ e-commerce လက်လီရောင်းရငွေ စုစုပေါင်း၏၇၈ ရာခိုင်နှုန်းခန့်မှာ လက်ကိုင်ဖုန်းအသုံးပြု၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။ တစ်ကမ္ဘာလုံးတွင် အီလက်ထရွန်နစ်ပိုက်ဆံအိတ်များ (Electronic Wallets) အသုံးပြုသူ အရေအတွက်သည် ၂၀၁၇ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ နှစ်နှစ်တာကာလအတွင်း သန်း ၅၀၀ မှ ၂ ဒသမ ၁ ဘီလီယံသို့ ခုန်တက်လာခဲ့ကြောင်း၊ e-commerce ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအခန်းကဏ္ဍမှ ပါဝင်သော ဒီဂျစ်တယ်ငွေပေးချေမှုပိုင်းတွင် စင်ကာပူနိုင်ငံမှ လွဲ၍ တောင်အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများ၌ ဖွံ့ဖြိုးဆဲအဆင့်သာရှိသေးကြောင်း၊ အာရှတွင် တရုတ်၊ ဂျပန်နှင့် တောင်ကိုရီးယားတို့က ဒီဂျစ်တယ်ငွေပေးချေမှုပိုင်း၌ ရှေ့တန်းမှ ဦးဆောင်နေပြီး ၂၀၂၀ ပြည့်နှစ်စာရင်းအရ တောင်အာရှနှင့် အရှေ့တောင်အာရှဒေသတွင် အိန္ဒိယက အမေ ရိကန်ဒေါ်လာ ၆၉ ဒသမ ၁၇ ဘီလီယံဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေကြောင်း၊ ထို့နောက် အင်ဒိုနီးရှားက အမေရိကန်ဒေါ်လာ ၃၅ ဒသမ ၅၁ ဘီလီယံဖြင့် ဒုတိယနေရာတွင်လည်းကောင်း၊ စင်ကာပူက အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၉၄ ဘီလီယံဖြင့် တတိယနေရာတွင်လည်းကောင်း ရပ်တည်လျက်ရှိကြောင်း သိရသည်။

လက်ကိုင်ဖုန်းများမှာ အင်တာနက်ချိတ်ဆက် အသုံးပြုနိုင်ရေးအတွက် အဓိကလမ်းကြောင်းဖြစ်လာပြီး ဒီဂျစ်တယ်အသွင်ကူးပြောင်းမှု အရှိန်မြင့်တက်လာသော အာရှတွင် ဖွံ့ဖြိုးမှုနည်းသည့် နိုင်ငံများအနေဖြင့် လက်ကိုင်ဖုန်းအင်တာနက်စနစ်သို့ ခုန်ပျံကျော်လွှားကာ ဆောင်ရွက်လာကြသည်။ စမတ်ဖုန်းသုံးစွဲမှု မြင့်တက်လာသည်နှင့်အမျှ ဒီဂျစ်တယ်ငွေပေးချေမှုများ တိုးတက်လာပြီး ဘဏ်ဝန်ဆောင်မှုနှင့် ဘဏ်စာရင်းမရှိသူအများစုသည်လည်း ဒီဂျစ်တယ် ငွေပေးချေမှုစနစ်အား ရင်းနှီးကျွမ်းဝင်လာကြသည်။

တောင်အာရှနှင့် အရှေ့တောင်အာရှရှိ နိုင်ငံအများစုသည် ဒီဂျစ်တယ်စီးပွားရေး၏အရေးပါမှုကို နားလည်လာကြပြီး ဒီဂျစ်တယ်အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး ပံ့ပိုးပေးသောမူဝါဒများကို မိတ်ဆက်လာကြကြောင်း၊ စင်ကာပူနှင့်မလေးရှားနိုင်ငံတို့မှာလက်ကိုင်ဖုန်းသုံးစွဲမှု မြင့်မားခြင်း၊ လက်ကိုင်ဖုန်း၏ အင်တာနက်လိုင်း မြန်ဆန်မှု၊ ဒီဂျစ်တယ်ငွေပေးချေမှု အလေ့အထ ရင့်ကျက်ခြင်း၊ အွန်လိုင်းဈေးဝယ်မှု အလေ့အထ ရင့်ကျက်ခြင်း၊ မူဝါဒပိုင်းဆိုင်ရာ ပံ့ပိုးပေးနိုင်ခြင်း စသည့်အခြေအနေများကြောင့် ဒီဂျစ်တယ်အပိုင်းတွင် ဦးဆောင်နိုင်သော နိုင်ငံများတွင် ပါဝင်ကြောင်း၊ ထိုင်းနှင့် ဖိလစ်ပိုင်နိုင်ငံတို့မှာလည်း မကြာမီ အမီလိုက်ပါလာနိုင်သော နိုင်ငံများဖြစ်ပြီး အိန္ဒိယနိုင်ငံမှာ ဆိုက်ဘာလုံခြုံရေးပိုင်းတွင် ကောင်းစွာဆောင်ရွက်နေပြီဖြစ်သော်လည်း ပြည်သူတို့၏ ဝင်ငွေကွာဟချက်ကြီးမားသည့်အချက်ကြောင့် စိန်ခေါ်မှုများ ရှိနေသေးကြောင်း ဖော်ပြထားသည်။

**မြတ်နိုး၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ စင်ကာပူမြို့။**

# အလုပ်အကိုင်နှင့်ဝင်ငွေ ဆုံးရှုံးခဲ့ရသော ပြည်တွင်းလုပ်သားများအတွက် ကိုဗစ်(၁၉) ပြန်လည်နာလန်ထူရေး ထောက်ပံ့ကြေးပေးမည်

ကိုဗစ် -၁၉ ကပ်ရောဂါကာလအတွင်း အလုပ်အကိုင်နှင့် ဝင်ငွေဆုံးရှုံးခဲ့ရသော ဝင်ငွေ အလယ်အလတ်နှင့် ဝင်ငွေနိမ့်သည့် ပြည်တွင်းလုပ်သားများ (အသက် ၂၁ နှစ်နှင့်အထက် စင်ကာပူနိုင်ငံသားနှင့် အမြဲတမ်းနေထိုင်ခွင့်ရရှိသူ PR များ) အတွက် ငွေသား ထောက်ပံ့ကြေးပေးသည့် ယခင်အစီအစဉ်များမှာ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၃၁ ရက်တွင် ကုန်ဆုံးတော့မည်ဖြစ်၍ ကိုဗစ်-၁၉ ပြန်လည်နာလန်ထူရေး ထောက်ပံ့ကြေး (COVID – 19 Recovery Grant – CRG) အစီအစဉ်အသစ်ကို ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၁၈ ရက်မှစ၍ ဒီဇင်ဘာ ၃၁ ရက်အထိ ဆက်လက်လျှောက်ထားနိုင်မည်ဖြစ်သည်။

၎င်းထောက်ပံ့ကြေးအစီအစဉ်အရ စင်ကာပူ၌ ကိုဗစ်-၁၉ ရောဂါ စတင်စစ်ဆေးတွေ့ရှိခဲ့သည့် ၂၃ - ၁ - ၂၀၂၀ ရက်နောက်ပိုင်းတွင် အလုပ်အကိုင်ဆုံးရှုံးခဲ့ရသောသူများ၊ မိမိဆန္ဒအလျောက်မဟုတ်ဘဲ သုံးလဆက်တိုက် လစာမဲ့ခွင့်ယူခဲ့ရသည့်လုပ်သားများသည် တစ်လစင်ကာပူဒေါ်လာ ၇၀၀ အထိ သုံးလစာ ထောက်ပံ့ကြေးကိုလည်းကောင်း၊ သုံးလဆက်တိုက် ပုံမှန်လစာဝင်ငွေ၏ အနည်းဆုံး ၅၀ ရာခိုင်နှုန်းအထိ ထိခိုက်နစ်နာခဲ့ရသော ကိုယ်ပိုင်အလုပ်လုပ်ကိုင်သူများ (Self-employed person) အပါအဝင် လုပ်သားများသည် တစ်လ စင်ကာပူဒေါ်လာ ၅၀၀ အထိ သုံးလစာအတွက် ထောက်ပံ့ကြေးကိုလည်းကောင်း သတ်မှတ်ချက်များနှင့်အညီ လူမှုရေးနှင့် မိသားစုဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနသို့ လျှောက်ထားနိုင်မည်ဖြစ်ပါသည်။

**မြတ်နိုး၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ စင်ကာပူမြို့။**

# နယ်သာလန်နိုင်ငံ၏ စီးပွားရေးပြန်လည်နာလန်ထူရန် အကောင်းဆုံးအခြေအနေတွင် ရှိနေ

နယ်သာလန်နိုင်ငံသည် ကမ္ဘာ့နိုင်ငံများအကြား ကိုဗစ်-၁၉ ကပ်ရောဂါအကျပ်အတည်းမှ စီးပွားရေးပြန်လည်နာလန်ထူရန် ကောင်းမွန်မှုရှိသည့် အခြေအနေတွင် အဆင့် (၄)၌ ရပ်တည်နေကြောင်း ကမ္ဘာ့စီးပွားရေးဖိုရမ်၏ နှစ်စဉ်ကမ္ဘာလုံးဆိုင်ရာ ယှဉ်ပြိုင်နိုင်စွမ်းအစီရင်ခံစာအရ သိရသည်။ နယ်သာလန်နိုင်ငံအနေဖြင့် ၎င်း၏ဒစ်ဂျစ်တယ် စီးပွားရေးနှင့် ဒစ်ဂျစ်တယ်ပိုင်းကျွမ်းကျင်မှုများတွင် အထူးသဖြင့် အမှတ်ကောင်းများရရှိခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။

ကမ္ဘာ့စီးပွားရေးဖိုရမ်၏ သုံးသပ်ချက်အရ နယ်သာလန်နိုင်ငံ၏ ဒစ်ဂျစ်တယ်စီးပွားရေးနှင့် ဒစ်ဂျစ်တယ်ပိုင်း ကျွမ်းကျင်မှု ရှေ့တန်းရောက်သည့်အခြေအနေကြောင့် နေအိမ်မှတစ်ဆင့် အလုပ်တာဝန်များဆောင်ရွက်နေစဉ်တွင် စီးပွားရေးကို ဆက်လက် ရှင်သန်စေနိုင်ခြင်းဖြစ်ကြောင်း၊ နယ်သာလန်နိုင်ငံအနေဖြင့် အနာဂတ် လုပ်သားဈေးကွက်အတွက် ကျွမ်းကျင်မှုပိုင်းနှင့် သင်တန်းပိုင်း နယ်ပယ်များတွင်လည်း အမှတ်ကောင်းစွာ ရရှိထားကြောင်း၊ ကောင်းမွန်သည့် အများပြည်သူသွားလာရေးစနစ်နှင့် လူမှုရေးဆိုင်ရာ အထောက်အပံ့များကြောင့်လည်း ထိုသို့အမှတ်ကောင်းများရရှိစေခဲ့ခြင်းဖြစ်သည်ဟု သုတေသနပညာရှင်များက ပြောကြားသည်။

အသွားအလာ ကန့်သတ်ပိတ်ဆို့မှုများ (lockdown) သည် စီးပွားရေးအတွက် ဆိုးကျိုးသက်ရောက်မှုရှိသော်လည်း နယ်သာလန်နိုင်ငံအနေဖြင့် ယင်းကိုကောင်းစွာကိုင်တွယ်ထားနိုင်ကြောင်း၊သို့ရာတွင် အခွန်ဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ အမှတ်ရရှိမှုသည် နည်းပါးနေသေးကြောင်း၊ သုတေသနနှင့်တီထွင်ဆန်းသစ်မှုတွင် ပိုမိုရင်းနှီးမြှုပ်နှံရန် လိုအပ်နေပြီး big data၊ဉာဏ်ရည်တု (Artificial Intelligence) နှင့် စက်ရုပ်တီထွင်အသုံးချမှုပညာစသည့် နည်းပညာအသစ်များတွင် ယှဉ်ပြိုင်နိုင်စွမ်းတို့ကို ပိုမိုဆောင်ရွက်သင့်ကြောင်း ကမ္ဘာ့စီးပွားရေးဖိုရမ်၏အစီရင်ခံစာအရ သိရသည်။

**ကျော်စိန်ဝင်း ၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး ၊ ဘရပ်ဆဲလ်မြို့။**


အရည်အသွေး
ကောင်းမွန်သောကားအမျိုးအစားစုံ
စိတ်ကြိုက်ရွေးချယ်ဖို့
JPM နဲ့ဆက်သွယ်စို့...
JPM
CAR SALE CENTER
jpmautocenter@gmail.com
www.jpmmotors.com
ကားပါမစ်ရရှိထားသော နိုင်ငံ့ဝန်ထမ်းများကိုလည်း လိုချင်သောမော်တော်ကားများဝယ်ယူရရှိပြီး
လက်တင်စီးနိုင်သည်အထိ(အထူး)ဝန်ဆောင်မှုပေးပါသည်။
HOT LINE : 09253008800
အမှတ်(၄၂-အေ)၊တက္ကသိုလ်ရိပ်သာလမ်းသစ်၊ဗဟန်းမြို့နယ်၊ရန်ကုန်။ Ph: 09 44 888 2944,09 7 3333 555


လုံခြုံလျှင်မြန်ဆန်စွာ
ဆောင်ရွက်ပြန်မှန် မြဝတီဘဏ်
www.mwdbank.com
မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED
▶ ငွေစုဘဏ်အပ်ငွေ၊ စာရင်းသေအပ်ငွေ၊ စာရင်းရှင်အပ်ငွေ၊ ခေါ်ယူအပ်ငွေနှင့် တက္ကသိုလ်ပညာသင်ဆု ဝန်ဆောင်မှုစာရင်းများ ဖွင့်လှစ်ပေးခြင်း။
▶ ချေးငွေထုတ်ချေးခြင်း၊ ပြည်တွင်းငွေလွှဲပေးပို့ခြင်းနှင့် ဘဏ်အာမခံစာတမ်းထုတ်ပေးခြင်း ဝန်ဆောင်မှုများ။
▶ လက်ဆောင်ချက်လက်မှတ်များနှင့် ငွေပေးအမိန့်လွှာများရောင်းချပေးခြင်း။
▶ အငှားဝယ်စနစ် (Hire Purchase System) ဖြင့် ဝန်ဆောင်မှု။
▶ ATM/ POS အသုံးပြု Card ဝန်ဆောင်မှု။
▶ Corporate Debit Card ဖြင့် e - Commerce စနစ် အသုံးပြုကာ Online မှ အခွန်ပေးဆောင်ခြင်း။
▶ Internet / Mobile Banking ဝန်ဆောင်မှု၊ Online Shopping ၊ e - Commerce စနစ်များဖြင့် ဖုန်းငွေဖြည့်ခြင်းနှင့်ဈေးဝယ်ခြင်းစသည့် ဝန်ဆောင်မှုများ။
▶ Safe Deposit Locker ငှားရမ်းခြင်း ဝန်ဆောင်မှု။
▶ Customer Credit Transfer(CCT) Function ဖြင့် Online မှတဆင့် ပြည်တွင်းငွေလွှဲခြင်း၊ အခွန်ပေးဆောင်ခြင်းဝန်ဆောင်မှု။
▶ Mobile Banking နှင့် iBanking ဝန်ဆောင်မှု။
▶ နိုင်ငံခြားဘဏ်လုပ်ငန်းဝန်ဆောင်မှုများ။
Internet Banking Website : https://mwdibanking.com

# ကိုလှထွန်း

ငရုတ်သီးမှုန့် နှင့် အမှုန့်မျိုးစုံ




















**ဝယ်ယူရရှိနိုင်သောလိပ်စာများကတော့ -**

**Hotline - 09 972291056, 09 5022749, 09 961636424**

ဆိုင်အမှတ်(၁) - အမှတ်(၇၄)၊ ကျောက်စိမ်းလမ်း၊ ရတနာထွန်းပွဲရုံ၊ မော်လမြိုင်မြို့။

**Ph : 057 26826, 09 425288585**

ဆိုင်အမှတ်(၂) - ဆိုင်(၇)၊ အမှတ်(၂)ဈေးသစ်၊ မော်လမြိုင်မြို့။

**Ph : 09 5322483, 09 255872300**

ဆိုင်အမှတ်(၃) - R-8၊ အမှတ်(၁)ဈေးကြီး၊ မော်လမြိုင်မြို့။

**Ph : 09 263345266, 09 697479966**

**E mail : kohlatunchillipowder@gmail.com**

COMMERCE INTERNATIONAL

# ထိုင်း ဗီယက်ဂျက်က ဟိုချီမင်းစီးတီးနှင့် ဗန်ကောက်ကို လေယာဉ်ခရီးစဉ်ပြန်စမည်



ထိုင်းဗီယက်ဂျက်သည် ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၈ ရက်မှစ၍ သောကြာနေ့တိုင်းတွင် ဟိုချီမင်း-ဗန်ကောက်ခရီးစဉ်ကို အပတ်စဉ် ပျံသန်းသွားမည်ဖြစ်ကြောင်း ဗီယက်နမ်နယူးစ်အေဂျင်စီ သတင်းတွင်ဖော်ပြသည်။

လေယာဉ်ခရီးစဉ်များ ပျံသန်းရသည့်ရည်ရွယ်ချက်မှာ နှစ်နိုင်ငံခရီးသွားလာမှုနှင့် ကုန်သွယ်မှု နာလန်ထူလာအောင် အထောက်အကူပေးရန်ဖြစ်သည်။ ကိုဗစ်(၁၉) ဖြစ်ပွားပြီးနောက် ၂၀၂၀ ပြည့်နှစ်မတ်လမှစ၍ ခရီးစဉ်များ ကာလရှည်ကြာစွာ ရပ်ဆိုင်းထားခဲ့ရာမှ ပြန်လည်စတင်ခဲ့ခြင်းဖြစ်ပြီး ခရီးသွား ကန့်သတ်ထားသည့်ကာလအတွင်း ခရီးသည်များ အိမ်ပြန်ရာတွင် အဆင်ပြေမှုရှိစေရန်ဖြစ်သည်။

ထိုင်းနိုင်ငံသားဖြစ်စေ၊ နိုင်ငံခြားသားဖြစ်စေ ဟိုချီမင်းစီးတီးမှ ဘန်ကောက်သို့ ပြန်လိုသူ ခရီးသည်များသည် skyfun.vietjetair.com ဝက်ဘ်ဆိုက်သို့ဝင်ရောက်ပြီး မိမိသွားလိုသော ခရီးစဉ်ကိုရှာဖွေ၍ ဝယ်ယူနိုင်ကြသည်။

ကြိုတင်လက်မှတ်ဝယ်ယူသည့်အခါ လိုအပ်သော စာရွက်စာတမ်းများနှင့် ထိုင်းအာဏာပိုင်တို့က ထုတ်ပေးသော ကွာရန်တင်းအခြေအနေတို့အပါအဝင် ခရီးသွားညွှန်ကြားချက်များကို လွယ်ကူသောပုံစံဖြင့် စီစဉ်ပေးထားသည်။ ထိုင်းနိုင်ငံအတွင်း ခရီးသွားလာရေးနှင့်ပတ်သက်၍ သတင်းအချက်အလက်များကို ထပ်မံရရှိလိုပါက consular.hom@mfa.go.th နှင့် ဆက်သွယ်ဆောင်ရွက်နိုင်သည်။

ထို့ပြင် ဗန်ကောက်မှ ဟိုချီမင်းစီးတီးသို့ သွားရောက်လိုသူများသည် group.bkk@vietjet-air.com ကို ဆက်သွယ်ပြီး သတင်းအချက်အလက်များနှင့် ညွှန်ကြားချက်များ ရယူနိုင်သည်။ လေဆိပ်သို့ရောက်ရှိချိန်တွင် စံချိန်မီ ကွာရန်တင်း မဝင်မီ၊ ခရီးသည်များသည် ဗီယက်နမ်သို့ မထွက်ခွာမီ ကြိုတင်၍ လိုအပ်သော စာရွက်စာတမ်းများကို အပြည့်အစုံ ရယူထားရန်လိုသည်။

# ကိုဗစ်-၁၉ လှိုင်းသစ်ကိုတိုက်ဖျက်ရန် တောင်ကိုရီးယားက အမေရိကန်ဒေါ်လာ ကိုးဘီလီယံနီးပါး သုံးမည်

ကိုဗစ်-၁၉ တတိယလှိုင်းဒဏ်ခံရသော စီးပွားရေးလုပ်ငန်းများနှင့် ဗိုင်းရပ်စ်ဖြစ်ပွားမှုကြောင့် အလုပ်လက်မဲ့ဖြစ်မှုဒဏ်ခံရသူများကိုထောက်ပံ့ရန်အတွက် တောင်ကိုရီးယားအစိုးရသည် ဝမ် ၉ဒသမ ၃ ထရီလီယံ( အမေရိကန် ဒေါ်လာ ၈ ဒသမ ၄၉ ဘီလီယံ) ရှိအစီအစဉ်ကို ဒီဇင်ဘာ ၂၉ ရက်က ကြေညာခဲ့သည်။

အစီအစဉ်အရ စုစုပေါင်းသုံးစွဲမည့်ငွေအနက် ဝမ် ၅ ဒသမ ၆ ထရီလီယံကို ကိုရိုနာဗိုင်းရပ်စ်ကြောင့် ထိခိုက်ခံရသော အသေးစားစီးပွားရေးလုပ်ငန်းများ၊ ကမ္ဘာ့ကပ်ရောဂါရှည်လျားစွာဖြစ်ပွားမှုကြောင့် ထိခိုက်ခံရသော ယာယီအလုပ်သမားများနှင့် အငှားယာဉ်မောင်းများအား ငွေသားဖြင့်ထောက်ပံ့သွားမည်ဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာနကပြောသည်။

တောင်ကိုရီးယားအစိုးရသည် ခရစ္စမတ်နှင့် နှစ်သစ်ကူး အားလပ်ရက်များတွင် ဗိုင်းရပ်စ်ကူးစက်မှု ရပ်တန့်စေရန်ရည်ရွယ်လျက် လူလေးဦးထက်ပိုမိုစုဝေးမှုကို ပိတ်ပင်ခြင်းနှင့် စကိတ်စီးအပန်းဖြေစခန်းများနှင့် ခရီးသွားအားကစားလုပ်ငန်းများကိုပိတ်ပင်ခြင်းကဲ့သို့သော ကန့်သတ်ချက်အသစ်များကို ယခုသီတင်းပတ်အတွင်း ထပ်မံချမှတ်ခဲ့သည်။ ဝမ် သုည ဒသမ ၈ ထရီလီယံကို ပြည့်ကျန်းမာရေးလုပ်ငန်းအတွက် သုံးစွဲရန်ရည်မှန်းထားသည်။

ငွေကြေးထောက်ပံ့မှုများကို ဇန်နဝါရီ ၁၁ ရက်မှစ၍ ပေးသွားမည်ဖြစ်ပြီး နောက်ဆုံးဆောင်ရွက်သည့် အစီအမံများအရ လူ ၅ ဒသမ ၈ သန်းကို အထောက်အကူပေးနိုင်လိမ့်မည်ဟု ဝန်ကြီးဌာနကပြောသည်။

တစ်နေ့ကူးစက်နှုန်း ဆက်လက်စံချိန်တင်နေသည့်အတွက်ကြောင့်လည်းကောင်း ဗြိတိန်နိုင်ငံတွင် ဖြစ်ပွားသောပိုးသစ်ကို ပထမအကြိမ်အဖြစ် စတင်တွေ့ရှိရသဖြင့် လည်းကောင်း ကာကွယ်ဆေးထိုးလုပ်ငန်းကို ဒီဇင်ဘာ ၂၈ ရက်မှစ၍ အရှိန်မြှင့်ဆောင်ရွက်လျက်ရှိသည်။

# အင်ဒိုနီးရှားနှင့် အယ်လ်ဂျီကုမ္ပဏီတို့ လျှပ်စစ်ကားထုတ်လုပ်ရေး MoU စာချုပ် ချုပ်ဆို

အင်ဒိုနီးရှားနိုင်ငံနှင့် တောင်ကိုရီးယာနိုင်ငံမှ အယ်လ်ဂျီဂရုကုမ္ပဏီတို့သည် လျှပ်စစ်ကားဘက်ထရီ ထုတ်လုပ်ရေး ရင်းနှီးမြှုပ်နှံမှုအတွက် အမေရိကန်ဒေါ်လာ ၉ ဒသမ ၈ဘီလီယံရှိ နားလည်မှုစာချွန်လွှာကို ဒီဇင်ဘာ ၃၀ ရက်က လက်မှတ်ရေးထိုးခဲ့ကြောင်း အင်ဒိုနီးရှားနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုပေါင်းစပ်ညှိနှိုင်းရေးဘုတ်အဖွဲ့ အကြီးအကဲ၏ပြောကြားချက်ကို ကိုးကား၍ ရိုက်တာသတင်းတွင် ဖော်ပြသည်။

သဘောတူညီချက်ကို ဒီဇင်ဘာ ၁၈ ရက်က လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ပြီး လျှပ်စစ်ကားဖြန့်ဖြူးရေး ကွင်းဆက်အတွက် ရင်းနှီးမြှုပ်နှံမှုများ ပါဝင်ကြောင်း ဘုတ်အဖွဲ့အကြီးအကဲ ဘာလီလာဟာဒါလီယာက သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။

MoU ကိုသဘောတူထားပြီးဖြစ်သော်လည်း စာချုပ်ပါ အသေးစိတ်သို့မဟုတ် တန်ဖိုးစုစုပေါင်းကို မပြောနိုင်သေးကြောင်း တောင်ကိုရီးယားနိုင်ငံတွင် စတုတ္ထအကြီးဆုံးကုမ္ပဏီစုကြီးဖြစ်သော LG Group ကုမ္ပဏီ၏ ယူနစ်တစ်ခုဖြစ်သော LG Energy Solution ၏အရာရှိတစ်ဦးက အတည်ပြု ပြောကြားသည်။

ယခုစာချုပ်ကို ချုပ်ဆိုလိုက်ခြင်းဖြင့် အင်ဒိုနီးရှားနိုင်ငံသည် သတ္တုတူးဖော်ရေးမှအစပြုပြီး လျှပ်စစ်ကားသုံးလစ်သီယံ ဘက်ထရီ ထုတ်လုပ်ရေးအထိ လျှပ်စစ်ကားထုတ်လုပ်ရေးလုပ်ငန်းကို တစ်ပေါင်းတည်း ဆောင်ရွက်ရာတွင် ကမ္ဘာပေါ်၌ ပထမဆုံးနိုင်ငံဖြစ်ကြောင်း ဘာလီကပြောသည်။

Be green, Keep our planet clean
စိမ်းလန်းလှပစေဖို့ သန့်ရှင်းသော
ကမ္ဘာမြေကိုစောင့်ရှောက်စို့။



# ပြည်ပ တင်ပို့ခွင့်ပြုလိုက်ပြီးနောက် အိန္ဒိယ ကြက်သွန်နီဈေး မြင့်တက်

အာရှတွင် အကြီးမားဆုံးကြက်သွန်နီဈေးကွက်ဖြစ်သော လာဆာဂုံတွင်ကြက်သွန်နီဈေးမှာ လွန်ခဲ့သည့်လအနည်းငယ်က တစ်ကွင်တယ်ကို ရူပီး ၁၂၀၀-၁၈၀၀ ဈေးရှိခဲ့ရာမှ ယခုအခါ တစ်ကွင်တယ်ကို ရူပီး ၄၀၀ မြင့် တက်ပြီး တစ်ကွင်တယ်ကို ရူပီး ၂၂၀၀ အထိရောက်ရှိခဲ့ကြောင်း thehindubusi-nessline သတင်းတွင် ဖော်ပြသည်။ သို့သော်လည်း ဈေးကွက်အတွင်းသို့ ကြက်သွန်နီအဝင် မြင့်တက်သဖြင့် ဈေးနှုန်းအများအပြား မမြင့်တက်နိုင်ဟု ယူဆထားသည်။

'စက်တင်ဘာအတွင်းက ကြက်သွန်နီ ပြည်ပတင်ပို့တာကို အစိုးရက တားမြစ်ခဲ့ပြီးနောက် ဈေးကွက်ထဲမှာ ကြက်သွန်နီဈေးကျခဲ့ပါတယ်။ ဒါပေမဲ့ ပြည်ပတင်ပို့တာကို ခွင့်ပြုဖို့ဆုံးဖြတ်လိုက်ပြီးနောက် ဒီဇင်ဘာ ၂၈ ရက်မှာ ကြက်သွန်နီဈေးတွေ မြင့်တက်ခဲ့ပါတယ်။ ဒါပေမဲ့ မိုးကြက်သွန်တွေဈေးကွက်ထဲကို အများအပြား ဝင်နေတဲ့အတွက် ဈေးအများကြီး ထပ်မတက်လောက်ပါဘူး'ဟု မဟာရာရှထရပြည်နယ် ကြက်သွန်စိုက်ပျိုးသူများအသင်း ဥက္ကဋ္ဌ ဘာရက်ဒစ်ဂဟိုးက ပြောသည်။

မိုးကြက်သွန်များမှာ အချိန်မဟုတ်ရွာသော မိုးကြောင့် အကြီးအကျယ်ပျက်စီးခဲ့သဖြင့် ဈေးတက်ခဲ့သော်လည်း မိုးနှောင်းကြက်သွန် အထွက်ကောင်းသဖြင့် ဈေးငြိမ်သွားကြောင်း သူကပြောသည်။

ဗဟိုအစိုးရသည် ပြည်ပတင်ပို့မှုပိတ်ပင်ခြင်းကို ဒီဇင်ဘာ ၂၈ ရက်က ရုပ်သိမ်းပြီး ကြက်သွန်နီအမျိုးအစားအားလုံးကို ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ ပြည်ပတင်ပို့ခွင့်ပြုခဲ့သည်။ ဗဟိုအစိုးရ၏ ပို့ကုန်ပိတ်ပင်မှုကြောင့် တောင်သူလယ်သမားများ နစ်နာခဲ့ရသော်လည်း ကြက်သွန်နီကို တင်ပို့ခွင့်ပြုခဲ့သည့်အတွက် ဆုံးရှုံးမှုကို ခံသာခဲ့ရကြောင်း ဒစ်ဂဟိုးက ပြောသည်။

အိန္ဒိယနိုင်ငံသည် ကမ္ဘာတွင် ကြက်သွန်နီ ဒုတိယအများဆုံးစိုက်ပျိုးသော နိုင်ငံဖြစ်ပြီး တစ်နှစ်ကိုနှစ်ကြိမ်စိုက်သည်။ ပထမအကြိမ်မှာ နိုဝင်ဘာလမှ ဇန်နဝါရီလအထိဖြစ်ပြီး ဒုတိယစိုက်ပျိုးရာသီမှာ ဇန်နဝါရီမှ မေလအထိဖြစ်သည်။

စံမီအောင် စုစည်းသည်